www.burmeseclassic.com

# ရင်ဝိုး

(အေးတဏှာသိုလ်)

BURMESE CLASSIC .com

လိပ်ပြာရောင်စုံသတ္တိုသွား

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)

## လိပ်ပြာတောင်စုံ သတို့သား


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၄၈၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၀၁၀၆၀၈

၂၀၀၇ ခုနှစ်၊ မတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလှစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း၊

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်၊


BURMESE CLASSIC .com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com


www.burmeseclassic.com





BURMESE CLASSIC .com

# ရှင်မိုး (ဆေးတက္ကသိုလ်)



# လိပ်ပြာရောင်စုံ သတို့သား


စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





နေကြာသည် အမေ စိတ်လှုပ်ရှားနေမှုကို လိုက်ကြည့်ရင်း စိတ်လည်းညစ်၊ အမေ အမြဲဒီလို ပျာယာခတ်မှုကိုလည်း စိတ်တိုင်းမကျ ဖြစ်ရင်းကပဲ အမေ့စိတ်တိုင်းကျ ဝတ်စားပြင်ဆင်နေရပြန်သည်။ ဘယ်တုန်းကမှ အဖေ အမေကို ကလန်ကဆန် မလုပ်ခဲ့ဘူးဘဲ မိဘ ဒါလုပ်ဆို လုပ်တတ်နေကျ အကျင့်ရှိသော နေကြာ အပါအဝင် ညီအစ်မတစ်တွေသည် ဒီနေ့လိုမျိုး မကြာခဏကြုံနေရကျမို့ သိပ်လည်း မထူးဆန်းတော့။ သိပ်လည်း စိတ်မလှုပ်ရှားတော့ပေမဲ့ အမေကတော့ ထုံးစံအတိုင်း စိတ်လှုပ်ရှားစမြဲ။

တကယ်တော့ ဒီနေ့သွားရမည့်ပွဲသည် အမိုကအားဖြင့်တော့ မမမာ(ဂန္ဓာမာ)ကို အဓိက ပွဲထုတ်ရမည့်ပွဲပေမဲ့ အမေ့အဆိုအရ ...

"ဒေါ်ခင်ခင်ဆွေ့ သမီးတွေ သိပ်လှတယ်၊ သိပ်လှတယ်၊ ပြောပြောနေကြတဲ့ ဂုဏ်ကိုတော့ မဖျက်နဲ့၊ အများအမြင်မှာ လှပတင့်တယ်ပြီး အဆင့်မြင့်နေအောင် အားလုံးကတော့ ပြင်ဆင်ကြရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟူသောစကားအတိုင်း ကျန်သော နေကြာ၊ စကားဝါ၊ ခရမ်းပြာ၊ ခတ္တာနှင့် ဇီဇဝါတည်းဟူသည့် သမီးငါးယောက်လုံး တဝါ လှပတင့်တယ်နေအောင် ပြင်ဆင်ကြရသည်။

အိပ်ခန်းလေးခန်းပါ လုံးချင်းတိုက်အိမ်လေး အတွင်းမှာတော့ မိန်းမပျိုခြောက်ယောက်နှင့် အမေတစ်ယောက် ပေါင်း မိန်းမသား ခုနစ်ယောက်တို့၏ မိတ်ကပ်နံ့၊ သနပ်ခါးနံ့၊ ရေမွှေးနံ့ တို့ဖြင့် အနံ့ပေါင်းစုံ တထောင်းထောင်း ထနေပါသည်။

အဖေဖြစ်သူကတော့ တိုက်ပုံ ပုဆိုးတို့ ဝတ်ပြီး အိမ်ရှေ့မှာ သတင်းစာ ဂျာနယ်တွေ အပျင်းပြေ ထိုင်ဖတ်ပြီး စိတ်ရှည်လက်ရှည် စောင့်နေပါသည်။

"ဦးမြတ်ကျော်ရေ ... ဦးမြတ်ကျော် ကားကို ဖုန်းရောသုတ် ထားပြီးရဲ့လား"

အမေက လှမ်းအော်လိုက်သေးသည်။ အဖေက ခေါင်းအသာငဲ့ကြည့်ရင်း ...

"မင်း အဲဒါမေးတာ ဆယ်ခါမကတော့ဘူး၊ ကားအစုတ်ဟာ ဖုန်ဘယ်လောက်သုတ်သုတ် ပိုပြီးကောင်းလာပါဦး မလားကွာ"

ဟု ခပ်အေးအေး လေသံဖြင့် ပြန်ချေပပါသည်။

"အို ... ကားက ကောင်းကောင်း စုတ်စုတ် အခုခေတ် မှာ ကားတစ်စီး လူ့ရှိသေ ရှင်ရှိသေရှိရင် တော်ပါပြီ ဆိုပြီး





တွယ်ကပ်ထားရတာ၊ ခုလို ပွဲလမ်းသဘင်ရှိတော့ ကိုယ်ပိုင်ကားက ပိုပြီးအသုံးဝင်တာပေါ့။ Taxi ကြီး ငှားသွားရတာနဲ့စာရင် ကိုယ်ပိုင်ဆန်နီလေးနဲ့ သွားရတာ ပိုဂုဏ်ရှိတာပေါ့။ ရှင်က သမီးတွေချည်း မွေးထားတာလေ၊ ကိုယ့်သမီးတွေ ဂုဏ်ရှိအောင် ကားလေးတော့ သန့်အောင် ပြင်ရမှာလေ"

"ကဲ ... ပြီးရင်လည်း သွားကြမယ်၊ နဂိုရှိပြီးသားရုပ်ဟာ ထပ်ပြင်လည်း ပိုလှမလာပါဘူး၊ အရှိ ... အရှိအတိုင်း ပေါ့"

"ဦးမြတ်ကျော်ဟာလေ ဘုကနဲ့လန့်ချည်းပဲ"

အဖေ ကားခေါင်းခန်းဝင် စက်နှိုးနေပြီမို့ အမေပါ အိမ်သော့ပိတ်ရင်း ကားရှေ့ခန်းမှာ တံခါးဖွင့်ဝင်ထိုင်၊ သမီးချော ခြောက်ယောက်တို့ကတော့ အမိုးပါသည့် ကားနောက်ခန်းမှာ တစ်ဖက်တစ်ချက်စီ တက်ထိုင်လိုက်ကြပါသည်။ ညီအစ်မတစ်တွေ ကိုယ်ပြင်တာ သူကြည့်၊ သူပြင်တာ ကိုယ်ကြည့်ရင်း ဝေဖန်ပြော ဆိုကာ လိုက်ပါလာခဲ့ကြပါသည်။

ညီအစ်မခြောက်ယောက်မှာ မမမာဟု ခေါ်ကြတဲ့ ခေါ်သော ဂန္ဓမာက အကြီးဆုံး အသက်နှစ်ဆယ့်နှစ်နှစ်ဖြစ်ကာ ကျန်တဲ့ အစဉ်လိုက်တွေက တစ်နှစ်ကြီး တစ်နှစ်ငယ်စီ အစီအရီ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေကြာက ဒုတိယသမီး ဖြစ်ပြီး မမမာနှင့်လည်း ပိုပြီးနီးစပ်ရင်းနှီးသော ညီအစ်မတစ်ဦး ဖြစ်ပါသည်။ ညီအစ်မတွေပေမဲ့ တစ်နှစ်ကြီး တစ်နှစ်ငယ်တွေမို့ သူငယ်ချင်းတွေလိုပဲ ဖြစ်နေခဲ့သည်။

မမမာနှင့် နေကြာက အိပ်တော့လည်း တစ်ခန်းတည်း၊ နံပါတ်သုံး စကားဝါနဲ့ နံပါတ်လေး ခရမ်းပြာက တစ်ခန်း၊ နံပါတ်ငါး ခတ္တာနှင့် နံပါတ်ခြောက် ဖိဇဝါက တစ်ခန်း အဲဒီလို ခွဲဝေပြီး အဖေ အမေက စီစဉ်ပေးသလိုပဲ တစ်ခန်းတည်းချင်း အတူတူနေကြရတဲ့ ညီအစ်မတွေက ပိုပြီးနီးစပ်နေတဲ့သဘောမှာ ရှိနေပါသည်။

နေကြာသည် ညီအစ်မထဲမှာ အချောဆုံး အလှဆုံး ဖြစ်သော မမမာ စိတ်လှုပ်ရှားနေတာကို ကြည့်ရင်း ...

"ကိုမင်းရဲသွေး ဆိုတဲ့လူက မမမာကို မြင်မြင်ချင်း သဘောကျမှာ သေချာပါတယ်၊ မမာ ဒီနေ့ ပိုလှနေတယ်"

လို့ အားပေးစကား ပြောလိုက်မိသေးလေသည်။

❋ ✳ ❋





# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com



# ၁

ညီအစ်မ ခြောက်ယောက်တို့သည် အားလုံးဟာ အရွယ်ရောက်ပြီးစ လန်းဆန်းတက်ကြွသော အရွယ်တွေလည်း ဖြစ်သလို၊ ဖခင်၏ မြင့်မားသော အရပ်အမောင်းကို အမွေရကြခြင်း၊ မိခင်၏ အသားအရေ ဝင်းဝါစိုပြည်မှုကို ညီတူမျှတူ ပိုင်ဆိုင်ကြရခြင်း၊ မိခင်နှင့် ဖခင်တို့၏ မျက်နှာပြင်မှာ ရှိထားသော မျက်ခုံး၊ မျက်တောင်၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း၊ မေးရိုး၊ မျက်နှာကျ စသဖြင့် လှပသည့် အစိတ်အပိုင်း မှန်သမျှတို့ကိုပဲ ရွေးပြီးယူထားသလား ထင်ရအောင် မျက်နှာအသွင်သဏ္ဌာန်၏ လှပခြင်းတွေလည်း ကိုယ်စီကိုယ်င ရှိထားကြလေရာ ဘယ်နေရာ သွားသွား၊ ဘယ်ပွဲပဲရောက်ရောက်၊ လူဘယ်လောက်ပဲ များများ လူကြားထဲ ပျောက်နေသည် မရှိဘဲ ထင်း၊ လင်း၊ ရှင်း၊ ဝင်း၊





နေအောင် သတိပြုခံရမြဲ ထုံးစံအတိုင်း အခုပွဲမှာလည်း ဦးမြတ်ကျော် ဒေါ်ခင်ခင်ဆွေ့သမီးတွေ ဟူသော အသံတွေက တီးတိုး တီးတိုး ဖြစ်နေပါသည်။

ရွယ်တူသမီးခြောက်ယောက်တို့ကို ပိုင်ဆိုင်ထားပြီးသော ဖခင်တစ်ဦးအဖြစ် နေသားကျနေပြီဖြစ်သော ဦးမြတ်ကျော်မှာ မိတ်ဆွေအရာရှိများနှင့် ဝိုင်းဖွဲ့ပြီး တစ်ဝိုင်း ဝိုင်းရင်း ဇနီးဖြစ်သူဆီသာ အာရုံရောက်နေသည်။ ဒေါ်ခင်ခင်ဆွေကတော့ သမီးခြောက်ယောက်တို့နားက မခွာနိုင်။ ရွယ်တူ ကတော်အချင်းချင်းနားလည်း မသွားနိုင်။ ကျိုတ်မှာနေရတာတွေ မပြီးနိုင် မစီးနိုင်။

"မင်းရဲသွေး မလာသေးဘူးနော် ဂန္ဓမာ၊ သမီး သူ့ကို တစ်ခါမြင်ဖူးပြီးသား၊ သူ့ကို မှတ်မိပါမှာ။ သူလာရင်သာ ကိုယ်က ပျောက်မနေအောင် လုပ်ထား။ သူ့မျက်စိထဲ ကိုယ်အရင်ဆုံး ရောက်သွားဖို့ အရေးကြီးတယ်။ ဒီပွဲမှာ လာတဲ့ သမီးရှင်တွေအားလုံး မင်းရဲသွေးကို Target တည်ဖို့လာကြတာချည်းပဲ ..."

နေပါဦးလေ ... ညည်းတို့အဖေ ဦးမြတ်ကျော်က လည်း မှာထားရင် မှာထားတဲ့အတိုင်း လုပ်ပါ့မလား မသိဘူး၊ သူက မင်းရဲသွေး ကုမ္ပဏီကိစ္စမှာ ကူညီဖူးပြီးသား၊



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲသွေးနဲ့ ရင်းနှီးတာမို့ သူ့ကိုတော့ သမီးတွေနဲ့ မင်းရဲသွေးနဲ့ မိတ်ဆက်ပေးဖို့ မှာထားပါရဲ့ သူက လုပ်ပါ့မလား မသိဘူး။ မလုပ်ရင်တော့ မရဘူးမှတ်၊ အမေ့သူ့အုပ်စုထဲက သူ့ကို ဖြစ်တဲ့နည်းနဲ့ ခေါ်ထုတ်မှပါပဲ"

နေကြာသည် အမေ ပျာယာခတ်နေသည်ကို မနေသာတော့ဘဲ ...

"အမေ ... အန်တီစိုး လှမ်းလက်ပြပြီး ခေါ်နေတယ်။ အမေ သွားလိုက်ပါဦး။ တော်ကြာ အမေ ညွှန်ကြားနေတာတွေ ရိပ်မိကုန်မယ်"

"ကျုပ် သိကယ် ဆရာ,မလုပ်နဲ့။ ကဲ ... နေကြာ ဂန္ဓမာနား နေနော်၊ ဂန္ဓမာက အိညက် အိညက်နဲ့ဟာ။ သမီး ပါးစပ်ရဲရဲနဲ့ မင်းရဲသွေးကို စကားတွေ ပြောပေး။ ဂန္ဓမာနဲ့ မင်းရဲသွေး ရင်းနှီးသွားအောင် သမီးပဲ ကူညီပြီးပြောပေးနော်၊ ကျန်တဲ့ သမီးတွေလည်း အမေ စိတ်ချမယ်နော်၊ ကိုယ့်အစ်မကြီး သူဌေးလေးနဲ့ နီးစပ်ဖို့ကို ဝိုင်းကူညီပေးကြ။ သမီးတို့ အကုန်လုံး သူဌေးလေးတွေနဲ့ ရေစက်ဆုံလင်ကောင်းရမှ အဖေနဲ့အမေ မွေးရကျိုးနပ်မှာ"

ဒေါ်ခင်ခင်ဆွေသည် ပါးစပ်မှ အမြုပ်ထွက်အောင် ပြောလည်းပြော၊ ပဝါကြီး ပြင်ခြုံပြီးတော့ လည်ပင်းမှ ပုလဲစိန်





လော့ကက်ကိုလည်း ပြင်ဆင်တည့်မတ်လိုက်ပြီး အရာရှိကတော်အုပ်စုနား ထွက်လာပါသည်။ ကိုယ့်မှာ ဒီပုလဲစိန်တစ်စုံတောင် ဦးမြတ်ကျော် မိဘတွေ တင်တောင်းတုန်းက ရလိုက်တဲ့ မင်္ဂလာဦးဝစ္စည်း ကောင်းကောင်းကန်းကန်း တစ်စုံပဲရှိတာ။ ပွဲတိုင်းဝတ်နေလို့လည်း အချင်းချင်းတွေ မှတ်မိနေကြပေမဲ့လည်း အလဲအလှယ်ဝတ်ဖို့ကလည်း မတတ်နိုင်။ သမီးတွေချည်း ဆက်တိုက်မွေးပြီးပြီမို့ သမီးမိန်းကလေးတွေကိုလည်း ဆင်ယင်ရ၊ ကျောင်းထားရဲ့နဲ့ ဦးမြတ်ကျော် လခလေးနဲ့ မနည်းလောက်အောင် နေခဲ့ရတာ။

ကိုယ်တိုင်ကလည်း အိမ်လေး၊ မြေလေး ပါးစပ်ပွဲစား လုပ်ပြီး တစ်ဖက်တစ်လမ်းက ဝင်ငွေနည်းနည်း ရှာခဲ့နိုင်လို့လည်း လူတန်းစေ့ နေနိုင်၊ စားနိုင်ခဲ့တာပေမဲ့ ရတနာပစ္စည်းကောင်းကောင်းမွန်မွန် ကြီးကြီးမားမားတွေတော့ မစုနိုင်ခဲ့ပါ။

ဒါကြောင့် ပွဲလမ်းသဘင်တွေဆို ဒီတစ်စုံလေးထုတ်ထုတ်ဝတ်ခဲ့ရပေါင်းလည်း မနည်းတော့။ လူရှိသေ ရှင်ရှိသေ အိမ်နေရင်းလေး ဟိုနားဒီနားသွားလေးဝတ်ဖို့ စိန်နားကပ်လေးတစ်ရန်၊ ရွှေလက်ကောက်လေးတစ်ကွင်း၊ ရွှေဆွဲကြိုးလေး တစ်ကုံးတို့တော့ ရှိတာပေါ့။ သို့သော် ဒီလိုပစ္စည်းကြီးကြီးတွေတော့ တစ်သက်လုံး မဝယ်နိုင်ခဲ့တာ။ သမီးကြီး တစ်သက်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကောင်းလေးတစ်လုံး အဖတ်တင်ခဲ့ရတာက တော့ နှစ်ယောက်ဝင်ငွေလေးနဲ့ ရအောင် ခြစ်ကုတ်ပြီး မြေတစ်ကွက် အရင်ဝယ်ပြီး၊ ဖြည်းဖြည်းချင်း အိမ်ဆောက်ပစ္စည်းတွေ ဝယ်စုစုပြီး စုံသလောက်ရှိမှ ဆောက်နိုင်ခဲ့တာမို့ အိမ်တစ်လုံး ပိုင်ဆိုင်ဖို့တောင် နှစ်ပေါင်း ဆယ့်ငါးနှစ်လောက် စောင့်ခဲ့ရတယ် ပြောရင် အံ့ဩကြမလား မသိဘူး။

သူများတကာတွေလို မိဘအမွေအနှစ်လည်း ရစရာ မရှိတာမို့ နှစ်ယောက် လုပ်အားခလေးနဲ့ သမီးခြောက်ယောက်ကို ကျွေးမွေးပညာသင်ရင်း အိမ်တစ်လုံးပိုင်အောင် လုပ်နိုင်ခဲ့တာမို့ ကိုယ့်ကိုယ်ကိုယ်တော့ ဂုဏ်ယူပါရဲ့။

ကံကောင်းပြီး ကိုယ်ဝယ်ခဲ့တဲ့ မြေနေရာကလည်း အခုလိုကာလမှာ တန်ဖိုးရှိရှိလေး ဖြစ်လာတာကတော့ ကုသိုလ်ကံလို့ပဲ ပြောရမလား။ ကိုယ် ဝယ်တုန်းကတော့ ဈေးနည်း၊ လူကြိုက်နည်းတဲ့ မြေနေရာဟာ အိမ်လည်းဆောက်ပြီး ဆယ့်ငါးနှစ်ကျော်အကြာမှာ တန်ဖိုးသိန်း(–)နဲ့ ချီဖြစ်လာတာကို ကျေနပ်ပီတိဖြစ်ရပေမဲ့ ပြန်ရောင်းဖို့ စိတ်မကူးခဲ့ပါ။

ဦးမြတ်ကျော်က ရောင်းချင်ပေမဲ့ ဒေါ်ခင်ခင်ဆွေကတော့ ...





"ရောင်းလို့ ဘယ်ဖြစ်မလဲ၊ ဒီလို အပြကောင်းတဲ့ အိမ်လေးနဲ့ပဲ လူကြားထဲ ခေါင်းမော့နေရတာ၊ ပြီးတော့ သမီးတွေ ဂုဏ်မြှင့်ဖို့ကလည်း လိုသေးတယ်လေ။ ဒီလိုနေရာမှာ နေတယ်ဆိုကတည်းက ဂုဏ်ရှိနေပြီ။ သမီးတွေ လင်ကောင်းရပြီး သူဌေးကတော်တွေဖြစ်ဖို့ ဒီအိမ်က အပြကောင်းတယ်လေ၊ လူဆိုတာ သူ ဘယ်နေရပ်က လာသလဲဆိုတဲ့ ဂုဏ်ကလည်း လိုသေးတယ်။ အိမ်အတွင်းထဲ ပစ္စည်းရှိရှိ မရှိရှိ၊ ပိုက်ဆံရှိရှိ, မရှိရှိ ဘယ်အရပ်မှာနေသလဲ ဆိုတဲ့ ဂုဏ်ကလည်း ဂုဏ်ကိုမြှင့်သေးတာမို့၊ ကျွန်မတော့ သမီးတွေ အကုန် အိမ်ထောင်ရက်သားကျတဲ့အထိ ဒီအိမ်မှာပဲ နေမယ်၊ အဘိုးကြီး အဘွားကြီး နှစ်ယောက်တည်းဖြစ်မှ မြို့ထဲတိုက်ခန်းကျဉ်းလေး ပြန်သွားဝယ်နေလည်း အကြောင်းမဟုတ်ဘူးလေ"

ဟူသော ရေရှည်မျှော်လင့်ချက် စီမံကိန်းကြီးဖြင့် အခုလက်ရှိ အိမ်ကလေးကို နှစ်မြို့က်စွာ နေနေတာ ဖြစ်သည်။ ဦးမြတ်ကျော် အကြံပေးသလို ဒီအိမ်ရောင်းပြီး ဈေးသက်သာတဲ့ ပ်ကွက်မှာ ပြန်ဝယ်နေ၊ ပိုသောငွေကို ကိုယ်သုံးချင်ရာသုံး၊ ယ်လိုရာဝယ်တော့ လုပ်နိုင်ပါရက် မလုပ်ဘဲ ရပ်ကွက်ကောင်း ရာကောင်းက အိမ်ကိုပဲ တွယ်ကပ်နေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားတွေဈေးမဖြောက်ခင်က နစ်ဆန်းဖစ်ကပ်လေး တစ်စီးကို ဦးမြတ်ကျော်ရဲ့ သူငယ်ချင်းဆီက အရစ်ကျသွင်းစနစ်နဲ့ ဝယ်ထားဖူးလိုက်တာလည်း အမြတ်ဖြစ်သွားသည်။ သူငယ်ချင်းချင်း ထိုသူကလည်း ငွေသိပ်မလို၊ ကားတွေသာ ပိုနေသဖြင့် ရောင်းချင်တာနဲ့ ဝယ်လိုက်တာ ဖြစ်သလို ...

"မင်းကြိုက်ရင် ယူသွား မြတ်ကျော်၊ ငါ့ကို အရစ်ကျလေးပဲ တစ်လ ဘယ်ရွေ့ဘယ်မျှ ပုံမှန်သွင်းသွားကွာ၊ အတိုးမလိုဘူး ရတယ်၊ ယူသာ ယူသွား၊ မင်း ဝါ့ကုမ္ပဏီကိစ္စတုန်းက လက်မှတ်ထိုးပေးထားတဲ့ ကျေးဇူးရှိတယ်၊ ဒီတော့ ငါ့ဘက်ကလည်း ဒီလောက် ပြန်ပေးရမှာပေါ့"

ထိုသူ့ကုမ္ပဏီကိစ္စအတွက် ဦးမြတ်ကျော်ရဲ့ လုပ်ပိုင်ခွင့်ထဲမှ ရသလောက် လက်မှတ်ထိုးပေး ပြုပေး ရှေ့တင်ပေးထားဖူးသော ကျေးဇူးလည်း ရှိသဖြင့် ထိုသူ့ဆီမှ ဘာပဲဖြစ်ဖြစ် ကားတစ်စီးကိုတော့ ဝယ်ဖြစ်သွားခဲ့သည်။ အရစ်ကျပေးလိုက်တာလည်း ပေးရလို့ ပေးရမှန်းပင် မသိဘဲ ကားဖိုးကျေချိန်မှာ ကားတွေက ဈေးတွေမြောက်နေသော သတင်းကောင်းကိုလည်း ကြားရလေသည်။

သို့သော် ဒေါ်ခင်ခင်ဆွေ့ ထုံးစံအတိုင်း ...





"ဒီကားကို သိန်းတစ်ရာ လာပေးလည်း ကိုယ်က တစ်ရာနဲ့ ဘယ်ကား သွားဝယ်စီးမလဲ။ ကိုယ်ပိုင်ကားဆိုတာ ဘာကားပဲဖြစ်ဖြစ် ရှိဖို့လိုတယ်။ ရုံးကားသုံးခွင့်ရတာလည်း သုံးပေါ့။ ပွဲတွေလမ်းတွေ သွားရင်တော့ ကိုယ်ပိုင်ကားလေးနဲ့မှ ကောင်းတာ၊ ပြီးတော့ ဘယ်နေ့ပြသွားသွား သမီးခြောက်ယောက်လုံးပါအောင် ခေါ်နေကျဆိုတော့ ဒီလိုကားမျိုးမှ ဖြစ်မယ်"

ဆိုကာ ဒီကားလေးကိုပဲ သ,ပြီးစီးနေခဲ့ရတာ။

"ဆလွန်းကားပဲ စီးချင်တာပေါ့ကွယ်၊ ဒါပေမဲ့ ကိုယ်မှ မဝယ်နိုင်တာ"

ဟူ၍လည်း သူများတွေ မှန်လုံဆလွန်းလေးပေါ် ...ါသွားတာကြည့်ပြီး အားကျစွာ ပြောတတ်သေးသည်။ ဒေါ်ခင်...ဆွေသည် ရွယ်တူအရာရှိကတော်တွေကြားထိုင်ပြီး စကားသာ...ပြောနေရပေမဲ့ စိတ်က ဟိုရောက် ဒီရောက် ဟိုတွေး ဒီတွေး။ ...မြမြ ဝတ်ထားတဲ့ စိန်နားကပ် ကောင်းလိုက်တာ။ အင်း ... ...ရဲသွေးလည်း မလာသေးဘူး။ သူတို့ဆီက သတင်းကြားတော့ ...ထားတယ် ပြောတာပဲ၊ လာမှာပါလေ။ သမီးကြီးကို မင်းရဲသွေး...ဖို့လိုတယ်။ ဂန္ဓမာ ... ဂန္ဓမာ ဘယ်ရောက်နေလဲ။ အမေက ...ကြားထဲ ထင်းနေအောင် အနီရဲလေးဝတ်ပါဆိုတာ ရှက်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ဝတ်မလာဘူး။ ငွေမင်ရောင်လေးနဲ့ မှိန်များမှိန်နေသလား
သြော် ... ဦးမြတ်ကျော်နယ် ဘီယာဘူးဖောက်လိုက်တာ အမြှုပ်တွေ
သောင်းဘီပေါ် ပေကုန်ပါပြီ။ ဒီလောက် ပေါ့တီးပေါ့ဆနိုင်တ
လူကြားထဲ အထင်သေးစရာ။ တော်ပါသေးရဲ့ မင်းရဲသွေး မလ
သေးလို့။ ဟိုကမြင်ရင် အရှိအသေ တန်ဦးမယ်။ မယဉ်ယဉ်
တို့ ဘယ်တုန်းက ကားလဲလိုက်ပါလိမ့်။ အရင်က Limi
အဖြူလေးပါ။ အခု စုပါဆလွန်း ငွေရောင်လေးပါလား။ သူ
လည်း သူ့သမီးက ဘာ Miss ဆိုလား ရတယ်ဆိုပြီး တော်တေ
ထောင်နေပြီ။ ကောင်မလေး ပိန်ရှည်ရှည် ပြူးကြောင်ကြောင်
မလှပါဘူး။ ဘယ်လိုက ဘယ်လို ဘာ"Miss"ရသွားပါလိ
စကေ္က ပိုက်ဆံပေးပြီး လိုက်ယူတယ် ထင်တယ်။ သူ့ဘာသ
ဘာ Miss ဘွဲ့ပဲရရ ဂန္ဓမှာ ခြေဖျားတောင် မမီပါဘူး။ ငါ့သ
တွေကမှ တကယ်လှတာ။ မပြင်လည်း လှတယ်၊ ပြင်လည်း
တယ်။

ဒေါ်ခင်ခင်ဆွေ တစ်ယောက် မင်္ဂလာနှစ်ပတ်လည
ပါတီလုပ်သော လင်မယားကို နှုတ်ဆက်စကား ပြောနေစဉ်
ဘက်မှာတော့ ညီအစ်မခြောက်ယောက်တို့ တစ်ဝိုင်းထိုင်ပြီး တီ
တိုင်ပင်နေကြပါသည်။ ပါတီပွဲလုပ်ရာ နေရာမှာ မြက်ကျယ်ကျယ်
မြက်ခင်းပေါ်မှာဖြစ်ရာ ထိုမြက်ခင်းမှာပဲ စားပွဲကုလားထိုင်





ချပြီး ဟိုတယ်က မှာထားသော အစားအသောက်များကို Buffet (ဘူဖေး)ကျွေးတာ ဖြစ်ပါသည်။ ညီအစ်မတစ်တွေ ကိုယ်စား လိုရာကို ပန်းကန်တွေထဲ အသီးသီး ထည့်ယူလာကြပြီး ထိုင်စား နေရင်း ဒီပွဲကို လာသမျှလူတွေကို ကြည့်ရင်း ဝေဖန်ဆွေးနွေး နေကြတာ ဖြစ်ပါသည်။

"မမမာက စိတ်လှုပ်ရှားလို့ ထင်တယ်။ ပုစွန်လေးတစ်ကောင် စားနေတာတောင် မပြီးတော့ဘူး"

စကားဝါက အစ်မကို လှမ်းနောက်ရင်း သူ ယူထားတဲ့ ဂဏန်းလက်မကို Tomato Sauce နှင့် တို့စားလိုက်သည်။

"ဟဲ့ ... စကားဝါ၊ အင်္ကျီကို Sauce တွေ ပေမယ်၊ သတိထား၊ မိန်းကလေးဖြစ်ပြီး ဟိုပေဒီပေ ဖိတ်ကျ လွှတ်ကျ ဖြစ်ရင် အမေက ဆူမှာ သိသားနဲ့"

နေကြာက စကားဝါ့ကို လှမ်းသတိပေးလိုက်သည်။

"ကိုယ်တို့ကတော့ အေးအေးဆေးဆေး Relax ပဲ။ ဘေးက ပွဲကြည့်ပရိသတ်အဖြစ် ရှေ့ကငါးယောက် တစ်ယောက်ပြီးတစ်ယောက် လင်ကောင်းရှာပြီး ယူကြမှာကို စောင့်ရုံပဲ။ ဟဲ ဟဲ ...။ နောက်ဆုံးလူ ဆိုတော့ ကိုယ့်အလှည့်က မရောက်သေးဘူး။ ရှေ့က ငါးယောက်ကုန်မှ ရှေ့ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဇီဇဝါသည် အသက်ဆယ့်ခုနစ်နှစ် အရွယ်ပေမဲ့ ကလေးစိတ် မကုန်သေးဘဲ တဟီးဟီးရယ်ရင်း ပြောပါသည်။ ဇီဇဝါ ပြောတာလည်း ဟုတ်သား၊ သူက အငယ်ဆုံးဆိုတော့ ဒီလိုကြုံဖို့က နောက်ဆုံးမှ ရောက်မှာ။

အင်း ... နေကြာကတော့ ဒုတိယဆိုတော့ မမမာ သာပြီးရင် နေကြာ့အလှည့်ပဲ။ ဘုရားရေ ... အဲဒီကျ ငါလည်း အမေ့စကား နားထောင်ပြီး အမေရွေးပြတဲ့ ယောက်ျားတစ်ယောက်က ငါ့ကို သဘောကျအောင် နေပြရတော့မှာပါလား။ ငါလည်း အဲဒီကျမှ မမမာ အခု ခံစားနေရသလို ခံစားရမှာပါလား။

မင်းရဲသွေး ဟူသော ယောက်ျားပျို တစ်ယောက် အကြောင်းကို စ,ပြီး သတင်းသယ်လာသူမှာ အမေပဲဖြစ်သည်။ အရာရှိကတော် အသိုင်းအဝိုင်းကြားမှာ မင်းရဲသွေးသည် သမီးရှင်များအကြိုက် ယောက်ျားပျိုတစ်ယောက် ဖြစ်နေပါသည်။ မိဘမျိုးရိုးတို့က ရှေးခေတ် မင်းမျိုးအနွယ်အဆက်တွေ ဟူသောဂုဏ်။ အသက်အစိတ်အရွယ်မှာ မိဘတွေက သူတို့ပိုင်ဆိုင်မှုထဲက တစ်ဝက်တိတိကို သားအကြီးဖြစ်သူအား အမွေခွဲပေးလိုက်ခြင်းတည်းဟူသော ချမ်းသာကြွယ်ဝမှု၊ ကိုယ်ပိုင် သွင်းကုန်ထုတ်ကုန်ကုမ္ပဏီတစ်ခုကို စတင်ထူထောင်ပြီး လုပ်ကိုင်တော့လည်း ငွေငွေချင်းထပ်၍ ရင်းနှီးပြီး လုပ်ကိုင်နိုင်ခြင်းကြောင့်လား၊ ထိုသူ့ရဲ့ ကုသိုလ်ကံအကျိုးပေးကြောင့်လား၊ သူကိုယ်တိုင်က လုပ်ရည်ကိုင်ရည်တော်လို့ပဲလား မသိ၊ အောင်မြင်ကြီးပွား တိုးတက်သော ကုမ္ပဏီကြီးတစ်ခုကို လုပ်ကိုင်နိုင်ခြင်းတည်းဟူသော အရည်အချင်း၊ ဘာအရှုပ်အရှင်း သတင်းပလင်းမှ မရှိလောက်အောင် နေတတ် ထိုင်တတ်သည့် တည်ကြည်မှုတည်းဟူသော ကိုယ်ပိုင်အမူအရာ စသည်တို့ကြောင့် မင်းရဲသွေးသည် ဒီခေတ် ဒီအခါမှာ ရှားပါးပစ္စည်း၊ လူတိုင်း လိုချင်တမ်းမက်ရသော အရာဝတ္ထုတစ်ခု ဖြစ်နေသည်။

"ဒီလို ယောက်ျားမျိုးကိုမှ ငါ့သမီး ဂန္ဓမာ မရရင် ညည်းနဲ့ ထိုက်တန်တာ မရှိတော့ဘူးမှတ်၊ သမီးတို့ သိထားဖို့က သမီးတို့အဖေဟာ အခု အရာရှိဖြစ်တုန်းမို့သာ လူရာဝင်နေတာ။ အဖေသာ ပင်စင်ယူသွားရင် အားလုံးအေားရောက်သွားကြမဲ့ဖြစ်ခြင်း၊ ဂုဏ်သရေရှိ အသိုင်းအဝိုင်းတွေနဲ့လည်း တဖြည်းဖြည်း ဝေးသွားမယ် ...

ပြီးတော့ သမီးတို့ သိပါတယ်၊ အဖေနဲ့အမေဟာ အရမ်းကို ခြိုးခြံချွေတာပြီး ဒီလို လူရိုသေ ရှင်ရိုသေ ပစ္စည်းလေးတွေ စုဆောင်းထားရတာ၊ ဘယ်လောက်ခံမှာမို့လဲ။ အဖေအမေတို့ အသက်ကြီးလာရင် သမီးတွေပဲ ပြန်အားကိုးရမှာ။ ကိုယ့်သားသမီးတွေက တင့်တင့်တယ်တယ် ကြွယ်ကြွယ်ဝဝလေးဆိုရင် အဖေအမေလည်း စိတ်



www.burmeseclassic.com

www.burmeseclassic.com



အေးမယ်၊ သမီးတို့ အမေတို့ကို ပြန်မကြည့်ရှုဘူးဆိုရင် တောင် ကိစ္စမရှိဘူး၊ ကိုယ့်သမီးတွေ အိမ်ထောင်ဖက်ကောင်း နဲ့ အဆင်ပြေနေရင် ကျေနပ်ပါပြီ။ အမေ အခုပြောနေတာ ဆယ်ပုံ့ပုံရင် တစ်ပုံပဲ အမေတို့အတွက် ပါလိမ့်မယ်၊ ကျန်တာ သမီးတို့ ကောင်းစားဖို့ချည်းပဲ"

အမေ အဲဒီလိုပြောပြီး သိပ်မကြာပူါ။ မမမာကို မင်းရဲသွေးနဲ့ ဆုံရအောင် ဘယ်ပွဲဖိတ်မလဲ၊ ဘယ်ပွဲမှာ သူ့လာ မလဲကို ပြူးပြဲပြီး စုံစမ်းတော့တာ။ အဖေ့ကိုပြောတော့ ...

"သမီး စိတ်မပါရင် အတင်းအကျပ် မလုပ်ပါနဲ့ကွာ"

လို့ လေသံလေးနဲ့ ပြောပေမဲ့ အဖေဟာ အမေ့ ရဲ့ ...

"ဦးမြတ်ကျော်ဟာလေ၊ ရှင် ဘာမှလဲ မသိဘဲနဲ့"

ဟူသော ပက်ခနဲ ပြန်ဟောက်သံ တစ်ချက်နဲ့ပဲ အမေ့ သဘောဘက် ပါသွားစမြဲပင်။

အဖေ့ဆီမှာ သူ့ကုမ္ပဏီအတွက် လိုင်စင်ရဖို့ လာ တင်ဖူးတယ်။ အဖေ လက်မှတ်ထိုးပေးလိုက်ရဖူးတယ် ဆိုသော အချက်ကိုပင် အမေက အဟုတ်ကြီးထင်ကာ ...

"ရှင်နဲ့ ရင်းနှီးပြီးသားပဲ၊ မင်းရဲသွေး လာရင် ကျွန်မနဲ့ သမီးတွေကို ခေါ်ပြီး မိတ်ဆက်ပေးဖို့ မမေ့နေစေနဲ့"





လို့ ဒီပွဲမလာခင် တတွတ်တွတ် မှာရတာအမေ။ အခုတော့ ဒီပွဲကြီးကို ရောက်ခဲ့ပြီ။ ကိုယ်တော်ချောကတော့ ပေါ် လာသေး။ အေးလေ ... ဖိတ်ထားတယ် သတင်းကြားတိုင်း ဘာမယ်၊ မလာဘူးဆိုတာ ဘယ်လိုလုပ် ကြိုသိနိုင်ပါ့မလဲ။ ကြာကတော့ မင်းရဲသွေးကို မမြင်ဘူးသေး။ မမမာကတော့ စ်ရက်မှာ အမေနဲ့ ယုဇနပလာဇာသွားတုန်း အဝေးကတစ်ခါ မြင်ဖူးသည်ဆိုပဲ။ အမေပြလို့ မြင်တာတဲ့။ အမေက မင်းရဲသွေး ကို ဘယ်မှာကြိုမြင်ဖူးထားသလဲတော့ မမေးမိပါ။ မမမာကို ...

"မင်းရဲသွေး ချောလား"

မေးတော့ နှုတ်နည်းပြီး ကိုယ့်ရင်ထဲက ခံစားချက် မှန်ကို သိပ်မပြတတ်တဲ့ မမမာဟာ ...

"အင်း ... မဆိုးပါဘူး"

ဆိုတဲ့ လေသံနဲ့ပဲ တုံ့ပြန်တာ။ ညီအစ်မတွေမှာ မမာနဲ့ ခရမ်းပြာဟာ အဖေ့လိုပဲ စကားနည်းပြီး လေသံလေးနဲ့ ကားပြောတတ်တာ တူပြီး၊ ကျန်တဲ့ နေကြာ၊ စကားဝါ၊ ခတ္တာ နဲ့ စိဇဝါတို့ကတော့ အမေ့လိုပဲ စိတ်မြန်လက်မြန်၊ လေသံကျယ် ချယ် ရှင်းရှင်းဘွင်းဘွင်းသမားတွေ ဖြစ်နေပါသည်။

မမမာနဲ့ ခရမ်းပြာကတော့ ဘာလေးမေးလိုက်မေး ိုက် စိတ်ပေါ်သလိုလို၊ ဘာလိုလိုနဲ့ မပွင့်တပွင့်သမားတွေ



www.burmeseclassic.com

www.burmeseclassic.com



"မမမာ သူ့ကိုချစ်လို့ ရမှာလား"

မေးလည်း မြဲ့စိစိ ပြုံးတုံ့တုံ့။

"သူကရော ဘယ်လိုရုပ်မျိုးလဲ၊ တချို့က ရုပ်ချောပေမဲ့ စိတ်သဘော မကောင်းတဲ့ရုပ်မျိုးမို့ မေးတာ"

ဆိုလည်း အေးတိအေးစက်နဲ့။ ဘယ်လိုမှ မေးမရ။ ဒီတော့လည်း နေကြာပဲ မင်းရဲသွေးကို စောင့်ကြည့်ပြီး အကဲခတ်ရတော့မည်ပေါ့။

တစ်ဖက်ဝိုင်းမှ ကောင်မလေးတစ်သိုက် ကျွက်စီ ကျွက်စီ လှုပ်လှုပ်ရှားရှားတွေ ဖြစ်ကုန်လျက် ...

"ဟယ် ... လာပြီ ... ရောက်လာပြီ"

ဆိုသော တီးတိုးသံတို့ကြောင့် နေကြာတို့ ညီအစ်မတစ်တွေသည် လည်ပင်းတွေ ထောင်မတ်သွားကြပါသည်။ ခရမ်းပြာက လည်ပင်းလေး နိုး၍လိမ်ကြည့်ရင်း ...

"မမမာရဲ့လူက ဘယ်သူလဲ"

လို့ တိုးတိုးမေးနေစဉ် နေကြာရဲ့ အာရုံတွေကတော့ ခြံထဲက ကားရပ်လို့ရသည့် နေရာလွတ်မှာ ကားရပ်ပြီး ဆင်းလာသော လူသုံးဦးထံက မခွာခဲ့ပါ။ ဖြူဖွေးပြောင်လက်နေသော မာစီးဒီး(စ်)ကို မောင်းသူနေရာမှ တံခါးဖွင့် ဆင်းလာသော လူညိုချောတစ်ယောက် တစ်ဖက် passenger seat မှ တံခါးဖွင့် ဆင်းလာသော အသားမဖြူမညိုနဲ့ မျက်နှာမှာ အရှိန်အဝါတစ်မျိုး





ရှိနေသော သူတစ်ယောက်နှင့် ကားနောက်ခန်းမှ ဖွင့်ဆင်းလာသော မာနခပ်ကြီးကြီး မျက်နှာလေးကို ပိုင်ဆိုင်သည့် မိန်းကလေးတစ်ယောက်တို့သည်ကား ဒီခြံဝင်းထဲက လူတော်တော်များများရဲ့အာရုံတွေ သူတို့ထံ ရောက်နေသည်ကို ဂရုမပြုသည့်အလား တည်ငြိမ်စွာ လျှောက်လာနေကြပါသည်။

"အသားညိုက မင်းရဲသွေး၊ သူ့ထက် နည်းနည်း အရပ်ပိုမြင့်တာ တခြားလူ၊ ကဲ ... လောင်းမလား၊ လောင်းမလား၊ ဟုတ်,မဟုတ်၊ မမမာ မပြောခင် ဘယ်သူလောင်းရဲလဲ"

ဓိဇဝါသည် ကလေးဆန်စွာ တဟီဟီ အသံတိုးလေး ဖြင့်ရယ်ရင်း သူ့ထက် အထက်က နို့ညှာအစ်မ ခတ္တာကို လောင်းကြေးထပ်ဖို့ ဆွယ်နေသည်။ စကားဝါကတော့ အလည်မ၊ အမေ့ဆီ လှမ်းကြည့်ကာ ...

"အမေတော့ ဟီ ဟီ ... မမမာထက် သူကပိုပြီး ရင်ခုန်သွားပြီ၊ သေချာတယ်၊ လူညိုချောက မင်းရဲသွေးပဲ၊ အမေ့မျက်လုံးတွေက အဲဒီလူဆီမှာ"

ဟု ကြိုတင်အဖြေထုတ်ပြီး ပြောလိုက်ရာ ဓိဇဝါ စိတ်ပျက်သွားသည်။

"ဟာ ... မမဝါကလည်း ဒီမှာ မမတာဆီက ဆီးထုပ်ကြေးလောင်းမလို့ဟာ၊ သူ ကြိုပြောတာနဲ့ ပျက်ပြီ"

ခရမ်းပြာက ...



www.burmeseclassic.com

www.burmeseclassic.com



"ဆီးထုပ်စားချင်ပြန်ပြီ၊ ဟိုတလောက နင်အစားကောင်းလို့ ဝမ်းကိုက်ပိုး ဝင်သွားတာ မမှတ်သေးဘူး"

"နေကြာ"

မမမာဆီမှ အသံတိုးတိုး ကြားရသဖြင့် အားလုံး အသံတွေ တိတ်သွားကြပါသည်။

"မင်းရဲသွေး ဆိုတာ အသားညိုညိုလုပ်"

မမမာ မျက်လုံးတွေက ထိုသူထံ မရဲတရဲ ဝေ့ကြည့်ကာ ပြောပြပါသည်။ ညီအစ်မတစ်တွေ၏ မျက်ဝန်းအစုံတွေ ထိုသူ့ထံ စုပြုံရောက်နေသလိုပဲ၊ ဒီပွဲထဲက မိန်းမပျိုတော်တော်များများရဲ့ မျက်ဝန်းတွေလည်း မင်းရဲသွေးကိုပဲ။ ထို့အပြင် သူ့ဘေးက ခပ်မြင့်မြင့် လူဆီကိုလည်း တချို့တစ်ဝက် ရောက်လိုရောက်။

"ကောင်မလေးက ဘယ်သူလဲ"

တစ်ဖက်စားပွဲမှ တိုးတိုးအသံ ထွက်လာသည်။ နေကြာတို့ ညီအစ်မတစ်တွေလည်း သိချင်သဖြင့် အသာနိုး၍ နားစွင့်လိုက်ပါသည်။ တစ်ဖက်ဝိုင်းမှ တစ်ယောက်ဆီမှ အသံ ကြားရသည်မှာ ...။

"မင်းရဲသွေးရဲ့ တစ်ဦးတည်းသော ညီမလေးတဲ့။ ရတနာသွေးတဲ့။ အမယ်လေးနော် ... အဲဒီကောင်မလေး သိပ်ဆိုးတာ၊ သူ့အစ်ကိုကို မိန်းမတွေ ဝိုင်းနေမှန်းသိတော့ သူက





အစ်ကိုအရောင်နဲ့ ပိုတောက်ပပြနေတာလေ။ သူ့ကြည့်ပါလား၊ သူ့အစ်ကို ချောသလောက်၊ သူ့ကျ မချောဘူး၊ တန်ဖိုးကြီးတွေ ဆင်ထားနိုင်ပြီး ဂုဏ်ဒြပ်တွေနဲ့မို့သာ၊ ဟုတ်သလိုလိုရုပ်လေး ဖြစ်နေတာ။ သူက မင်းရဲသွေး သူငယ်ချင်း ကိုသိဃ်သူကိုလည်း ကြားထဲက တိုသေးတယ်။ ကိုသိဃ်သူကို သူက မျှော်လင့်နေတာလေ။ မိဘချင်းက တော့ သဘောတူကြရင် တူမှာပေါ့။ သူတို့ချင်း သူငယ်တွေချင်းချင်းပဲဟာ၊ ဒါပေမဲ့ ကိုသိဃ်သူက မတုန်မလှုပ်ပါ"

နေကြာသည် သိဃ်သူ ဟူသော ရှေးဆန်ဆန် အမည်ကို ကြားရလျှင် မင်းရဲသွေး နားမှာ ရပ်နေသော မြင့်မြင့်မားမားလူကို တစ်ချက်ကြည့်လိုက်မိသည်။

"နာမည်ကလည်း ဖတ်စာအုပ်ထဲမှာ ကြားဖူးတဲ့ နာမည်မျိုး မြန်မာဖတ်စာထဲမှာလေ သိဃ်သူ့သမီး ဆိုလား ဘာလား ကျောက်စာကို သင်ရတာ သွားသတိရတယ်"

တစ်ဖက်စားပွဲဝိုင်းထဲမှ မိန်းကလေးတစ်ယောက် အသံကို နေကြာ နားထောင်ရင်း ထိုမိန်းကလေးကိုပင် ကျိတ်၍ ချီးကျူးမိသွားသည်။ တော်တော် မှတ်ဉာဏ်ကောင်းတဲ့ မိန်းကလေးပဲ။ ဒီနာမည် ကြားလိုက်တာနဲ့ ဘယ်မှာရှိတယ်၊ ဘယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြားဖူးတယ်၊ ဘယ်လိုသိဖူးတယ်ဆိုတာ ချက်ချင်းပြောနိုင်တယ်။ ထိုမိန်းကလေး ပြောမှပဲ နေကြာလည်း ထိုသူ့နာမည်ဟာ အမတ်ကြီး သိဃ်သူ နာမည်ကို ယူထားတာပါလားလို့ မှတ်ချက်ချမိသည်။

"အမေတော့ ငါတို့ဆီ ထ,လာပြီဟော့၊ အမယ်လေး ရင်လေးလိုက်တာနော်။ အမေ မျက်နှာပြောင်ပြောင်နဲ့ ဘယ်လိုများ အတင်းသွားမိတ်ဆက်မှာပါလိမ့်"

ခတ္တာသည် ထိုသို့ပြောရင်း အမေ့ကို လှမ်းကြည့်နေသည်။ နေကြာကတော့ ခေါင်းလေးငုံ့ပြီး ငြိမ်နေသော မမမာကို သနားပြီး လက်အစုံကို အသာဖျစ်ညှစ် အားပေးလိုက်လျှင် ...

"ဟင် ... မမမာ လက်တွေ အေးစက်နေပါလား။ ဘာဖြစ်လို့လဲ"

နေကြာ့ အသံကြောင့် ကျန်တဲ့ညီအစ်မတွေ မမမာကို ငေးကြည့်ကုန်ကြတော့သည်။

ဆံနွယ်ပျော့ပျော့ခွေခွေ အလိမ်လေးတွေ မျက်နှာပေါ် ဝဲကျနေခဲ့သော မမမာကတော့ ညီမတွေကို မဖြေဘဲ အပြုံးဖျော့လေးနဲ့သာ တုံ့ပြန်ပါသည်။ အို ... မမမာ သိပ်ကိုစိတ်လှုပ်ရှားနေရှာပါလား။ နေကြာ သနားပြီး မမမာကို အားကိုနေအစွမ်းကုန် အားပေးဖို့သာ ဆုံးဖြတ်လိုက်ပါသည်။



"သမီးတွေ အမေတော့ ဦးမြတ်ကျော်ကို အချက်ပြပြီးပြီ၊ သမီးတို့နဲ့ မင်းရဲသွေးနဲ့ သူ မိတ်ဆက်ပေးတော့မယ်၊ သိလား"

အမေသည် သမီးတွေကြား ခုံတစ်လုံး ဆွဲထိုင်ကာ တိုးတိုး တိုးတိုး ပြောပါသည်။ အမေအပါအဝင် သမီးခြောက်ယောက်တို့ရဲ့ ခေါင်းတွေ ပူးကုန်ကြရခြင်း အကြောင်းရင်းကို တခြားသူတွေများ ရိပ်မိကုန်ကြပြီလား မသိ။

အဖေ့ခများတော့ မိန်းမကို အလွန်အမင်းချစ်ပြီး တစ်သက်လုံး မိန်းမစိတ်ချမ်းသာဖို့သာ ဦးစားပေးခဲ့သူပီပီ အခုလည်း မိန်းမညွှန်ကြားတဲ့အတိုင်း မင်းရဲသွေးကို သူ အရင်စ,ပြီး စကားသွားပြောရန် ထိုင်ရာမှ ထနေရှာလေပြီ။ မင်းရဲသွေးကတော့ သူတို့ သုံးယောက်ချည်း သီးသန့်တစ်ဝိုင်း ထိုင်နေပါသည်။ မင်းရဲသွေး မျက်နှာကတော့ ချိုပါသည်။ သူသိသိ, မသိသိ သူ့ကို ပြုံးပြသမျှ လူတိုင်းကို ပြန်၍ ခေါင်းညွတ်ကာ ညွတ်ကာ ပြုံးပြနှုတ်ဆက် နေပါသည်။ သူ့ညီမကတော့ မျက်နှာကို မော့ချီနေကာ သူ့သိမှသာ ပြန်ပြုံးပြ နှုတ်ဆက်ပြီး သူ့မသိလျှင် ခပ်ရိုင်းရိုင်းပင် တည်တည်ကြီး မျက်နှာလွှဲတတ်သည်။

သိဃ်သူ ဆိုသော ယောကျ်ားပျိုကတော့ မိန်းကလေးတွေရဲ့ အာရုံဟာ မင်းရဲသွေးထံမှာပဲ ရောက်ရောက်နေတတ်သည်ကို သဘောကျစွာ ခပ်ပြုံးပြုံး စောင့်ကြည့်လျက် ရှိသည်။

www.burmeseclassic.com

သူ့မျက်နှာစေးနဲ့ သူ့အပြုံးတွေကတော့ ဘာအဓိပ္ပာယ်ဆောင်မှန်း မသိ၊ လျှို့ဝှက်လှသည်။ မိန်းကလေးတွေ မင်းရဲသွေးကို ကြည့်ကြည့်ခြင်းရဲ့ အဓိပ္ပာယ်ကို လှောင်ပြုံး၊ပြုံးတာပဲလား။ မင်းတို့ ဘာကြောင့် မင်းရဲသွေးနဲ့ အသိအကျွမ်း ဖြစ်ချင်သလဲ ဆိုတာ ငါသိပါတယ် ဆိုသော ခနဲ့ဟန်ဖြင့်ပဲ ပြုံးသလား။

အဖေ သွားနှုတ်ဆက်သောအခါ မင်းရဲသွေးသည် ပျာပျာသလဲ တရိုတသေပင် ထရပ်ပြီး လက်ဆွဲနှုတ်ဆက်နေတာ တွေ့ရသည်။ ဒါကိုပဲ အမေ့မှာ အဟုတ်ကြီးထင်လျက် ...

"ဟယ် ... တွေ့လား၊ သူ့ ဦးမြတ်ကျော်ကို တလေးတစားပဲ ထ,နှုတ်ဆက်တယ် တွေ့လား။ သူ မမေ့ဘူး၊ အေးလေ သူ့ကုမ္ပဏီလိုင်စင်ကျဖို့ အဖေပဲ လက်မှတ်ထိုးခွင့် ရှိတာ ဆိုတော့ သူ မှတ်မိကို မှတ်မိရမှာပဲပေါ့"

အဖေသည် နှုတ်ဆက်စကား ပြောနေရင်းမှ မိန်းမနဲ့ သမီးတွေဝိုင်းဘက် မေးညွှန်ပြရင်း တစ်စုံတစ်ခု ပြောသဖြင့် မင်းရဲသွေးရဲ့ မျက်လုံးတွေ ဒီဘက်ဝိုင်း ရောက်လာပါသည်။ ထို့အတူ သိဃ်သူနှင့် ရတနာသွေးတို့ကပါ လည်ပင်းတွေလိမ်၍ လိုက်ကြည့်ကြပါသည်။

"ဟော ... သူ လှမ်းကြည့်နေပြီ၊ ဂန္ဓမာ ... သမီးခေါင်းလေး ထောင်မတ်ပြီးနေ။ ပြန်ပြုံးပြလိုက်ဖို့ မမေ့နဲ့"

"အမေကလည်း ... ဂန္ဓမာ ပြုံးတော့ မပြချင်ဘူး"





"ဘာဖြစ်ရပြန်တာလဲ"

"သူ့ကို သိပ်လိုလားပြသလို ဖြစ်နေမယ်"

"ဘာဖြစ်လဲ၊ သူ့လိုယောက်ျားကို မလိုလားဘူး ဟန်ဆောင်ပြရင် ဒါ ဟန်ဆောင်တာပဲဆိုတာ သိသာတယ်။ ကိုယ်က လိုလားတယ်ဆိုတာ သိတော့ရော ဘာဖြစ်လဲ"

နေကြာကတော့ မမမာနဲ့ စိတ်တူစွာ အမေ ပြောသလိုကြီး အတင်းပြန်မပြုံးပြစေချင်ပါ။ မမမာကလည်း မပြုံးပြခဲ့ပါ။ ခေါင်းကလေးသာ ထောင်မတ်နေအောင် ခါးလေးဆန့်ထိုင်၊ စားပွဲပေါ် လက်တံတောင်ထောက်၊ မေးစေ့လေး မော့မော့တင်ထား သည့်ဟန်ပန် ကြွားကြွားလေးနဲ့သာ ပြန်ကြည့်ခဲ့သည်။ နေကြာမှာ မမမာရဲ့ အမူအရာကို သဘောတကျ ကျိတ်ချီးကျူးအားကျနေရသည်။

ကိုယ့်အစ်မမို့ ပြောတာမဟုတ်ဘူး။ နေတတ်လိုက်တာ။ ခါးလေး မတ်ထိုင်နေတာကိုက၊ မေးလေးမော့တော့တော့လေး ထောက်တာကိုက မမမာကို ပန်းပုရုပ်လေး တစ်ရုပ်လိုပဲ လှသွေးကြွယ်စေတယ်။ ညီအစ်မတွေထဲမှာ အလှဆုံးလို့ ဂုဏ်တင်ထားရတဲ့ မမမာရဲ့အလှကို ကိုယ်မမီပေမဲ့ နေကြာတို့ ညီအစ်မတွေဟာ တခြား တခြားသော ညီအစ်မတွေလိုတော့ မဟုတ်။ မနာလိုမဖြစ်ကြပါ။ ကဲ့ ကိုယ့်အစ်မကြီး သိပ်လှတာကိုပဲ အားကျချီးကျူး အတုခိုးနေကြ၊ သူများပဲ ဖြစ်ပါသည်။

www.burmeseclassic.com



နေကြာ မြင်သလို ချီးကျူးငေးမောမိသလိုပဲ မင်းရဲသွေးရဲ့ ခပ်လှမ်းလှမ်းမှ တစ်ချက်လှမ်းကြည့်လိုက်သော မျက်လုံးအစုံတို့သည် ငွေရောင်ဖျော့ဖျော့လေးဖြင့် ကြွားကြွားရွှားရွှားလှနေသော အလှဆုံး ပန်းတစ်ပွင့်ကို ဆိုက်ဆိုက်မြိုက်မြိုက် အကြာကြီး စိုက်ကြည့်မိသွားပါသည်။ လှလိုက်တာ၊ မျက်စိထဲ မြင်ရတာစိတ်ကြည်နူးဖို့ ကောင်းလိုက်တာ ကြည့်စမ်း။ မျက်တောင်စင်းစင်းလေးနဲ့ မေးထောက် ထိုင်နေပုံက ငေးကြည့်နေချင်စရာကိုကောင်းတယ်။ မင်းရဲသွေး စိတ်ထဲမှာတွေးရင်း တစ်ခါထပ်ကြည့်လိုက်မိပြန်သည်။

ထိုပန်းကလေးနဲ့ နောက်တစ်ခါထပ်၍ မျက်လုံးချင်းဆုံခွင့်ရခြင်းကို ရင်ထဲမှာ မက်မောသွားပါသည်။

"အန်ကယ့်မှာ သမီးချည်း ခြောက်ယောက်တောင်ရှိတယ်မောင်မင်းရဲသွေးရဲ့။ သားမွေးမလား မွေးမလား စောင့်ရင်းစောင့်ရင်း နောက်ဆုံး ခြောက်ယောက်မွေးပြီးတဲ့အထိသားကို မမြင်ရတော့ စိတ်လျှော့လိုက်ရတယ်၊ ဟား ... ဟား"

"(......)ရွာနက အရာရှိကြီး ဦးမြတ်ကျော်ရဲ့ သမီးတွေသိပ်လှတယ် ဆိုတာ ကြားဖူးနေတာ ကြာပါပြီ။ ခုမှပဲမြင်ဖူးတော့တယ်"





"အဲဒီလို ချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ။ ကဲ ... အေးအေးဆေးဆေး ထိုင်လိုက်ကြပါဦး၊ အန်ကယ်ပြန်ခါနီးမှပဲ လာနှုတ်ဆက်တော့မယ်"

ဦးမြတ်ကျော်သည် မင်းရဲသွေး နားမှ ပြန်လှည့်တ်လာသဖြင့် ခေါင်းခင်ဆွေမှာ ထိုင်ရမလို ထရမလို ဖြစ်သွားပါသည်။ သူမ မျှော်လင့်ထားတာက မင်းရဲသွေးကို ဒီဝိုင်း ခေါ်လာပြီး သမီးတွေနဲ့ မိတ်ဆက်ပေးခံရမယ် ထင်ထားတာ၊ တော့ တင်း ... ကြည့်စမ်း။ ဦးမြတ်ကျော်ဟာ မှာထားသလို လုပ်ဘူး။ သူပဲ စကားသွားပြောပြီး ပြီးရောလား။ ဒီလိုသာဆို မင်းရဲသွေးနဲ့ ဂန္ဓမာ ဘယ်လိုလုပ် ဆုံပါ့မလဲ။

"ညည်းတို့အဖေ မှာထားတဲ့အတိုင်း မလုပ်ပြန်ဘူး"

စကားဝါက ...

"အမေကလည်း အဖေလုပ်တာ ဟုတ်တာပဲ။ ဒီလောက်ရှင်းရှင်းထင်းထင်းကြီး အဲဒီလူကို ခေါ်လာပြီး သမီးတွေနဲ့ မိတ်ဆက်ပေးရင် သိပ်အသိသာကြီး ဖြစ်မှာပေါ့။ အဖေက သမီးရှင်ပဲ၊ သူ လုပ်သင့်သလောက်ပဲ လုပ်တာကောင်းပါတယ်"

ဟု ဝင်ပြောပါသည်။

ခရမ်းပြာက ...

"မင်းရဲသွေးက မမမာကို ခဏခဏကြည့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ လေသံလေးဖြင့် အမေ စိတ်ချမ်းသာအော
သတင်းပို့နေလေသည်။

နေကြာကတော့ အမေလုပ်တာ မှန်တယ်ဆိုပြ
အမေ့ကိုလည်း အမှတ်ပေးမိသလို၊ သမီးတွေကို သိပ်ကောင်းစေ
စေချင်လှသော အမေ့မေတ္တာကိုလည်း နားလည်သဘောပေါက်
သည်မို့ အမေ့ကိုလည်း ဘယ်လိုကူညီရမလဲလို့ တွေးရင်း ခေါင်
ပူနေသည်။ အမေ ဒီပွဲကိုလာတာက အဓိက, မမမာကို မင်းရဲသွေ
နဲ့ ရင်းနှီးစေချင်တာလေ။ ဒီလိုကြီး အဝေးကလှမ်းကြည့် ဖြ
အဆင့်နဲ့ ပြီးသွားရင် အမေ့မှာ ဆယ်ရက်လောက် စားမ
တစ်လလောက် ပွစိပွစိ ပြောလို့မဆုံး ဖြစ်ရှာမှာ။

နေကြာသည် အကောင်းဆုံးကို စဉ်းစားမိပြီးလျှ
အမေ့ဆန္ဒကို ကူညီဖြည့်ဆည်းဖို့ ထရပ်လိုက်ပါသည်။

"မမမာ ... လာ"

အမေက နေကြာ့ကို အံ့သြသလို မော့ကြည့်သည်

"ဘယ်လဲ ... နေကြာ"

"ဟိုမှာ ကိုမင်းရဲသွေး ဘူဖေးထည့်ဖို့ သွားနေပြီ။ မမ
နဲ့ နေကြာလည်း တစ်ခုခုထပ်ထည့်ဖို့ သွားယူမယ်
အမေ။ ဒါဆို ပိုမကောင်းဘူးလား"

အမေ့မျက်နှာ ဝင်းပသွားပါသည်။

"အေး ... ဟုတ်တယ် ... ဟုတ်တယ်၊ သွား ... သွာ
အမေပါ လိုက်မယ်"





ခတ္တာက ...

"အမေ နေခဲ့ပါလား"

လို့ အကြံပေးပေမဲ့ အမေက လက်မခံ။

"သူတို့ချည်းပဲသွားရင် အပြုံးချင်းဖလှယ်ပြီးသာ ပြန်လာမှာ။ အမေပါမှ လူကြီးကစပြီး စကားလေး ဘာလေး ပြောမှ ဖြစ်မှာပေါ့"

စကားဝါ၊ ခရမ်းပြာ၊ ခတ္တာနှင့် ဇီဇဝါတို့လေးယောက်သားမှာ အမေ ပဝါကြီးတဖားဖားခြုံ၍ ဂန္ဓမာနှင့် နေကြာနောက်ပါသွားသည်ကိုသာ အငေးသား ကြည့်ကျန်ခဲ့ရတော့လေသည်။

ဒေါ်ခင်ခင်ဆွေ့ ခြေလှမ်းတွေကိုသိသော တခြားသော သမီးရှင်အမေတွေကလည်း ...

"ဟိုမှာ ခင်ခင်ဆွေတော့ သမီးအကြီးမ နှစ်ယောက် ခေါ်ပြီး မင်းရဲသွေးနား သွားပြီ"

"ဘယ်သူ့အတွက် ဖြစ်မလဲ"

"အကြီးမ ဂန္ဓမာ ဖြစ်မှာပေါ့၊ ဂန္ဓမာက ဘွဲ့လည်းရပြီးပြီ။ အခု Hotel Management ဆိုလား၊ အဲဒါနဲ့ဆိုင်တဲ့ Diploma တက်နေသတဲ့၊ အဲဒီ Diploma ပြီးရင်တော့ ဟိုတယ်မှာ အလုပ်ရနိုင်တယ်လေ"

"ခင်ခင်ဆွေတို့က အခွံပဲ ရှိတာပါ။ အထဲမှာ ဘာမှမရှိပါဘူး။ ဟန်တော့ ကောင်းတယ်လေ။ ဒီလိုပွဲတွေ သမီးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဆင်ယင်ပြီး ခေါ်ခေါ်လာတာ အကြောင်းရှိကိုရှိတယ်၊ လင်ရှာပေးနေတာလေ။ အခုပွဲမျိုး လာရတာ သူ့အတွက် ပိုအကျိုးရှိတာပေါ့"

ထိုသို့ အတင်းပြော ဝေဖန်သံတွေကို ဒေါ်ခင်ခင်ဆွေ မကြားပါ။ သမီးနှစ်ယောက်နဲ့အတူ ပန်းကန်ပြား ကိုင်လျက် သိပ်လည်း မစားချင်တော့ပါဘဲ အနည်းငယ်ထပ်ထည့်ဖို့ စားပွဲမှာ ရပ်နေပါသည်။

မင်းရဲသွေးသည် အမေနှင့် သမီးနှစ်ယောက် သူ့ဆီ လာရပ်လိုက်သည်ကို သိလိုက်လျှင် ရင်ထဲမှာ ထိတ်ခနဲ ဝမ်းသာသလိုလို ဖြစ်သွားသည်။ သူ ငွေစင်ရော် မိန်းကလေးကို စကားပြောကြည့်ချင်နေတာလေ။ သိယ်သူကတော့ သူ့ထံ အမှတ်မထင် မျက်လုံးအကြည့် ဖျတ်ဆိုရောက်လာသော နှုတ်ခမ်းထူထူ လှလှလေးနှင့် ချောကလက်ရောင် ဝတ်စုံမှာ အရောင်လက်လက်လေး တဖျပ်ဖျပ် ဖြစ်နေသော မိန်းကလေးကိုသာ ခနဲ့တဲ့တဲ့ အဓိပ္ပာယ်ပါပါ ပြုံးပြလိုက်သည်။ ထိုအခါ မိန်းကလေးက မျက်မှောင်အသာကြုတ်သွားပြီး တစ်ဖက်သို့ ဖျတ်ခနဲ ပြန်လှည့်သွားပါသည်။ သိယ်သူ့ အကြည့်မှာ မင်းတို့သားအမိတွေရဲ့ အကြံဒါအကုန်ပဲလား ဆိုသော ပြောဟန်တွေ ပါနေကြောင်း ထိုချော ကလက်ရောင် မိန်းကလေး သိသွားပါလိမ့်မည်။

"သမီး ... ဂန္ဓမာ၊ Spaghetti နည်းနည်း ထပ်ယူဦးမလား"





ဒေါ်ခင်ခင်ဆွေသည် မင်းရဲသွေး တစ်ယောက် အီတာလျံနန်းကြီးခေါက်ဆွဲဟု လူသိများသည် Spaghetti ကို သူ့ပန်းကန်ထဲ ထည့်နေသဖြင့် တမင်ပဲ ဂန္ဓမာ့ကို ထပ်ယူဦးမလားလို့ စကားစလိုက်သည်။

"ဪ ... ဒီက အန်တီတို့ ယူမလို့လားခင်ဗျာ၊ ယူပါ၊ ယူပါ၊ ကျွန်တော် ယူပြီးပါပြီ"

"အန်တီ မယူတော့ပါဘူး၊ သမီးကြီးများ ယူမလားလို့"

မင်းရဲသွေးက ဂန္ဓမာ့ကို ပြုံးပြုံးလေး စိုက်ကြည့်ရင်း ...

"ကျွန်တော် ထည့်ရင်း တစ်ခါတည်း ထည့်ပေးမယ်နော်"

ဟု ဖော်ရွေစွာ လှမ်းပြောပါသည်။

"အို ... နေပါစေ၊ ဂန္ဓမာ အချိုပွဲပဲ ယူတော့မှာပါ၊ ဗိုက်ပြည့်နေပါပြီ။ Spagghetti ထပ်စားဖို့ ဗိုက်မဆံ့တော့ဘူး၊ ကျေးဇူးပါပဲ"

"ဂန္ဓမာလား၊ နာမည်လေးက တစ်မျိုးပဲ"

ဂန္ဓမာ ရှက်ပြုံး‌ပြုံးပြီး ခေါင်းအသာညိတ်ပြကာ သူမပန်းကန်ထဲ Muffin ကိတ်မုန့်တုံးလေးတစ်ခုကိုသာ ယူထည့်နေပါသည်။ နေကြာမှာ မမမာ ယူသလိုပဲ Muffin လိုက်ယူဆဲမဲ့ သူမကို ခနဲ့တဲ့တဲ့ ကြည့်လိုက်သော သိယ်သူ၏ မျက်လုံးတွေကို အာရုံထဲမှာ ဖျောက်မရလေရာ ဒါကိုတွေးပြီး စိတ်ထဲမှာ ဒေါသဖြစ်နေသည်။ ငါတို့ကို နှိမ်သလိုလိုကြည့်ပြီး အထင်သေး



www.burmeseclassic.com

www.burmeseclassic.com



ပြတာ ဆိုသော အတွေးနဲ့ ထိုသူ့ကို ကျိတ်မုန်းနေလေရာ ထပ် မကြည့်မိအောင် ကြိုးစားမိ၏။

"အန်တီ့နာမည်က ဒေါ်ခင်ခင်ဆွေပါ၊ ဒါကတော့ သမီးကြီးပေါ့ ဂန္ဓမာတဲ့၊ ဒါက အလတ် နေကြာ၊ အန်တီက ဦးမြတ်ကျော် အမျိုးသမီးပါ။ (......)ဌာနကလေ"

"ကျွန်တော် သိပြီးပါပြီ၊ ခုန အန်ကယ်လ်နဲ့တော့ စကားပြောပြီးပါပြီ။ အန်ကယ်လ် ပြောပြလို့ အန်တီ့ကို မြင်လိုက်ပါတယ်။ သမီးတွေ အများကြီး မွေးထားပေမဲ့ အန်တီက နုတုန်းပဲ"

ဒေါ်ခင်ခင်ဆွေ ကျေနပ်စွာပြုံးရင်း ...

"မမြှောက်ပါနဲ့ကွယ်၊ သမီးတွေပဲ အရွယ်ရောက်နေပြီ ဒါနဲ့ မောင်မင်းရဲသွေးတို့ ကုမ္ပဏီ အလုပ်အကိုင် အဆင်ပြေရဲ့လား"

ဒေါ်ခင်ခင်ဆွေ သိပြီးသားပေမဲ့ တမင် စကားရှာသလို မေးလိုက်ပါသည်။

"ကောင်းပါတယ် အန်တီ၊ အဆင်ပြေပါတယ်၊ ဪ သူက ကျွန်တော်နဲ့ ကျောင်းနေဖက် သူငယ်ချင်းပေါ့ အခု ကုမ္ပဏီမှာ သူ့ရှယ်ယာပါ တစ်ဝက်ထည့်ထားတယ်၊ သူ့နာမည်က သိယ်သူတဲ့။ ကျွန်တော်နဲ့တော့ ညီအစ်ကိုလိုပါပဲ၊ ဒါက ညီမလေးပါ ရတနာသွေး တဲ့။ ညီမ





လေးကတော့ ကျောင်းသွားတက်လိုက်၊ ပြန်လာလိုက်ပါပဲ၊ သူက ဒီဇိုင်နာ ဖြစ်ချင်တာလေ"

ရတနာသွေးသည် ယဉ်ကျေးမှုအရပင် မပြုံးပြပါဘဲ သိယ်သူ့ ပန်းကန်ထဲကို ဆာတေးအသားပြားကင်တချို့ ယူထည့်ပေးပြနေပါသည်။ သဘောက သိယ်သူဟာ သူမ ပိုင်ဆိုင်ထားသူအဖြစ် ကြေညာသလိုမျိုးမို့ နေကြာ စိတ်ထဲမှာ ချဉ်သွားပါသည်။

သူ့အစ်ကို,ကိုတော့ မမမာက ချိန်သဖြင့် နေကြာကတော့ သိယ်သူ့ကို ချိန်လိမ့်မည်ဟုများ ကြိုတင် တွေးသလားတော့ မသိပါ။

"ဂန္ဓမာက အခု ဘယ်မှာအလုပ်ဝင်နေလဲ"

"ရှင် ... ဪ ... မဝင်သေးပါဘူး။ E မေဂျာနဲ့ ပြီးသွားပေမဲ့ အခု Hotel Management Diploma ဆက်တက်နေပါတယ်။ ပြီးမှ အလုပ်ရှာရမှာ"

"ကောင်းတာပေါ့၊ အဲဒီ Diploma ရပြီးရင် အလုပ်ရနိုင်တယ်လို့ သတင်းကြားတယ်"

မင်းရဲသွေးသည် အနီးကပ်ကြည့်မှပဲ ကြည့်မဝ၊ ဆေးမဝ ရှု၍မငြီးလောက်အောင် လှပလှ ယဉ်ပဲယဉ်နိုင်လွန်းသော မျက်နှာကိုသာ စကားတွေ တပြောပြော လုပ်နေချင်မိတော့လေသည်။

❊ ✳ ❊



www.burmeseclassic.com

www.burmeseclassic.com



## ၂

ကားပေါ်ရောက်သောအခါ သီယံသူက ဖဟားဖား
ရယ်လိုက်ပါသည်။ မင်းရဲသွေးကလည်း သီယံသူ ဘာကိုရ
သလဲ ဆိုတာ သဘောပေါက်လျက် သီယံသူ့ ပခုံးကို လက်
ဖြင့် အသာပိတ်ထိုးပြီး ...

"ထင်သားပဲ၊ မင်း ရယ်သံကြီး ကြားရတော့မယ်လို့"

ဟု ပြောလေသည်။

နောက်ခန်းမှာ လက်ပိုက်ပြီး ခပ်မော့မော့
ထိုင်နေသော ရတနာသွေးကတော့ ...

"ကိုကိုရဲနော်၊ လှတာလေးမက်ပြီး ရွေးဖို့တော့ မစဉ်း
နဲ့"

ဆိုကာ မင်းရဲသွေးနဲ့ သီယံသူတို့ ဘာကိုရည်ရွယ်
မှန်း မပြောဘဲ သိပြီး ဝင်ပါ,ပါသည်။





"ညီအစ်မတွေ ရုပ်ပြစားနေကြတဲ့ ပုံစံမျိုးတွေဆိုတာ သိ
သာတယ်။ အဖေအမေကလည်း သူတို့မို့ မျက်နှာမြောင်
တိုက်ပြီး သမီးတွေအတွက် လင်ကောင်းလိုက်ရှာ ဖမ်းပေး
ရဲကြတယ်၊ သူ့အမေကြီးကဆို သိပ်သိသာတာပဲ၊ ကိုကိုရဲ
နား သူ့သမီးရောက်ဖို့ကို သူကိုယ်တိုင် ကြိုးစားတာ၊
သူတို့ချင်းချင်း လက်တို့ပြီး ကဲ့ရဲ့အတင်းပြောခံရလည်း
ပြော,ပြောပဲ။ သူက လုံးဝမရှက်ဘူး။ အရေးကြီးတာက
သူ့သမီးတွေ သူဌေးနဲ့ ဖူးစာဆုံဖို့ဆိုတဲ့ စိတ်နဲ့လေ"

"နင် ဘာမှဝင်ဝင်ပြောမနေနဲ့ ရတနာ။ ငါ့စိတ်နဲ့ ငါ့ကိုယ်
ငါချစ်နိုင်တဲ့ မိန်းကလေးကို ရွေးပိုင်ခွင့် ရှိတယ်။ ဖေဖေ
မေမေတို့က ဒီကိစ္စမှာ မချုပ်ချယ်ဘူး ပြောထားပြီးသား။
ကိုယ်သဘောကျတာ ကိုယ်ရှာလာခဲ့၊ မျိုးရိုးကောင်းပြီး
ပညာတတ်မိန်းကလေးဖြစ်ရင် ပြီးရော၊ နာမည်ပျက် မရှိရင်
ပြီးရောလို့ ပြောထားတယ်လေ၊ ဦးမြတ်ကျော် ဒေါ်ခင်ခင်
အေး့ သမီးတွေကတော့ လူမမြင်ဖူးခင်ကတည်း အလှအပ
ကြောင့်ရော၊ ငွေရှိကြတာရော လူတကာကြားမှာ သတင်း
ကြီးပြီးသားပါ"

"ဒါပေမဲ့ 'Gold Digger တွေလေ"



www.burmeseclassic.com

www.burmeseclassic.com



သီယံသူသည် ကြားက မနေသာတော့ဘဲ မောင်နှမနှစ်ယောက်၏ ကေားနိုင်လှနေမှုကို ဝင်ဖျန်ဖြေပြောပေးလိုက်ပါသည်။

"ကောင်မလေးတွေ စိတ်ထဲမှာတော့ ဘယ်လိုနေမယ် မနေဘူး မသိနိုင်ဘူးပေါ့။ သူ့အမေကတော့ သိသိသာသာပဲ သမီးတွေကို လင်ကောင်းလိုက်ရှာပေးတဲ့သဘော ရှိတယ်ပေါ့ ရဲသွေးရာ။ မင်းသဘောကျတဲ့ မိန်းကလေးက သူ့စိတ်ထဲမှာ သူ့အမေကြောင့် မဟုတ်ဘဲ မင်းကို တကယ် လက်ခံတယ်ဆိုရင်တော့ ရွေးလိုက်ပေါ့"

"ငါကလည်း ခုမှစ,တွေ့တဲ့ မိန်းကလေးကို ခုပဲ လက်ထပ်ချင်ပါပြီလို့ မဆိုလိုသေးပါဘူးကွာ၊ လေ့လာဦးမှာပါ"

"ညီအစ်မတွေကတော့ မီးရထားတွဲကြီး ကျနေတာပဲ၊ တသီကြီးနော်၊ တစ်နှစ်ကြီး တစ်နှစ်ငယ်တွေ ထင်တယ်၊ အကုန် မတိမ်းမယိမ်းတွေချည်းပဲ။ သမီး တစ်ပြုံတစ်မကြီးနဲ့သွားတော့ သူများထက် ပိုထူးခြားပြီး အကြည့်ခံရတာပေါ့ကွာ"

"ဂန္ဓမာကတော့ အလှဆုံးလို့ ပြောရင် ရတယ်၊ ဟုတ်တယ် မဟုတ်လား သီယံ"





"မင်းစိတ်ထဲ ထင်ရင် ပြီးတာပဲကွာ"

"ဘာလဲ ... မင်းက ဘယ်သူ့ကို အလှဆုံး ထင်လို့လဲ"

"မထင်ပါဘူး၊ မင်းရဲ့ဂန္ဓမာကတော့ အလှဆုံးပေါ့၊ ဒါပေမဲ့ သူ့ကြည့်ရတာ အေးတိအေးစက်လေးနဲ့ သူ့စိတ်ကို ခန့်မှန်းရခက်တဲ့ ပုံစံမျိုး"

"သူ့မျက်လုံးတစ်ချက် ဝင့်ကြည့်လိုက်တာနဲ့ ငါ ရူးသွားမလိုဘဲ ခံစားရတယ်"

မင်းရဲသွေး တင်စားပြီး ပြောလျှင် သီယံသူမှာ အော်ရယ်လို့မဆုံး ဖြစ်နေလေသည်။ ရတနာသွေးကပါ အစ်ကို့ကို လှောင်ချင်သလို လိုက်ရယ်ပေမဲ့ သိဝ်တော့ ရယ်လည်းမရယ်ပြရဲ၊ ပြောလည်း မပြောရဲ။ သူတို့မိသားစုမှာက အကြီးကိုဆို အငယ်က တရိုတသေ ဆက်ဆံရကာ အကြီးကို ဘာမှ ကလန်ကဆန် မပြောရဟူသော ထုံးစံကလည်း ရှိထားလေရာ ရတနာသွေးမှာ အစ်ကို့ကို ငယ်ကြောက်မို့ ဒီထက်ပိုပြီးတော့လည်း မပြောရဲပါ။ အစ်ကိုနဲ့ ပတ်သက်ပြီး ယောက်မတော်စပ်ရမဲ့ မိန်းကလေးကိုတော့ ညီမဖြစ်သူပီပီ သဲဝန်တိုပြီး ငါ့အစ်ကိုနဲ့ မတူဘူး မတန်ဘူးချည်း ထင်ချင်သူလည်း ဖြစ်ပါသည်။

ကိုကိုရဲ့ သူငယ်ချင်း ကိုကိုသီယံ တစ်ယောက်သာ အဲဒီညီအစ်မတွေဘက် မပါသွားဖို့ ပိုအရေးကြီးသည်။ ကိုကိုသီယံ



www.burmeseclassic.com

www.burmeseclassic.com



သာ အဲဒီညီအစ်မတွေထဲက တစ်ယောက်ကို ရွေးမည်ဆိုလျှင် ရတနာတော့ ရှက်တာရော၊ ဝမ်းနည်းရတာရော ပေါင်းပြီး သေတောင် သေသွားနိုင်မလား မသိ။ ရတနာက ကိုကိုသိဃ်ကို ကျိတ်ပြီး မျှော်လင့်နေတယ်ဆိုရင် မမှားပါ။ မိဘတွေကတော့ သဘောတူကြတယ် ဆိုပေမဲ့ ကိုကိုသိဃ်မှာကျတော့ မိဘလည်း မရှိတာမို့ ဘယ်သူ့သဘောမှ လိုက်နာစရာလည်း မလို။ ကိုကိုသိဃ်ဘက်က ဘာမှအသံမကြားရရင် ဘာမှလဲ ဖြစ်လာမှာ မဟုတ်ဘူးဆိုတာ ကြိုသိနေသဖြင့် ရတနာမှာ အစ်ကို,ကို သဝန်တိုရတာ တစ်ဖက်၊ ကိုကိုသိဃ်ပါ ပါသွားမှာ စိုးရိမ်ရတာ တစ်ဖက်ဖြင့် ဒီပွဲကို ကိုကိုရဲ့တို့ မလာရင် ကောင်းသားလို့သာ မဖြစ်နိုင်တာကို ပြန်တမ်းတမိနေသည်။

"ဦးမြတ်ကျော်ရဲ့ visiting card မင်းမှာ ရှိသေးလား သိဃ်"

"ဘာလဲ ... ဖုန်းနံပါတ် သိချင်သွားပြီလား"

"သိရင် မမေးနဲ့ကွာ"

"ငါက ကတ်တွေရလာရင် စုဆောင်းရေးသမားမှ မဟုတ်တာ။ ဘယ်ထားမိလဲ မသိဘူး။ နေဦး ... အိမ်ရောက်မှ ငါ့ကားဒက်(ရှ်)ဘုတ်ထဲမှာ ရှာကြည့်လိုက်ဦးမယ်၊ မင်းကရော ဘယ်နားထားလိုက်မိလို့လဲ"





"ကုမ္ပဏီကိစ္စ အဆင်ပြေသွားပြီးကတည်းက အမှုမဲ့ အမှတ်မဲ့ပဲ ထားလိုက်တာ၊ ငါလည်း ပြန်ရှာရမှာပျင်းလို့ မင်းကို မေးတာပါကွာ"

"မိုဘိုင်းလ်ဖုန်းထဲမှာ memory ထဲ ဖုန်းနံပါတ် သွင်းထားလိုက်ရင် ကောင်းသား"

"အခုမှ သူ့အိမ်ဖုန်းနံပါတ်ကို သိပ်သိချင်လာတယ်"

"White Page ထဲမှာ ရှာရင်ရော"

"ရှာရတာ ပျင်းတယ်"

"ဂန္ထမာဆိုက တောင်းထားလိုက်ပါလား၊ မင်းတို့ အကြာကြီး ပဲ မပြန်ခင် နှုတ်ဆက်လို့မဆုံး၊ စကားပြောလို့မဆုံးဖြစ်နေတော့ ငါက ဖုန်းနံပါတ်တော့ မေးထားလိုက်ပြီ ထင်နေတာ"

ရတနာသွေးကတော့ ထိုမိန်းကလေး အုပ်စုကို အကောင်းမြင်လို့ မရဘဲ မကောင်းတာဘဲ ရွေးမြင်လေရာ ...

"သူတို့ကြည့်ရတာ အဖေအရာရှိဆိုတဲ့ ဂုဏ်ပဲ ရှိပုံရတယ် နော်။ ကားကလည်း မော်ဒယ်လ်အောက်အောက် ပစ်ကပ်ကားကြီးနဲ့။ နေတော့ ဘယ်မှာနေတယ် ပြောလဲ"

"(......) လမ်းဘက်မှာ၊ သဃ်န်းကျွန်းဘက်ပေါ့"

"ဩော် ... အဲဒီနေရာတွေ အရင်က ဘာမှဈေးမရှိပါဘူး၊ အခုကျမှ ဈေးတွေမြောက်ကုန်တော့ သူတို့လည်း နေရာကောင်းလေး နေနိုင်သွားတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



သိဃ်သူ ကတော့ ဘုမသိ ဘမသိဖြင့် ...

"ဟ ... ငါတို့ အဲဒီဘက်မှာ မြေကွက်လေးကွက်လောက် ဝယ်ထားလိုက်သေးတယ် ရဲသွေးရ။ ဟုတ်တယ်၊ ငါဖြန် ရောင်းတော့ တော်တော် မြတ်သွားတယ်လို့ မင်းတို့ကို ပြောဖူးတယ်လေ"

"ဟုတ်သားပဲ၊ မင်း အရင်က ပြောဖူးတယ်၊ ဒါဆို မင်း၊ အဲဒီ သူတို့နေတဲ့ (……)လမ်းကို ရှာတတ်လား"

"လမ်းတွေက နတ်သမီးနာမည်လို လမ်းမျိုးတွေလေ၊ သိပ်တော့ မရောက်ဖူးဘူး။ ရှာဆိုရင်တော့ ရှာတတ်ပါတယ်၊ ဘာလဲ ... မင်းက ဖုန်းမဆက်တော့ဘူး တန်းပြီးသွားလည် တော့မလို့လား"

ရတနာသွေးမှာ သိဃ်သူပါ လိုက်သွားမှာ စိုးရိမ် သဖြင့် ကမန်းကတန်း ဝင်တားရပါသည်။

"ကိုကိုသိဃ်ပါ လိုက်သွားရင် တော်ကြာ ဂန္ဓမာ့ကို နှစ် ယောက်ပြိုင်ပိုးကြတယ် ထင်နေပါဦးမယ်၊ ကိုကိုရဲပဲ သွား သင့်တယ်"

လို့ အစ်ကို့ကိုတော့ လက်လွှတ်ခံပြီး သွားဖို့အကြံ ပေးမိပါသည်။ ဟုတ်တယ်လေ၊ အစ်ကိုကတော့ တားလို့မှမရ တော့တာမို့ ထားလိုက်။ ဘာမှ စိတ်မဝင်စားသေးတဲ့ ကိုကိုသိဃ်





တော့ ပါသွားလို့ မဖြစ်ပါဘူး။ ဟိုညီအစ်မတွေက လှကာလှနဲ့။ တွေ့ပါမြင်ပါများရင် ကိုကိုသိဃ်ပါ တစ်ယောက်ယောက်ကို သဘောကျသွားမှ ခက်မယ်လေ။

သိဃ်သူကတော့ မင်းရဲသွေးကို ပြုံးစိစိကြည့်ရင်း ...

"စိတ်ချပါကွာ၊ ဂန္ဓမာ့ကို ငါ စိတ်မဝင်စားပါဘူး။ ငါ စိတ်ဝင်စားလောက်တဲ့ မိန်းကလေး အခုလောလောဆယ် မတွေ့သေးပါဘူးကွာ။ ဒါပေမဲ့ ငါ မင်းမိန်းမပိုးဖို့ အဲဒီ အိမ်ကို သွားလည်မယ် ဆိုရင်တော့ မလိုက်ပေးနိုင်ဘူးလို့ ကြိုပြောထားချင်တယ်"

ရတနာသွေးမှာ ရင်ထဲမှာ ပျော်ရလွန်း၍ ထတောင် ခုန်လိုက်ချင်နေသည်။

"ဘာဖြစ်လို့ မလိုက်ပေးနိုင်ရတာလဲ"

မင်းရဲသွေး ပြန်မေးလိုက်သောအခါ ...

"ဒေါ်ခင်ခင်ဆွေရဲ့ သမက်မမ်းချင်တဲ့ မျက်လုံးတွေကို ငါ မကြိုက်လို့ပေါ့ကွာ"

သိဃ်သူ့ အဖြေစကားသည် ရတနာသွေးကို များစွာ နှစ်သိမ့်ကျေနပ်စေခဲ့ပါသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၃

"မမဟာ ... ဖုန်း၊ ကိုမင်းရဲသွေးဆီက"

စီဓဝါ မျက်နှာ ပြုံးဖြီးဖြီးဖြင့် cordless ကို လာပေးချိန်မှာ အမေအပါအဝင် သားအမိတစ်တွေသည် ချုပ်ပြီးသား ဝတ်စုံများကို ကိုယ်နှစ်သက်ရာ ပန်းပွင့်လေးတွေ၊ ဖောင်းကြွလေးတွေ၊ စာပွင့်လေးတွေ ကပ်သူကပ်။ တချို့က ပုလဲလုံး၊ စိန်လုံး၊ စီးကွင်း၊ ဘော်ကြယ်၊ ဖန်ချောင်းလေးတွေ ထည့်သူထည့်။ ရွှေချည် ငွေချည်လေးတွေ ထိုးသူထိုး။ ဖဲပြားဆည့်စရာရှိလျှင်ထည့် စသဖြင့် ကိုယ့်အကြိုက်ကိုယ် ကိုယ့်ဘာသာ ဒီနိုင်းထွင်နေကြချိန် ဖြစ်ပါသည်။

ညီအစ်မတွေချည်းဖြစ်ပြီး အရွယ်တွေလည်း မတိမ်းမယိမ်းတွေမို့ အဝတ်အစားကို ရယ်ဒီမိတ်ဝယ်ပြီး မဆင်နိုင်။ ပိတ်စဝယ် စက်ဆိုင်အပ်ဖို့လည်း ချုပ်ခတွေက ဈေးကကြီးလှ





သဖြင့် နေကြာတို့ ငယ်ငယ်တုန်းကတော့ အမေကချည်း ခိုင်ခံ ချုပ်ပေးခဲ့သည်။

အသက်ဆယ်နှစ် ဆယ့်တစ်နှစ်တွေ ရောက်လာရင်တော့ အမေကပဲ ဒီသမီးဟာ စက်ချုပ်ပညာကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ အတင်း လက်ဆွဲခေါ် သင်ပေးခဲ့တော့တာဖြစ်သည်။

အချုပ်အလုပ်ပညာအပြင် အခုလိုမျိုး အကျီအဝတ်အစားလှအောင် ထွင်ရသည့် ထည့်စရာပစ္စည်းလေးတွေထည့်နည်း၊ ပန်းထိုးနည်း၊ တက်တင်းထိုးနည်းတွေလည်း အချိန်အားတိုင်း သင်ထားခဲ့ရသည်ဖြစ်ရာ အခုလို အရွယ်တွေ ရောက်လာသောအခါ နေကြာတို့ ညီအစ်မတွေသည် ကိုယ့်အဝတ် ကိုယ်ချုပ်၊ ကိုယ့်ဘာသာ ဒီနိုင်းထွင် ဝတ်နိုင်သော အဆင့်ကို ရောက်လာခဲ့ပါသည်။

ပွဲတစ်ပွဲရှိလျှင် အဝတ်အစားအတွက် ခေါင်းမူစရာလည်း မလို။ သင့်တင့်သော ပိတ်စလေးကို ကိုယ့်ဘာသာရွေးဝယ်ပြီး အိမ်မှာ ကိုယ့်တစ်ယောက်စာအတွက် ကိုယ့်ဘာသာ ချုပ်ရုံမို့ အကျီက တစ်ရက်တည်းနဲ့လည်း ပြီးပါသည်။ အခုလည်း နောက်နှစ်ရက်အကြာမှာ သွားရမည့် အမေ့အထက်လူကြီး၏ တိုက်သစ်ရှင်ပွဲ အလှူကို ...



www.burmeseclassic.com

www.burmeseclassic.com



"အစီးတွေပါ စုံစုံလင်လင် ခေါ်လာခဲ့ပါလို့ ဆရာကတော်ကိုယ်တိုင်က ဖုန်းထပ်ဆက်ပြီး ဖိတ်တယ်"

ဟု အမေ ပြောတာနဲ့ ညီအစ်မတစ်တွေဟာ အဲဒီပွဲမှာဝတ်ဖို့ အဝတ်အစားတို ကိုယ့်ကိုယ်ပိုင်ဒီဇိုင်းဖြင့် ထွင်ချုပ်နေကြတော့ ဖြစ်ပါသည်။

အလှူပွဲမို့ evening dress ဝတ်စရာ မလို။ ဒါပေမဲ့ အလှူသွားရသော ရိုးရိုးဝတ်စုံကိုပင် ကိုယ်ကြိုက်နှစ်သက်ရာ ဒီဇိုင်း ထွင်ရဖို့ကိုတော့ ညီအစ်မတစ်တွေ ဝါသနာပါကြသည်။ ဖုန်းလာရင်တောင် ထပြီးမကိုင်ချင်ကြလောက်အောင် ကိုယ့်အကျီထဲ စိတ်နှစ်ကြလေရာ ဖိဇဝါကပဲ စပ်စပ်စုစုလုပ်ပြီး ဖုန်းထ,ကိုင်လိုက်ခြင်း ဖြစ်ပါသည်။

"မာယ် ... မင်းရဲသွေး တဲ့"

အမေ ဝမ်းသာပြီး ထခုန်တော့မလို ပြောလိုက်သည်။

"ထင်တောင် မထင်ဘူး၊ ဒီကောင်လေး မာနကြီးမယ်ထင်တာ။ ဂန္ဓမာကို သဘောကျသွားပေမဲ့ ခုလို မြန်မြန်ဆန်ဆန်ကြီး ဖုန်းဆက်လာမယ်လို့ မထင်ခဲ့ဘူး။ သွား ... သွား ဂန္ဓမာ၊ သွားစကားပြောလိုက်၊အမေ သမီးအကျီကို ပုတီးစေ့ထည့်တာ ဆက်လုပ်ပေးထားမယ်"

စကားဝါက ...





"အမေ တိုးတိုးပြောပါ၊ ဖိဇဝါက ဖုန်းပြောခွက်ကို လက်နဲ့ပိတ်ထားတာ မဟုတ်ဘူး။ ဟိုဘက်က အမေ့အသံ ကြားသွားပါ့မယ်"

"မကြားနိုင်ပါဘူးအေ၊ ညည်းကလည်း မအေကို သိပ်ဆရာလုပ်တယ်"

နေကြာမှာ မမမာ တစ်ယောက် စိတ်လှုပ်ရှားသောမျက်နှာလေးဖြင့် cordless ကို ယူသွားပြီး အခန်းထဲ ဖုန်းပြောဖို့ဝင်သွားသည်ကို လိုက်ငေးကြည့်နေခဲ့ပါသည်။

"သူ့မျက်လုံးတွေက သိပ်အေးဆွေးသလိုပဲ ငါခံစားရတယ်ဟယ်"

ဟူ၍ မမမာ ရင်ဖွင့်ခဲ့ဖူးသော ရက်တစ်ရက်ကို ပြန်သတိရသွားသောအခါ နေကြာသည် မမမာ အတွက် အခုတော့ပြီး ဝမ်းသာသွားပါသည်။ မဆိုးပါဘူး၊ ကိုမင်းရဲသွေးက သိပ်ချမ်းသာတဲ့ ပျိုတိုင်းကြိုက် နှင်းဆီခိုင် ဖြစ်ပေမဲ့ မာနမကြီးပါဘူး။ မမမာကို သူ တကယ်သဘောကျသွားရင် ကျသွားသလိုပဲ ဆက်သွယ်လာသားပဲ။

နေကြာသည် သူမဝတ်ရန် ရည်ရွယ်ပြီး ဝယ်ထားသော နေကြာပွင့်ရောင် အီတလီပိုးဝမ်းဆက်ပေါ် ဖန်ချောင်းစိမ်းစိမ်းလေးတွေဖြင့် ဒီဇိုင်းဆက်ထွင်နေခဲ့ပါသည်။ အကျီကတော့



www.burmeseclassic.com

www.burmeseclassic.com



ရင်ဖုံးပုံစံ အင်္ကျီလက်စက တံတောင်ဆစ်ထိအဖုံး ဖြစ်ပါသည်။ ခြောင်အစမို့ ဖန်ချောင်းစိမ်းစိမ်းလေးတွေနဲ့ ရင်ဖုံး,ဖုံးရာ အနား တစ်လျှောက် လည်ပင်းတစ်လျှောက်နှင့် လက်တံတောင်အဝိုင်း တစ်ပတ်တို့ကို ဖစ်ဇက်(ပ)ပုံစံနှစ်တန်းလေးတွေ ပုံဖော်ပြီး ထည့် ပါသည်။ လုံချည်ကတော့ ကြိုးထဘီပုံ ချုပ်ထားပြီး ဒူးဆစ်လောက် ရောက်မှစပြီး အပေါ်နဲ့ဆင်တူ ဖစ်ဇက်(ပ)ပုံစံ ချိတ်ဆင်လေးထိုးဖို့ စဉ်းစားထားပါသည်။

မမမာကတော့ ဒီတစ်ခါ အပြာနုလေး ရွေးထားပြီး ရောင်စုံဖောင်းကြွစာပွင့်လေးများဖြင့် အင်္ကျီကို ထွင်ချုပ်ထားလျက် လုံချည်မှာတော့ ခြောင်ပဲထားဖို့ စဉ်းစားထားကြောင်း နေကြာကို ပြောထားသည်။

ဒီဇဝါ တစ်ယောက်သာ အငယ်ပီပီ အပျင်းထူ လျက် သူ့အင်္ကျီပုံ သူ့ဘာသာ ညှပ်ပြီးတာနဲ့ ကော်ကပ်၊ ချုပ်ရိုး လိုက်ဖို့ အမေ့ကို ဂျီကျသဖြင့် အမေက ဝိုင်းကူ ချုပ်ပေးရတာ ဖြစ်သည်။

ကျန်တဲ့ စကားဝါကလည်း သူ့ဝတ်စုံအဖြူလေးနဲ့ သူ။ စရမ်းပြာကလည်း နီညိုလေးကို လက်စသတ်နေပြီ။ စွေး ကလည်း ကျောက်စိမ်းရောင်ခြောင်မှာပဲ ရွှေချည်မျှင်လေးတွေ လက်လက်ထအောင် ဖန်တီးပြီးနေပြီ။





အမေကတော့ လူကြီးပီပီ အရာရှိကတော်ပီပီ ချိတ် လုံချည်ကောင်းကောင်းကတော့ ဝတ်ဖို့ လိုကိုလိုတာမို့ ချိတ်လုံချည် အကောင်းစား ဝမ်းဆက်တစ်စုံကို နှမြောခြင်းကြီးစွာ ဝယ်လိုက် ရလေသည်။

"ပွဲတွေကျလည်း ခဏ ခဏ လာဖိတ်တယ်ကွယ်၊ အဝတ် ကလည်း ဒါပြီးဒါ ထပ်နေရင် မကောင်းတာမို့ ဝယ်လိုက် ရပြန်ပြီ၊ သိပ်နှမြောတာပဲ၊ သမီးတို့လို အရွယ်သာဆို အဲဒီလိုဈေးသင့်တင့်တဲ့ ပိတ်စပဲဝယ်ပြီး ဓာတ်ုးပန်းထိုး ထည့်ဝတ်လိုက်ပါရဲ့"

လို့လည်း ဝယ်လာပြီးမှ နှမြောမဆုံးဖြစ်ကာ ခဏ ခဏ ပြောနေရှာသည်။

နေကြာတို့ အမေမှာ ပြောရရင်တော့ ဂုဏ်ပကာသန မက်သော အမေပေမဲ့ သုံးတာဆွဲတာ နေတာထိုင်တာကျတော့ ဘာပဲဖြစ်ဖြစ် အင်မတန်မှ စည်းကမ်းကြီးပြီး ပိုက်ဆံကို ပိုက်ဆံ မှန်းသိကာ သိပ်နှမြောတတ်သူလည်း ဖြစ်ပါသည်။

မမမာ အဝတ်ချုပ်ရာ နေရာဆီ ပြန်လာထိုင်သော အခါ ညီအစ်မတစ်တွေရဲ့ ဝိုင်းကြည့်ကြသော မျက်လုံးတွေနဲ့ အတူ အမေ့ထံမှ ...

"ဘာတဲ့လဲ သမီး"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော မေးသံကို ပြုံးပြုံးလေး ရင်ဆိုင်လိုက်လေသည်။

"ဂန္ဓမာ diploma သင်တန်းတက်တာ ဘယ်တော့ပြီးမလဲပေါ့၊ ဘယ်အချိန်တွေ ကျောင်းသွားရပြီး ဘယ်တော့ကျောင်းက ပြန်ရလဲပေါ့။ ဘယ်သူ လာကြိုလဲပေါ့၊ အဲဒီလိုမျိုးတွေ မေးတာပါ အမေရယ်။ အခု ဘာလုပ်နေသလဲ ဆိုတာလည်း မေးသေးတယ်"

"သမီးက ဘာပြောလိုက်လဲ"

"ဂန္ဓမာတို့ ညီအစ်မတွေ အမေကိုယ်တိုင် သင်ပေးတဲ့ အခြေခံကြောင့်ရော စက်ချုပ်သင်တန်းကျောင်းမှာ ဘာသာရပ်သွားသင်ထားရတဲ့ ပညာကြောင့်ရော ပေါင်းပြီး ကိုယ်သွားဖို့လာဖို့ ဝတ်မဲ့အဝတ်ကို ကိုယ့်ဘာသာပဲ ဒီဇိုင်းထွင်ပြီး ချုပ်ကြတာမို့ အခုလည်း ပွဲတစ်ပွဲသွားဖို့ အဝတ်အစား ချုပ်နေကြပါတယ်လို့ ပြောလိုက်တာပေါ့"

"ကောင်းတယ် ... ကောင်းတယ်၊ အဲဒါမှ အထင်ကြီးမှာ။ မိန်းကလေးဆိုတာ ပိုက်ဆံကို စစ်စစ်စီစီ သုံးတတ်ပြီး အိမ်ထောင်မှုကိစ္စလေးတွေ နိုင်နင်းရင် ဘယ်ယောကျ်ားမဆို သဘောကျ အမှတ်ပေးတာပဲ။ ပိုက်ဆံချမ်းသာတဲ့ ယောကျ်ားပဲဖြစ်ဖြစ်ပေါ့။ ကိုယ့်ပိုက်ဆံဟာ ရေလိုအပေါက်





ရှာပြီး အပြင်ထွက်မှာထက်စာရင် ကိုယ့်အိတ်ထဲကနေ အပြင်သိပ်မထွက်တာကို ပိုလိုချင်ကြတာပဲ"

"ဂန္ဓမာ ပြောလိုက်တဲ့ အလှူပွဲကို ကိုမင်းရဲရွှေနဲ့လည်း သွားမယ်လို့ပါ ပြောလိုက်တယ်"

"ဟယ် ... သူနဲ့ အသိတွေလား"

"ဒေါ်သောဘိက သူ့အမေရဲ့ ညီမရဲ့ သူငယ်ချင်းတဲ့၊ အဲဒါ သူတို့နဲ့ပါ ရင်းနှီးတော့ ဖိတ်တယ်လို့ ပြောတယ်"

အမေ့မျက်နှာက ဒါကိုပဲ အလိုမကျဟန် ဖြစ်သွားခဲ့ပါသည်။ ညီအစ်မတစ်သိုက်ကတော့ အမေ့ကို ဝိုင်းငေးပြီး ဆေ့လာနေကြသည်။ အမေ ဘာဖြစ်သွားပါလိမ့်။

"ဒေါ်သောဘိကလည်း အလည်ပါပဲလား၊ သူလည်း မင်းရဲရွှေကို သူ့အိတ်ထဲ ထည့်ချင်ပုံရတယ်"

ဒေါ်သောဘိမှာ အဖေ့အထက်လူကြီး၏ ဇနီးဖြစ်ပါသည်။

"ဒေါ်သောဘိ သမီးကဖြင့် ဆယ့်ရှစ်နှစ်သား ရှိသေးတာ"

ဪ ... အမေ ဒါကို အလိုမကျတာကိုး။ သမီးရှင် အမေတိုင်း မင်းရဲရွှေကို ဖိတ်လျှင် ဒါဟာ သူမနဲ့ ယှဉ်ပြိုင်ခြင်းပဲလို့ အမေ ထင်ပုံရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့သမီးအတွက် မင်းရဲသွေးကို မှန်းတယ်ထင်ပါ့၊ ဟင်း ဟွန်း ... လာလာချည်သေး။ သူ့သမီးဟာဖြင့် ချည်းကြွတ်ကြွတ်နဲ့ လှလည်းမလှဘူး။ ဒီကြားထဲ ဝကလည်း ဝသေး"

"သိပ်မဝ,ပါဘူး အမေရဲ့၊ ပြည့်တာပါ"

"တချို့က ပြည့်ပေမဲ့ ခါးလေး ဘာလေး ပေါ်ပြီး ပြည့်တော့ ကြည့်ကောင်းတယ်လေ။ ဒေါ်ဘောဘိုသမီးကျ ဝပြီး ခါးပါပျောက်ချင်နေတာ၊ သူ့သမီးပုံကြီးလား မင်းရဲသွေးက ကြိုက်မှာ။ ဒီမှာဖြင့် ဂန္ဓမာကိုတောင် ဖုန်းစ,ဆက်နေပြီ"

"ဒါဖြင့် ဘာပူစရာရှိလဲ အမေရယ်၊ မမာ လက်ထဲ ရောက်တော့မှာပဲမှော်"

"ကိုယ့်လက်ထဲ သေသေချာချာ ရောက်ဖို့ လိုတယ် ကွဲ့မေ။ ဒီလို အလည်လည် ဟိုလိုလို ဒီလိုလိုတော့ ပြောလားပြလားဆို သိပ်အချိန်မဆွဲစေနဲ့။ ကိုယ့်ကို ဖွင့်ပြောလာအောင်လုပ်၊ တစ်ခါတည်း လက်ထပ်ဖို့သာ အပိုင်ပြောထားချေ။ ရည်းစားဖြစ်တာတောင် မသေချာသေးဘူး။ လက်ထပ်ရမှသာ ကိုယ်က ပိုင်တာ"

"သိပ်ကြီးလည်း ရေလာမြောင်းပေးလုပ်ဖို့ ဘယ်ကောင်းပါ့ မလဲ အမေရယ်၊ တော်ကြာ မမာကို အထင်သေးသွားမှဖြင့်"



"နေကြာ ညည်းဟာလေ ဘယ်တော့မဆို အမေကို ဆရာလုပ်လိုက်ရမှ၊ ကိုယ့်အစ်မ သူ့ဧွေးအသိုင်းအဝိုင်းထဲ ဝင်သွားမှ ညီမတွေပါ ဒီအသိုင်းအဝိုင်းထဲမှာပါ ဝင်ဆံ့ပြီး အိမ်ထောင်ဖက်ကောင်းနဲ့ တွေ့မှာမို့ အမေက ဂန္ဓမာကိုစွမြန်မြန် အကောင်အထည်ပေါ်စေချင်နေတာ"

ထိုအချိန်မှာပဲ အဖေ့ရုံးကား အစိမ်းရောင်ကြီးက အိမ်တံခါးဝမှာ ရပ်လာတာမို့ အမေဟာ အဖေ့ကို ပြေးကြိုရန် ထသွားပါသည်။ အဖေ ပြန်လာရင် ပြေးကြို၊ အိတ်ဆွဲဖို့တော့ နေကြာတို့ ညီအစ်မတွေဟာ အမေ အိမ်မှာ မရှိချိန်၊ အမေ မျှားနာ ရို့ အိပ်ရာထဲက မထ,နိုင်ချိန်ကျမှ လုပ်ရပါသည်။ ကျန်တဲ့အချိန် အမေသာ အဖေ့ကို စုတိမပျက်မကွက် ကြိုဆဲ။ တံခါးဝ,ကနေ စီးပြီး ဒီနေ့ အဖြစ်အပျက်တွေထဲက ထူးခြားတာရှိလျှင် ကြိုပြော ထတ်မြဲမို့ စုလည်းပဲ ...။

"ဦးမြတ်ကျော်ရေ ... မင်းရဲသွေးတော့ ဂန္ဓမာကို စုလေးတင် ဖုန်းဆက်ပါ့ရှင်။ ဦးလှဦး ဒေါ်ဘောဘိတို့ အလှူကို သူပါ ရောက်လာခဲ့မတဲ့"

"ဟော ... ဟုတ်လား"

အမေဟာလည်း သူ့အလုပ်မှာ ဘယ်လောက်ပဲ စိတ်ရှုပ်လာရသည်ဖြစ်စေ ဘယ်လောက်ပဲ စိတ်ပင်ပန်း လူပင်ပန်း

www.burmeseclassic.com

www.burmeseclassic.com



လာရသည်ဖြစ်စေ အမေ ဒီလိုမျိုးတွေ အိမ်ထဲမရောက်သေးခင် ကြိုပြောလည်း စိတ်မကွက်တတ်။ စိတ်မတိုတတ်ပါ။ စိတ်ပါသည် ဖြစ်စေ မပါသည်ဖြစ်စေ "ဟော ... ဟုတ်လား" လောက်ကတော့ ပြန်မေးတတ် ပြုတတ်စမြဲ ထုံးစံအတိုင်း အခုလည်း အဲဒီလောက်တော့ အသံတုံ့ပြန်ပါသည်။

အဖေ့နောက်ကနေ အိတ်ဆွဲပြီး တတန်းတန်းပါသွားကာ တတွတ်တွတ် ပြောသွားသော အမေ့ကို မမြင်တော့မှ စကားဝါက ...

"အဖေက အေးပြီး အမေက ပူနေလို့ ဒီအိမ်ထောင်မြဲနေတာ၊ အပူအပူချင်း၊ အအေးအအေးချင်းဆို ဘာ Reaction မှ မရှိဘဲ ဓာတ်လမ်းက အစောကြီး ပြီးသွားနိုင်တယ်"

လို့ ဝေဖန်ပါသည်။

ခရမ်းပြာကတော့ ...

"ကိုမင်းရဲသွေးက မဆိုးပါဘူး၊ စိတ်သဘော မှန်ပုံရပါတယ်၊ လူလူချင်း သူ့ကိုယ်သူကတော့ ငါက သူဌေးဆိုတဲ့ ဂုဏ်မြောက်နေတာမျိုး သူ့မှာ မရှိဘူး။ ခရမ်းပြာတော့ သူ့ကို ခဲအိုတော်ရရင် ဝမ်းသာအားရ လက်ခံနိုင်ပါတယ်"

ဟု ကျေကျေနပ်နပ် ပြောလေသည်။





"နင်က ဘယ်သူ့ကိုတော့ မကောင်းဘူး ပြောချင်တာလဲ မမခရမ်းရယ်"

ခတ္တာသည် အင်္ကျီဘေးခွဲကြောင်းမှာ အဆန်းထွင်၍ စစ်ပျောက်ကိုတပ်ရင်း မေးလိုက်တာ ဖြစ်သည်။

အင်္ကျီမှာ ရှေ့ခြမ်းနဲ့ နောက်ခြမ်းတွေမှာ ကြယ်သီးမတပ်၊ ဇစ်မတပ်ပါဘဲ ဘေးခွဲကြောင်းမှာ တစ်ဖက်ကိုတော့ အသေချုပ်လျက် ကျန်တစ်ဖက်မှာတော့ အသေမချုပ်ဘဲ ဇစ်ပျောက်တပ်ထားသော အင်္ကျီကို ခတ္တာက ထွင်ချုပ်ထားတာ ဖြစ်သည်။ ခတ္တာကတော့ ညီအစ်မထဲမှာ အင်္ကျီချုပ် အတော်ဆုံး၊ အဆန်းထွင်တတ်ဆုံး၊ သူ ချုပ်လိုက်တိုင်း လက်ရာအမြောက်ဆုံး ဖြစ်နေတတ်သော ဒီဇိုင်နာလေး တစ်ယောက်ပဲ ဖြစ်သည်။ နေကြာမှာ ခတ္တာချုပ်ပုံကို အတုခိုးရင်း နောက်တစ်ခါကျ ငါလည်း ဘေးမှာ ဇစ်ပျောက်တပ်မယ်လို့ စိတ်ကူးမိသေးလေသည်။

"ကိုမင်းရဲသွေးနဲ့ တွဲတဲ့လူ ကိုသိယံသူကိုတော့ မကြိုက်ဘူး။ သူ့မျက်လုံးတွေကလေ ငါတို့ညီအစ်မတွေကို ခနဲ့သလိုလိုပဲ ကြည့်တာ။ အမေ့ကိုလည်း သိပ်ငွေမက်တဲ့ မိန်းမကြီးလို့ ထင်ပြီး ကြည့်သလိုပဲ"

နေကြာလည်း ထိုသူ့မျက်လုံးတွေကို ပြန်သတိရသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ အရေးနိုက်စရာလား၊ မမမာကို ကိုမင်းရဲသွေးက ချစ်ရင် ချစ်နေမှာပေါ့၊ သူ ဘာ့းလို့ရမလား၊ သူက ကိုမင်းရဲသွေးရဲ့ အမေမှ မဟုတ်တာ"

စိစဝါက ပြောတာ ဖြစ်ပါသည်။

"အဲဒီ ကိုသိယံသူတို့က မိဘမရှိတော့ဘူးလို့ သတင်းကြား တယ်"

"အံမယ် ... တယ်ဟုတ်ပါလား စကားဝါရယ်၊ နင်က ဘယ်က သတင်းကြားလာတာလဲ"

"စကားဝါ သူငယ်ချင်း တေသီတို့အိမ် သွားတဲ့နေ့က ဟေသီနဲ့ စကားဝါ သူတို့တိုက်ခန်းရဲ့ ဝရန်တာမှာ စကား ရပ်ပြောနေတုန်း ကိုသိယံသူက အဲဒီတိုက်ခန်းရဲ့ အောက် ဆုံးထပ်မှာ ဖွင့်ထားတဲ့ နာမည်ကြီး အလှပြင်ဆိုင်ကို ကောင်မလေးတစ်ယောက် လာချပေးတယ်လေ။ ကောင်မ လေးက ဖြူဖြူပိန်ပိန်လေး မျက်လုံးဝိုင်းဝိုင်းလေးနဲ့ ဂျစ်ဂျစ် မလေးနဲ့တူတယ်။ စကားဝါလည်း ကိုယ်သိနေတဲ့သူဆို တော့ ငေးကြည့်နေတုန်း ဟေသီက နင်သိလား၊ အဲဒါ သိယံသူလေတဲ့"

ညီအစ်မတစ်တွေ အားလုံး စိတ်ဝင်စားစွာ နားစွင့် နေမိကြပါသည်။





"စကားဝါက အံ့သြသွားတာပေါ့၊ ဟေသီ ဘယ်လိုလုပ် သိယံသူကို သိနေလည်းပေါ့၊ စကားဝါက ပြန်မေးလိုက် တယ်၊ ဟေသီ ပြောပြတော့မှ စကားဝါလည်း အံ့သြသွား တယ်။ ကိုသိယံသူတို့က အခုလူကြိုက်များနေတဲ့ Coffee Mix, Tea Mix တို့ Cofe' Latte တို့ Cappucchino တို့ အထုပ်လေးတွေ ထုတ်တဲ့ "24 hours"ဆိုတဲ့ Brand အသစ်ကိုလုပ်တဲ့ ကုမ္ပဏီပိုင်ရှင်တဲ့၊ ဟေသီက အဲဒီကုမ္ပဏီ မှာ အလုပ်သွားလျှောက်ဖူးလို့ မြင်ဖူးပြီး သိနေတာ၊ စကားဝါ ကတော့ ညှိစံပွဲတစ်ခုမှာ မြင်ဖူးရုံပါလို့ပဲ ပြန်ပြောပြလိုက် ပါတယ်"

"ဒါဆို သူလည်း မစေတဲ့ သူဌေးလေးပေါ့"

နေကြာက ပြောတော့ ...

"ဘာလဲ ... မမနေကြာ ပစ်မှတ် ချိန်တော့မလား"

စကားဝါက ပြန်မေးလျှင် နေကြာ ခါးခါးသီးသီး ပဲ ချက်ချင်း ငြင်းလိုက်မိပါသည်။ ဘာကြောင့် ဒီလိုငြင်းမိမှန်း ပင် နေကြာဘာသာ မသိလိုက်။

"မချိန်ပါဘူး၊ သူဌေးဖြစ်တိုင်း ငါက ချက်ချင်းရွေးလိုက် ရမှာလား။ စိတ်ကောင်းမရှိတဲ့ လူမျိုးဆို သူ့ဘာသာ ကုဋေရှစ်ဆယ်ပဲ ရှိနေနေ ဘာလို့ စဉ်းစားနေစရာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမဝါ ပြောတော့ တောင်မလေးတစ်ယောက် လာပို့တာဆို၊ အဲဒါ ဘယ်သူတဲ့လဲ"

ခရမ်းပြာက၊ သိချင်နေသဖြင့် ဆက်မေးလိုက်ရာ နေကြာ ငြင်းလိုက်သော စကားပင် ဘယ်သူမှ စိတ်မဝင်စားသလို ဖြစ်သွားပါသည်။

"အဲဒါ သူ့ရဲ့ တစ်ဦးတည်းသော အချစ်ဆုံး ညီမလေးတဲ့။ ဒေဝီတင်လို့ ခေါ်တယ်တဲ့။ မိဘတွေက သူတို့ဘာသာပဲ အဝေက ကင်ဆာဖြစ်ပြီးဆုံး။ သိပ်နှစ်မကြာဘဲ သုံး၊ လေး နှစ်ကြာတော့ အမေပါ ကျောက်ကပ်ဖြစ်ပြီး ဆုံးတော့ အခု သူတို့မောင်နှမပဲ ကျန်ခဲ့သတဲ့။ သူ့ညီမလေးကို သိပ်ချစ်ပြီး သိပ်အလိုလိုက်တာဆိုပဲ၊ သူ့ညီမလေး အိမ်ထောင်ကျရင်တောင် သူ့မျက်စိအောက်မှာပဲ ရှိရမယ်ဆိုပြီး ခြံဝင်းကျယ်ကြီးထဲမှာ အခုတည်းက အိမ်တစ်လုံး အကြီးကြီးပဲ သီးသန့်ခွဲဆောက်ပေးထားတယ်တဲ့၊ အဖေ အမေတွေက တစ်ဦးတည်းသောသား တစ်ဦးတည်းသော သမီးတွေ ဖြစ်ခဲ့တော့ နှစ်ဖက်ဘိုးဘွားတွေဆီက အမွေပုံကို ရလိုက်တာ မနည်းဘူးဆိုပဲ။ အခု သူတို့ generation ရောက်တော့ အဲဒီတစ်ပုံကြီးဟာ သူတို့မောင်နှမနှစ်ယောက်ပဲ ခွဲရမှာ နည်းတာမဟုတ်ဘူးဆိုပဲ။ အိမ်တွေ ခြံတွေဆိုတာ





ပိုင်ထားတာ အများကြီးပဲတဲ့။ ရန်ကုန်မှာတင် မကဘူး၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ ကလောလို နေရာကောင်းတွေမှာလည်း သွားလည်ရင်နေဖို့ အိမ်က အဆင်သင့်တဲ့၊ အဲဒီလောက်ကို ရှိတာ"

နေကြာမှာ ဒီအကြောင်းကို အမေသိသွားမှာ စိုးရိမ်ပြီး ...

"စကားဝါ အမေ့ကို သွားမပြောနဲ့နော်"

လို့ စကားဝါ စကားအဆုံးမှာ မြန်မြန်မှာလိုက်မိပါသည်။

"ဘာဖြစ်လို့လဲ မမနေကြာရဲ့"

"ဟဲ့ ... နင် မသိဘူးလား၊ ဂန္ဓမာ အလှည့်ပြီးရင် အမေက နေကြာ့အလှည့်လို့ သတ်မှတ်ပြီးသား။ ဒေါ်ကြာ ဂန္ဓမာ့အတွက် ရှာရင်း နေကြာ့အတွက်ပါ တစ်ယောက် တွေ့ပြီဆိုပြီး အမေက အတင်းတွန်းတော့မှာ"

မမမာက ဝင်ပြောပေးလိုက်ပါသည်။

"မမနေကြာက သိဃ်သူ့ ကိုဆို သဘောမကျနိုင်ဘူးလား"

"ရုပ်မဆိုးပါဘူး မမနေကြာရဲ့၊ သူက ဗိုတောင်အရပ်မြင့်ပြီး ပိုချောသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခရမ်းပြာနှင့် ဇီဇဝါတို့ အသီးသီး ပြောပေမဲ့ ဓမ္မာ ကတော့ သဘောပေါက်ရှာပင် ...

"ဓမ္မာ သိတယ်၊ မမနေကြာလည်း ဓမ္မာလိုပဲ အဲဒီလူရဲ့ အထင်သေး ရှုတ်ချချင်တဲ့စိတ်ကို သဘောမကျဘူး ထင် တယ်"

"ဟုတ်တယ်၊ ငါ့ကို အထင်သေးတာ၊ ငါတို့ညီအစ်မတွေ ကို ကဲ့ရဲ့တာ၊ အမေ့ကို အပြစ်မြင်တာတွေကို ငါ မကြိုက် ဘူး"

"အို ... ကေဘားဝါတို့လည်း ကိုယ့်ကို အဲဒီလိုမျိုး လာကြည့် လို့ကတော့ ဘယ်ကြိုက်ပါ့မလဲ"

"ဟုတ်တယ် ... ငါရောပဲ"

ဂန္ဓမာကလည်း ထောက်ခံလိုက်ပါသည်။

"သူလည်း ပိုက်ဆံချမ်းသာသားနဲ့ ကိုမင်းရဲသွေးလောက် နာမည်မကြီးတာပဲကြည့်။ personality က မရှိလို့ပေါ့၊ လူတကာကို ငါ့လောက် ပိုက်ဆံမရှိပါဘူးဆိုတဲ့ အထင် သေး ရှုတ်ချတဲ့အကြည့်နဲ့ ကြည့်လို့ သူ့ကို လူမုန်းပြီး နာမည်မကြီးတာပေါ့"

ဇီဇဝါ ထိုသို့ မှတ်ချက်ချနေချိန်တွင် အမျ... ...န်းဘက် ပြန်ထွက်လာသော အသံကို ကြားလိုက်သဖြင့် နေကြာ က မြန်မြန်ဆန်ဆန်ပဲ နှုတ်ခမ်းရှေ့ လက်ညှိုးထောင်ရင်း ...





"ရှူး ... ရပ်တော့၊ ကိုမင်းရဲသွေး အကြောင်းပဲ ပြောရင် ပြောတော့၊ အဲဒီလူအကြောင်း ရပ်လိုက်တော့ ဇီဇဝါ"

ဟု တားလိုက်ရပါသည်။

နေကြာသည် မျက်ခုံးထူထူ တစ်စုံတို့အောက်က မျက်ဝန်းညိုညိုရီရီများဖြင့် လူတစ်ဖက်သားကို အထင်သေးပြီး ကိုယ့်ကိုယ်ကိုယ်သာလျှင် အထင်ကြီးသလို အရိပ်ထင်နေတတ် သော သိယံသူ့ရုပ်ပုံကို ခုထိ မှတ်ဉာဏ်ထဲမှာ မှတ်မိနေဆဲဖြစ် သည်။ သူ တစ်ချက်ဝေ့ကြည့်လိုက်တိုင်း သူ့မျက်ဝန်းတွေထဲက အထင်သေးမှုကို ခံစားရလျှင် နေကြာသည် သူ့ကို ရင်ထဲမှာ ဆစ်ဆစ်နဲ့ နေအောင် နာမိသလိုပင် ခံစားရသည်။

သူ အထင်သေးရလောက်အောင်လည်း နေကြာတို့ ညီအစ်မတွေက ဟီးလေးတိုက်၊ ဣန္ဒြေမရ လုပ်ပြပြီး ယောက်ျား တွေကို မြူဆွယ်နေတာမှ မဟုတ်တာ။

အတင်းလိုက်မိတ်ဖွဲ့ ရောနှောနေကြတာမှ မဟုတ် တာ။ ကိုယ့်မှာ ရှိပြီးသား အလှအပလေးတွေကို ဂုဏ်ယူစရာအဖြစ် ထုတ်ပြပြီး၊ သင့်တော်သော ယောက်ျားကောင်းတစ်ယောက်ဟာ ကိုယ့်ကို အမြတ်တနိုး ချစ်လာဖို့သာ ဟန်ရေးပြတာမျိုးပါ။ မိန်း ကလေးတွေမှာ ပိုင်ဆိုင်ခွင့်ရသော ရုပ်ရည်ချောမောလှပခြင်းဟူ သည်မှာလည်း ထိုမိန်းကလေးထံမှ ဘယ်သူမှ ခိုး၍မရနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



မနေ့ညစ္စာတစ်ခုလိုပဲမို့ ဤမနေ့ညစ္စာကိုမင် ကြွားဝါပြီး ဂုဏ်ယူပြခြင် မျိုးသာ ဖြစ်ပါသည်။

ယောက်ျားတစ်ယောက် ကိုယ့်ကို ချစ်လာဖို့ မူယ မာယာတွေနဲ့လည်း မလုည့်ဖြား။ ဣန္ဒြေမဲ့သော အနေအထိုင်မျိ ဖြင့်လည်း မမြူဆွယ်ပါပဲ ကိုယ့်သိက္ခာလေးနဲ့ကိုယ် နေခဲ့ကြ တွေပဲ ဖြစ်ပါသည်၊

ဒါကိုမှ ထိုသူက အလိုလိုနေရင်း အထင်သေးလေ သည် ဆိုသောအခါ ...။

❋ ✳ ❋





## ၄

ဂန္ဓမာနဲ့ နေကြသည့် တစ်လစာ ဝယ်ခြမ်းစရာများ ဝယ်ဖို့ ကားမောင်းပြီး အိမ်ကထွက်လာပါသည်။ ဂန္ဓမာက ကား တော့ မောင်းတတ်ပေမဲ့ လူရှုပ်၊ ကားရှုပ်၊ လမ်းရှုပ်သော ယုဇန လောကလိုမျိုးကို မမောင်းရဲ၍ နေကြာက မောင်းရသည်။ ဂန္ဓမာ က သေးကတိုင်ပြီး ကားပါကင်ဝင်လျှင် ကြည့်ပေး ပြပေး။

အိမ်မှာ တစ်မိသားစုလုံး ကားမောင်းတတ်ကြသည် ဆိုပေမဲ့ မောင်းတာ ကျွမ်းကျင်သူ ရှိသလို၊ မဖြစ်မနေ မောင်းရမှ ဝင်ပြီးမောင်းရဲသော ဂန္ဓမာလို လူမျိုးလည်း ရှိပါသည်။ ဂန္ဓမာ တို့က မိသားစုများပြီး ကောင်းကောင်းလည်း စားကြသောက်ကြ တာမို့ တစ်လ တစ်လ နို့ဆီ၊ သကြား၊ ကော်ဖီမှုန့်၊ လက်ဖက် ခြောက် အချိုခြောက်၊ ဘီစကစ်ပုံး၊ မုန့်ကြွပ် စသဖြင့်တွေက ပြော်ဝယ်ရသည်။ ဈေးပင်းစင်တာက ဆိုင်ကြီးတွေမှာ သွားဝယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ ဒိုင်ဈေးလိုမျိုး ဆစ်ပြုဝယ်၍ ရနိုင်သော ဈေးကြီးတွေ
အခုလိုမျိုးတွေ လာလာဝယ်ရပါသည်။

များသောအားဖြင့် ဂန္ဓမာနဲ့ နေကြာအလှည့် ဖြ
လိုက်၊ စကားဝါနဲ့ ခရမ်းပြာအလှည့် ဖြစ်လိုက်၊ ခတ္တာနဲ့ ဇီဇ
အလှည့်ဖြစ်လိုက်။ ဒီလ ဒီအတွဲက ဒီဈေးဘက် လာရလျှင် ကု
တဲ့အတွဲက ကြက်သွန်ဖြူ၊ နီ၊ အာလူး၊ ဆန်၊ ဆီ ဝယ်ရသော
အလှည့်မျိုး ကြုံရတတ်သည်။ ဒီလိုမျိုး တစ်လစာ တွက်ချက်ဝယ်
ထားလိုက်သဖြင့် အမေက ထမင်းဟင်းချက်ဖို့ ဈေးသွားလျှ
ခြင်းတောင်းလိုက်ဆွဲပေးစရာ သမီးအဖော် ခေါ်ချင်လည်းခေါ်
မခေါ်ချင်လည်း မခေါ်၍ ရပါသည်။

တစ်လစာပစ္စည်း အစုံရှိပြီးဖြစ်ရာ အသားငါး ဟင်
သီးဟင်းရွက် လတ်လတ်ဆတ်ဆတ် စားရဖို့ကိုသာ အမေ
နေ့တိုင်း ဈေးသွားဝယ်ချက်ရုံမို့ ဈေးခြင်းမှာ သိပ်များများစား
ဝယ်စရာမရှိတတ်ပါ။ မိန်းကလေးတွေပဲမို့ အသားကြီး ငါးကြ
လည်း သိပ်မစားတတ်ကြဘဲ အသီးအရွက်ကြော်တို့၊ အသုပ်
ချဉ်ရည်တို့ ပိုစားကြသဖြင့် ဟင်းသီးဟင်းရွက်ကတော့ တစ်
ကြီး ဝယ်ရသည်။

"ဟင်းသီးဟင်းရွက်သည်ကအောင် သိနေပြီ။ အစ်မ
မှာ သမီးတွေချည်းပဲဆိုတော့ မိန်းကလေးတွေပီပီ လှ
ပြီး အသီးအရွက်ပဲ များများစားတယ် ထင်တယ်တဲ့





အစ်မကြီး ချဉ်ပေါင်ကန်စွန်းရွက်ပဲ ဝယ်ဝယ်၊ ဘာပဲဝယ်
ဝယ် တကယ့်ကို အများကြီး ဝယ်ရတာနော်တဲ့"

အမေက ဈေးကပြန်လာတိုင်း ရယ်မောပြီး ပြောပါ
သည်။

"နေကြာ ... အမေပေးလိုက်တဲ့ စာရင်းစာရွက် ပါတယ်
နော်"

နေကြာသည် ကားထဲမှ ထွက်ထွက်ချင်း မမမာ
မေးလိုက်သည်ကို ...

"အင်းပါ ... ပါပါတယ် မမမာရဲ့။ မမမာလည်း ပိုက်ဆံ
အိတ် သေသေချာချာ ကိုင်ထားဦးနော်၊ တော်ကြာ တစ်လ
ပေးလိုက်တဲ့ပိုက်ဆံ ပျောက်သွားမှ စက်မယ်။ လူတွေက
ဒီနေ့ သိပ်များသလိုပဲ"

ညီအစ်မနှစ်ယောက် ပိုက်ဆံအိတ်ကိုယ်စီ ပါသေမဲ့
က အကြီးပီပီ ပိုက်ဆံကိုင်ရသည်။ နေကြာက စာရင်းစာ
လေး ထည့်ရုံသာ။ ညီအစ်မတစ်တွေ လတိုင်းရောက်ရတာက
ဝလာဈေး၊ မင်္ဂလာဈေးနဲ့ သိရိမင်္ဂလာဈေးလို လက်လီလက်
ဝယ်လျှင် ဈေးသက်သာသည့် ဈေးကြီးတွေ ဖြစ်ပါသည်။

ဈေးဝယ်တိုင်း နှစ်ယောက်တွဲ လာတဲ့အခါလာ၊
တလေလည်း သုံးယောက်တွဲဖြစ်ရင်ဖြစ်၊ ကူဆွဲဖို့ အဖော်
တော့ ပါရတာပင်။



www.burmeseclassic.com

www.burmeseclassic.com



"နေကြာ"

"ဟင် ... ဘာလဲ မမမာ"

"အောက်ထပ်မှာ စားသောက်ကုန်တွေ ဝယ်ပြီးရင် ကားထဲ ပြန်သွားထည့်ထားမယ်၊ ပြီးရင် အပေါ်ထပ် တက်ဦးမှာ မဟုတ်လား"

"တက်မယ်လေ၊ ဖိနပ်တို့ ရေမွှေးတို့ မဝယ်ဖြစ်သေးပေမဲ့ လျှောက်ကြည့်ချင်သေးတယ်"

"နင်က ဝယ်ရင် ဝယ်နိုင်ပါတယ် ဝင်ငွေရှိနေပြီပဲ"

နေကြာက အဆေးသင်ဖြင့်ပင် ကျောင်းပြီးသွားပြီ ဖြစ်ရာ ကွန်ပျူတာလည်း တတ်ကျွမ်းထားသည်ဖြစ်ရာ အခုလ ပိုင်းလေးမှာမှ ခရီးသွားကုမ္ပဏီတစ်ခုမှာ အလုပ်ရထားပါသည်။ အလုပ်ဝင်တာ တစ်လကျော်မျှ ရှိသေးပေမဲ့ ကိုယ့်ဝင်ငွေနဲ့ကိုယ် ဖြစ်သွားသဖြင့် နေကြာမှာ အဖေ အမေတို့ဆီ လက်ဖြန့်တောင်းစရာ မလိုတော့ပါ။ ကုမ္ပဏီမှရသောလခသည် သိပ်အများကြီး မဟုတ် ပေမဲ့ နေကြာ့လို မိန်းမပျိုလေး တစ်ယောက်အတွက်တော့ ကောင်း ကောင်းဝယ်ခြမ်း သုံးစွဲနိုင်လောက်အောင် သင့်တင့်ပါသည်။ လခရတုန်းက အဖေနဲ့ အမေကို တစ်သောင်း ကန်တော့နိုင်ပြီး ကျန်တာ အစ်မနဲ့ ညီမတွေ မုန့်လိုက်ကျွေး၊ တချို့ကို စုထားပြီး သုံးစရာရှိမှ ထုတ်သုံးဖို့ စဉ်းစားထားပါသည်။





"မမမာလည်း နောက်လ diploma ရရင် တစ်ခါတည်း ဟိုတယ်မှာ တန်းလျှောက်ရင် ရပါပြီ၊ နေကြာ့ထက်တောင် ဝင်ငွေကောင်းဦးမယ်။ ပြီးတော့ မမမာက လှလည်း လှတော့ အလုပ်ရဖို့က ကျိန်းသေတယ်၊ ဟိုတယ်တွေမှာ လုပ်တဲ့ မိန်းကလေးတွေဆို ကြော့ရှင်းလှပနေကြတဲ့သူ ချည်းပဲလေ။ မမမာက E မေဂျာနဲ့ ကျောင်းပြီးထားတယ်၊ အင်္ဂလိပ်ရှလည်း တော်တော် ပြောနိုင်တယ်ဆိုတော့ အလုပ် ချက်ချင်းရမှာ"

"အေးပါ ... အလုပ်ရချင်ပါပြီဟယ်၊ အဖေ အမေတို့ ဒီ အရွယ်ထိ ပညာသင်ပေး၊ ကျွေးမွေးထားပြီးပြီပဲ၊ ကိုယ်က တစ်လှည့် ပြန်မလုပ်ကျွေးနိုင်ရင်တောင် ကိုယ့်စရိတ်တော့ ကိုယ်ရှာနိုင်ဖို့ သင့်ပြီလေ"

"ဒါနဲ့ ကိုမင်းရဲသွေးကရော မမမာဆီ လာတွေ့နေပြီလား"

ထိုသို့မေးလိုက်တော့ ဂန္ဓမာ ရှက်ပြုံး ပြုံးသွားသည်။

"အဲဒါ နင့်ကို ပြောမလို့၊ သူ့ ဒီနေ့ လာစောင့်နေလိမ့် မယ်"

"ဟင် ... ဘယ်မှာလဲ"

"ငါတို့ ဈေးဝယ်ပြီး အပေါ်ထပ်တက်ရင် တွေ့မယ်၊ J'donuts ဆိုင်မှာ သူ စောင့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒီလို အချိန်းအချက်တွေနဲ့လား၊ သိပါဘူး၊ အဲဒါကြောင့်များ နေကြာ ဈေးဝယ်ပြီးရင် အပေါ်ထပ် မတက်ဘဲ ပြန်မှာစိုးလို့ စိတ်ပူပြီး ကြိုမေးထားတာကိုး။ အမေ့ကို ဘာမှပြန်မပြောသေးတော့ မမမာတို့ မတွေ့ကြရသေးဘူး ထင်နေတာ"

"မနက် သင်တန်းသွားရင် အမေ့ရုံးကားနဲ့ ချပေးသွားတယ် မဟုတ်လား။ အမေ့ကား ထွက်သွားတာနဲ့ သူ ငါ့နားရောက်လာပြီး စကားပြောတယ်"

"အပြန်ကျတော့ရော"

"အပြန်တော့ သူ လာစောင့်ခဲ့တယ်၊ မနက်သာ သူ အားလို့လာစောင့်တာဆိုပြီး သုံးခါလောက်ရှိပြီ လာ,လာတွေ့တာ"

"ဖွင့်ပြောပြီးပြီလား"

"ပြောပြီးပါပြီ၊ သူက ပွင့်လင်းပါတယ်၊ ဟန်မဆောင်ဘူး။ အလျှူမှာ တစ်ခါဆုံပြီး နောက်တစ်ရက်ကျ သင်တန်းတက်တဲ့ ကျောင်းမှာ လာတွေ့တဲ့နေ့ပဲ သူ ဖွင့်ပြောတာပါ"

"ဘာတဲ့လဲ"

"ဟဲ့ ... ရည်းစားစကား ပြောပါတယ်ဆိုမှ အသေးစိတ် သိစရာလား"





"မဟုတ်ဘူးလေ၊ မမမာကို လက်ထပ်ဖို့အထိ ရည်ရွယ်ပြီး ချစ်ပါတယ်တွေ ဘာတွေ ပြောရဲ့လားလို့ပါ။ အမေ ဖြစ်စေချင်တာက အဲဒါမျိုးလေ၊ ရည်းစားဖြစ်ရုံလေးမှ မဟုတ်တာ"

"အဲဒီလောက်တော့ မပြောသေးပါဘူးဟယ်၊ ဒါပေမဲ့ သူက မိန်းကလေးတစ်ယောက်ကို ရည်းစားအပျော်ထားမဲ့ လူတစ်ယောက် မဟုတ်ဘူးဆိုတာ ငါ ယုံပါတယ်"

"နေကြာလည်း ကိုမင်းရဲ့သွေးကိုကြည့်ပြီး အလိုလိုနေရင်း မမမာ အတွက် ယုံကြည်စိတ်ချပါတယ်" ,

"နေကြာ ဝယ်နေကျ နို့ဆီ,သကြားဆိုင် ရောက်ပြီလေ ဝယ်ရအောင်"

ညီအစ်မနှစ်ယောက် ဆိုင်ရှေ့ရပ်လိုက်တာနဲ့ ဆိုင်ရှင်က မှတ်မိနေပြီး ဝယ်သူတွေနှင့် မအားရသည့်ကြားမှ ဖော်ဖော်ရွေရွေ လှမ်းနှုတ်ဆက်လေသည်။

"ဟော ... ညီအစ်မတစ်တွေ လာကြပြန်ပြီ၊ လ,ကုန်ပြီ မလာကြသေးပါလားလို့ မျှော်နေတာ"

"လာပါတယ် အစ်မရဲ့။ အစ်မဆိုင်က ဈေးမှန်လို့ အမေကလည်း စိတ်ချ လက်ချ လွှတ်နေတာ၊ အစ်မဆိုင်ပဲ တန်းဝင်လာပါတယ်၊ အရင်အပတ်တည်းက လာမလို့ဟာ မအားကြတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နို့ဆီကတော့ ဈေးတက်တယ် ညီမရေ၊ သကြားဈေးကတော့ ပုံမှန်ပါပဲ"

နေကြာက နို့ဆီဘယ်နှလုံး၊ သကြားဘယ်နှပိဿာစသဖြင့် မှာကြားလိုက်ပါသည်။ လက်ဖက်ခြောက်အချိုခြောက်ဆိုင်၊ ကော်ဖီမှုန့်ဆိုင်တို့က သီးသန့်သွားရမည်ဖြစ်ရာ နောက်မှဝယ်ရမည်။

ဒီပလာဇာမှာက အချိုရည်တို့ ဘီစကစ်မုန့်ပုံးတို့ဝယ်ဖို့ ကျန်ပါသေးသည်။

ညီအစ်မနှစ်ယောက် လက်နှစ်ဖက်အပြည့် ဆွဲစရာတနင့်တပိုးကြီးတွေ ဖြစ်သွားပါသည်။ ဆိုင်ရှင်က မျက်နှာသိတွေမို့ ...

"ထားခဲ့ပါလား ညီမတို့။ ဝယ်စရာရှိတာ သွားဝယ်ပြီးပြန်မှ ဝင်ယူပါလား"

"ကားက ဟိုးဘက်ခြမ်းမှာ ရပ်ထားခဲ့တော့ ဒီဘက်ပြန်လှည့်ဖို့ လမ်းမကြုံဘူး အစ်မရယ်၊ ဒါကြောင့် မထားခဲ့တော့တာပါ။ ခါတိုင်း ထားခဲ့ပါတယ်၊ ဒီနေ့ ကားပါကင်အရမ်းခက်တော့လေ"

"ဟုတ်တယ် ... ဟုတ်တယ် ... ပွဲတော်ရက် နီးလာရင်ဒီလိုပါပဲ၊ ဈေးအလာများကြတာကိုး"





ဆွဲစရာအပြည့်ဖြင့် လူတွေကို တိုးတိုက်ထွက်လာရင်း ဝယ်နေကျမုန့်ဆိုင် ရှာရပြန်သည်။ အဖေက နိုင်ငံခြားဘီစကစ်ပုံးထဲကမုန့်မှ စားသဖြင့် အဖေ့အတွက်က သူစားနေကျတံဆိပ်နဲ့ ဘီစကစ်ပုံးကို ဝယ်ရသည်။ အမေကတော့ ထွတ်ဆိပ်ထောပတ်ဘူးနှင့် စတော်ဗယ်ရီ Jam တစ်ပုလင်းရှိလျှင် မနက်ဆို ပေါင်မုန့်နဲ့စားလိုက်၊ နံပြားနဲ့စားလိုက် စားတတ်ပါသည်။ ဒါကြောင့် အမေ့အတွက်က ထိုဘူးလေးတွေ ဝယ်ရုံသာ။ နေကြာတို့ ညီအစ်မတွေကတော့ ဘီစကစ်တွေ ဘာတွေ သိပ်မကဲ်မကဲ်မောမော မရှိလှတာမို့ ထည့်ဝယ်စရာ မလိုပါ။ မနက်စာသည့်ကော်ဖီတစ်ခွက်ဖြစ်ဖြစ် လက်ဖက်ရည်တစ်ခွက်ဖြစ်ဖြစ်၊ တစ်ခါတလေ ဗိုက်ဆာမှ အဖေ့မုန့်ပုံးထဲက တစ်ချပ်ဖြစ်ဖြစ်၊ အမေ့ပေါင်မုန့်တစ်ချပ် ဖြစ်ဖြစ်နှင့် ပြီးကြတာ များသည်။ နေကြာတို့အတွက် အဓိက ကုန်တာက နေကြာစေ့၊ ကွာစေ့၊ အချဉ်ထုပ်နှင့် လက်ဖက်သုပ် ချင်းသုပ်များသာ။ ထိုအရာတွေကတော့ ရပ်ကွက်ဈေးထဲလည်း ရနိုင်တာမို့ တကူးတက ဝယ်နေစရာ မလိုပါ။

ဝယ်ခြမ်းပြီးကြလျှင် နှစ်ယောက်စလုံး သယ်စရာအပြည့်နှင့် လက်တွေညောင်းကိုက်အောင်သယ်၊ လူတွေရှောင်ရှားပြီး ထွက်လာရင်း ကားဆီရောက်အောင် ပြန်လျှောက်ရသည်။ ကားရှေ့ခန်းထဲ သော့ဖွင့်၊ ပစ္စည်းတွေထည့်နေစဉ် ဘေးကကွက်သွားသော ကားနေရာကို ကားတစ်စီး ပါကင်ဝင်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



Honda CRV 4WD အနီရဲရဲ ပြောင်ပြောင်လက်လက် အသစ်စက်စက်ကြီးသည် နေရောင်မှာ တောက်ကြွားနေပါသည်။

ကားထဲမှာ သိဃ်သူ။ သူသည် ကားပေါ်မှ မဆင်းခင်မှာပင် လှကြားထဲ ထင်းလင်းနေအောင် လှပသော ညီအစ်မနှစ်ဦးကို ချက်ချင်း မြင်သွားပါသည်။ ဂန္ဓမာရော နေကြာပါ ခေတ်ပေါ်တီရှပ် ကိုယ်ကျပ်လေးတွေနှင့်။ ဂန္ဓမာကတော့ ဒူးဖုံးစကတ်တိတိလေးကို ဝတ်ထားပြီး နေကြာကတော့ အနားတွေမညီသော အဖျားမှ ခပ်ချွန်ချွန်ပုံစံ စကတ်ကားကားကို ဖရိုဖရဲပုံစံ ဝတ်ထားပါသည်။

ကားပေါ်က ဆင်းလျှင်လည်း သိဃ်သူကို သူတို့တွေ့ကြမည်ဖြစ်ရာ သိဃ်သူသည် နှုတ်မဆက်ချင်ပေမဲ့ ရှောင်လွှဲမရတာမို့ ကားပေါ်က ဆင်းလိုက်ပါသည်။ ကောင်မလေးတွေကတော့ ကားရှေ့ခန်းထဲ ပစ္စည်းတွေထည့်ပြီး၍ သော့ပြန်ပိတ်နေဆဲ။

"ဟော ... ဂန္ဓမာတို့ပါလား"

သိဃ်သူ နှုတ်ဆက်လိုက်တော့ ဂန္ဓမာက အံ့ဩစူးစမ်းသလို ကြည့်သည်။ နေကြာအား ခပ်တည်တည် မျက်နှာပေးဖြင့် ပြန်စိုက်ကြည့်နေသည်။

ဂန္ဓမာ့စိတ်ထဲမှာ စူးစမ်းသလို တွေးမိတာက ကိုမင်းရဲသွေးနဲ့လည်း သူမ ချိန်းထားတာမို့ ကိုသိဃ်သူပါ အဖော်နေပေးဖို့ ရောက်လာသလားဟူ၍ပင်။





"ကိုသိဃ်သူ ဘယ်လာတာလဲ"

"Furniture တွေ ရောင်းတဲ့ဆိုင်မှာ ကျွန်တော့် office အတွက် လိုတဲ့စားပွဲ အော်ဒါမှာထားလို့ ရောက်ပြီလို့ ဖုန်းဆက်တာနဲ့ ထွက်လာတာပါ"

"ကိုမင်းရဲသွေး ရောက်နေမယ်ဆိုတာ ကြိုသိနေလားဟင်"

"ဟုတ်လား ... သူ ရောက်နေမှာလား။ ကျွန်တော် မသိဘူးခင်ဗျ။ ရဲသွေး ကျွန်တော့်ကို ချိန်းမထားပါဘူး"

ဂန္ဓမာသည် မေးပြီးမှ အားနာသွားပါသည်။ ကိုယ်နဲ့လည်း သိပ်မခင်ဘဲ စကားတွေ အများကြီး ပြောလိုက်မိပြီ။ တွေ့ဖူးတာက တစ်ခါပဲ။ နောက်ပိုင်း ကိုမင်းရဲသွေး စကားထဲမှာ သိဃ်ကလေ သိဃ်ကလေနဲ့ ပါပါနေလို့သာ ကိုယ်က စိတ်ထဲမှာ ရင်းနှီးနေမိသလို ဖြစ်နေတာ။ အဲဒီလူဘက်ကတော့ ဘယ်လိုစိတ်သဘောရှိမှန်း မသိဘဲနဲ့ စကားတွေ ပြောမိပြီ။ နေကြာတို့တစ်တွေ ဝေဖန်တာတော့ သိဃ်သူက ဂန္ဓမာတို့ တစ်သိုက်ကို အလိုလိုနေရင်း အထင်သေးနေတာတဲ့။

"ရဲသွေး တော်တော်များများတော့ ပြောပြပေမဲ့ ဒီနေ့တွေ့ကြမှာတော့ ကျွန်တော် မသိသေးဘူး"

"ဩော် ... အင်း ... ဟုတ်ကဲ့၊ ဂန္ဓမာတို့က ဒီမှာ ဈေးဝယ်စရာရှိတယ်လို့ ပြောလိုက်တော့လေ၊ သူက ဧည့်သည်ဖိသာက်ရအောင်ဆိုပြီး လာစောင့်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အခု တွေ့ပြီးပြီလား"

"မတွေ့သေးဘူး၊ ခုမှ ဂန္ဓမာတို့ သွားမှာ"

သိဃ်သူသည် လက်အသာဝိုက်ပြီး ဒီစကားဝိုင်းမှာ သူမနဲ့ မဆိုင်သလို တစ်ဖက်လှည့်ပြီး လျှောက်ဝေးနေသော နေကြာကို တစ်ချက် အကဲခတ်လိုက်မိသည်။ ဒီမိန်းကလေးက ခပ်တည်တည်နဲ့ စကားမပြောချင်သလိုလိုနဲ့ပါလား။ ငါ့ကိုဘာ တွေများ မကြည်သလဲ မသိဘူး။ အေးလေ အဲဒါပဲ ကောင်းပါ တယ်။ ဝေးဝေးနေလေ ကောင်းလေပဲ။ ငါ စိတ်မဝင်စားမိဘူး ပေါ့။

နီးနီးကပ်ကပ် တရင်းတနှီး စကားပြောမိမှသာ သူတို့ သိပ်လှတာတွေ ပိုပိုမြင်လာပြီး ချစ်ရင် ချစ်သွားနိုင်တာ မို့ ခုလို ဝေးလေ ကောင်းလေပဲ။ ဒီညီအစ်မတွေက နတ်သမီး လေးတွေလိုပဲ သူများထက်ကို ပိုထူးခြားပြီး လှနေတော့ ကိုယ့် စိတ်ကိုယ်လည်း မယုံနိုင်ဘူးလေ။ သူတို့ သူ့ဌေးတွေကိုပဲ လိုက် ပြီး ရှာဖွေနေမှန်း သိပေမဲ့ သူတို့လှတာ ကိုယ်မက်မောပြီး သဘောကျမိသွားရင်တော့လည်း မတတ်နိုင်ဘူး။ အခုဆိုကြည့် မင်းရဲသွေးတောင်မှ ...

"ဂန္ဓမာ့ကို ငါ သိမ်ချစ်သွားတယ်ကွာ၊ ကိုယ့်ကိုယ်ကိုယ် ထင်တောင် မထင်ဘူး။ အစကတော့ သိပ်လှလို့ သဘော





ကျမိတယ်ပဲ ထင်တယ်၊ ခုတော့ တဖြည်းဖြည်း စွဲလမ်း ပြီး ချစ်လာတယ်၊ သူ့ကို မပိုင်ဆိုင်လိုက်ရမှာ၊ သူ ငါ့ကို ပြန်မချစ်လာမှာတွေကိုပါ စိုးရိမ်ကြောင့်ကြတတ်လာနေ တယ်"

ဆိုတဲ့အထိ ဖြစ်သွားတာပဲလေ။ သိဃ်သူလည်း သူ့ကိုယ်သူ အဲဒီလိုဖြစ်ရင် ဖြစ်သွားမလားဆိုပြီး စိုးရိမ်မိတယ် ဆိုတာ မငြင်းချင်ပါ။

"အခု ဂန္ဓမာတို့ သူစောင့်နေမဲ့ဆိုင်ကို သွားတော့မယ်၊ ကိုသိဃ်သူ လိုက်ခဲ့မလား"

"မလိုက်တော့ပါဘူး၊ ကျွန်တော့်ကိစ္စလေး ရှိသေးတယ်။ သွားလိုက်ဦးမယ်နော်"

ဂန္ဓမာ ခေါင်းအသာညိတ်ပါသည်။ ဆံနွယ်ဆံခွေ လိမ်ကောက်ကောက်လေးတွေနဲ့ ဆံပင်သားနက်ပြီး ပျော့အိနေပုံ လည်း ရတာကြောင့် ဆံနွယ်လေးက ဝဲခနဲ ဖြစ်သွားပါသည်။

အင်း ... ဒါတွေကြောင့်လည်း ရဲသွေး အရူးအမူး ဖြစ်နေတာ။ သိဃ်သူ တစ်ချက်ပြုံးကာ လှည့်ထွက်လိုက်ရင် စတက်(ပ)ဆံပင် ကုပ်ဝဲလေးတွေ အိခနဲ၊ ဝဲခနဲနေအောင် ခေါင်း လေးတစ်ဖက်ကို မြန်မြန်လှည့်သွားသည့် နေကြာကို မြင်ဖြစ်အောင် မြင်လိုက်သည်။ ကြည့်ဂမ်း ... ငါ့ကို တီတတ်တိတ်နိုးကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သိဃ်သူသည် ဒါကို စိတ်ထဲမှာ တော်တော်ကြီး ကျေနပ်သဘော ကျသွားမိသည့်အတွက် သူ့ကိုယ်သူ ခွင့်မလွှတ်ချင်သလို ဖြစ်သွားပါသည်။

သိဃ်သူ Furniture ဆိုင်ထဲရောက်ပြီး ဆယ့်ငါး မိနစ်လောက် အကြာမှာ သူ့ရဲ့ NOKIA ကင်မရာဖုန်းလေးမှ အသံမြည်လာပါသည်။ ဖုန်းဖွင့်ကြည့်လိုက်တော့ မင်းရဲသွေးခေါ် တာ။

ဟာ ... ဒီကောင် ကြည့်စမ်း။ ဂန္ဓမာ ပြောလိုက် တာနဲ့ ငါ့ကိုခေါ်ပြီ။

"ဟဲလို ... ရဲသွေး ဘာလဲကွာ"

"သိဃ် မင်းက ငါဒီမှာ ရှိတယ်ဆိုတာ သိတာတောင် လာမတွေ့ပါလား၊ ဘာလေစီမ်းတိုက်နေတာလဲ"

"မတိုက်ပါဘူး၊ မင်းတို့ချင်း ချိန်းတွေ့ကြတာ၊ ငါ ကြား ထဲက ကန့်လန့် ကန့်လန့် ပါနေမှာမို့ပါ"

ထိုသို့ ပြောပေမဲ့ ဂန္ဓမာနဲ့ မင်းရဲသွေး ကြားမှာ နေကြာလည်း ပါနေတာပဲလို့ သတိရသွားပါသည်။

"ငါတို့ J'donuts မှာပဲ ထိုင်မှာမဟုတ်ဘူး၊ ဒီမှာဆုံဖို့ ချိန်း လိုက်တာကွ၊ အအေးလောက် ကော်ဖီလောက်ပဲ သောက် ပြီး၊ ဂန္ဓမာတို့ကို နေ့လယ်စာ လိုက်ကျွေးမလို့ကွာ။ မင်း





ပါ လိုက်ခဲ့ပါလား။ စကားပြောဖော် ပိုများတော့ ပိုပျော် စရာ ကောင်းတာပေါ့"

အမှန်တော့ မင်းရဲသွေးသည် နေကြာ တစ်ယောက် တည်း ဘက်ပဲ့ကျန်ပြီး ထိုင်ငေါင်နေရမှာစိုး၍ သိဃ်သူ့ကို လိုက်စေချင်တာ ဖြစ်သည်။ သိဃ်သူက ...

"ငါ သူတို့ညီအစ်မတွေနဲ့ မပတ်သက်ချင်ဘူး"

ပြောထားဖူးပေမဲ့လည်း မင်းရဲသွေး ကိစ္စဆိုလျှင် သိဃ်သူက ဘယ်တော့မှ မငြင်းဘဲ ကူညီပေးမည်ဆိုတာ ယုံကြည် သဖြင့် သူ စိတ်ပါပါ၊ မပါပါ ဂရုမစိုက်ဘဲ ခေါ်တာလည်း ဖြစ် ပါသည်။

"နေ့လယ်စာ ငါစားလို့ မဖြစ်ဘူး။ ညီမလေးက ဒီနေ့ သူ့ဘာသာကွာ စာအုပ်ကြည့်ချက် လက်စွမ်းပြထားတာ တွေ စားပေးရမယ် မှာလိုက်တော့ ဒီကပြန်တာနဲ့ အိမ်ပြန် စားရမယ်၊ ဆောရီးကွာ၊ ငါ, မင်းကို လိုက်ပေးချင်ပါတယ်၊ ဒီနေ့မှ ဒေဝီက မှာလိုက်လို့ပါ"

ထိုသို့ အချက်အလက်နဲ့ ငြင်းတော့လည်း မင်းရဲသွေး လက်ခံလိုက်ရပါသည်။ သိဃ်သူက သူ့ညီမလေးကိစ္စဆို သိပ် အရေးပေးတာ။ ညီမလေးကို သိပ်ဦးစားပေးတာ၊ ဂရုစိုက်တာ တွေ မင်းရဲသွေး သိထား၍ပင်။



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ... ဒါဆိုလည်း ရပါတယ်"

"ဟောကောင် ... ဘယ်လိုလဲ၊ အဖြေရပြီလား"

"ရတော့မှာပါကွာ"

"အဖြေရရင် ငါ့ကိုပြောဖို့ မမေ့နဲ့"

"စိတ်ချ၊ ကဲ ... ငါ ဖုန်းပိတ်ပြီ"

နေကြာသည် မင်းရဲသွေး ဖုန်းအပြန်အလှန် ပြော သည်ကို စောင့်ပြီးမှ သူမ ပြောစရာရှိတာ ပြောဖို့ ဆုံးဖြတ်မိ သည်။

"သိယ်ကတော့ မလာနိုင်ဘူးဗျာ"

ထင်သားပဲ။ သူက ငါတို့ကို ရှောင်တဲ့သူဆိုတော့ ခေါ်လည်း ဘယ်လာပါ့မလဲ။ လာခဲ့ရင်တောင် ငါကလည်း ဒီ မှာထိုင်မနေပါဘူး။ မမမာနဲ့ ကိုမင်းရဲသွေး တစ်တွဲ၊ ငါနဲ့သူ တစ်တွဲ ဖြစ်မှာ၊ သူ့ မလိုလားမှန်း သိတာမို့ ငါကကြိုပြီးရှောင် နှင့်မလို့ စဉ်းစားနေတာ။

"ကိုမင်းရဲသွေးနဲ့ မမမာပဲ အတူသွားစားကြပါလားဟင်၊ နေကြာ မြို့ထဲမှာ လက်ဖက်ခြောက်တို့ ကော်ဖီမှုန့်တို့ သွားဝယ်စရာ ရှိသေးတော့ သွားဝယ်လိုက်မယ်၊ ပြီးမှ မမမာ ရှိမဲ့ဆိုင်ကို လိုက်လာပြီး ပြန်လာခေါ်မယ်လေ ရလား"





"ဟာ ... ဒီလိုမလုပ်ပါနဲ့ဗျာ၊ ညီအစ်မနှစ်ယောက်လာတော တစ်ယောက်ပဲခေါ်ပြီး နောက်တစ်ယောက် မခေါ်ဘဲ ထား ရမှာလားဗျာ၊ လိုက်ခဲ့ပါ နေကြာရဲ့။ နေကြာ မပျင်းစေရ ပါဘူး"

"ဟုတ်သားပဲ နေကြာကလည်း၊ အဲဒီလို မလုပ်နဲ့လေ ဟယ်"

"နေကြာ ပွင့်ပွင့်လင်းလင်းပဲ ပြောတာနော်။ မမမာတို့ ကြားမှာ ဆွေးနွေးစရာရှိနေရင် နေကြာလည်း ကြားထဲက ထိုင်နားထောင်ရမှာ ရှက်တယ်။ အဲဒါကြောင့်ပါ"

မင်းရဲသွေးသည် ရှက်ကိုးရှက်ကန်း ပြုံးရင်း ဂန္ထမာ ကို စိုက်ကြည့်လိုက်ပါသည်။ နေကြာလည်း ကိုယ်မှ မရှောင်ပေး ရင် သူတို့စကားလည်း ရဲရဲပြောရမှာ မဟုတ်တာမို့ ကိုယ့်ဘာသာ ပဲ ဆုံးဖြတ်ချက် ယူလိုက်ပြီး ...

"နေကြာ ပြန်လာခေါ်တာပဲ ကောင်းတယ်၊ ဘယ်ဆိုင်လဲ ပြောခဲ့နော်"

ဟု ဖြေရှင်းပေးလိုက်သောအခါ ကိုမင်းရဲသွေးရဲ့ သက်ခံသော မျက်လုံးအကြည့်တွေကို မြင်လိုက်ရပါသည်။

❀ ✳ ❀



www.burmeseclassic.com

## ၅

ဂန္ဓမာသည် Diplomaဘွဲ့ရသည့် နေ့မှာဝင် မင်းရဲ့ သွေးကို အဖြေပေးလိုက်ကြောင်း၊ အရင်ဆုံး နေကြာ့ကို အသိပေး သည်။ နေကြာသည် မထူးဆန်းလှသော သတင်းပေမဲ့ မမမာ ပြောလာတော့လည်း အရေးတယူ နားထောင်ပေးပါသည်။

"အမေ့ကို ပြောရင်ကောင်းမလား။ မကောင်းဘူးလားတော့ မသိသေးပါဘူး"

မမမာက ထိုသို့ စကားကို အဆုံးသတ်သည်။

"ဘာဖြစ်လို့လဲ မမမာရဲ့"

"အမေ လိုချင်တာက ရည်းစားဖြစ်ရုံတင် အနေအထား မဟုတ်ဘူးလေ၊ အမေက ကိုယ့်ကို လက်ထပ်ခွင့်ပါ တစ်ခါတည်း တောင်းထားပြီးသား ဖြစ်တာကို ကြားချင်





တယ်လို့ အစတည်းက ပြောထားပြီးသား နေကြာရယ်၊ နင်လည်း သိတာပဲ"

"ခုပဲ ရည်းစားဖြစ်၊ ခုပဲ လက်ထပ်ကြမယ်လို့တော့ ဘယ် ယောကျ်ားလေးမှ ပြောချင်မယ် မထင်ဘူး။ ဘယ်သူမဆို ကိုယ်နဲ့ သူနဲ့ စိတ်သဘောထားချင်း တူ့မတူ လေ့လာ ချင်မှာပဲ။ သူ့စရိုက် ကိုယ့်စရိုက် အနီးကပ် အကဲခတ်ချင် မှာပဲ"

"ငါ အမေ့ကို ပြောတဲ့အခါ နင်လည်း အနားမှာ လာနေ နော်"

"စိတ်ချပါ၊ နေကြာက မမမာ လူပဲ၊ မမမာ နားမှာ နေမှာ"

"ကိုမင်းရဲ့သွေးက တစ်ခုတော့ မှာလိုက်တယ်"

"ဘာလဲ"

"မမမာနဲ့ သူ ချစ်သူဖြစ်ရတဲ့ အထိမ်းအမှတ် အဖြစ် ဒီက ညီအစ်မတွေရယ်၊ သူ့ညီမရယ်၊ ကိုသိဃ်သူတို့ မောင်နှမ ရယ်၊ တစ်ရက် အားလုံးဆုံကြပြီး Dinner ဖြစ်ဖြစ် ကျွေး ချင်တယ်တဲ့"

နေကြာသည် သိဃ်သူ ဟူသောလူကို ထပ်ဆုံရမှာ ဆိုလားပေမဲ့လည်း မမမာက ဒီကိစ္စကို စိတ်အားထက်သန်စွာ ဖမ်းသာအားရလေး ပြောပြနေသဖြင့် အသာခေါင်းညိတ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို ပြောသောအခါ ညဘက် သားအမိတ သိုက် TV ကလာသော ကိုရီးယားကားကို ကြည့်ကြချိန်မှာ ဖြ ပါသည်။ အိမ်မှာ မိန်းမအုပ်စုများပြီး Drama (ဒရာမာ)ကား ကြိုက်ကြသူများပီပီ နေကြာတို့တစ်တွေလည်း မြန်မာပီသစွာပင် ကိုရီးယားကားကို ကြိုက်နေကြတာ မဆန်းပါ။ အမေကတော့ မိန်းမနဲ့ သမီးတွေ ကိုရီးယားကားအပြီးကိုသာ စိတ်ရှည်လက်ရှည် စာအုပ်ဖတ်စောင့်ရင်း Satellite ကလာသော CNN သတင်း ဘောလုံးပွဲ၊ တင်းနစ်ပွဲတွေနှင့် Funniest Home Video Show တို့လို အစီအစဉ်တွေကို ကြည့်ဖို့ စောင့်နေပါသည်။

"လက်ထပ်ဖို့ ဘာညာရော ပြောသေးလား"

မျှော်လင့်ထားသလိုပင် အမေက ထိုသို့ ပြန်မေးသော အခါ မမမာသည် နေကြာကို အဖော်ညှိသလို ကြည့်ရင်း ...

"အခုမှ ရည်းစားဖြစ်တယ်၊ အခုပဲ လက်ထပ်ကြမယ်လို့ ဘယ်ယောကျာ်းလေးကမှ ပြောချင်ကြမှာ မဟုတ်ဘူး အမေရယ်၊ သူလည်း ဘယ်ပြောဦးမလဲ"

"တော်ကြာ ထီပေါက်ပြီး ထီလက်မှတ်ပျောက်သလို ဖြစ် နေဦးမယ်"

"ကိုမင်းရဲသွေးက မိန်းကလေးတစ်ယောက်ကို အပျော်ခံပြီး ရည်းစားထားမဲ့ လူမျိုးတော့ ဟုတ်ပုံမရပါဘူး"





နေကြာက မမမာဘက်မှ ဝင်ပြောပေးလိုက်သည်။ ဒီတော့ အမေက နေကြာ့ဘက် လှည့်လာပြန်သည်။

"နေကြာကရော သိဃ်သူ ဆိုတဲ့ ကောင်လေးကို ခေါင်းထဲ မထည့်သေးဘူးလား"

နေကြာ လန့်သွားပါသည်။ အမေ ဒီလူ့ကို မမေ့ဘဲ ကိုး။ အမေဟာ တွေ့ပဲ တွေ့တတ်တယ်။

"အဲဒီလူကိုတော့ နေကြာ မစဉ်းစားပါရစေနဲ့ အမေရယ်"

"ဟဲ့ ... ဘာဖြစ်လို့လဲ၊ သူလည်း မင်းရဲသွေးတို့ အသိုင်း အဝိုင်းထဲကပဲလေ။ တော်တော်လည်း ချမ်းသာတယ်လို့ အမေ သိထားတယ်"

"အမေ ဘယ်ကသိလာလဲ"

"အို ... သမီးရှင်ဆိုတာ ဒီလိုပဲ နားစွင့်နေရတာပဲ၊ ပြော ကြရင်း ဆိုကြရင်းနဲ့ သူဌေးတစ်ယောက် အကြောင်း ကိုယ့်နားထဲ ရောက်လာတာပါပဲ၊ သိဃ်သူလို့ ကြားလိုက် တော့ အမေ မှတ်မိသွားတာပေါ့၊ ဒါ မင်းရဲသွေး ဘေးက ကောင်လေးပဲလို့"

စကားဝါနဲ့ ခရမ်းပြာကလည်း နေကြာ့ကို ထောက်ခံပြီး ...

"ဟုတ်တယ် အမေ၊ သိဃ်သူနဲ့ ဆိုရင်တော့ မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူက သိပ်မာနကြီးပြီး အဆင့်အတန်း ခွဲခြားတတ်ပုံရတယ်"

အမေက သမီးနှစ်ယောက် တစ်ပြိုင်တည်း ပြောသဖြင့် ...

"အံမယ် ... တယ်သိနေပါလား"

လို့ မျက်လုံးပြူးရင်း ပြောလိုက်ပါသည်။

"ဘယ်လို သိလို့လဲ"

"သူ လူတစ်ဖက်သားကို ကြည့်ပုံ ရှုပုံကို နေကြာ မကြိုက်ဘူး အမေ။ သူက နေကြာတို့ကို အထင်သေး ရွတ်ချသလို ကြည့်တယ်။ အမေ့ကိုလည်း ဒီမိန်းမကြီး သမီးတွေ ဗန်းပြပြီး သူဌေးတွေ လိုက်သမက်ဖမ်းနေတယ် ဆိုတဲ့ ပုံစံနဲ့ ကြည့်တာ နေကြာ သိတယ်။ နောက်ပြီးတော့လည်း ဟိုးတစ်လက နေကြာနဲ့ မမမာတို့ ယုဇနပလာဇာမှာ ဈေးဝယ်တော့ ကိုမင်းရဲသွေး လာစောင့်နေတာ အမေ့ကို ပြန်ပြောပြဖူးတယ်၊ အမေ မှတ်မိလား"

"အေး မှတ်မိပါတယ်၊ အဲဒါ သိယံသူနဲ့ ဘာဆိုင်လဲ"

"အဲဒီတုန်းက ကိုသိယံသူနဲ့ မတော်တဆ ဆုံကြသေးတယ်လေ။ ကိုမင်းရဲသွေးက သူ့ကို နေ့လယ်စာ အတူလိုက်စားပါလို့ ဖုန်းဆက်ခေါ်တာတောင် မလိုက်ဘူး၊





ငြင်းတယ်၊ နေကြာတို့ကို ဝေးဝေးရှောင်တယ်ဆိုတဲ့ သဘောနဲ့ ငြင်းတာ အမေရဲ့။ သူ့ကိုပါ အဖမ်းခံရမှာ စိုးရိမ်သလိုနဲ့ နေကြာတို့ကို တွေ့တာနဲ့ ပြေးတယ်"

အမေကတော့ စိတ်ဆိုးဟန် မပြဘဲ မျက်နှာအမူအရာမပျက် နားထောင်နေပါသည်။ ဇီဇဝါက အမေဘာမှ မပြောခင် ရှေ့ကဝင်ပြီး ...

"ဒီလောက် ချူစားခံရမှာ ကြောက်နေတဲ့လူ ပညာပေးတဲ့အနေနဲ့ မမနေကြာက အတင်းဇာတ်လမ်းစပြီး သူ့ရည်းစားဖြစ်အောင်လုပ်၊ သူ့ဆီက ကောင်းကောင်းချူစားပြီးပြီးမှ ကန်ထုတ်ပြလိုက် ဟီဟီး။ ဒါမှ ဒူးထောက်အသည်းကွဲပြီး ကျန်ခဲ့ရမှာ"

လို့ ဗရွတ်ရွတ်တနင့် ပြောပါသည်။

"ဇီဇဝါ ... အဲဒီလို ပြောစရာလား၊ ကိုယ်က မိန်းကလေး။ ယောကျ်ားတစ်ယောက်ကို ချူစားရရုံတွဲပြီး ထားခဲ့စရာလား။ အမေ့ရှေ့မှာ အဲဒီလို ဣန္ဒြေမရတာတွေ လာမပြောနဲ့စမ်း။ အမေ လိုချင်တာက ငါ့သမီးတွေ ရည်းစားများတယ်၊ ယောကျ်ားလေးတွေကို ချူစားတတ်တယ် ဆိုတဲ့ သတင်းမျိုး မဟုတ်ဘူး။ ဦးမြတ်ကျော် ဒေါ်ခင်ခင်အေးတို့ သမီးလေးတွေ ရုပ်လည်း လှကြသလို၊ ကုသိုလ်ကံ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေလည်း လှကြတယ်။ ယောကျ်ားရ ကံကောင်းတယ်၊ သူ့ဗွေးကတော်လေးတွေပဲ ဖြစ်ကြရတယ်ဆိုတဲ့ သတင်းမျိုးပဲ။ ကိုယ့်သိက္ခာနဲ့ ကိုယ့်ဣန္ဒြေလေးနဲ့ ကိုယ့်ရုပ်ရည်လေးနဲ့ တည်တည်သာနေပြစမ်းပါ။ ဘယ်ယောကျ်ားမဆို ကိုယ့်ရှေ့ ဒူးထောက်လာမှာပဲ။ အေး ... ဒါပေမဲ့ အခုလို သိဃ်သူ့လို ကိုယ့်ကို အလကားနေရင်း အမြင်မကြည်၊ အထင်သေးနေမဲ့ ယောကျ်ားမျိုး ဆိုရင်တော့ ဂရုစိုက်စရာလား၊ အမေလည်း ဂရုမစိုက်ပါဘူး။ သမီး နေကြာ ခေါင်းထဲမထည့်ရင် မထည့်နဲ့ ရတယ်၊ အမေ အစက သူ့စိတ်သဘော မလေ့လာမိလို့ပါ"

နေကြာ ရင်ထဲ ခုမှ စိတ်အေးသွားသလို သက်ပြင်းချမိပါသည်။

"ကိုမင်းရဲသွေးက ဂန္ဓမာတို့ ညီအစ်မတွေကို Dinner ဖြစ်ဖြစ် အားလုံးဆုံပြီး လိုက်ကျွေးချင်တယ်လို့ ပြောထားပါတယ် အမေ။ အဲဒါ ဘယ်လိုသဘောရလဲ"

"ဘယ်တော့တဲ့လဲ"

"အဲဒါ မသေချာသေးဘူး။ ဒီဘက်က လိုက်မယ်ပြောမှ သူညှိမရယ်၊ ကိုသိဃ်သူတို့ မောင်နှမရယ်ပါ ထပ်ရက်ညှိပြီး ဆုံချင်တာတဲ့"





"အင်း ... အဲဒါဆိုလည်း မဆိုးပါဘူးလေ။ သူက သူ့ရဲ့ တစ်ဦးတည်းသော ညီမနဲ့ပါ အသိပေးမိတ်ဖွဲ့ထားတဲ့ သဘောဆိုတော့ မဆိုးပါဘူး။ အမေ မှာထားတာတော့ မမေ့နဲ့နော်။ ကိုယ့်ဘက်က အလိမ္မာလေးနဲ့ ဈေးစပ်လက်ထပ်ဖို့ကိစ္စကိုတော့ လှည့်ပတ်ပြော သိလား။ ကျွန်မကို လက်ထပ်ပါလို့တော့ တိုက်ရိုက်ကြီး ပြောခိုင်းတာ မဟုတ်ဘူးပေါ့ ဂန္ဓမာရယ်။ ကိုယ့်အသိဉာဏ် ပညာလေးနဲ့ ပြောတတ်သလိုပြောဖို့ မှာတာ။ နောက် သိပ်ပြီးလည်း တွဲသွားတွဲလာ မလုပ်နဲ့။ သူ ခေါ်တိုင်း မသွားနဲ့၊ သူချိန်းတိုင်း မသွားနဲ့ပေါ့။ တွေ့ပါ မြင်ပါများရင် ရိုးအီသွားမယ်၊ လွယ်မှန်းသိရင် အဖိုးလေးမထားဘဲ နေလိမ့်မယ်။ ယောကျ်ားလေးတွေက ခက်ခက်ခဲခဲ ကြိုးစားပြီး လက်ထပ်ဖို့ ချဉ်းကပ်ရတဲ့ မိန်းကလေးမှ ပိုတန်ဖိုးထားကြတာလေ"

နေကြာတို့ ညီအစ်မတစ်တွေ အမေ့စကားကို ခေါင်းညိတ် နာခံလိုက်ကြပါသည်။

သိပ်မကြာသော ရက်တစ်ရက်မှာ နေကြာတို့ တစ်တွေနဲ့ ကိုမင်းရဲသွေးတို့တစ်တွေ နာမည်ကြီး စားသောက်ဆိုင်ကြီးမှာ Dinner စုစားကြဖို့ ရက်တွေ ချိန်းဖြစ်ကြပါသည်။ နေကြာတို့ ပြောလိုက်သောရက်ကို မင်းရဲသွေးက တစ်ဖက်ကို ပြန်ပြောပြီး ညှိမည်ဟု သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲသွေးသည် ဂန္ဓမာနှင့်ကိစ္စကို မိဘတွေတော့ မပြောသေးပေမဲ့ ညီမဖြစ်သူ ရတနာသွေးကိုတော့ တော်တော်များများ အသိပေးထားသည်ဖြစ်ရာ ...

"ရတနာ ... ငါနဲ့ ဂန္ဓမာ ရည်းစားဖြစ်သွားကြပြီ၊ သူ ငါ့ကို လွန်ခဲ့တဲ့ တစ်ပတ်ကမှ အဖြေပေးတယ် သိလား"

ဟု စပြီးပြောပြလိုက်သည်။

ရတနာသွေးက တီးလက်စ, စန္ဒရားသံကို မရပ်ပစ်ဘဲ ...

"အခုမှ ရည်းစားဖြစ်တာလား၊ မသိပါဘူး။ တွေ့ပြီး နှစ်ခါလောက် အကြာမှာ အဖြေပေးတယ် ထင်လို့"

ထိုနေ့က သိဃ်သူလည်း မင်းရဲသွေးအိမ် ရောက်နေပြီး ရတနာသွေးနဲ့အတူ စန္ဒရားတစ်ယောက်တစ်လှည့် တီးနေသည်ဖြစ်ရာ သူတို့မောင်နှမပြောသံကို ဝင်မပါသေးဘဲ အသာနားထောင်နေပါသည်။ သိဃ်သူကတော့ ဂန္ဓမာ့ဆီက မင်းရဲသွေး အဖြေရရချင်းပင် မင်းရဲသွေး ဝမ်းသာအားရ ဖုန်းဖြင့် SMS message ပို့ထားသောကြောင့် သိပြီးနေပြီ။

"သူ Hotel Management Diploma ရတဲ့နေ့မှာ အဖြေပေးတာပါ။ အခု သူ(......) Hotel မှာ အလုပ်လျှောက်ထားတယ်"





"အလုပ်များ လုပ်ဖို့လိုသေးလား။ ကိုကိုရဲလို သူဌေးကို အပိုင်ဖမ်းပြီးပြီပဲ"

"ရတနာ ... နင် ဘာလို့မကောင်းတာပဲ ရွေးပြောနေလဲ၊ ဂန္ဓမာ့ကို မနှိမ်ပါနဲ့။ အထင်မသေးပါနဲ့။ သူ့ကို ငါတကယ် ချစ်တယ်။ တစ်နေ့ကျရင် သူ့ကို ငါ လက်ထပ်မယ်"

"ဒါက ကိုကိုရဲ့ သဘောပါ။ အိမ်မှာ ဖေဖေနဲ့ မေမေက အစ ကိုကိုရဲ့ ဘာလုပ်လုပ် ခွင့်ပြုထားတာပဲ၊ ကိုကိုရဲ့ လုပ်ချင်တာ လုပ်လို့ရပါတယ်၊ ရတနာကတော့ ကိုယ့်ဘာသာ စိတ်ထဲမှာ သဘောမကျနေတာ သဘောမကျဘူးပဲ၊ ပြင့်လို့ မရဘူး"

"သဘောကျကျ မကျကျ အခုလာမဲ့ ဆန်းဒေးညနေကျရင် သူတို့ညီအစ်မတွေနဲ့ ငါတို့မောင်နှမ သိဃ်တို့မောင်နှမ Dinner အတူတူစားဖို့ (r......) restaurant မှာ တစ်ဝိုင်း Booking ယူထားပြီးပြီ၊ ဒါပဲ နင်, မရှောင်နဲ့"

"မရှောင်ပါဘူး၊ ဘာလို့ရှောင်ရမှာလဲ။ ကိုယ်က အစ်ကို,ကို ပိုင်တဲ့သူပဲ၊ စင်ပေါ်က ကြည့်ရုံပဲ၊ ဒါနဲ့ ကိုကိုသိဃ်က ကြိုသိပြီးသားလား၊ ကြည့်ပါဦး ပြုံးစိစိနဲ့ ငြိမ်နေလိုက်တာ"

ရတနာသွေးသည် သိဃ်သူပါ ဒီပွဲမှာ ပါမည်ဆိုသဖြင့် …ိပ်တော့ ဘာဝင်မကျလှပေမဲ့ အစ်ကိုဖြစ်သူရဲ့ စေ့စီဦး



www.burmeseclassic.com

www.burmeseclassic.com



တည်းသော အချစ်ဆုံး သူငယ်ချင်းကို ဒီပွဲဖိတ်တာကျ တားလို့ မရတာမို့ ငေါ့သလိုလေးသာ ပြောလိုက်ရပါသည်။

"ရဲသွေးကိုစွ ငါမှမသိရင် ဘယ်သူသိမှာရှိလို့လဲ"

"ကိုကိုသိယံကရော အဲဒီညီအစ်မတွေထဲက ဘယ်သူ့ကို စိတ်ဝင်စားနေပြီလဲ"

"ဟာ ... ကြံကြံဖန်ဖန်၊ ဘယ်သူ့ကို စိတ်ဝင်စားရမှာလဲ၊ ကိုယ့်ဘာသာ သူငယ်ချင်းကိုစွ ဝင်ပါတာ ပါ,ပါရစေ"

"ဒေဝီ့ကိုရော ပြောပြဖူးလား"

"ဘာလဲ ... ရဲသွေး အကြောင်းလား"

"အင်းပေါ့၊ ကိုကိုသိယံတို့ မောင်နှမနဲ့ ရတနာတို့ မောင်နှမက တကယ့်အနီးစပ်ဆုံး မိတ်ဆွေတွေပဲဟာ"

တကယ်တော့ ဒေဝီတင်သည် ရတနာသွေးနဲ့တော့ ရွယ်တူမဟုတ်ပါ။ ဒေဝီတင့် အသက်က ခုမှ ဆယ့်ခုနစ်နှစ်ပြည့် ပြီးရုံသာ ရှိသေးသည်။ ရတနာသွေးက အသက်နှစ်ဆယ် ရှိနေပြီမို့ သုံးနှစ်မျှ ကွာလေရာ တကယ်တော့ သိပ်မရင်းနှီးလှပါ။ အစ်ကိုချင်းသာ အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်နေတာ။

"ရဲသွေး ရည်းစားရသွားတဲ့ အကြောင်းတော့ ပြောပြလိုက်တာပေါ့လေ"

"အဲဒီညီအစ်မတွေ အကြောင်းပါ ပြောလိုက်သေးလား"





သိယံသူသည် ရတနာသွေး ဘာသဘောနဲ့ မရမက လိုက်မေးသည်ကို ယောက်ျားမို့ ဘာမှသဘောမပေါက်ပေမဲ့ ရတနာ သွေး စပ်စပ်စုစု မေးသည်ကိုတော့ စိတ်မရှည်ချင်တော့ပါ။

"ရဲသွေး ရည်းစားအကြောင်း ပြောတယ်ဆိုမှတော့ သူ့ ရည်းစားဟာ ဂန္ဓမာ၊ ဂန္ဓမာကတော့ဖြင့် ဘယ်သူဘယ်ဝါ၊ ညီအစ်ကို မောင်နှမ ဘယ်လို ဆိုတာလောက်တော့ ထည့် ပြောမိတာပေါ့ ရတနာရယ်။ ညည်း ဘယ်လိုဖြစ်ပြီး စပ်စု နေရတာလဲ၊ ငါ့ညီမလေးကို ငါ ဒီ့ထက် ဘာများပိုပြော စရာရှိလို့လဲ"

ထိုသို့ သိလိုက်ရပြန်တော့ ရတနာသွေး မကျေနပ် သလိုလို ဖြစ်သွားပါသည်။ ဘာကြောင့်မှန်း မသိ၊ ကိုကိုသိယံ အဲဒီညီအစ်မတွေနဲ့ ဆုံသည်ဖြစ်စေ၊ မဆုံသည်ဖြစ်စေ စကားထဲ ထည့်ပြောရသည်ဆိုသော အကြောင်းအရာကို ရတနာသွေးမှာ လက်မခံချင်သလိုလည်း ဖြစ်နေပါသည်။

သိယံသူသည် စကားမြန်မြန်ဖြတ်ပစ်ပြီးနောက် ...

"ကဲ ... နင် Vennesa Carlton ရဲ့ သီချင်းကို ဆက်ကျင့် ဦးမှာလား"

"ကိုကိုသိယံက အဲဒီလိုပဲ စိတ်လည်းမရှည်ဘူး"

"စိတ်ရှည်ပါတယ်၊ နင်က notes ထဲမှာ စိတ်မပါဘဲ စကားများနေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"မများတော့ဘူး၊ မများတော့ပါဘူးရှင်၊ ဒီအပုဒ်လေးတော့ ပြီးအောင် တိုက်ပေးပါ၊ ကိုကိုသိဃ်က ရတနာ့ထက် အများကြီး ပိုပြီးတော်တယ်။ ကိုကိုသိဃ်နဲ့ အတူတူ မရတဲ့ အပုဒ်ကို ကျင့်လိုက်ရင် ရသွားတာများတယ်"

ရတနာသွေးသည် စန္ဒရားခုံမှာ သူမထိုင်တီးနေစဉ် ကိုကိုသိဃ် ဘေးကနေ မိုးရပ်ပြီး ကြည့်နေသည့် အချိန်ကာလကိုတော့ ဘာနဲ့မှ မလဲနိုင်အောင်ပင် မက်မောမိနေပြီ ဖြစ်သည်။

❄ ✳ ❄





၆

ညီအစ်မ တစ်သိုက်တို့သည် နေကြာ မောင်းသော စ်ဆန်းဆန်းနီ ကားလေးဖြင့် ချိန်းထားသော စားသောက်ဆိုင်ကို ညနေခြောက်နာရီလေးဆယ့်ငါးလောက်မှာ ရောက်လာကြသည်။ မီးရောင်များဖြင့် လင်းထိန်နေသော စားသောက်ဆိုင်ဝမှာ ရပ်လိုက် ဘာနဲ့ မှန်တံခါးကို အသင့်ဖွင့်ပေးရသော ပြည်မတရုတ်ရိုးရာ ရှူဝတ်စုံ ဝတ်ဆင်ထားသော ကြိုဆိုရေးတာဝန်ခံ ဝန်ထမ်းနှစ်ဦးတို့သည် တံခါးဖွင့်ဖို့ကိုပင် မေ့ပြီး ငေးမောသွားပါသည်။

အရပ်အမောင်းညီညီ အချောအလှ ညီတူညီမျှနှင့် တ်မိမိ လှပနေသော မိန်းမချောလေး ခြောက်ယောက်တို့ကို တစ်ပြိုင်တည်း တွေ့ရသဖြင့် ဘယ်သူမဆို ရုတ်တရက်တော့ တိမေ့သလို ငေးမောငြိမ်သက်သွားမိစမြဲပါပင်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ သူတို့ဘာသာ သတိရသွားပြီး ရှက်ရှက်ကန်း ပြုံးကြရင်း မှန်တံခါးလက်ကိုင် ရွှေရောင်ကိုင်းကြီး နှစ်ဦးပြိုင်တူ တစ်ဖက်စီကိုင်၍ အသာတွန်းဖွင့်ပေးကြလျက် ...

"မင်္ဂလာညနေချမ်းပါခင်ဗျာ"

ဟူ၍ ပြိုင်တူနီးပါး နှုတ်ဆက်လိုက်ကြသည်။

အတွင်းဘက် စားသောက်ဆိုင်ကြီးထဲ ဝင်လိုက်တော့ နှင့် တကယ့် တရုတ်သိုင်းကားတွေထဲမှာ တွေ့ရသလို ရိုးရာဝတ်စုံများ အသီးသီး ဝတ်ထားသော ဝန်ထမ်းများ၊ စားပွဲထိုးများ၊ ဆိုင်တွင်းအပြင်အဆင်များ လွှမ်းခြုံထားသော မြင်ကွင်းကို အရင်ဆုံး တွေ့ရပါသည်။

ခီဇဝါက ...

"ဟယ် ... သိုင်းကားထဲ ရောက်သွားသလိုပဲ"

လို့ ဝမ်းသာအားရ ဝေဖန်ပါသည်။

"မင်္ဂလာပါရှင်၊ ဒီက အစ်မတို့ကို အခန်းနံပါတ်(...)စားပွဲမှာ အသင့်စောင့်နေပါတယ်၊ ကျွန်မနောက်က လိုက်ခဲ့ပါရှင်၊ လမ်းပြပေးပါမယ်"

ရှင်ဘက်မှာ နဂါးရုပ်ရွှေရောင်ကြီး ကြွရွနေအောင် ရွှေချည်ထိုးထားသော အနီရောင်ဝတ်စုံ၊ ဆံပင်ရှဲ့ ဆံထုံးနှင့် ဆံထိုးတန်ဆာလန်းလေးတွေ လှုပ်တုတ် လှုပ်တုတ်၊ နားဆွဲသီးပုလဲ





လုံး လှုပ်တုတ် လှုပ်တုတ်လေးနှင့် ဝန်ထမ်းအမျိုးသမီးလေးက ခါးလေးညွတ် နှုတ်ဆက်ပြီး လာခေါ်ပါသည်။

သီးသန့်စားသောက်ခန်းများ ရှိသလို ခန်းမကျယ်ကြီးထဲလည်း စားဝိုင်းများရှိလေရာ ရောက်နေပြီးသား လူပရိသတ်ကတော့ ညီအစ်မတစ်တွေကို အကုန်လုံးနီးပါး လိုက်ငေးကြရင်း ...

"မော်ဒယ်လ်တွေလား၊ မင်းသမီးတွေလား မသိဘူး"

လို့ ပြောသူက ပြောပြီး ကျန်ရစ်ပါသည်။

စကားဝါကတော့ ဘေးလူ ကိုယ့်ကိုကြည့်တာကို ဂရုမစိုက်နိုင်ဘဲ ရှေ့ကသွားနေသော ဝန်ထမ်းကောင်မလေးကို ဆဖန်နေပါသည်။

"ကျန်းကျိုယီနဲ့ တူသလိုပဲနော်"

"လူစီလျူး(Lucy Lu)နဲ့ တူတာ မဟုတ်ဘူးလား"

ခရမ်းပြာက နောက်ထပ် တရုတ်မင်းသမီး တစ်ယောက်နှင့် တူသည်ဟု ငြင်းပါသည်။ နေကြာကတော့ ရှေ့က ဝန်ထမ်းကောင်မလေးဟာ တရုတ်မင်းသမီး ကျန်းကျိုယီနဲ့ တူသလား၊ လူစီလျူးနဲ့ တူသလား သေသေချာချာ မကြည့်အားပါ။ စားသောက်ခန်းမကျယ်ကြီးထဲက အပြင်အဆင်ကိုသာ သဘောကျပြီး ခလုတ်ပင်တိုက်မိအောင် အငေးကောင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်မီးအိမ်လေးတွေ မီးပုံးလေးတွေ ထွန်းညှိထား သော သီးသန့်ခန်း တံခါးဝမှာလည်း ဝန်ထမ်းတစ်ယောက် ရပ် နေပါသည်။ ထိုသူက ဆင်နားရွက်တံခါးပုံစံတံခါးကို အသာတွန်း ဖွင့်ပေးထားလျက် ...

"မင်္ဂလာညနေချမ်းပါခင်ဗျာ"

လို့ နှုတ်ဆက်နေပါသည်။

ညီအစ်မတစ်တွေ အထဲဝင်လိုက်တော့ ရောက်နှင့် နေပြီးသား မင်းရဲသွေးတို့ အုပ်စုက အသင့်စောင့်ကြည့် ကြို နေပါသည်။

"ဒီနားလာထိုင် ဂန္ဓမာ"

မင်းရဲသွေးသည် ဂန္ဓမာ့ကို သူ့ဘေးခုံမှာ လာထိုင် ဖို့ ဖိတ်ခေါ်ပါသည်။ ဂန္ဓမာ့ ဘေးမှာ ရတနာသွေး၊ ရတနာသွေး ဘေးမှာ နေကြာ အလိုလိုဝင်ထိုင်မိပြီးသား ဖြစ်သွားသည်။ နေကြာ့ နားမှာ စကားဝါကပါ နေရာဝင်ယူပါသည်။

မင်းရဲသွေး ဘေးမှာတော့ ဒေါ်ယုံနှင့် သူ့ညီမလေး ရှိနေသည်။ ညီအစ်မတစ်တွေ အသီးသီး နေရာဝင်ယူလိုက်တော့ ဆယ်ယောက်ဝိုင်းသည် အခုမှပဲ နေရာပြည့်သွားပါသည်။ စား ဝိုင်းကြီးက ကြီးပေမဲ့ အလယ်အဝိုင်းမှာ လှည့်လို့ရသော ဆုံလည် စားပွဲဝိုင်း ဖြစ်သဖြင့် ကိုယ်လိုချင်သောဟင်းကို ထယူစရာမလို လှည့်လိုက်ရုံသာ။





ဂန္ဓမာတို့ ညီအစ်မတစ်တွေ ရောက်လာသည်အထိ ဟင်းပွဲတွေကတော့ မမှာထားကြသေး။ စားပွဲထိုးက ဂန္ဓမာတို့ ထိုပါ Menu ကတ်တွေ တစ်ယောက်ချင်း ထပ်လာပေးပါသည်။

"ကြိုက်တာ မှာစားကြစေချင်လို့ ဘာမှမမှာသေးဘူး။ ထမင်းနဲ့ Hot Pot ကိုတော့ အသင့်ပြင်ထားဖို့ ပြောထား တယ်"

"ရပါတယ် ကိုမင်းရဲသွေးရဲ့။ ကြိုမှာထားလည်း ကောင်း ပါတယ်၊ နေကြာတို့က လူအုပ်စုများတော့ ဒီလိုပဲ အပြင် တစ်ခါတစ်ခါ ထွက်ခါနီးရင် တစ်ယောက်စောင့် တစ် ယောက်စောင့်နဲ့ သွားလေရာတိုင်း အမြဲနောက်ကျတတ်တာ အကျင့်ဖြစ်နေပြီ"

"သိပ်ပြီး နောက်မကျပါဘူး၊ ကျွန်တော်တို့လည်း နေကြာ တို့မရောက်ခင် ဆယ်မိနစ်လောက်ပဲ ရှိသေးတယ်၊ နေကြာ တို့လည်း မရှေးမနှောင်းအချိန် ရောက်လာတာပါ"

မင်းရဲသွေးက ရတနာသွေးကို ကြည့်လိုက်ပြီး ...

"ရတနာ ... သူက ဂန္ဓမာလေ၊ မှတ်မိလား"

ဟု စပြောပါသည်။

"မှတ်မိပါတယ်၊ ဂန္ဓမာတစ်ယောက်ပဲ သေသေချာချာ မှတ်မိလိုက်တယ်။ ညီအစ်မတွေကများတော့ ကျန်တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တွေတော့ လူနဲ့နာမည် မတွဲမိဘူး ဖြစ်နေတယ်၊ ဆောရီး နော်"

ရတနာသွေးသည် အားလုံးရှေ့မှာ ကိုယ့်အမျက်ကို လူ့မသိစေချင်၍ ဟန်ဆောင်ပြီး ပြောလိုက်ပါသည်။

"ဒါကတော့ သိယ်သူ့ ညီမလေး ဒေဝီတင်တဲ့"

စကားဝါက မြင်ဖူးပြီးသား ဖြစ်နေ၍ သိနေသည်။ ကျန်တဲ့ နေကြာတို့ တစ်သိုက်က ခုမှမြင်ဖူးတာ ဖြစ်သဖြင့် အခု မှ ဒေဝီတင် ဆိုတာ သူ့ပါလားဆိုပြီး ကြည့်နေမိကြသည်။

မျှော်လင့်ထားသလို မာနခပ်ကြီးကြီး၊ ခပ်ထန်ထန် မျက်နှာပေးမျိုးနဲ့ မဟုတ်ဘဲ အေးဆေးတိတ်ဆိတ်ပြီး ရိုးအေးလှ သော မျက်လုံးတွေကို ပိုင်ဆိုင်သော မိန်းကလေးထံမှာ အဆင့် အတန်းမြင့်သည့် အလှတရားတော့ရှိနေပါသည်။ ရုပ်‚သိပ်အချော အလှကြီး မဟုတ်ပေမဲ့ သူ့ဗွေးဟူသော ဂုဏ်နှင့် ငယ်ဂုဏ်တို့ ကြောင့် အရှိန်အဝါတစ်မျိုးကတော့ သူမထံမှာ ရှိနေသည်။

"ဒေဝီတင်က ဒီဇဝါနဲ့ ရွယ်တူလောက် ရှိမယ်ထင်တယ် နော် ဂန္ဓမာ"

"ဒီဇဝါက ဆယ့်ခုနစ်ပြည့်ပြီးပြီ"

"ဒါဆို အတူတူပဲ၊ ဒေဝီကလည်း ပြီးခဲ့တဲ့လ‚ကမှ ဆယ့် ခုနစ်ပြည့်တာ"





မင်းရဲသွေးနဲ့ ဂန္ဓမာတို့ဘာသာ ပြောဆိုပြီး ဒီဇဝါ ဒေဝီတင်ကို အဆော်ဖြစ်စေလိုဟန် ပြောပေမဲ့ ဒေဝီတင့် အာရုံ ကာ ဒီဇဝါထံမှာ မရှိပါ။ အဖြူပေါ် ပန်းပွင့်စိမ်းစိမ်းလေးတွေ ပ်ထားသော အင်္ကျီပုံစံလှလှလေးဖြင့် နုပျိုစိုလက်နေသည့် ကြာကိုသာ အကဲတခတ်ခတ် တကြည့်ကြည့်။

အားလုံး ကိုယ်ကြိုက်ရာ ကိုယ်မှာပြီး၍ ဟင်းပွဲ ကို စောင့်နေစဉ် မင်းရဲသွေးနဲ့ ဂန္ဓမာမှလွဲပြီး ကျန်တဲ့လူတွေ တော့ ဟန်ဆောင်ပန်ဆောင် စကားတွေ ထိုင်ပြောနေရပါသည်။

ဥပမာ ရတနာသွေးက နေကြာ အင်္ကျီလေးကိုကြည့်

"အင်္ကျီပုံလေး ဆန်းလိုက်တာနော်၊ အဲဒါ နေကြာ ချုပ်တာ ပဲလား"

လို့ နေကြာတို့ အင်္ကျီချုပ်တတ်ကြောင်း သိပြီးဟန် ဖြင့် မေးပါသည်။

"ဟုတ်တယ်၊ ကိုယ်တိုင်ပဲ ချုပ်တာပါ၊ ဖိတ်စ‚က သိပ် ဈေးမကြီးပါဘူး၊ အတွင်းသားက မှန်လိုပါးတော့ အပြင် က ပန်းပွင့်တွေ သေသေချာချာ ကပ်ထည့်ရတာက လက် ဝင်တာလေ၊ ဒီအင်္ကျီချုပ်တာ ချုပ်သမျှထဲမှာ အကြာဆုံး ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နှစ်ယောက်က ဘာများစားလို့လဲကွာ၊ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ပြီး ပိတိနဲ့ ဗိုက်ပြည့်နေတာ၊ ဘောက ငါပဲ တစ်ပွဲပြီး တစ်ပွဲ ဒိုင်ခံရှင်းရတယ်"

"မင်းတို့မောင်နှမ ပြန်ချင်ပြီလား သီယံ၊ ဒါဆိုလည်း ပြန်ပါ ရတယ်။ ဂန္ဓမာတို့ ညီအစ်မတွေနဲ့ ငါကတော့ ကန်ပေါင်မှာ လမ်းလျှောက်ကြဦးမယ်၊ စောပါသေးတယ် နော်။ အခုမှ ရှစ်နာရီခွဲတာ၊ နာရီဝက်လောက် ထပ်နေလို့ ရတယ် မဟုတ်လား"

မင်းရဲသွေးက ဂန္ဓမာ့ကိုလည်း မေးရင်း ကျန်တဲ့ညီအစ်မတွေကိုပါ အဖော်ညှိပါသည်။

"အမေ့ကို ကိုးနာရီကျော်လောက် ပြန်ရောက်မယ်လို့ ပြောခဲ့ပါတယ်"

ဂန္ဓမာ့ အဖြေကို ကျန်တဲ့ညီအစ်မတွေက ဘာမှဝင်မစွက်ဖက်ပါ။ တကယ်တော့ အမေကလည်း ဘယ်နှနာရီရယ် မသတ်မှတ်ပေမဲ့ သိပ်နောက်မကျစေနဲ့ ဆိုသော သဘောမျိုးသာ မှာလိုက်တာပါ။

"ကိုကိုသီယံတို့ ပြန်ရင် ရတနာလိုက်မယ်၊ ရတနာ့ကို အိမ်မှာ ဝင်ချပေးမလား"





ထိုသို့ ရတနာ ပြောနေချိန် ဒေဝီတင့်ထံမှ မထင်မှတ်သော စကားကို ကြားရသည်။

"ဒေဝီလည်း ဓိဇဝါတို့နဲ့ လမ်းလျှောက်ချင်တယ် ကိုကြီး"

ဟူသော ဒေဝီတင့် စကားတစ်ခွန်းနဲ့တင် သီယံသူ့အ ခေါင်းညိတ် သဘောတူသွားပြီး ဖြစ်နေပါသည်။

ဒီတော့ ရတနာသွေးသည် ဘာမှဆက်ပြောခွင့်မရတော့ဘဲ အားလုံး သဘောအတိုင်း လိုက်လျောလိုက်ရသည်။

တကယ်တော့ ဒီနေ့ညမှာမှ ကိုကိုသီယံဟာ နေကြာကို ခဏခဏကြည့်လွန်းနေသည်ဟု စိတ်ထဲ သံသယရှိတာနဲ့ ကိုကိုသီယံ ပြန်မယ်ထင်ပြီး ဝမ်းသာမိတော့မလို ဖြစ်နေတာ။ ညချမ်း လရောင်အောက်မှာ ကန်ပေါင်ပေါ်မှာ သူယောင်မယ်တွေလို လှနေကြမဲ့ ညီအစ်မတွေရဲ့ အလှကိုပါ ထပ်မြင်ရရင် ကိုကိုသီယံရဲ့စိတ်တွေ ပိုပြီးယိမ်းယိုင်သွားမှာကို စိုးရိမ်ပြီး ကိုကိုသီယံ ပြန်ပါစေလို့ ဆုတောင်းနေတာလည်း ဆုတောင်းက မပြည့်တော့။ အလိုက်မသိတဲ့ ဒေဝီတင့်ကိုပဲ ကျိတ်ဒေါသဖြစ်ရသည်။ ဒေဝီတင့်ကတော့ ဘယ်လို ညီမျိုးမှန်းကို မသိ။ အစ်ကို့ကို သဝန်မတိုတဲ့အပြင် ဒီညီအစ်မတွေထဲက တစ်ယောက်ယောက်နဲ့တောင် သဘောတွေ ကျိတ်တူနေသလိုလို ပုံစံလေးကို ရတနာသွေးမှာ အသည်းယားနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့လို သူဌေးသမီး သူ့အစ်ကိုနဲ့ တန်းတူရည်တူ မိန်းကလေးကိုတော့ မမြင်ဘဲ ဒီလိုရုပ်ပြပြီး မြူဆွယ်နေတဲ့ မိန်းကလေးတွေကိုမှ ကြံဖန်အထင်ကြီးပြီး သဘောကျရတယ်လို့လေ။

"ဂန္ဓမာ ကိုယ့်ကားနဲ့ လိုက်ခဲ့ပါလား"

ဂန္ဓမာက ညီမတွေကို တစ်ချက်လှည့်ကြည့်ပါသည်။ နေကြာ အလိုက်တသိဖြင့် ...

"မမမာ ရှေ့က လိုက်သွားနှင့်လေ။ နေကြာတို့ နောက်က ပါမှာပဲ"

နေကြာ ထိုသို့ပြောနေစဉ် လှစ်ခနဲ ပြုံးလိုက်သော သိယ်သူကို မျက်ဝန်းထောင့်မှ မြင်ဖြစ်အောင် မြင်လိုက်သေးသည်။ အစ်မကို ထိုးထည့်နေပြီရယ်လို့ ကဲ့ရဲ့ပြီး ပြုံးလိုက်တာမျိုး။ အေးလေ ... ဘာထင်ထင်ပေါ့။ သူက ကိုမင်းရဲသွေး အဖေမှ မဟုတ်တာ။ တားလို့ရတာမှတ်လို့။ ကိုမင်းရဲသွေး ကိုယ်တိုင်က မမမာကို တကယ်ချစ်နေပြီပဲ။

သူ ဘာထင်ထင်ပေါ့။ မမမာလည်း ကိုမင်းရဲသွေးကို တကယ်ချစ်တာပဲလေ။ သူတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် တကယ်ချစ်ကြလို့ကို ချစ်သူတွေ ဖြစ်သွားကြတဲ့လူတွေပါ။ ဘယ်တစ်ဦးတစ်ယောက်ကမှ ဓာတ်ပို့ပေးလို့၊ တွန်းပို့လောကလုပ်လို့၊ ဆွယ်တရားဟောလို့ ချစ်သူဖြစ်ကြရတာမှ မဟုတ်တာ။





ဒါပေမဲ့ ဘေးလူအမြင်မှာကျတော့ မမမာက အေးဆေးနေပြီး ကိုမင်းရဲသွေးက သည်းသည်းလှုပ် ချစ်နေသလို ပုံစံတော့ ဖြစ်နေတယ်။ နေကြာတို့ကတော့ သိတာပေါ့။ မမမာက ဒီလိုပဲ နေတတ်တာလေ။ ရင်ထဲက ခံစားချက်ကို ဘယ်တော့မှ မပြတတ်တဲ့ မမမာရဲ့ ရင်ထဲကို နေကြာတို့ကလွဲရင် ဘေးလူ ဘယ်သူမှ မရိပ်မိနိုင်ဘူး။ မမမာက သိပ်ကို တိတ်ဆိတ်ငြိမ်သက်လွန်းနေတာ။

ဥပမာ ... ခုန စားဝိုင်းမှာပဲကြည့်။ ကိုမင်းရဲသွေးကပဲ မမမာ ပန်းကန်ထဲ ဘာပဲ အသစ်ရောက်လာလာ အရင်ဆုံး ထည့်ထည့်ပေးပေမဲ့ မမမာက တစ်ချက်မှ ပြန်မထည့်ပေးဖြစ်ဘူး။ ကိုမင်းရဲသွေးက မမမာကို ခွံ့ကျွေးတော့မလောက် ဖြစ်နေပေမဲ့ မမမာကတော့ ရှက်ပဲရှက်သလားမသိ။ ခွံ့ကျွေးလည်း မခံ။ ခေါင်းခါပြီးတော့ကို ငြင်းသေးတာ။ မမမာ ငရုတ်ဆီ တစ်ချက်စပ်သွားပြီး မျက်ရည်တွေ ဝဲသွားတော့လည်း ကိုမင်းရဲသွေးပဲ အရင်ဆုံးမြင်ပြီး ...

"ဂန္ဓမာ ရလား၊ စားလို့ ဖြစ်ရဲ့လား၊ ရော့ ... ရော့ ... ဒီမှာ အအေးငုံသောက်လိုက်။ ပါးစပ်ထဲမှာ ရှိနေတာတွေ ဆက်မဝါးနဲ့ ထွေးလိုက် ထွေးလိုက်၊ စပ်နေရင် အခံရခက် [illegible]ယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီတင် ထိုမေးခွန်းကို မဖြေဘဲ ရယ်နေသည်။

"ကောင်းကွက် သိပ်မရှိဘဲနဲ့ ဘာလို့ခင်ချင်ရတာလဲ"

"မသိဘူး၊ ဒေဝီက အဲဒီလို ညီအစ်မတွေ အများကြီး၊ အရွယ်ချင်း မတိမ်းမယိမ်းတွေနဲ့ ဘယ်သွားသွား အတူတူ သွားရတာမျိုးကို သိပ်မက်မောလို့ ထင်တယ်။ ဒေဝီ့ဘဝက စဉ်းစားကြည့်၊ အစ်ကိုတစ်ယောက်ပဲ ရှိတာ။ အသက်ကလည်း ကွာတော့ သီးသန့်စီ ဖြစ်နေတယ်၊ မောင်နှမဝမ်းကွဲမှာလည်း ညီအစ်မနည်းပြီး ရှိတဲ့ အစ်မတွေကလည်း ဒေဝီ့ထက် ပိုအသက်ကြီးကြတဲ့ လူတွေပဲဆိုတော့ အကုန် အိမ်ထောင်ကျကုန်ပြီ၊ ဒေဝီ့မှာ သိပ်အဖော်မဲ့တာပဲ။ သူငယ်ချင်းတော့ ရှိပေမဲ့ ဒေဝီ့မှာ အဖော်အပေါင်း နည်းရမဲ့ဇာတာ ပါလားတော့ မသိဘူး။ အခင်ဆုံးသူငယ်ချင်းဆိုတာ ရှိမလာခဲ့ဘူး။ ကိုယ်ပေါင်းလိုက်တဲ့ လူတွေက ကိုယ့်အပေါ် မကောင်းတဲ့လူနဲ့၊ မနာလိုတဲ့လူနဲ့၊ ပြိုင်တဲ့လူနဲ့ အမြဲတွေ့နေရတော့ ဘယ်လိုလုပ် အခင်ဆုံး သူငယ်ချင်းလုပ်ပြီး ပေါင်းရဲမလဲ မမနေကြာရယ်။ ဒါနဲ့ပဲ ဒေဝီက အဖော်မဲ့ သလို ဖြစ်နေတယ်၊ ကိုကြီးက မမနေကြာတို့အကြောင်း ခဏခဏ ပြောလေလေ ဒေဝီက ပိုဆုံချင်လေလေပဲ"





နေကြာသည် စကားဝါတို့ ခတ္တာတို့ကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်။ နေကြာ ကြည့်လိုက်တာနဲ့ နေကြာတာ ဒေဝီတင့်ကို ဘာစကား ပြန်ပြောချင်သလဲဆိုတာ ကျန်တဲ့ ညီအစ်မလေးဖော်တို့ သဘောပေါက်ကြပါသည်။ နေကြာ့သဘော ဆိုတဲ့ ပုံစံနဲ့ အသာပြန်ကြည့်ကြတော့မှပဲ နေကြာသည် အသက်ကို ဖော့ရှူရင်း ပြောလိုက်သည်မှာ ...။

"ဒေဝီက သဘောရိုးနဲ့ လာလည်ပြီး ခင်မင်ရင်းနှီးအောင် လုပ်တာတော့ ဒေဝီ့ သဘောပေါ့လေ။ ဒါပေမဲ့ ဒေဝီ့ ကြောင့် ဒေဝီ့ အစ်ကိုပါ၊ ဒီဘက်ပါလာရတယ်လို့ သူများတွေ မထင်စေချင်ဘူး။ တို့ပြောတာ သဘောပေါက်လား ဒေဝီ။ လူတွေက တို့ညီအစ်မတစ်တွေ ရုပ်ပြပြီး လင်ကောင်းကောင်းရဖို့ ရှာနေကြတယ်လို့ ထင်ကြလွန်းလို့ ပြောရတာပါ"

ဒေဝီသည် ပြတ်သားလှသော နေကြာ့စကားကို အံ့တသြ နားထောင်နေခဲ့ပါသည်။ ဒေဝီ့ မျက်လုံးတွေသည် အလိုလိုနေရင်း ကိုကြီးထံကို ရောက်လိုရောက်၊ မလှမ်းမကမ်းမှာ ကိုကြီးနံဘေးမှာ တွယ်ကပ်ပြီး လက်ချိတ်တော့မတတ် လျှောက်နေသော ရတနာသွေးထံ ရောက်လိုရောက်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပွဲစား ခြံပွဲစား လောကမှာလည်း ခေါ်ခင်ခင်ဆွေတည်းဟူသော အမည်က နာမည်တစ်လုံးနဲ့နေပြီး သိက္ခာသမာဓိလည်း ရှိလေရာ အမေ့မှာ နာမည်ကောင်းတော့ ရှိပါသည်။ အမြဲတစေကြီး အလုပ်ဖြစ်နေတာမျိုး မဟုတ်ပေမဲ့လည်း တစ်ခါတစ်ခါ ရလိုက်လျှင် (အမေကလည်း သိန်းရာချီထောင်ချီသော အိမ်၊ ခြံတွေသာ ပွဲစားလုပ်သဖြင့်) ကျေနပ်လောက်စရာကောင်းသော ပွဲခမျိုး ရတတ်သော အလုပ်ဖြစ်သဖြင့် နေကြာတို့ ညီအစ်မတစ်တွေဟာ အဖေ့ဝင်ငွေ၊ အမေ့ဝင်ငွေနဲ့ လူကြားသူကြားထဲ တင့်တင့်တယ်တယ် ရပ်တည်နေနိုင်တာလည်း ဖြစ်ပါသည်။

အမေ ဖုန်းကိုင်လိုက်ပြီး စကားပြောသောအခါ ဒေဝီတင်နဲ့ အမေဆုံသည်။

"မမဂန္ဓမာတို့ နေကြာတို့ဆီ အလည်လာချင်လို့ပါတဲ့၊ ဒေဝီတင် ဆိုတဲ့ မိန်းကလေး တစ်ယောက် ဖုန်းဆက်တယ်၊ ဘယ်သူမှန်း မသိပေမဲ့ မိန်းကလေးမို့ အမေက လာခဲ့ပါ၊ အိမ်မှာ မုန့်ဟင်းခါး ချက်စားကြတယ်၊ လာစားပါလို့ ဖိတ်လိုက်ပြီ"

အမေ မီးဖိုချောင်ထဲ ဝင်လာပြီး ထမင်းစား,စားပွဲမှာ ဝင်ထိုင်ပြီး ပြောတော့ နေကြာတို့ညီအစ်မတစ်တွေ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြပါသည်။





အဖေက မနက်စာ အီကြာကွေးနှင့် ကော်ဖီ စားနေဆဲမို့ ...

"ကဲ ... သမီးတို့ရေ၊ ဟင်းရည် ပိုသာချက်ပေတော့၊ မင်းတို့အမေ သူ့ထုံးစံအတိုင်း ဖုန်းလာသမျှ လက်ခံပြောပြီး လူတိုင်း မုန့်စားဖို့ ဖိတ်တော့မယ်"

အမေ့ထုံးစံကို သိပြီးသလိုဖြင့် ရယ်ရင်းဝင်ပြောသည်။

"အဖေက အဲဒီကောင်မလေး ဘယ်သူထင်လို့လဲ"

ဓိဗဝါက ကြက်သွန်နီတွေ မျက်ရည်တရွှဲရွှဲဖြင့် အခွံနွှာရင်း မေးသည်။

"သမီးတို့ သူငယ်ချင်းထဲက တစ်ယောက်ယောက် မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ သူက ဘယ်သူ့သူငယ်ချင်းမှ မဟုတ်ဘူး"

"ဟဲ့ ... ဟုတ်ရဲ့လား"

အမေ အံ့ဩပြီး ဝင်မေးတော့သည်။

"အဒမက တစ်ယောက်ယောက် သူငယ်ချင်း ထင်လို့"

"သူငယ်ချင်းရယ်တော့ မဟုတ်ပါဘူး အမေရယ်၊ အဲဒီကောင်မလေးက ဘာသဘောရယ်တော့ မသိဘူး။ နေကြာတို့ကို လိုက်ရောချင်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



တာ သူ့အခင်ဆုံး သူငယ်ချင်းပဲ၊ ငါကတော့ သွားထိုင် ညည့်ခံသင့်ပါတယ်၊ ဓိဇဝါလည်း လာလေ၊ ဒေဝီတင်က နင်နဲ့ရွယ်တူ၊ နင် လာစကားပြောလိုက်"

"ဟင် ... ကျန်တဲ့လူတွေကျတော့"

"ဒါတို့ ဒီမှာ မီးဖိုချောင် သန့်ရှင်းရေး လုပ်ပြီးရင် ညည့် သည်ကျွေးဖို့ မုန့်ပန်းကန်တွေ အသင့်ပြင်ရမယ်လေ"

"အေးလေဟယ်၊ ကိုယ့်အိမ်သားတွေ စားကြသလို အိမ် နေရင်း ပန်းကန်နဲ့မှ ချကျွေးလို့ မဖြစ်တာ။ ပန်းကန်သစ် တွေ ထုတ်ရဆေးရ ရေသုတ်ရဦးမယ်"

"အချိုပွဲအတွက်လည်း လက်ဖက်တို့ ကော်ဖီတို့ လုပ်ရ ဦးမယ်"

ညီအစ်မတစ်တွေ ကိုယ့်တာဝန်ကိုယ် အသီးသီးခွဲ ဝေယူထားလိုက်ကြစဉ် ဂန္ဓမာနဲ့ ဓိဇဝါကတော့ အိမ်ရှေ့ခန်းမှာ သွားထိုင် ညည့်ခံစကား ပြောနေပါသည်။

သိဃ်သူသည် အိမ်ရှေ့လာထိုင် စကားပြောမည့်သူ မှာ နေကြာ မဖြစ်နိုင်မှန်း သိပေမဲ့ နေကြာကို မျှော်မိသည်။ မာန ကြီးပုံရသော နှုတ်ခမ်းထူထူလေးတွေက သိဃ်သူ့ကို မြင်လျှင် ရှုပုပ်ပုပ် ခပ်တည်တည်သာ တုံ့ပြန်တတ်တာကို ခဏခဏ သတိ ရနေတတ်သော သူ့ကိုယ်သူလည်း အံ့သြမိသည်။





ဒီညီအစ်မတွေနဲ့ မပတ်သက်ချင်ပါဘူး။ ဝေးဝေး သာ ရှောင်လိုပါတယ်ရယ်လို့ စိတ်ထဲမှာ ဆုံးဖြတ်ထားခဲ့ပါသည်။ ကိုယ့်ကိုယ်ကိုယ်လည်း ဆုံးမသတိပေးထားခဲ့ပါသည်။ သို့ပေမဲ့ အံ့သြစရာ ကောင်းလောက်အောင်ပင် သူတို့ထဲက တစ်ယောက် ဖြစ်သော နေကြာကိုမှ သူ မှတ်မှတ်ရရ မကြာခဏ အာရုံထဲမှာ ဖျတ်ခနဲ ဖျတ်ခနဲ။ ဆုံတွေ့ဖူးချိန် သုံးလေးခါထက်ပင် မပိုပါဘဲ ဘာကြောင့်များ နေကြာဟာ သူ့စိတ်အာရုံတွေထဲ အလွယ်တကူ ဝင်ဝင်လာနိုင်သလဲ။

သိဃ်သူသည် ထိုအဖြစ်အပျက်ကိုပဲ မကျေမနပ် လက်ခံရင်းမှ ညီမလေး ဒေဝီတင်ဟာ ဒီအိမ်ကိုမှ သွားလည်လို ပါသည်။ ထိုညီအစ်မတွေနဲ့ မိတ်ဆွေဖြစ်ရလိုပါသည် ရယ်လို့ ဆောင်းဆိုလာသော အခါမှာတော့ သူသည် ကျေနပ်လိုလားစွာ၊ ခမ်းသာအားရစွာ လိုက်လျောမိပြန်သည်။

"ဒေဝီက ခုမှကားမောင်းစ,ပြီး သင်ခါစဆိုတော့ မမောင်း တတ်သေးဘူး အန်ကယ်လ်၊ ဒါနဲ့ပဲ သူ ဘယ်သွားသွား ကျွန်တော်ပဲ အမြဲလိုက်ပို့ပေးရတယ်၊ သူသွားချင်တဲ့ဆီ သွား,ချပေး၊ ဘယ်နှနာရီ ပြန်လာခေါ်ဆို ခေါ်ပေါ့၊ အဲဒီ ဘလုပ်ကလည်း တစ်ဖက်ခင်ဗျ"

"ဒရိုင်ဘာ မထားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်လုံးများနှင့် ဇွန်းများကိုတော့ စကားဝါ ဗန်းကလေးဖြင့် အသာအယာ၊ အစီအရီ လာချပါသည်။ အလယ် မှာ မုန့်ဟင်းခါးဖတ်နှင့် ညှပ်ခေါက်ဆွဲဖတ်များ ထည့်ထားသော ဝန်းကန်ပြား အကြီးကြီး တစ်ချပ်က အစတည်းက ပြင်ဆင် ထားပြီးသား။ ဘူးသီးကြော် အချောင်းလေးတွေ သီးသန့်တစ်ပန်း ကန်၊ ပဲကြော်များ သီးသန့်တစ်ပန်းကန်။ သံပရာရည် ညှစ်ပြ သား အသင့်သုံးဘူးလေးတွေ၊ ငံပြာရည် ငှဲ့ထည့်ရသော ကရား လေးတွေ၊ နံနံပင်နှင့် ပဲသီးရောထည့်ထားသော ပန်းကန်၊ ရှေ သီးပန်းကန် စသဖြင့် စားချင့်စဖွယ် သေသပ်လှပစွာ ပြင်ဆင် ထားပါသည်။

"ဘူးသီးကြော် ပဲကြော်တွေကလေ အိမ်မှာပဲ ကြော်ကြတာ ဈေးကဝယ်ရင် မာလည်းမာ၊ မုန့်နှစ်တွေလည်းများတော့ အန်ကယ်လ်တို့က မကြိုက်ကြဘူး"

ဦးမြတ်ကျော်က ဘူးသီးကြော်လေး တစ်ချောင်း ဒီအတိုင်း ယူစားရင်း သိယ်သူ့ထံပါ ပန်းကန်ကမ်းပေးပြီး ပြော ပါသည်။

"တစ်ခုယူမြည်းကြည့်ပါဦး၊ သမီးတို့က မိန်းကလေးတွေ ဆိုတော့ နေ့လယ်နေ့ခင်းတွေမှာ သူတို့ဘာသာပဲ အကြော ကြော်စားလိုက်ကြ။ ကြာဆံချက် လုပ်စားလိုက်ကြ။ အသုပ်





စုံ လုပ်စားလိုက်ကြ လုပ်နေတော့ လက်မှန်းတော့ တည့် နေပြီ"

သိယ်သူရော ဒေဝီတင်ပါ တစ်ခုစီ ယူစားလိုက်ပါ သည်။ ရောင်းတမ်း အကြော်မျိုး မဟုတ်တာမို့ မုန့်နှစ်နည်းကာ အထဲက ဘူးသီးအသားမှာလည်း နူနူလေးမို့ ပါးစပ်ထဲမှာ ပျော့ ပြီး ခဏလေး ဝါးလိုက်တာနဲ့ ကြေညက်သွားပါသည်။

"မုန့်ဖတ်ကတော့ ကိုယ်ကြိုက်သလောက် ထည့်စားကြပါ"

ဒေါ်ခင်ခင်ဆွေက မုန့်ဖတ်ပန်းကန် တွန်းပေးပြီး ပြောလိုက်သည်။ သိယ်သူက မုန့်ဖတ်များကို ညှပ်ဖြင့် အသာ ချပြီး သူ့ပန်းကန်ထဲ အနည်းငယ်သာ ထည့်သည်။

"နည်းလှချည်လား များများထည့်ပါ"

"မဟုတ်ဘူး ခင်ဗျ၊ ကျွန်တော် မုန့်ဟင်းခါးကို စားတော့ စားပါတယ်၊ သိပ်အကြိုက်ကြီး မဟုတ်လို့ပါ၊ အဲဒီလို ပြောလိုက်ရင် လူတော်တော်များများက အံ့သြကြတယ်၊ မြန်မာဖြစ်ပြီး မုန့်ဟင်းခါး မကြိုက်ဘူး ပြောလို့လေ"

"ဪ ... ဒါ မဆန်းပါဘူးကွယ်၊ အန်တီတို့ မိသားစု ထဲမှာလည်း နေကြာနဲ့ အငယ်ဆုံး ဇီဇဝါက မုန့်ဟင်းခါး သိပ်မကြိုက်ကြဘူး၊ သူတို့က အအီအဆိမ့်သမားတွေလေ၊ အုန်းနို့ခေါက်ဆွဲ ကြိုက်ကြတယ်၊ မုန့်ဟင်းခါးချက်ရင်



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဒီလိုမဟုတ်ပါဘူး။ ဝါတို့က ရှေ့ပွင်းအမြဲမလုပ်နိုင်ဘူး။ သွားစရာ ပွဲလမ်းတစ်ခုခု အဖိတ်ခံရမှ စုပြီးထွက်ဝယ်ကြတာ။ တစ်ဆိုင်တည်းမှာ အများကြီးဝယ်ရင် ဈေးသည်ကလည်း လျှော့ပေးတတ်လို့ တစ်ဆိုင်တည်းပဲ စု ဝယ်တတ်ကြတယ်၊ ဒေဝီလိုက်ပြီး အတူတူဝယ်ရင် သဘောကျချင်မှ ကျမှာမို့ပါ"

"ဟင့်အင်း ... အဲဒီလိုစိတ်တော့ မရှိပါဘူး။ ဒေဝီသဘောကျပါတယ်။ ဒေဝီ အဲဒီလိုမျိုး တစ်အုပ်စုကြီး ဈေးဝယ်တာမျိုး လုပ်ကြည့်ချင်လို့ပါ"

နေကြာသည် ဘယ်လိုလေးမှန်း မသိအောင် ဒီညီအစ်မတွေကို အလကားနေရင်း လာခင်မင် တွယ်ကပ်ပေါင်းသင်းချင်နေသော ဒေဝီတင့်ကို သိပ်တော့ မလိုလားပါ။ သူ့ဘာသာဘာကြောင့် လာအရောဝင်ဝင် ကိုယ်မျက်နှာချင်း မဆိုင်ချင်တဲ့ယောက်ျားတစ်ယောက်ကို ခဏ ခဏ ဆုံနေရတာကျ စိတ်ပျက်စရာ ကောင်းပါသည်။

"ဒေဝီလည်း အဝတ်အစားချုပ်ဖို့ အရေးတကြီး မလိုသေးပါဘူး။ မမတို့တွေ သွားမဲ့ရက်ကျရင်သာ ဒေဝီ့ကို ခေါ်ဖို့ မမေ့နဲ့နော်"

"ဒါဖြင့် ခု ကိုယ်တိုင်းယူထားတဲ့ အင်္ကျီကျ ဘယ်တော့ ပိတ်စဝယ်ချုပ်မှာလဲ"





"အဲဒီပိတ်စကတော့ ဝယ်စရာ မလိုပါဘူး၊ အိမ်မှာ မမှ ရတနာ လက်ဆောင်ပေးထားတဲ့ ဂျပန်ကလာတဲ့ အစလေး အသင့်ရှိပါတယ်၊ မမနေကြာ ပြောသလောက် ကိုက်အရေအတွက်လည်း ရှိတယ်။ ဒေဝီ လာပို့ပေးမယ်လေ။ ဒေဝီက သိုးမွေးထိုးတာတော့ မသင်ချင်ဘူး။ တက်တင်းစာလေးတွေ ထိုးတာ သင်ကြည့်ချင်တယ်လေ၊ အဲဒါ မမတို့ထဲက ဘယ်သူပဲဖြစ်ဖြစ် သင်ပေးနိုင်မလားလည်း သိချင်တယ်"

စကားဝါက မသိမသာ မျက်နှာလွှဲထားသည်။ နေကြာလည်း အင်္ကျီပုံစံ ဒီဇိုင်းစာအုပ်ကို ဟိုလှန် ဒီလှန်လုပ်ပြီး မကြားချင်ဟန် ဆောင်နေသည်။ ခရမ်းပြာကတော့ အားနာသလိုဖြင့် ခဏ္ဍာကို အဖော်ညှိသလို လှမ်းကြည့်နေသည်။ ခီဓဝါကလည်း ရှယ်တူချင်းမို့ ဆရာ မလုပ်ချင်ဟန်ဖြင့် ခေါင်းခါပြနေသည်။ ဂန္ဓမာမှာသာ ကိုမင်းရဲသွေး မျက်နှာနှင့် အားနာနေရပြီး ဘာပြန်ပြောလို့လဲ ပြောရမှန်း မသိ။ ကိုယ့်ညီမတွေက သိပ်သဘောမကျမှန်းသိရက် ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ပြီး ခေါ်လိုက်ရမှာကို မလုပ်လိုက်ချင်ပါ။

※ ✳ ※



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး သိလား၊ အဲဒီ ညီအစ်မတွေက ဒေဝီ့ကို ခေါ်ရပြောရတာ သိပ်စိတ်မပါကြသလိုပဲ၊ သူတို့ ဟန်ဆောင်ပြီး တော့တာ ပြောနေတယ်၊ အသက်မပါကြဘူး။ ဟို … မမ ဂန္ဓမာက လွဲရင်ပေါ့"

ညီမလေးကို ပြန်ခေါ်လာသောအခါ ညီမလေးထံမှ ဆေဖန်သလို ပထမဦးဆုံး စ,ကြားရပါသည်။ သိယ်သူသည် ကားကက်ဆက်ထဲမှ သီချင်းကို လိုက်တိုးတိုးဆိုညည်းနေသည်။

"I still love you … I still care about you …"

ဟူသော Backstreet Boys ၏ သီချင်းစာသား တချို့ကို အသံထွက်ဆိုရင်း ဒေဝီတင့် စကားကို တုံ့ပြန်လိုက်ပါသည်။





"ဒါဖြင့်လည်း နင် ဘာလို့ စ,ပြီး သွားသေးလဲ၊ ငါတောင် အံ့ဩနေတာ။ ကိုယ်နဲ့လည်း သိပ်မရင်းနှီးဘဲ အိမ်သွားလည်လိုလည်။ အကျီအတင်းချုပ်ခိုင်းလိုခိုင်း၊ ဟိုဟာသင်ခိုင်း ဒီဟာသင်ခိုင်းနဲ့"

"ဒေဝီ တမင်ရောတာပါ"

"ဘာဖြစ်လို့လဲ"

"ကိုကြီးကို ရတနာသွေးနဲ့ သဘောမတူဘူး၊ အဲဒါကြောင့်"

သိယ်သူမှာ ညီမလေး အဖြေစကားကြောင့် မျက်မှုံးပင့်ပြီး တဟားဟား ရယ်မိသည်။ ဪ … သင်းလေးက ဒီအကြံနဲ့ကိုး။

"ဘာဖြစ်လို့ ရတနာနဲ့ သဘောမတူရတာလဲ"

"သူက ဒေဝီ့ကို သိပ်ဆရာလုပ်တယ်၊ သူ့စိတ်ထဲမှာ ဒေဝီ့ကို အမြဲပြိုင်နေတာ ဒေဝီ သိတယ်။ ဘာကြောင့်မှန်းမသိဘူး။ သူ့ကိုဆို ဒေဝီ အရင်တည်းက ကြည့်မရဘူး၊ သူလည်း ဒေဝီ့ကို ကြည့်လို့ရမှာ မဟုတ်ဘူး။ သူနဲ့ ဓာတ်မတည့်ဘူးပဲ ဆိုပါတော့။ ဒါကြောင့် သူ့ သဘောမကျတဲ့ အဲဒီညီအစ်မတွေနဲ့ ဒေဝီ တမင်အရောဝင်တာ။ ကိုကြီးနဲ့ တမင်ပဲ သဘောတူပစ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ရတနာ့ကို မတည့်တာနဲ့ပဲ အဲဒီ ညီအစ်မတွေ ဘာမှန်းညာမှန်း မသိဘဲ နင်က သဘောတူပစ်လိုက်ရော လား ဒေဝီရယ်။ ငါက စဉ်းစားဉာဏ် မရှိတဲ့ကောင် ဖြစ်နေပြီ"

"ဘာလဲ ... ကိုကြီးက ရတနာသွေးကို ကြိုက်နေလို့လား"

"မကြိုက်ပါဘူး၊ ဘယ့်နှယ်လုပ် စွပ်စွဲနေတာလဲ"

"ဒါဖြင့် မမနေကြာကိုရော"

"ဟာ"

သိယ်သူမှာ ကိုယ့်ညီမကိုယ် ပြန်မငြင်းရဲသလိုဖြစ်ပြီး နှုတ်ဆိတ်သွားပါသည်။ မသေချာ မရေရာသော သူ့စိတ်သည်လည်း အာမ,မခံရဲပါ။

"ကိုကြီးက သွားကြိုက်လည်း မမနေကြာတို့က အလွယ်တကူ လက်ခံမယ် မထင်ဘူး။ သူတို့ကြည့်ရတာ ကိုကြီးကို သိပ်မလိုလားသလိုပဲ"

"ဘယ်လိုလားမလဲ၊ ငါက သူတို့အကြံကို သိပြီး စောင့်ကြည့်နေတာကိုး"

"ဘာအကြံလဲ"

"သူတို့ သားအမိတစ်တွေရဲ့ ပိုက်ဆံချမ်းသာသော အမျိုးကောင်းသားကို အိတ်ထဲထည့်ရေးဆိုတဲ့ အကြံကို"





"အဲဒီလိုလည်း မဟုတ်ပါဘူး ကိုကြီးရယ်၊ မဂေနွမာနဲ့ ကိုမင်းရဲသွေးတို့က တကယ်ချစ်ကြလို့ ချစ်သူတွေ ဖြစ်သွားကြတာပါ"

"ငါတော့ မထင်ဘူး။ ဂနွမာ့မျက်နှာက အေးတိအေးစက်နဲ့၊ ရဲသွေးတသာ သည်းသည်းလှုပ် ဖြစ်နေပေမဲ့ သူက အမေစကားတစ်ခွန်းပဲ၊ နားထောင်တဲ့ ရုပ်မျိုးနဲ့ မိန်းကလေးပဲ။ သူ့အမေက အကြောင်းတစ်စုံတစ်ရာပြပြီး ခုပဲ ရဲသွေးကိုဖြတ်ဆို သူက ဖြတ်မှာ၊ ဒါကြောင့် ငါ ရဲသွေးကို တားထားတာပဲ။ ဟိုကောင်က စေ့စပ်တော့မယ်တောင် ဖြစ်နေတာ၊ ငါ သေသေချာချာ ရှင်းပြပြီး စောင့်ကြည့်ခိုင်းထားလို့ ခုထိ သူတို့ ဘာမှရှေ့ဆက် မတိုးဖြစ်သေးတာ။ နောက်မို့ ရဲသွေးက ရှေ့ကို အများကြီး တိုးပြီးနေပြီလေ"

"ကိုကြီးကလည်းလေ သူများကိစ္စ သိပ်ဝင်ပါတာပဲ၊ ဒေဝီကတော့ ကိုမင်းရဲသွေး မဂေနွမာကို မြန်မြန်ယူစေချင်တယ်၊ ဒါမှ ရတနာသွေး မျက်နှာကြောက နည်းနည်းလျှော့မှာ။ သူက ခုထိ အစ်ကိုဂုဏ် မောက်တုန်းလေ"

သိယ်သူက ဒီကိစ္စကို ဘာမှဆက်မပြောတော့ဘဲ စကားလမ်းကြောင်း လွှဲလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကိစ္စ ထားပါ၊ နင်လည်း အဲဒီညီအစ်မတွေ ကိုယ့်ကို မလိုလားရင်လည်း သွားမနေပါနဲ့"

"သွားတော့ မသွားပါဘူး၊ ဒါပေမဲ့ ဇီဇဝါ တက်နေတဲ့ ကိုရီးယား စကားပြောသင်တန်းကိုတော့ စိတ်ဝင်စားလို့ လိုက်တက်ချင်တယ်လို့ ပြောထားလိုက်ပြီးပြီ။ အဲဒါ ဇီဇဝါ သွားတက်ရမဲ့နေ့ကျ ဒေဝီ သူ့ဝင်ခေါ်ပြီး သူတို့သင်တန်းကို လိုက်အပ်မယ်လို့ ပြောထားလိုက်တယ်"

"ရှုပ်လာပြန်ပြီ"

"ကိုရီးယားကားတွေ ကြိုက်နေတဲ့အတူတူ ဒေဝီလည်း သူတို့ စာလေး၊ စကားလေး တတ်ထားရင် ကောင်းမယ်လို့ စိတ်ကူးနေတာ ကြာပြီ၊ ခုမှပဲ အဖော်တွေ့ပြီး အကောင်အထည် ပေါ်တော့တယ်၊ မရတနာသွေးကလည်း သူက ကိုရီးယားလောက်ဆို အထင်ကမကြီးပြန်ဘူး။ အင်္ဂလိပ်စကားမှ အင်္ဂလိပ်စကား ဖြစ်နေတာလေ၊ ဒါကြောင့် သူနဲ့လည်း အဖော်ညိုလို့ မရခဲ့ဘူး။ အခုမှပဲ အဖော်ညိုစရာလူတွေ့တော့တယ်"

သိယံသူသည် ဘယ်တုန်းကမှလဲ ညီမဖြစ်သူကို ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရ၊ ဟိုလူနဲ့ မပေါင်းနဲ့၊ ဒီလူနဲ့မပေါင်းနဲ့ ဆိုတာမျိုးလည်း အမိန့်မပေးခဲ့လေရာ ညီမဖြစ်သူ ခုလို ဟိုစပ်စပ် ဒီစပ်စပ် ဝင်ပါခြယ်လှယ်နေတာလည်း ဆက်ပြီးမတား





ဖြစ်ခဲ့တော့ပါ။ ညီမလေး စိတ်တိုင်းကျ ဟိုညီအစ်မတွေဆီ လိုက်ပို့ပါဦး၊ ဇီဇဝါ့ ဝင်ခေါ်မလို့ ဆိုတော့ တစ်ခါထပ်ရောက်လိုက်ရပြန်တော့သည်။

သို့သော် ထိုနေ့ကတော့ အားလုံး ကျောင်းသွားအလုပ်သွားကြ၍ ဘယ်သူမှ မရှိသလို ခေါ်ခင်ခင်ဆွေပါ မရှိသဖြင့် ဇီဇဝါ့ကို အိမ်ရှေ့ကားရပ်ပြီး ခေါ်ရုံသာ။ သူတို့သင်တန်းကျောင်းရှေ့ ကားရပ်ပြီး ချပေးခဲ့ရုံသာ။

နေကြာတို့အိမ် သွားပြီး နေကြာကို မတွေ့ခဲ့ရသောအခါကျပြန်တော့ သိယံသူ့ ရင်ထဲမှာ တစ်ခုခု လိုသွားသလိုလိုတော့ ခံစားရတာ မငြင်းချင်။ သို့သော် ကိုယ်ကလည်း သူတို့ညီအစ်မတွေကို မယုံတာမို့ ဒီ့ထက်ပိုပြီး တွေ့ခွင့်ရအောင်လည်း အခွင့်အရေး မရှာ။

မတော်တဆ ဆုံရ၊ တွေ့ရမှသာ တွေ့ရောပဲဟု သဘောထားလိုက်ပါသည်။

ထိုရက်ပိုင်းမှာပဲ သိယံသူ မမျှော်လင့်ဘဲ အမှတ်မထင် တွေ့လိုက်တာက စကားဝါကိုပါ။ စကားဝါသည် သိယံသူတို့ ကုမ္ပဏီရုံးခန်း ဖွင့်ထားရာ အဆောက်အအုံကြီးနဲ့ မျက်နှာချင်းဆိုင်တွင် ဖွင့်ထားသော Burgers & Snacks ဆိုင်ကို လာခဲ့တာ။ သိယံသူက အမှတ်မထင် လှမ်းတွေ့လိုက်တာ ဆိုတဲ့အကြောင်းအရာက မထူးခြားလှပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် စကားဝါ့ကို ကောင်လေးတစ်ယောက်နဲ့လည်း တွဲတွေ့လိုက်တာကျ ထူးဆန်းလှသည် မဟုတ်ပြန်ဟု ဆိုရမှာပါ။

ဒါပေမဲ့ စကားဝါ တွဲလာသော ကောင်လေးကို သေသေချာချာ ကြည့်မိလျှင် သိယံသူမှာ တအံ့တဩ လေ့လာနေခဲ့မိတော့သည်။ ဘာကြောင့်လဲ ဆိုတော့ သိယံသူဟာ စကားဝါရဲ့ ကောင်လေးကို သိထားပြီး ဖြစ်နေလို့တည်း။

ထိုကောင်လေး နာမည်က ရွှေပြည်စိုး၊ သူဟာ ဘယ်သူဘယ်ဝါ စသဖြင့် သိယံသူ သိထားပေမဲ့ စကားဝါ့ ကြည့်ရတာ ရွှေပြည်စိုး အမည်နဲ့ အဆင့်အတန်းကလွဲလျှင် ဒီထက်ပို သိပုံမရသည်ကိုလည်း အကဲခတ်မိလျှင် သိယံသူသည် စကားဝါ့အတွက် မဆီမဆိုင် စိုးရိမ်ပူပန်မိနေသည်။

သူတို့ညီအစ်မတွေ လည်လှ၊ လည်လှနဲ့ ဒီတစ်ခါတော့ အပေါ်ယံကြော ကြည့်ပြီး ဒီကောင်လေးကို ရွေးလိုက်သည်ပဲလား။

သိယံသူသည် မနေနိုင်တော့ဘဲ ဒေဝီတင်ကတစ်ဆင့် ဇီဇဝါ့ကို အသိပေးနိုင်းလိုက်မိသည်။

"နင့်သူငယ်ချင်း ဇီဇဝါ့ကို စကားစပ်ပြီး ပြောလိုက်သိလား။ စကားဝါ တစ်ယောက် ရည်းစားရနေပြီ သိပြီးပြီလား လို့"





"ကိုကြီး ဘယ်လိုလုပ် သိလဲ"

"ငါ တွေ့လိုက်တယ်၊ သူ့ရည်းစားနဲ့ မုန့်လာစားတာလေ"

"ဇီဇဝါ ပြောသံ မကြားဘူး၊ သိရင်တော့ ဒေဗို့ကို ပြန်ပြောပြမှာပါ၊ ဘာလို့လဲဆိုတော့ သူတို့ညီအစ်မတွေရဲ့ သဘောက ရှင်းတယ်တဲ့၊ ရည်းစားကို ဘယ်တော့မှ အပျော်မထားဘူးတဲ့၊ ကိုယ်တကယ်ယူနိုင်တဲ့သူကျမှ လက်ခံတယ်တဲ့၊ ရည်းစားရရင်လည်း အိမ်မှာ ဘယ်သူ့ကိုမဆို အသိပေးကြတယ်တဲ့၊ အဲဒီ မစကားဝါကျတော့ အိမ်ကို အသိမပေးထားတာလား ဘာလား မသိဘူး"

သိယံသူ ဒေဝီတင့်ကို ပြောပြလိုက်ပြီး သိပ်မကြာ။ ဒေဝီတင်လည်း ဇီဇဝါ့ကို ပြန်ပြော၊ ဇီဇဝါကတစ်ဆင့် အဖေအမေ သိ၊ တစ်အိမ်လုံး သိသွားလျှင် အမေဒေါ်ခင်ခင်ဆွေ စကားဝါ့ကို မေးတော့သည်။

တစ်ယောက်ကို မေးပေမဲ့ ကျန်တဲ့ညီအစ်မတွေပါ အားလုံးဝိုင်းပြီး နားထောင်ကြလေသည်။ စကားဝါကတော့ သူ့အဖြစ် လူသိသွားသဖြင့် ထိတ်လန့်ခြင်းလည်း မဖြစ်။ မဝံ့မရဲ ... ည်း မဖြစ်။ အစတည်းက စကားဝါဟာ မိသားစုထဲမှာ သူ့ ... ချင်ရာကို အရင်လုပ်ပြီးမှ အသိပေးတတ်သူလည်း ဖြစ်လေရာ ... လည်း ဒီပုံအတိုင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ကိစ္စကဖြင့် မရေမရာနဲ့ မပြီးသေးဘူး၊ စကား က အခုလို အမေကို မတိုင်ပင်ဘဲ လုပ်ချင်ရာ လုပ်တော့ အမေ စိတ်မကောင်း ဖြစ်ရတယ်။ ပြီးတော့ သမီးတွေ သိပ်အထိန်းအသိမ်းကောင်းတဲ့ အမေဆိုပြီး နာမည်ကြီး တာ အခုကျ သူများပြောလာမှ ဒီအကြောင်း သိရတယ် ဆိုတော့ ရှက်ဖို့တောင် ကောင်းနေပြီ"

"ဝါ ပြောမလို့ပါ၊ သူနဲ့ တွေ့ကြတာလည်း သိပ်မှ မကြာ သေးဘူး။ ဝါလည်း အဖြေပေးပြီးတာ တစ်လတောင် မ သေးဘူးဆိုတော့ အမေတို့ကို မပြောမိသေးတာပါ"

"ကဲ ... အခု မေးပြီလေ၊ ပြောပါဦး ဘယ်သူ ဘယ် ဆိုတာ"

"သူ့နာမည် ရွှေပြည်စိုးပါ"

"ဒါပဲလား"

"ဝါ့ထက် တစ်နှစ်လောက်ပဲ ကြီးတယ်၊ ဘွဲ့တော့ရပြီးပြီ အမေ မရှိတော့ဘူး။ အဖေပဲ ရှိတယ်။ ဒါပေမဲ့ အဖေ နောက်အိမ်ထောင်နဲ့လို့ ပြောတယ်၊ သူတို့မောင်နှမကတော့ လေးယောက်ပါပဲ၊ သူက အငယ်ဆုံး၊ အစ်ကို အစ်မတွေ ကတော့ အိမ်ထောင်ကျကုန်ကြပြီး ကိုယ့်စီးပွားရေးနဲ့ကိုယ် လုပ်နေကြပြီ။ သူကတော့ သူ့အဖေရဲ့ လုပ်ငန်းမှာ ဝင်ကူဘုန်းပဲ"





"ဘာလုပ်ငန်း လုပ်လဲ"

"အင်ဗာတာတို့ မီးအားမြှင့်စက်တို့လို ပစ္စည်းတွေထုတ်တဲ့ လုပ်ငန်းလို့ ပြောတယ်၊ လုပ်ငန်းက သိပ်နာမည်အကြီးကြီး တော့ မဟုတ်ပါဘူး။ သူတို့လုပ်ငန်း နာမည်က Omega (အိုမီဂါ)လို့ ပြောတယ်"

"ဩော် ... Omega လား"

ခရမ်းပြာက ရေရွတ်သဖြင့် အမေက ...

"သမီး သိလို့လား"

ဟု မေးပါသည်။

"မဂ္ဂဇင်းတွေမှာ ကြော်ငြာတွေ ဘာတွေ ပါတာတော့ တွေ့ဖူးတယ် အမေ၊ ဒါကြောင့်ပါ"

"အေး ... ဘယ်လိုပဲ ဖြစ်ဖြစ်ပါ၊ စီးပွားရေးလုပ်ငန်းလည်း ရှိတယ်ဆိုတော့ မဆိုးပါဘူး။ ဒါနဲ့ နေပါဦး၊ သူ့အဖေ နောက်အိမ်ထောင်မှာရော ကလေးရှိလား"

"ကလေးတစ်ယောက် ထပ်ရတယ်တဲ့၊ အဲဒီကလေးလေးက အခုမှ ဆယ်နှစ်ဆိုလား ဘာလား ဝါလည်း သေသေချာချာ မှတ်မထားမိဘူး။ ဝါ မှတ်ထားတာက သူတို့မောင်နှမတွေ ကို အဖေက အသီးသီး အမွေခွဲပြီးသား ဆိုတာပဲ"

"ဟုတ်လား၊ အမွေခွဲပြီးသားလား"

www.burmeseclassic.com



အမေ့မျက်နှာ ကြည်လင်ဝင်းပသွားပြီး သိလို[...] ဖြင့် အမေ့တကော မေးလိုက်သည်ကို နေကြာမှာ ရင်မောစွာ [...] ကြည့်နေမိသည်။ အမေ့ခမျာ သမီးတွေကို သူဌေးလောင်းတွေနဲ့ [...] ဖူးစာဆုံစေချင်လှသူပင်။ သို့ပေမဲ့ စကားဝါပြောပုံကြည့် ရတာ[...] သူ့ကောင်လေး အခြေအနေဟာ မဆိုးလှပေမဲ့ အမေ မျှော်လင့်ထား[...] သလောက်တော့ သိပ်ကြီးကြီးမားမားကြီး ချမ်းသာပုံမရပါ။ [...]

"အဲဒီရတဲ့ အမွေနဲ့ သူက မြို့ထဲမှာ အခန်းကျယ်တစ်ခန်း[...] ဝယ်ထားလိုက်တယ် အမေ၊ အခန်းက အိပ်ခန်းနှစ်ခန်း[...] ပါတဲ့ တိုက်ခန်းကျယ်ပဲ၊ သူ အခုစီးနေတဲ့ ကားက[...] အမေပိုင်တာလို့ ပြောတယ်"

"အမေက ငါ့သမီးတွေကို တိုက်အိမ်နဲ့ ကားနဲ့ အသင့်[...] ပြီးသား လူမျိုးနဲ့ ဆုံစေချင်တာကွယ်၊ အခုလိုမျိုး[...] ကိုယ်က အပျိုဘဝကတော့ လုံးချင်းအိမ်မှာ နေလာခဲ့[...] အိမ်ထောင်ကျတော့မှ တိုက်ခန်းလေးနဲ့ ပြန်နေရ[...] ဘတ်(စ်)ကား တိုးစီးရင်စီး မစီးရင်လည်း Taxi စီး[...] သွားရမယ်ဆိုတဲ့ ဘဝကို မရောက်စေချင်ဘူး။ အဲဒီလို[...] သိပ်လောက်လောက်လားလား မရှိတဲ့ အသေးစားလုပ်[...] ရှင်ထက် စာရင်ကွယ် ဦးမြတ်ကျော်လို အရာရှိ အ[...] ကမှ ဂုဏ်ရှိသေးတယ်၊ ဘယ်သွားသွား ဌာနကပေး[...]





ရုံးကားနဲ့ သွားခွင့်ရတာကမှ ခေါင်းမော်နိုင်သေးတယ်၊ ပြီးတော့ အရာရှိအရာခံ အသိုင်းအဝိုင်း ဆိုတာကလည်း လူတန်းစားတစ်ရပ်လို နေနိုင်သေးတယ်လေ"

အမေက စကားဝါ့ ကောင်လေး၏ အခြေအနေကို [...]ပြီး ဘဝင်မကျဟန်ဖြင့် ပြောလိုက်သောအခါ စကားဝါ့ [...] မည်းနေတော့သည်။ နေကြာတို့ တစ်သိုက်လည်း [...]ခြေအနေ မကောင်းလှမှန်းသိ၍ လှုပ်ပင် မလှုပ်ရဲ။ အမေ [...]က်မဲ့ပြီး အဆူမခံရအောင်သာ ကြည့်ကျက်နေနေရသည်။

ထင်တဲ့အတိုင်းပင် အမေဟာ မဲစရာမရှိတော့ မမမာ [...]ပ်ပင် လှည့်သွားပါသည်။

"ဂန္ဓမာလည်း ဘာထူးလို့လဲ၊ အချစ် ... အချစ်နဲ့ ရှေ့တန်းတင်ပြီး မင်းရဲသွေး ခြယ်လှယ်သမျှ ခေါင်းငုံ့ခံနေရပြီ။ ဟိုက လက်ထပ်ဖို့မပြောနဲ့ စေ့စပ်ဖို့တောင် စကားမဟသေးဘဲ ကိုယ့်ကို အပျော်လာတွဲနေတာကို အဟုတ်ကြီး ထင်နေပြီ မဟုတ်လား။ အမေမှာရင် မှာတဲ့အတိုင်း ဖြစ်မလာသေးဘူး"

ဂန္ဓမာ မျက်ရည်လေးတွေ ဝဲသွားလျက် ခေါင်းငုံ့[...]တော့သည်။ နေကြာက မမမာ လူမို့ မမမာကို အားပေးသလို [...]ားကနေ ပခုံးကို အသာဖျစ်ညှစ်လိုက်ပါသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြောပါဦး၊ မင်းရဲသွေးက ဘာမှ စကားမစသေးဘူ
လား၊ တွေ့တာ ကြိုက်တာ စ,တွဲကြတာဖြင့် အားလုံ
ခြောက်လလောက်ရှိပြီ၊ သူ့ဘက်က ကိုယ့်ကို လေ့လာတု
ပဲ မပြီးနိုင်သေးဘူးလား။ အာလဲ သူ့မိဘက ဟိုလိုဒီ
ပြောသတဲ့လား"

"သူ့မိဘက သူ့သဘောပါပဲတဲ့ အမေရယ်"

"ဒါဖြင့် သူက ဘာကို အချိန်ဆွဲနေတာလဲ"

"အဲဒါလည်း ဂန္ဓမာ မသိပါဘူး အမေရယ်။ ဂန္ဓမာ
တော့ ကိုယ့်ဘက်က ပြောကြည့်နိုင်သလောက်လေး ပြော
ပြီး အရိပ်အမြွက်တော့ ပြတာပါပဲ၊ သူက ဘာကိုတွေ
နေသလဲဆိုတာ ဂန္ဓမာ မသိပါဘူး အမေ"

"ဒါဖြင့်လည်း သူ လာခေါ်တိုင်း တွေ့တာ ဆုံတာ၊ သ
မလုပ်ဘဲ ကိုယ့်ဘက်က ပြန်ဈေးကိုင်ပြလိုက်စမ်းပါ"

"အမေ့စကားကို နားထောင်ပြီး ဂန္ဓမာလည်း သူနဲ့ အပြ
လျှောက်လည်တာတောင် သိပ်မလုပ်ပါဘူး။ Lunch
မှာ သူလာခဲ့ရင် ဟိုတယ်ထဲက Coffee Bar မှ
အတူတူထိုင် စကားပြောကြရုံပါ။ သူက ရှော့ပင်း
ဘာတွေ အတူသွားဖို့ ခေါ်တာတောင် ဂန္ဓမာ မသွား
ဘူး။ သူ ဝယ်ပေးတာတွေ ယူမိရင် ကိုယ့်ကို ချုပ်စားတာ
အပြောခံရမှာစိုးလို့ မသွားတာပါ"



မမမာ မျက်နှာလေးညှိုးပြီး ပြောသဖြင့် အမေလည်း
နားသွားဟန်ဖြင့် ဆက်မဆူတော့ဘဲ မျက်နှာကြီးပုပ်ကာနေ
ည်။ အဖေ အလုပ်ကပြန်လာတော့ အဖေ့ခမျာ ထမင်းဝိုင်းမှာ
ရတာပင် အေးအေးလူလူ နားအေးပါးအေး စားခွင့်မရ။ အမေက
ားကနေထိုင် ထမင်းဟင်း ဖြည့်ပေးရင်း သမီးတွေအကြောင်း
သိတာတန်းကြီး တိုင်တော ပြောဆိုနေတဲ့ အသံကို ကြားရပါသည်။

အဖေ ဒီနေ့ ရုံးမှာ အစည်းအဝေးရှိ၍ နောက်ကျ
ည်ဖြစ်ရာ အမေနဲ့ သမီးတွေကတော့ ညစာစားနှင့်ပြီးပြီ။
ဖေသာ တစ်ယောက်တည်း သီးသန့်စားရတာပေမဲ့ အဖေဟာ
ယ်တော့မှလဲ သူ့ကို ထမင်းစားမစောင့်လို့ဆိုပြီး အပြစ်တင်
တတ်တဲ့ လူစားမျိုးတော့ မဟုတ်ချေ။

"ဂန္ဓမာ့ကောင်လေးကလည်း ခုထိ ဈေးစပ်ဖို့လေးတောင်
ပြောမလာသေးတော့ ရင်လေးလို့မဆုံးသေးဘူး။ ဟော ...
လာပြန်ပါပြီ၊ စကားဝါက တစ်မျိုး ဒုက္ခပေးလာတယ်
ဦးမြတ်ကျော်ရေ၊ သိပ်လောက်လောက်လားလား မရှိတဲ့
ကောင်လေးနဲ့ ရည်းစားဖြစ်နေသတဲ့။ ကိုယ်တွေကတော့
ကိုယ့်သမီးတွေ ကိုယ်ယုံတော့ ဘယ်သိမှာလဲ။ သူများပြော
လာမှ သိရတယ်၊ စကားဝါဟာ မိဘကိုလည်း အသိမပေး
ဘဲ လုပ်ချင်ရာ လုပ်နေပြီရှင်"

www.burmeseclassic.com

www.burmeseclassic.com



အမေဟာ အဖေ့ကို ငယ်ရွယ်စဉ်ကတော့ ဘယ်လို ခေါ်သလဲဆိုတာ နေကြာတို့ မမှတ်မိတော့ပေမဲ့ နေကြာတို့ အရာရာကို စူးစမ်းသိရှိလာတတ်သော အရွယ်မှာတော့ အမေဟာ အဖေ့ကို ဦးမြတ်ကျော်ဟုပင် ခေါ်နေပေပြီ။ ဦးမြတ်ကျော်ဟူသော အခေါ်သည် အမေ့အတွက် နှုတ်ကျိုးနေပြီဖြစ်သလို အဖေ့အတွက် လည်းကောင်း၊ သမီးတွေအတွက် လည်းကောင်း နားယဉ်နေသော ခေါ်သံ ဖြစ်နေပေပြီ။

"သမီးကြီးကိစ္စကတော့ ကိုယ့်ဘက်က သိပ်ပြီး လောလော လောလော မတိုက်တွန်းပါနဲ့ကွာ၊ တစ်ဖက်က ကိုယ့်ကို အထင်သေးစရာ ဖြစ်နေမယ်၊ ကောင်လေးက စိတ်သဘော ကောင်းပါတယ်ကွာ၊ သူ့အနေနဲ့ အိမ်ထောင်ပြုဖို့ စောသေး တယ်ထင်လို့ မပြောသေးတာ ဖြစ်ရင်ဖြစ်မှာပါ။ ဒါနဲ့နေ ပါဦး စကားဝါက ဘာဖြစ်လို့လဲ"

"ရည်းစားရနေပြီလေ၊ အဲဒါ မအေကိုတော့ အရင်မတိုင် ပင်ဘူး။ ရည်းစားဖြစ်နေပြီး တွဲနေမှပဲ ဒေဝီတင်ကတစ် ဆင့် ဓီဓေါ်ကို ပြောပြလို့ သိရတယ်"

"ခင်းလည်း တစ်ချိန်လုံး ကြက်သားအုပ်မကြီးလို သမီး တွေကို အတောင်နဲ့အုပ်ပြီး စောင့်ရှောက်နေတာ ငါမြင်နေ သားပဲ။ အဲဒီထဲကမှ ဖောက်ထွက်သွားတာတော့ မင်း





အပြစ်လည်း မဟုတ်ပါဘူး။ စွန့်စားချင်တဲ့ ကလေးက သူ့စိတ်နဲ့သူ လာတာချည်းပဲ"

"သူ့ဘာသာ စွန့်စားတာမကလို့ ဘာပဲဖြစ်နေနေ ကောင် လေးက သူ့စီးပွားရေးရယ်လို့လည်း မယ်မယ်ရရ မရှိဘူး။ အဖေနဲ့အတူလုပ်တဲ့ အသေးစား လျှပ်စစ်ပစ္စည်းထုတ်တဲ့ စီးပွားရေးလေး အတူတူ လုပ်နေတာပဲရှိတယ်၊ အဲဒါ သူ ပိုင်တာရယ်လို့ ဘယ်လိုလုပ် လက်ဆုပ်လက်ကိုင် ပြလို့ ရမလဲလေ၊ ပြီးကျတော့ အဖေမှာလည်း နောက်အိမ်ထောင် နဲ့ ကလေးနဲ့ ဆိုတော့ အဲဒီကောင်လေး အိမ်ထောင်ကျ ရင် ဘယ်လိုလုပ်ပြီး အဖေက သူ့စီးပွားရေးကြီးကို ပေး ပါတော့မလဲ၊ အမွေကတော့ ခွဲပြီးသားတဲ့။ သိပ်လည်း ခွဲကြပုံ မပေါ်ဘူး။ ကောင်လေးက တိုက်ခန်းလေးတစ်ခန်း ပဲ ဝယ်ထားနိုင်သတဲ့ရှင်"

"ခင်ခင်ဆွေ စိတ်လျှော့ စိတ်လျှော့။ ဖြစ်လာပြီးသားကို ဘဝင်မကျ ဖြစ်မနေနဲ့။ အဲဒီကောင်လေး ကိုယ့်သမီး အပေါ် ကောင်းကောင်းမွန်မွန် စိတ်သဘောရှိပြီး မေတ္တာ စစ်နဲ့ မြတ်နိုးရင် ပြီးတာပါပဲကွာ။ ချမ်းသာတယ် ဆင်းရဲ တယ်ဆိုတာ ကိုယ့်ရဲ့ကုသိုလ်ကံနဲ့လည်း ဆိုင်ပါတယ်၊ မင်း သိပါတယ်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အဖေကတော့ လေသံအေးအေးသမား၊ စိတ်,ခပ်အေးအေးသမားမို့ သမီးတွေကိစ္စကို မပူပန်ဟန်ဖြင့် အမေ့ကို ပြန်နားချနေခဲ့သည်။

နေကြာတို့ တစ်သိုက်ကတော့ စကားဝါ့ကို ဝိုင်းပြီး စစ်မေးဖို့ အခန်းတွင်း လူစုနေမိသည်။ စကားဝါ မျက်နှာမှာ အရာရာကို ယုံကြည်နေဟန်ဖြင့် ...

"သူက ပြောပြီးသားပါ။ သူ့အဖေက သူ့ကို အချစ်ဆုံးတဲ့၊ သူ အိမ်ထောင်ကျရင် ထပ်ပြီး တိတ်တိတ်လေးမှာ သိန်း (--)လောက်တောင်တဲ့။ အရင် အစ်ကို အစ်မတွေလည်း မသိအောင် အဖေ့နောက်မိန်းမလည်း မသိအောင် သူ့ကို ခွဲပေးမှာလို့ ပြောပြီးသားတဲ့။ စကားဝါ့ကိုတော့ သူက ဦးမြတ်ကျော် သမီး အချောအလှတွေ နာမည်ကြီးတယ်ဆိုပြီး ညှိခံပွဲတစ်ခုမှာ သေသေချာချာ စောင့်ကြည့်မိရာက တွေ့ပြီး သဘောကျသွားတာလေ။ ကျောင်းကိုရောက်ရောက်လာပြီး ထုံးစံအတိုင်းပေါ့ လူပျိုလှည့်တော့တာပဲ၊ စကားဝါလည်း သူ ဝတ်ပုံစားပုံတွေက တန်ဖိုးကြီးအဝတ်အစားတွေ ဖြစ်တာရယ်။ 4WD လေး မောင်းမောင်းလာပြီး ကျောင်းကို ရောက်လာတာရယ်ကြောင့် သူ့အဆင့်အတန်းတော့ မနည်းလှဘူးလို့ထင်ပြီး လက်ခံလိုက်တာပဲ"





ဂန္ဓမာကတော့ စကားဝါ ပြောဟန်ကို သဘောမကျလှ။

"အဲဒီလို တွက်ပြီးရွေးတာတော့ ဘယ်ကောင်းမလဲ စကားဝါရယ်။ ကိုယ် သူ့ကို တကယ်ချစ်,မချစ် ဆိုတာရော မစဉ်းစားခဲ့ဘူးလား"

ထိုအခါ စကားဝါက ပက်ခနဲ ပြန်ပြောထည့်လိုက်သည်မှာ ဂန္ဓမာ့ကို ပြန်ထိသွားပါသည်။

"မမမာသာ အချစ်ကို ဦးစားပေးပြီး ကိုယ့်ချစ်သူသဘောပဲ ထည့်စဉ်းစားနေပေတော့။ ဒါကြောင့်လည်း ကိုမင်းရဲ သွေးက မမမာကို လှည့်စားချင်တိုင်း လှည့်စားလို့ ရတာပဲ။ စကားဝါကတော့ ကိုယ့်ကိုချစ်ပြီး အလိုလိုက်မဲ့ယောကျ်ားမျိုး တင့်တင့်တယ်တယ် ထားနိုင်မဲ့သူမျိုးဖြစ်ရင် တော်ပြီ။ ကိုယ့်ချစ်တာ မချစ်တာ ခေါင်းထဲမထည့်ဘူး"

နေကြာသည် စကားဝါ့ စကားကို မကြိုက်လှပေမဲ့ မမမာဘက်က ဝင်ပြောပြန်လျှင် နေကြာကတော့ မမမာလူမို့ ဝင်ပြောတယ် ဖြစ်ဦးမယ်။ ဒါကြောင့် မပြောတော့ပါဘူးဟု ဆုံးဖြတ်ကာ နှုတ်ဆိတ်နေလိုက်ရပါသည်။ "မိသားစုထဲမှာ ဒီလို ပြဿနာလေးတွေကတော့ အစပျိုးမှန်းမသိ ပျိုးနေခဲ့လေပြီ။

❀ ✳ ❀



www.burmeseclassic.com

www.burmeseclassic.com



## ၉

စကားဝါသည် တကယ်ပဲ ထင်ရာစိုင်းသွားသော သမီးတစ်ယောက် ဖြစ်ကြောင်း နောက်တစ်လလောက် အကြာမှာ ဒေါ်ခင်ခင်ဆွေ ကိုယ်တွေ့ကြုံလိုက်ရတော့လေသည်။ ကျောင်းကြိုရမည့်အချိန် သွားကြိုသောအခါ ကျန်တဲ့သမီးတွေဖြစ်သော ခရမ်းပြာ၊ ခဝွာနှင့် ဇီဇဝါတို့သာ ကားရပ်ထားရာဆီ ရောက်လာလျက် စကားဝါကား ရောက်မလာခဲ့ပါ။(သမီးတွေက ဒဂုံတက္ကသိုလ်မှာ အားလုံး အတူတူ တက်ကြရသည်မို့ ကျောင်းပို့ချိန်အတူတူ ကြိုချိန်အတူတူ ဖြစ်သည်။)

"စကားဝါရော မလာသေးပါလား၊ ဒီနေ့ ပရက်တီကယ် ကြာလိမ့်မယ်လည်း ပြောမသွားပါလား"

နှင့် တစောင့်စောင့် လုပ်နေခဲ့သော ဒေါ်ခင်ခင်ဆွေမှာ မှောင်ရီပျိုးလာသော အခါမှာတော့ ကျောင်းကြီးတစ်ခုလုံး





လည်း လူသူကျဲပါး တိတ်ဆိတ်လာချိန်မှာတော့ အခြေအနေတစ်ခုကို အစိုးရိမ်ကြီးစွာပင် သဘောပေါက် လက်ခံလိုက်ရတော့မလို ဖြစ်သွားပါသည်။

အိမ်ကို ချက်ချင်းပြန်၊ အိမ်ကလူတွေ အသိပေးပြီးပေမဲ့လည်း စကားဝါ သူငယ်ချင်းတွေဆီ ဟိုဖုန်းဆက် ဒီဖုန်းဆက်ပြီးလည်း မမေးရဲ။

"သတင်းက သိပ်ပြန့်သွားရင် အရှက်ကွဲလိမ့်မယ်၊ မနာလိုတဲ့သူတွေက ဝမ်းသာကြလိမ့်မယ်။ ဒေါ်ခင်ခင်ဆွေ လည်လှ လှည်လှနဲ့ အခုတော့ တစ်ချက်ခံလိုက်ရပြီလို့ အပြောခံရလိမ့်မယ်။ စကားဝါ ... စကားဝါ မိုက်လိုက်တာ။ မအေကတော့ မိသားဖသားပီပီ တောင်းရမ်း ၄၅၇ ထပ်ယူတဲ့ ပုံစံမျိုးကို ဖြစ်စေချင်ပါတယ်ဆိုမှ သူက ခိုးရာလိုက်ပြေးတယ်ဆိုတဲ့ အဆင့်အတန်းမရှိတဲ့ အခြေအနေမျိုးကို ဖန်တီးသွားရက်လိုက်တာကွယ်"

ဇီဇဝါက အမေ့သောကကို မြင်ပြီး ...

"ဒေဝီတင့် အစ်ကို ကိုသိဃ်သူကတော့ ရွှေပြည်စိုးအကြောင်း တော်တော်သိပုံရတယ် အမေ။ မေးကြည့်ချင်ရင် ဒေဝီတင့်ကို ဝါ ဖုန်းဆက်ပြီး မေးမယ်လေ"

"သိဃ်သူက တို့သားအမိတွေကို အထင်သေးပါတယ်ဆိုမှကွယ်၊ သူနဲ့ ပတ်သက်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"စကားဝါ ပျောက်သွားတယ်ဆိုတာ မပြောဘဲ ဒီတိုင်း သိချင်လို့ မေးတဲ့ပုံစံ မေးရအောင် အမေရယ်၊ အခုဟာက ဂန္ဓမာတို့က စကားဝါပြောပြလို့ ရွှေပြည်စိုး ဆိုတဲ့ နာမည်ရယ်၊ Omega ဆိုတဲ့ စီးပွားရေးလုပ်ငန်းလေး တစ်ခုရယ်ပဲ သိထားရတဲ့ အခြေအနေလို ဖြစ်နေတယ်လေ"

အမေမှာ သမီးတွေကို ကောင်းတာ ဖြစ်စေချင်လွန်းပြီး အကောင်းတွေချည်း မျှော်လင့်သော အမေပီပီ ဘာမျှကောင်းတာကြားရဦးမလဲ စိတ်ကူးမိဟန်ဖြင့် ...

"အေး ... အေး ... မေးပါကွယ်၊ မေးကြည့်ကြပါ"

ဟု ခွင့်ပြုလိုက်ပါသည်။ ဂန္ဓမာက အကြီးပေးတော့သာ သူဖြစ်ပေမဲ့ သူ့ဘာသာကျ ဖုန်းမခေါ်ရဲ။ နေကြာ့ကို အကူအညီ တောင်းသလို ကြည့်နေတော့သည်။

"မမမာကလည်းလေ နေကြာ အဲဒီလူနဲ့ မျက်နှာကြောမတည့်ပါဘူးဆိုမှ နေကြာ့ဘက် လှည့်လာပြီ"

"ဒါပေမဲ့ သူလည်း နင့်ကိုတော့ စိတ်ဝင်စားနေတယ်လို့ ကိုမင်းရဲသွေးကတစ်ဆင့် ငါ့ကို ပြောထားဖူးတယ်"

"ဟင် ... ဘယ်တုန်းကလဲ"

"သိပ်တောင် မကြာသေးဘူး၊ သိယ်ကလည်း သူ့ဘဝမှာ နေကြာ့ကိုကျမှ အရင်ဆုံး စိတ်လှုပ်ရှား ရင်ခုန်မိတယ်လို့





ပြောတယ်တဲ့။ နေကြာဟာ သူဆုံဖူးသမျှ မိန်းကလေးတွေထဲမှာ သူ့ကို အဖမ်းစားနိုင်ဆုံးပါပဲတဲ့၊ တစ်ရက်မှာ ကိုမင်းရဲသွေး ငါ့ကို ပြောပြခဲ့တယ်"

"မမမာက ဘာပြန်ပြောလိုက်လဲ"

"နေကြာကတော့ ကိုသိယ်သူ့ကို အမြင်မကြည်ဘူးလို့၊ ကိုသိယ်သူက ဒီဘက်က အမေနဲ့ ညီအစ်မတွေကို အထင်သေး ရှုတ်ချသလိုပုံစံနဲ့ ပထမဦးဆုံးအကြိမ် ဆုံတုန်းက ကြည့်နေခဲ့တယ်ဆိုတာ နေကြာ သတိထားမိလို့ ကိုသိယ်သူ့ကို သူ တော်တော်မကြည်မလင် ဖြစ်နေတယ်လို့"

"အင်း ... အင်း ... ကောင်းတယ်၊ အဲဒီလို အပြတ်ပြောထားတာပဲ ကောင်းတယ်၊ ဒါပေမဲ့ အခု ဖုန်းဆက်မေးရမှာကျ နေကြာ့ဘက်ကစပြီး ဆက်သွယ်သလိုဖြစ်ပြီး အောက်ကျနောက်ကျ နိုင်သွားမလား မသိဘူးနော်"

"ကိုယ့်ညီမလေးအကြောင်း စိတ်ပူလို့ သူ့ကို စုံစမ်းတာပဲနေကြာရယ်၊ အောက်မကျပါဘူး။ နင်က အကြောင်း တစ်စုံတစ်ရာ မရှိဘဲနဲ့ သူ့ကို ဖုန်းမဆက်ဘူး ဆိုတာတော့ သူ သိမှာပါ၊ ဖုန်းဆက်လိုက်ပါ၊ ငါက စကားနည်းပြီး ပြောပြန်ရင်လည်း ရဲရဲတင်းတင်း ပွင့်ပွင့်လင်းလင်း မရှိတဲ့ သူဆိုတော့ ငါမေးရင် ပြည့်ပြည့်စုံစုံ သိရမှာ မဟုတ်ဘူး၊ နင်ပဲ မေးပေးပါ နေကြာရယ်"



www.burmeseclassic.com

ဒီလိုနဲ့ပဲ ဒေါ်နေကြာတို့ အစ်မကပင် ဆရာဘင်ရသော ဆရာမကြီးရာထူး အလိုလိုရလျက် သိဃ်သူ့အိမ်ကို ဖုန်းခေါ်လိုက်ရပါတော့သည်။

သိဃ်သူ့ အသံကို ဖုန်းထဲမှာ စတင်ကြားရပါသည်။

"ကိုသိဃ်သူလား ... နေကြာပါ"

သိဃ်သူသည် နေကြာပါဟု ပြောလိုက်သံ ကြားရလျှင် သူ့နားသူပင် မယုံနိုင်တော့သလို ဖြစ်သွားသည်။ အံ့သြပြီး အကြာကြီး တိတ်ဆိတ်သွားမိသည်။ ဒီမိန်းကလေး သူ့ကို အမြင်မကြည်ဘူး၊ သူ့ကို မဆုံချင်ပါဘူး ဆိုသော စကားတွေ မင်းရဲ့ သွေးထံမှတစ်ဆင့် ကြားရသဖြင့် သိဃ်သူမှာ သူ့အပြစ် သူသိလျက် ထိုမိန်းကလေးကိုပင် အားနာပြီး စိတ်မကောင်း ဖြစ်နေခဲ့သေးသည်။ သူ့စိတ်ထဲမှာ ထင်တာ၊ မြင်တာ၊ တွေးတာတွေကို ရိပ်မိသိရှိသွားခဲ့သော နေကြာ့ထံမှာ သိဃ်သူ့ကို ခွင့်လွှတ်စရာ ကျေအေးစရာ ဘာအကြောင်းမှ ရှိမနေခဲ့ဘူးဆိုတာလည်း သိသဖြင့် သိဃ်သူမှာ သူ့အမှားသူ အပြစ်တင်ရင်းဖြင့်သာ နေကြာနားကိုလည်း မကပ်ရဲဘဲ အဝေးက လွမ်းမောတမ်းတနေသူတစ်ဦးသာ။

"ရှင် အထင်သေး ရွတ်ချခဲ့တဲ့ ညီအစ်မတွေထဲက တစ်ယောက်ကို ရှင် ဘာကြောင့် စိတ်ဝင်စားလာရသလဲ၊ မွေ





မက်ပြီး လင်ကောင်းရဖို့ ရှာကြံနေတဲ့ သားအမိတွေရဲ့ ကျော့ကွင်းထဲ ရှင်ဘာလို့ ဝင်လာရသလဲ"

ဆိုသော မေးခွန်းနဲ့ တိုက်ရိုက်မေးမြီး သူ့ကိုခနဲ့သိက်မှာလည်း သူ ခံနိုင်ရည် မရှိသေးပါ။

"ကိုသိဃ်သူ နေကြာ့ကို တစ်မျိုးတော့ မထင်ပါနဲ့၊ နေကြာ ဖုန်းဆက်ရခြင်း အကြောင်းရင်းက စကားဝါ့ အကြောင်း သိချင်လို့ပါ၊ အဲ ... ဟို ... စကားဝါနဲ့ တွဲနေတဲ့ ကောင်လေးအကြောင်းလို့ ပြောရင် ပိုမှန်မယ် ထင်တယ်"

"ဪ ... ဪ ... အင်း ... ဘယ်လိုမှ မထင်ပါဘူး နေကြာရယ်။ ရုတ်တရက် မထင်မှတ်ထားဘဲ နေကြာ့အသံကို ကြားလိုက်ရလို့ အံ့သြသွားလို့ပါ"

နေကြာ အခုမှ အသက်ကို ပြင်းပြင်းရှူရဲတော့သည်။

"ဘာသိချင်လို့လဲ နေကြာ"

"ရွှေပြည်စိုး အကြောင်း ကိုသိဃ်သူ တော်တော်လေးသိမယ် ထင်တယ်လို့ နေကြာတို့ တစ်မိသားစုလုံးက တွေးမိကြလို့ ကိုသိဃ်သူ့ဆီ ဖုန်းဆက်မေးခိုင်းလို့ပါ"

"စကားဝါက ဘာမှ ပြန်မပြောဘူးလား"

"သူသိထားသလောက် ပြန်ပြောပါတယ်"

www.burmeseclassic.com



"ဘာတွေများ ပြောသလဲ၊ အဲ ... ဘယ်လိုမှ မထင်နဲ့နော် သူ ဘာတွေများ သိထားလဲ သိချင်လို့ပါ"

နေကြာသည် ရွှေပြည်စိုး အကြောင်း သိထားသ[...] ကိုသာ ပြောပြလိုက်ရပါသည်။ တစ်ဖက်မှ သိယံသူမှာ နားထော[...] ရင်း စိတ်မကောင်း ဖြစ်နေမိပါသည်။ စကားဝါ့ခများ တကယ်[...] ဒီလောက်ပဲ သိသလား၊ သိရက်နဲ့ မိဘနဲ့ညီအစ်မတွေကို အ[...] ပြန်မပြောဘဲ ထိမ်ချန်ထားသလား ဘယ်လိုမှ မသိနိုင်။

"စကားဝါ သိထားသလောက်ကတော့ အပေါ်ယံကြော[...] ဟုတ်ပါတယ်။ ဒါပေမဲ့ သူ့မသိတာ တစ်ခုတော့ ရှိတ[...] ကျွန်တော် ပြောပြလိုက်ရင် နေကြာတို့ သိပ်များ ယူကျုံ[...] မရ ဖြစ်သွားမလား မသိဘူး၊ ဒါပေမဲ့ စကားဝါ့ကိုတ[...] ဖို့ အချိန်မီသေးတယ်ဆိုရင် တားနိုင်ဖို့ ပြောတော့ ပြော[...] ပြမယ်"

နေကြာမှာ ရင်ထဲ ဒိန်းခနဲ မြည်သွားပါသည်[...] သိပ်ပြီး ယူကျုံးမရ ဖြစ်သွားမယ်ဆိုတဲ့ စကားအစ်ပွာယ[...] နေကြာ မဖော်တတ်ပေမဲ့ ကိုသိယံသူ ပြောပြလိုက်လို့ ကြား[...] ကို နားမထောင်ရဲတာတော့ အမှန်။ စကားဝါ့ကို တားလို့ရ[...] တယ် အချိန်မီသေးတယ်ဆိုရင် ဟူသော စကား၏ နောက်ဆက်[...] ကို နေကြာမှာ ပြန်မမေးရဲသေးပါ။





"ရွှေပြည်စိုးက အသက်ဆယ့်ရှစ်နှစ်လောက်တုန်းက အင်း... အဲ ... ဟို ... သူ့ရည်းစားမိန်းကလေးနဲ့ ခိုးပြေးကြဖူးတယ် နေကြာ"

"ရှင် ... တကယ်"

"လက်မှတ်ထိုးပြီး လက်ထပ်ဖြစ်ကြတဲ့ အထိတော့ မဖြစ်ခဲ့ဘူး။ မိန်းကလေးမိဘတွေက သူတို့သမီးကို အချိန်မီပေါ့လေ။ ဒီနေ့ လိုက်ပြေး နောက်နေ့ ပြန်သိမ်းလိုက်နိုင်တော့ သူတို့ လက်မှတ်ထိုး လက်ထပ်ဖို့ အချိန်မရလိုက်ဘူး"

"ဒါ ... ဒါဖြင့် သူ အိမ်ထောင်ကျဖူးတယ်ပေါ့"

နေကြာ့ အသံမှာ စိတ်မကောင်းဖြစ်ခြင်း၊ ယူကျုံးမရခြင်း၊ စကားဝါ့ကို နမြောတသခြင်းတွေနဲ့ တိုးတိမ်နစ်ဝင်နေသည်။ ဒါကို သိယံသူ သတိထားမိပြီး ရင်ထဲမှာ သနားသွားမိသည်။

"မိန်းကလေး မိဘတွေက တော်တော့်ကို ချမ်းသာပြီး ဩဇာတိက္ကမလည်း ကြီးတာမို့ ဒီကိစ္စကို လူမသိအောင် ဖုံးဖိထားနိုင်ခဲ့တယ်ပေါ့။ ဒါကြောင့် လူသိပ်မသိလိုက်ပါဘူး။ မိန်းကလေးကတော့ အဲဒီကိစ္စ ဖြစ်ပြီးပြီးချင်း နှစ်ပတ်အတွင်းပဲ မိဘတွေ ကြပ်မတ်ပြီး အင်္ဂလန်မှာ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားနေဖို့ ပို့လိုက်နိုင်တော့ သူတို့ ကွဲသွားကြတယ်လေ နေကြာ"

"အခု ... အခုရော ... အဲဒီကောင်မလေး ဘယ်မှာလဲ"

"အင်္ဂလန်မှာပဲ၊ ဟိုတလောကမှ ဘွဲ့ရလို့ ဘွဲ့ယူတယ်။ အဲဒီရောက်နေတဲ့ မြန်မာမိသားစုထဲက မြန်မာကောင်လေး တစ်ယောက်နဲ့လည်း လက်ထပ်လိုက်ကြပါပြီ၊ သူ ဒီလည်း ပြန်လာမှာ မဟုတ်တော့ပါဘူး"

"လူသိပ်မသိတဲ့ ကိစ္စကို ကိုသိယံသူက ဘာဖြစ်လို့ သိနေတာလဲဟင်"

သိယံသူမှာ နေကြာ့ မေးခွန်းကို ရယ်စရာမဟုတ်ပေမဲ့ အရှက်ပြေ ရယ်မောမိသည်။

"ကျွန်တော်တို့နဲ့ အမျိုးတော်နေတယ်လို့ပဲ ပြောရမှာပေါ့။ ကျွန်တော့် အဒေါ်နှစ်ဝမ်းကွဲက ရွှေပြည်စိုးရဲ့ မိထွေးပါပဲ"

"အို ... ဟုတ်လား၊ တိုက်ဆိုင်လိုက်တာနော်"

"အဒေါ်နှစ်ဝမ်းကွဲမို့ သိပ်အရင်းအနှီးကြီးလည်း မဟုတ်၊ သိပ်အဝေးကြီးလည်း မဟုတ်တာမို့ သူ့ယောကျ်ားဘက် ကပါလာတဲ့ သားအငယ်ဆုံးလေး အဲဒီလို ပြဿနာလေး ဖြစ်သွားတာတော့ ဆွေမျိုးတွေ Get Together လုပ်ကြ ချိန်မှာ ပြောကြဆိုကြရင်း ကျွန်တော် သိလိုက်တာပါ။





ရွှေပြည်စိုးနဲ့လည်း သိပ်အရင်းနှီးကြီး မဟုတ်ပေမဲ့ ကျွန်တော်တို့ချင်း တွေ့ဖူး မြင်ဖူး စကားပြောဖူး ကြပါတယ်။ သူ့အိမ်ထောင်ကျဖူးတယ်လို့ ပြောလို့မရပေမဲ့ သူ့ဘဝမှာ မိန်းကလေးတစ်ယောက်ကို ခိုးပြေးဖူးတယ် ဆိုတဲ့ အမည်းစက်လေးတော့ ရှိသွားတာပေါ့လေ။ နောက်တစ်ခုက သူ့မှာ ဘာအလုပ်အကိုင်မှ မယ်မယ်ရရ မရှိသေးတာပဲ၊ အဖေက အမွေခွဲပေးပြီး လုပ်ငန်းပါ ခွဲပေးမယ်ဆိုတော့ သူက သိပ်ဖိဖိစီးစီး မလုပ်ချင်ပုံရတာနဲ့ ခုထိ သူ့အဖေပဲ လုပ်ငန်းလေးကို ဦးစီးပြီး လုပ်ပေးနေရတယ် နေကြာ။ သူတို့အဖေက နောက်အိမ်ထောင်ပြုတော့မယ် ဆိုတော့ သားသမီးတွေ ကျေနပ်အောင် အမွေအတိအကျ ခွဲပေးပြီးမှ သူ့အပုံ သူယူပြီး ကျွန်တော်တို့ အဒေါ်နှစ်ဝမ်းကွဲနဲ့ ယူခဲ့တာပါ၊ ဒါကြောင့် သူတို့မှာ အမွေဘာမှ ထပ်ရစရာမရှိတော့ပါဘူး။ အဖေ သေရင်တောင် သူတို့ရစရာမရှိတော့ တဲ့အကြောင်း သူတို့မောင်နှမတွေ အားလုံး လက်ခံသိရှိပြီးပါပြီ၊ အားလုံးလည်း သဘောတူလို့ လက်မှတ်ထိုးထား ပြီးပြီလေ။ ဒါကြောင့် ရွှေပြည်စိုးက ကြွားဝါပြီး သူ့မှာ ဘာတွေ ရစရာရှိတယ် ဘာညာပြောလဲ မယုံဖို့ စကားဝါ ကို ပြောထားလိုက်ပါ။ ရွှေပြည်စိုးက လူကသာ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တယ်၊ သူ့မှာ ကြွားချင်တဲ့ ခတ်ခံလည်းရှိတယ် နေကြာ"

နေကြာသည် အားလုံးပြည့်ပြည့်စုံစုံ သိရပြီးလေရာ စကားဝါ့အတွက် ဘယ်လိုလုပ်ပေးရမှန်း မသိအောင်ပင် တွေဝေနေရသည်။ စကားဝါ ... စကားဝါ ... ဖြစ်ရလေ။ မိန်းမရှုပ်ပြီးသား ကောင်လေးနဲ့မှ ဖူးစာဆုံရတယ်လို့။ ပြီးတော့ ဘာအလုပ်အကိုင်မှလဲ မရှိဘူးတဲ့။ ကိုသိင်္ဃသူ ပြောတာ တကယ်ဖြစ်မှာပါ။

"နေကြာ ကျွန်တော့်ကို ပြောပြနိုင်မလား၊ စကားဝါ ဘာဖြစ်လို့လဲဟင်"

နေကြာသည် ဖုန်းခွက်ကို လက်ဖြင့်အသာပိတ်ရင်း မမမာကို အဖော်ညှိသလို မေးလိုက်ပါသည်။

"မမမာ သူကဲ မေးနေပြီ၊ စကားဝါ ဘာဖြစ်လို့လဲတဲ့၊ ပြောပြလိုက်ရမလား"

"ငါ မသိဘူးဟယ်"

"အမေ့ သွားမေးပေးလေ"

"ဟဲ့ ... အဲဒီလောက်ကြီး ကြာနေရင် သူ ရိပ်မိမှာပဲ ဘာထူးလဲ။ နင့်သဘောပဲ၊ နောင်လည်း လူသိမဲ့အတူတူ ပြောလိုက်ပါ။ ကိုသိင်္ဃသူ ဘယ်သူ့ကိုမှ မပြောပါနဲ့လို့ ပိတ်ထားလိုက်ပေါ့"





နေကြာ အသာခေါင်းညိတ်ပြီးမှ ...

"ကိုသိင်္ဃသူ"

ဟု ဖုန်းခွက်ကို ပြန်ဖွင့်ပြီး ခေါ်လိုက်ပါသည်။ နေကြာတို့ ဘာမှမပြောသေးပေမဲ့ သိင်္ဃသူကတော့ အနည်းငယ် ရိပ်မိစ ပြုနေပါပြီ။

"နေကြာတို့ မပြောနိုင်ရင် မပြောပါနဲ့၊ ရပါတယ် ... ကျွန်တော် ဒီတိုင်းပဲ နေလိုက်ပါ့မယ်"

"ပြောလို့ ရပါတယ်လေ။ စကားဝါ အိမ်မှာမရှိတော့ဘူး။ ဘာမှလဲ စာရေးမသွားဘူး။ အားလုံး ထင်တာကတော့ ရွှေပြည်စိုးနဲ့ ခိုးပြေးသွားကြပြီလို့ ထင်လို့ပါ။ ဒါကြောင့် ကိုသိင်္ဃသူ့ဆီ ရွှေပြည်စိုး အကြောင်း သတင်းစုံစမ်းတာပါ။ အခု နေကြာပြောတာတွေ ကိုသိင်္ဃသူ သိသွားပြီးရင် ဘယ်သူ့မှ မပြောပါနဲ့နော်။ နေကြာတို့ ညီအစ်မတွေမှာ အဲဒီလိုမျိုး ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမဲ့အောင် ခိုးရာလိုက်ပြေးဖို့ အထိလည်း စိတ်ကူးမရှိပါဘူး။ အမေကလည်း အဲဒီလို အဖြစ်မျိုး မဖြစ်စေချင်ခဲ့ပါဘူး။ စကားဝါ့ကျမှ ဖောက်ပြီး ဖြစ်သွားတော့ အားလုံး စိတ်ဆင်းရဲပြီး ရှက်လည်း သိပ်ရှက်နေကြပါတယ်"

သိင်္ဃသူသည် အရင်ကဆိုရင်တော့ ဖြစ်တာတောင် နည်းသေးဆိုပြီး အမြင်ကတ်ကတ်နဲ့ တွေးမိဦးမှာ။ ပိုက်ဆံချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာတာမက်။ စီးပွားရေးလုပ်ငန်းရှိတာ မက်ဦးလေ ဆိုပြီး ကဲ့ရဲ့မိဦးမှာပါ။ အခုတော့ သူ့စိတ်တွေကလည်း ပြောင်းလဲသွားပြီမို့ အဲဒီလိုပင် မတွေးရက်ပြန်။ နေကြာညီမလေး ဒီလိုဖြစ်ရတာကို ပဲ ကိုယ့်ညီမရင်းလို ခံစားပြီး စိတ်မကောင်းပင် ဖြစ်မိသည်။ အချိန်မီ တားမြစ်သတိမပေးလိုက်နိုင်မိသော သူ့ကိုယ်သူပင် အားမလို အားမရ ပြန်ဖြစ်နေမိသေးသည်။ ငါသာ အကြောင်းစုံကို စောစောစီးစီး လူကြီးမိဘတွေဆီ ကိုယ်တိုင်ကိုယ်ကျ သွားပြောပြပေး၊ သွားသတိပေးလိုက်ရင် ကောင်းသား။ ငါကိုယ်တိုင်ကလည်း သူတို့အိမ် ခဏခဏ ချောင်းပေါက်နေတယ်၊ အကြောင်းရှာပြီး ရောက်ရောက်လာတယ် အထင်ခံရမှာ စိုးရိမ်ခဲ့မိတာကိုး။

အခုချိန်မှာကျ အဲဒီလို အထင်ခံရရင်လည်း ဂရုမစိုက်ချင်တော့။ အခံရခက်မနေချင်တော့ပါ။ ရှေးက စကားပုံတွေလိုပဲ **"ယောက်ျားကြိုက်တော့ စိုက်စိုက်လာ"**ဆိုတဲ့ စကားပုံကိုပဲ မှန်လိုက်တာဟု **ထောက်ခံဖို့** အသင့်ဖြစ်နေပါပြီ။

"သူတို့ **ဘယ်ထွက်ပြေးလဲ** ဆိုတာလည်း မသိတော့ ကိုသိယ်သူများ **သိမလားဟင်**"

"ရွှေပြည်စိုးမှာ **တိုက်ခန်းလေး** တစ်ခန်းတော့ ဝယ်ထားတယ်၊ နေကြာတို့ **သိလား**"

"စကားဝါတော့ ပြောဖူးတယ်၊ **ဒါပေမဲ့** ဘယ်မှာမှန်း မသိဘူး"





"မသိရင်လည်း ကျွန်တော် သွားရှာပေးပါ့မယ်၊ အဲဒီအခန်းမှာတော့ ပုန်းအောင်းနေကြမယ် မထင်ဘူး။ သူတို့ ခပ်ဝေးဝေးပြေးရင် ပြေးမှာပဲ။ ရွှေပြည်စိုးက အဲ ... ဆောရီး ပထမတစ်ခါတုန်းက နီးနီးနားနား မှော်ဘီလောက်ကို ပြေးတော့ ပြန်မိပြီး အခွဲခံရတယ် ဆိုတာ သူ မှတ်သွားပြီမို့ ဒီတစ်ခါတော့ ဝေးဝေးပဲ ပြေးမယ်ထင်တယ်"

"နေကြာတို့ကတော့ အဲဒီလိုကြီး ကိုယ့်ဘက်က နာမည်အပျက်ခံပြီး ပြန်မခွဲတော့ပါဘူးလို့ ဆုံးဖြတ်ထားကြပါတယ် ကိုသိယ်သူရယ်။ အဖေနဲ့ အမေကလည်း ပြောပါတယ်၊ လူတစ်ယောက်ဆိုတာ စမွေးလာတဲ့ နေ့ကတည်းက သူ့ဘဝသက်တမ်းတစ်လျှောက်မှာ ဖြစ်ပျက်ကြုံတွေ့ရမှာတွေ ရေးထားပြီးသားတဲ့။ ဒီအချိန်မှာ ဒီလိုဖြစ်ရမယ်ဆို ဘယ်လိုမှ တားမရဘူး ဖြစ်မှာပဲတဲ့၊ အဲဒီလို စိတ်ဖြေပြီး တွေးကြပါတယ်။ သူတို့ကို ပြန်လိုက်ရှာပြီးရင် ယောက်ျားလေးဘက်က မိန်းကလေးဘက်ကို ကောင်းကောင်းမွန်မွန် လက်ထပ်ယူပြရင်ပဲ ကျေနပ်ပါပြီ။ မိဘဂုဏ်ကို ဆယ်နိုင်ရင် ဝမ်းသာပါပြီလို့ ပြောနေကြတယ်"

"နေကြာ့ အဖေနဲ့ အမေကို ပြောလိုက်ပါ။ ကျွန်တော်ပဲ လိုက်ရှာပေးပါ့မယ်လို့။ ဘယ်သူမှလဲ မသိစေရပါဘူးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်လိုက်တာ၊ ကိုသိဃ်သူရယ်"

သိဃ်သူသည် သူ့အပေါ် တစ်ခါမှလည်း စကားအများကြီး မပြောဖူးသော၊ တစ်ခါမှလည်း ပြေပြေပြစ်ပြစ် ချိုချိုသာသာ မရှိဘူးသော နေကြာ့ ထံမှ ကျေးဇူးတင်စကားကို နားဝင်ချိုဆိမ့်စွာ နားထောင်နေခဲ့မိပါသည်။

စိတ်ထဲမှာတော့ ...

"နေကြာ့ အတွက်ပါ၊ နေကြာ့ကြောင့် လုပ်ပေးတာပါ"

လို့ ခဏခဏ ဝန်ခံခဲ့မိလေသည်။

❈ ✳ ❈





၁၀

စကားဝါတို့ကို နှစ်ပတ်အကြာမှာ ပြန်ရှာတွေ့ပါသည်။ ကိုသိဃ်သူ ကိုယ်တိုင် နီးစပ်ရာတွေ မှန်းဆရှာရသဖြင့် ဒီလောက်ထိ အချိန်ကြာသွားတာလည်း ဖြစ်ကြောင်း ပြောပြပါသည်။ စကားဝါတို့က တောင်ကြီး၊ အင်းလေး၊ ကလောထိ လျှောက်လည်ရင်း ရှောင်တိမ်းနေခဲ့ပြီ လည်လို့ဝ၊ ပိုက်ဆံလည်းကုန်မှ ရန်ကုန်ရှိ ရွှေပြည်စိုး အိမ်ခန်းမှာ ပြန်လာနေမှပဲ ကိုသိဃ်သူလည်း သွားရှာပြီး ခေါ်လာပေးတာ ဖြစ်ပါသည်။

သိဃ်သူသည် စကားဝါ့ကို မိဘတွေထံ လူကြီးစုံရာနှင့် ရွှေပြည်စိုး သွားမအပ်သေးခင်မှာ ...

"မင်းနဲ့ငါ နှစ်ယောက်တည်း စကားပြောချင်သေးတယ်၊ မင်း ငါ့အိမ် ခဏလာခဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ ဆွေးနွေး တိုင်ပင်ဖို့ ခေါ်ပြောခဲ့သည့် အကြောင်းတော့ နေကြာတို့တစ်သိုက် မသိစေခဲ့ရပါ။

"ကိုကြီးသိဃ် ဘာပြောစရာရှိလို့လဲ"

ရွှေပြည်စိုး သူ့အိမ် ရောက်လာသောအခါ သိဃ်သူက မေးစရာရှိတာ မေးလိုက်ပါသည်။

"မင်းမှာ မိန်းကလေးတစ်ယောက်ကို ညှော်ခံပွဲလေးဖြစ်ဖြစ် လုပ်ပေးဖို့ ငွေဘယ်လောက်ရှိလဲ ရွှေပြည်စိုး"

"ဟာ ... ဘယ်ရှိမှာလဲ ကိုကြီးသိဃ်ကလည်း။ လူပျို့ဗျ။ ရသမျှ သုံးသုံးပစ်လိုက်တာ ဘာစုမိမှာလဲ။ အမွေရထားတဲ့ အိမ်လေးတောင် အမြတ်ရ ပြန်ထုတ်ပြီး ဈေးပေါတဲ့ အခန်းဝယ်မယ် စဉ်းစားနေတုန်း စကားဝါနဲ့တွေ့လို့ မရောင်းဖြစ်တော့တာလေ။ အခု အဖေက ခိုးပြေးတုန်းက မောင်းသွားတဲ့ကားလည်း ပြန်သိမ်းလိုက်ပြီ။ စီးစရာတောင် မရှိတော့လို့ Taxi နဲ့ပဲ လစ်နေရတာ"

"လေး၊ငါးသိန်းတောင် မရှိဘူးလား"

"ဟောဗျာ ... လက်ထဲမှာ သောင်းဂဏန်းတောင် မကျန်ပါဘူးဆိုမှ။ စကားဝါနဲ့ ထွက်ပြေးကြတော့ တည်းခိုခန်းမှာတည်းလိုက်၊ လျှောက်လည်လိုက်တွေက ကုန်ပြီလေ"





"မင်းတို့ ဘာလို့ ဒီလိုလုပ်ကြရတာလဲကွာ"

"စကားဝါက ပြောတော့ သူ့အမေက သိပ်ချမ်းသာမှ သမက်တော်ချင်တာတဲ့။ ကျွန်တော့် အဆင့်လောက်ဆို သဘောတူမှာ မဟုတ်ဘူးတဲ့။ ရည်းစား စ,ဖြစ်ကတည်းက နေ့တိုင်းလိုလို ပြောပြနေတော့ ကျွန်တော်လည်း စိုးရိမ်လာတယ်၊ ကျွန်တော်တို့ ခွဲခံရမှာ ကြောက်လာတယ်၊ ဒါကြောင့် စကားဝါကို ကိုယ့်နောက် လိုက်မလား မေးတော့ သူက လည်း မငြင်းဘူး။ ကျွန်တော့်ကို ချစ်တယ် ကျွန်တော့် နောက် လိုက်မယ် ဆိုတာနဲ့ ဘာမှ မစဉ်းစားတော့ဘူး လုပ်ချလိုက်တာ"

"လုပ်ချလို့ ဖြစ်မလားကွ၊ မင်းမှာ အလုပ်အကိုင်လည်း မရှိ။ ဘာလဲမရှိနဲ့။ ဘယ်လိုလုပ် မိန်းမကို ဘာနဲ့လုပ်ကျွေးမလဲ ... ပြော"

"ကိုကြီးသိဃ်ကလည်းဗျာ၊ သူ့ညီမလည်း မဟုတ်ဘဲ ဝင်ပါနေပြန်ပြီ၊ ဒါကြောင့် စကားဝါ ပြောတာ ထင်တယ်၊ မမနေကြာကလည်း ကိုသိဃ်သူကို အမြင်ကတ်နေတာ၊ ဟိုကလည်း ဟန်ကြီးတစ်လုံးနဲ့ နေပြနေပေမဲ့ တကယ့် တကယ်ကျ မမနေကြာကို မျှော်လင့်နေတာ ဆိုတာ ဟုတ်များ ဟုတ်နေလား"



www.burmeseclassic.com

www.burmeseclassic.com



သိဃ်သူမှာ သူ့အကြောင်းတွေ ပြောနေရပါ့မလား ဆိုပြီး မျက်မှောင်ကြီး ကုတ်သွားပါသည်။ ဟုတ်နေ မှန်နေပေမဲ့ လည်း သူများဝေဖန်ပြန်ရင်တော့ မကြိုက်ပြန်။ သူ ဒါကိုလက် ခံနိုင်ဖို့ တော်တော်လိုသေးပါသည်။

"ကိုယ့်အကြောင်းပဲ ကိုယ်ပြော ပော့ကောင်။ ငါ မေးတာ က မင်း ဘာအလုပ် လုပ်မလဲ ဆိုတာပဲ"

"အလုပ်လား ကြည့်ကျက် ရှာရမှာပေါ့"

"မင်းအဖေ အလုပ်မှာပဲ ဝင်ကြီးကြပ်ရင်ရော"

"အဖေနဲ့ မျက်နှာကြောမှ မတည့်တာ။ ဆောရီး ကိုကြီး သိဃ်တို့ အဒေါ်ကို အမြင်မကြည်တာတော့ မဟုတ်ဘူး။ အဖေက သူ့မိန်းမနဲ့ သူ့သားအတွက် ပိုသိတတ်နေသလိုပဲ ဒါကြောင့်ပဲ"

"မိထွေးနဲ့ လင်ပါသားသမီး ဆိုတာ တည့်ခဲပါတယ်ကွာ။ ငါ နားလည်ပါတယ်"

"ဒါကြောင့် ကိုယ့်ဘာသာပဲ အလုပ်ရှာမယ်၊ အခုရှိတဲ့ တိုက်ခန်းကို ပြန်ရောင်းပြီး ဈေးနိမ့်တာဝယ်ရင်ဝယ်မယ်၊ ပိုထွက် လာတဲ့ ပိုက်ဆံကိုပဲ ရင်းနှီးမြှုပ်နှံရင် ကောင်းမလား မသိဘူး"

"မင်းဟာကလည်း ခုထိ ဘာမှ မရေရာသေးဘူး၊ ကဲ ... ရေရာသွားအောင် ဒီလိုလုပ်။ ငါ့ရဲ့ "24 hours" မှာပဲ မင်းရော စကားဝါရော နှစ်ယောက်စလုံး ဝင်လုပ်လိုက်ကြ





ဒါမှ ပုံမှန်လခရပြီး ဟန်မပျက် နေနိုင်မှာ ဟုတ်ပြီလား။ နည်းနည်းအခြေကျတော့မှ မင်းလုပ်ချင်တဲ့ စီးပွားရေးကို ခွဲလုပ်ဖို့ မင်းအဖေကို ငါ နားချပေးမယ်လေ၊ ဘယ်လိုလဲ"

"အိုခေ"

ရွှေပြည်စိုးကတော့ သူ သိပ်အကြံဉာဏ် မထုတ် လိုက်ရပါဘဲ ပြေလည်သွားသော အလုပ်ကိစ္စကို ကျေနပ်ပြီး လေ ပင်ချွန်ပြလိုက်သေးသည်။ သိဃ်သူမှာ ခပ်ပေါ့ပေါ့တွေး ပေါ့ပေါ့ နေသော ရွှေပြည်စိုးကို ကြည့်ပြီး အလိုလိုပင် ရင်လေးနေတော့ သည်။ နေကြာတို့သာသိရင် ပိုပြီး ရင်လေးကြဦးမှာမို့ မပြောတော့ ဖို့လည်း ဆုံးဖြတ်ရပါသည်။

"နောက်ပြီး မင်းအဖေ အန်ကယ်လ်စိုးနဲ့လည်း သေသေ ချာချာ မေးမြန်းပြီး မင်္ဂလာကိစ္စ သူ ဘယ်လောက်အကုန် ခံမလဲ ဆိုတာ ကြိုတိုင်ပင်ရဦးမယ်နော်"

"အဖေက ပြောပြီးပြီ၊ အမွေခွဲပြီးသားမို့ ညေ့ခံပွဲကိစ္စ သူ ဘာမှ အကုန်မခံဘူးတဲ့၊ လက်မှတ်ထိုး လက်ထပ်ပြီးကြ ပြီ။ မိဘတွေနဲ့ ပြန်အပ်တဲ့အခါ လက်ဖက်ရည်နဲ့ မုန့် ကျွေးမွေးဧည့်ခံလိုက်ရင် ပြီးပြီတဲ့"

"ဟာ ... ဒီလို ဘယ်ဟုတ်ပါ့မလဲ၊ စကားဝါ့ဘက်က ဧည့် ခံပွဲလေးလောက်တော့လုပ်ပေးဖို့ မျှော်လင့်ထားတာ၊ မင်္ဂလာ ဆွမ်းကျွေးဖြစ်ဖြစ် အနည်းဆုံး လုပ်ပေးစေချင်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးသိဃ်းကလည်းလေ စကားဝါက သူ့ညီမ ကျနေတာပဲ ဝင်ပူနေတယ်၊ ကျွန်တော်လည်း ကိုယ်ချစ်တဲ့မိန်းကလေးကို လုပ်ပေးချင်တာပေါ့၊ ဒါပေမဲ့ ပိုက်ဆံမှ မရှိတာ"

ဒါနဲ့ပဲ သိဃ်းသူမှာ အဒေါ်ကတစ်ဆင့်အန်ကယ်လ်စိုးကို နားချခိုင်းရပါသည်။ အန်ကယ်လ်စိုးကိုလည်း သိဃ်းသူကိုယ်တိုင်ပင် သွားတွေ့၊ စကားပြော၊ ဆွေးနွေးရပါသည်။ သူပေးချင်ရင် ပက်ခနဲ အောခနဲ ပေးပစ်တတ်ပြီး မပေးဘူးဆိုလျှင် တစ်ကျပ် တစ်ပြားမှ မပေးချင်တတ်သော ဉာဉ်ရှိသည့် ရွှေပြည်စိုးအဖေ ဦးစိုးသည် ဒီကိစ္စမှာလည်း ဒီအတိုင်း ဖြစ်နေပြန်သည်။

"မောင်နှမတစ်တွေကို ငါ အမွေခွဲပေးခဲ့တာဟာ မင်းအဒေါ်နဲ့ လက်ထပ်တော့မယ်လို့ ကြေညာခဲ့တဲ့ လွန်ခဲ့တဲ့ ဆယ့်တစ်နှစ်လောက်ကပါ၊ အဲဒီခေတ်ကာလမှာ သိန်းငါးဆယ်ဆိုတာ နည်းတဲ့ပမာဏ မဟုတ်ဘူး။ ကျန်တဲ့သူတွေကိုယ့်စီးပွားကိုယ် ကောင်းကောင်း ထူထောင်နိုင်သွားကြတာပဲ ကြည့်လေ၊ ရွှေပြည်စိုးကတော့ ဆယ်နှစ်အရွယ်ကလေးလေးမို့ ဘာလုပ်ငန်းမှလဲ လုပ်လို့မရသေးတာမို့ တိုက်ခန်း အပျံစားကြီး ဝယ်ပေးထားလိုက်တာလေ၊ ဒါသူ့အမွေပဲ၊ သူ့ပိုက်ဆံပဲ၊ သူ့စီးပွားရေးပဲ။ သားသမီးတွေနဲ့ငါ့ဆီမှာ စာရင်းဇယား ရှင်းစရာက အဲဒီထဲက ပြီးနေပြီ။





အဲဒီ ဆယ့်တစ်နှစ် နောက်ပိုင်း ငါရတဲ့အပုံထဲကပဲ ဆက်စီးပွားရှာလို့ ပွားလာတာတွေဟာ မင်းတို့အဒေါ်နဲ့ပဲ ဆိုင်ပါတယ် မောင်သိဃ်းသူရယ်။ ဒီတော့ ငါ ပေးခွင့်မရှိဘူးလို့ ယူဆတယ်"

"ဒါဖြင့် အန်တီစမ်းကို ကျွန်တော်ပြောလိုက်လို့ သူ့အနည်းအကျဉ်း ထုတ်ပေးရင် အန်ကယ်လ်စိုး လက်ခံမလား"

ထိုသို့ ချုပ်ကိုင်သလို မေးတော့မှ အဘိုးကြီးကခင်တင်တင်နှင့် လက်ခံသွားသည်။ သိဃ်းသူ အန်တီစမ်းကိုသွားပြောတော့ အန်တီစမ်း ခမျာ ပေးတော့ မပေးချင်ပါ။

"အန်တီစမ်း မပေးချင်လို့ မဟုတ်ပါဘူး၊ ခဏခဏလည်း ထုတ်ပေးရပေါင်း မနည်းတာ မင်းမှ မသိဘဲ မောင်သိဃ်းရယ်။ တော်ကြာရင်း တစ်သိန်းပေးပါဦး။ နှစ်သိန်းပေးပါဦး။ ငါးသောင်းပေးပါဦးနဲ့ ပေးခဲ့ရပေါင်း မနည်းဘူး။ အခုတစ်ခါလည်း သူ မင်္ဂလာဆောင်ဖို့တောင် ပေးရဦးမယ်ဆိုတော့ အကျင့်ပါနေမှာ စိုးလို့ပါ။ ပြီးတော့ သားငယ်လေး နောင်ရေးက ရှိသေးတယ်၊ မိဘတွေ အသက်ကြီးမှ ရတဲ့သားလေး တစ်ယောက်တည်း ဆိုတော့ အန်ကယ်လ်စိုးနဲ့ အန်တီစမ်း မရှိတော့ရင် သူ့တစ်ယောက်တည်း ရုန်းကန်စားသောက်နိုင်ဖို့ ထားခဲ့ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



အန်တီစမ်းရဲ့ သားငယ်လေးက အခုမှ ဆယ်နှစ်ပြည့်ခါစ ကလေးအရွယ်လေး ရှိသေးသည်။ ဒါကြောင့် အသက်ငါးဆယ်ပြည့်ပြီးစ အန်ကယ်လ်စိုးနှင့် အသက်လေးဆယ့်ငါးကျော်နေပြီဖြစ်သော အန်တီစမ်းတို့က သားရဲ့နောင်ရေးကို ပူပင်ကာ စုဆောင်းချင်တာလည်း အပြစ်မြင်စရာတော့ မရှိပါ။

"မိန်းကလေးတွေဘက်ကိုလည်း ကိုယ်ချင်းစာပါတယ်ကွယ် ဒီလိုလုပ်၊ အန်တီစမ်း သူတို့ကို လက်ဖွဲ့တဲ့အနေနဲ့ သုံးသိန်းတော့ ပေးမယ်ကွယ်၊ အဲဒါနဲ့ပဲ ကြည့်ကျက်ပြီး ပွဲလုပ်ဖို့ ရွှေပြည်စိုးကို ပြော။ အင်း ... ပိုက်ဆံလည်း မင်းပဲ ကိုင်ထားပြီး လုပ်ပေးရင် ကောင်းမယ် ထင်တယ် ရွှေပြည်စိုး လက်ထဲ ထည့်လိုက်ရင် ပလုံသွားလိမ့်မယ် ကောင်မလေးကို ဘာမှ လုပ်ပေးမှာ မဟုတ်ဘဲ သူပဲ သုံးပစ်လိမ့်မယ်၊ သုံးတာကလည်း သုံးတတ်လွန်းတယ် မောင်သိဃ်ရယ်၊ သူ့ ဆယ်သိန်းပေးလည်း တစ်ရက်တည်းကုန်အောင် သုံးပြလိမ့်မယ်၊ တခြား ဘာမကောင်းမှုမှ လုပ်တာမဟုတ်ဘဲ အဲဒီလိုပေါ့၊ ဈေးကြီးတဲ့ အဝတ်အစားတွေဝယ်တာတို့၊ ဟိုတယ်မှာ ဒေါ်လာနဲ့ပေးရတဲ့ အခန်းမှာသွားနေပြီး ဓိမ်ခံတာတို့၊ Spa သွားတာတို့၊ အစုံပဲ။ သူ့စိတ်ထဲမှာ ဒေါ်လာနဲ့ ပေးရတာမှန်သမျှ အကောင်းစားပဲ





ထင်ပြီး သူများလုပ်တိုင်း လိုက်လုပ်ကြည့်နေ သူဌေးရူး ရူးနေပြီး ကိုယ်ကိုယ်တိုင်ကျ သူဌေးမကြီးစားတာနော်၊ မိန်းကလေး လက်ထဲကျမှ တော်တော့ပြုပြင်ရလိမ့်မယ်"

သိဃ်သူလည်း ကိုယ့်အမျိုးသားချင်းထဲက လူချင်းမို့ ရွှေပြည်စိုးရဲ့ အကျင့်တွေ သိပေမဲ့လည်း နေကြာတို့ဘက်က စိတ်ချမ်းသာရဖို့ ဘာမှ အသိမပေးတာ ဖြစ်ပါသည်။ အန်တီစမ်း ထုတ်ပေးလိုက်သော သုံးသိန်းကိစ္စ ရွှေပြည်စိုးကို ပြန်အသိပေးပြီးလျှင် ...

"စကားဝါကို သွားအပ်တဲ့နေ့ကျ မင်း ပြောလိုက်ပါ၊ ဟိုတယ်အကောင်းစားကြီးမှာတော့ ဧည့်ခံပွဲ မလုပ်ပေးနိုင်လို့ မင်္ဂလာဆွမ်းပဲ ကျွေးပါရစေလို့ ပြောလိုက်၊ ဟုတ်ပြီလား။ ဆွမ်းကျွေးဖို့ကိုလည်း မိုးကုတ်ဆွမ်းစားဆောင်ဖြစ်ဖြစ်၊ မဟာသန္တိသုခဖြစ်ဖြစ်၊ မင်းကွန်း တိပိဋကဖြစ်ဖြစ် နာမည်ရှိတဲ့ ကျောင်းတွေပဲ ရွေးပြောနော်၊ ကုန်ကျစရိတ်ကတော့ မင်းတို့ရတဲ့ သုံးသိန်းနဲ့ လောက်မှာမဟုတ်ဘူး။ ကောင်းကောင်းမွန်မွန် ကျွေးမွေးဧည့်ခံမယ်ဆိုရင် ခုနစ်သိန်း ရှစ်သိန်းက သွားမှာပဲ။ ဒီတော့ ငါပဲ လိုတာစိုက်ပေးမယ်လို့ စဉ်းစားထားတယ်။ ဘယ်သူ့မှတော့ မပြောနဲ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကားဝါကိုတောင် မပြောနဲ့၊ မင်းမှာ စုထားတဲ့ ပိုက်ဆံ
ရယ်၊ မင်းအဖေက လက်ဖွဲ့တဲ့ သုံးသိန်းရယ် ပေါင်းလှူ
တာလို့ပဲ ပြောလိုက်”

ရွှေပြည်စိုးက သိယံသူ စီစဉ်သမျှ စောဒကမတက်ဘဲ နာခံပါသည်။ စကားဝါကို မိဘများထံ ပြန်အပ်ကြရသောနေ့မှာ ဒီဘက်ဆွေမျိုးစုဘက်က အနေနှင့် သိယံသူပါ ပါလာရပါသည်။ မိန်းကလေးဘက်မှာတော့ ဦးလေး အဒေါ် သားချင်းတော်တော်များများ အိမ်မှာရောက်နေကြောင်း တွေ့ရသည်။ ရွှေပြည်စိုးတို့ဘက်မှာတော့ သူ့အဖေစုံတွဲရယ် သိယံသူရယ်။ အစ်ကိုနဲ့အစ်မတို့ လင်မယား သုံးစုံတွဲရယ်သာ ပါပါသည်။ ဧည့်ခံကျွေးမွေးခြင်းကိုတော့ ဦးစိုးမှ ကြိုတင်ဖုန်းဆက်ပြီး စီစဉ်ပေးထားလေရာ မိန်းကလေးအိမ်ဘက်ကို သူတို့ မလာခင်ကတည်းက ရွှေပုစွန်ကိတ်များနှင့် နာမည်ကြီး လက်ဖက်ရည်ဆိုင်ကြီးမှ အော်ဒါမှာယူနိုင်သော လက်ဖက်ရည်ဖျော်ပြီးသား တစ်အိုးကြီးကို ကြိုတင်ပို့ထားသဖြင့် မိန်းကလေးဘက်က အစားအသောက်လည်း ဘာမှ စီစဉ်စရာ မရှိပါ။

သို့သော် ထိုအိမ်ဘက်မှလည်း ဆနွင်းမကင်းတို့ ကျောက်ကျောတို့တော့ စီစဉ်ထားသဖြင့် မုန့်ပွဲတွေကတော့ အလျှံပယ်ဖြစ်နေပါသည်။ သမီးဖြစ်သူကို မင်္ဂလာဧည့်ခံပွဲတော့ လုပ်





ပေးနိုင်ဘဲ မင်္ဂလာဆွမ်းကျွေးဖြင့်သာ ပြီးလိုက်ရမည်လို့ သိသွားသောအခါ ဒေါ်ခင်ခင်ဆွေ့ မျက်နှာမှာ သိပ်တော့ မကောင်းလှတာကို သိယံသူ သတိထားမိပါသည်။

စကားဝါကတော့ သူ့ဘဝသူ အပျော်ကြီးပျော်လျက် အစုမှ ပြန်တွေ့ရသော ညီအစ်မတစ်သိုက်ကြား သူ့အသံကတစာစာ ဖြစ်နေသည်။

“ကိုပြည့် တိုက်ခန်းကြီးကို ဝါ ခုမှ ရောက်ရတာသိလား။ တိုက်ခန်းကြီးက အကျယ်ကြီးပဲ သိပ်ကောင်းတာပဲ။ လွန်ခဲ့တဲ့ ဆယ့်နှစ်ကျော်က သိန်းငါးဆယ်ပေးရတယ်ဆိုတော့ အခုဆို အရမ်းတန်နေပြီ။ တိုက်ခန်းတစ်ခန်းလုံး ကြွေပြားတွေ အပြည့်ကပ်ပြီးသား၊ Aircon လည်း ရှိတယ်၊ အိပ်ခန်းနှစ်ခန်းကလည်း ကျယ်တယ်။ မီးဖိုချောင်ကလေ နိုင်ငံခြားရုပ်ရှင်ကားတွေထဲမှာ မြင်ရတဲ့ မီးဖိုချောင်ပုံစံမျိုးလေး သိလား။ သူက ဘာမှ ချက်မစားတော့ သန့်ပြီးပြောင်နေတာပဲ၊ ဝါကလည်း အဲဒီလို ခေတ်မီတိုက်ခန်းလေးရှိတဲ့ မြို့ထဲမှာ နေချင်တာ အတော်ပါပဲ”

ဂန္ဓမာကတော့ အစ်မကြီးပီပီ ...

“နင်ကတော့ ပျော်နေ အမေ့ခမျာ သနားပါတယ်၊ ပထမဦးဆုံး အိမ်ထောင်ကျသွားရတဲ့ သမီးကို ထိုင်မသိမ်းဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်စေချင်နေတာ သူ့ဆန္ဒ မပြည့်ဘူး။ အခု ကိုယ်တိုင်လည်း လက်ထဲမှာ ဆယ်သိန်း ဆယ့်ငါးသိန်း တောင် အပြည့် ဘယ်တော့မှ ရှိဖူးတာမဟုတ်တော့ ကိုယ့် ဘာသာ လုပ်ပေးချင်လို့တောင် မလုပ်နိုင်ဘူးလို့ ပြောနေရှာ တယ်"

"မင်္ဂလာဆွမ်းကျွေးလည်း ညှော်ခံတာ တစ်မျိုးပါပဲ မမဇာ ရယ်။ ဝါကသာ သေသေချာချာ လက်ဆုပ်လက်ကိုင်ပြ နိုင်တဲ့ ညှော်ခံပွဲတစ်ခုနဲ့ စတင်လိုက်နိုင်တာနော်။ မမဇာ ဆို ညှော်ခံပွဲ ဘယ်နေမှန်း မသိဘူး"

ဟူ၍ စကားဝါသည် အစ်မကိုလည်း ပြန်ရန်လုပ်လို လုပ်သေးလေသည်။ ဂန္ဓမာမှာ ကိုယ့်အားနည်းချက်နဲ့ကိုယ်မို့ မျက်ရည်ဝဲနေတော့သည်။ ကိုမင်းရဲ့သွေးဆိမှ အားရစရာမကောင်း တဲ့ အခြေအနေကို ရင်ထဲမှာ စိုးထိပ်နေမိတာမို့ သူနဲ့တောင် အဆက်အသွယ် သိပ်မလုပ်ဖြစ်အောင် ရှောင်နေမိတာ ကြာပြီ။

"ဟိုတယ်ကို နေ့တိုင်း လာမတွေ့ပါနဲ့ ကိုရယ်၊ သိပ်တွဲ လွန်းရင် သူများ မေးစရာ ဖြစ်ကုန်မယ်"

လို့ဖွဲ့ မဟုတ်က ဟုတ်ကတွေ တွေးတောပူပန်ချင် ဟန်ဆောင်ပြီး တားထားခဲ့တာမို့ ကိုမင်းရဲ့သွေးပင် တစ်လနေလို့ တစ်ခေါက် ဟိုတယ်မှာ လာတွေ့တာလည်း မရှိတော့။ သတို့ရ





သော အိမ်ကို ဖုန်းဆက်ပြီး စကားပြောတာလောက်သာ ရှိတော့ တဲ့အထိ အခြေအနေတွေက အေးစက်ကုန်တာ ဖြစ်ပါသည်။

အမေ့ခမျာ စကားဝါ့ကိစ္စနဲ့ တစ်ပူပေါ် နှစ်ပူဆင့် မှာ စိုးတာကြောင့် ဂန္ဓမာသည် ပြတ်လုပြတ်ဆဲ ဖြစ်နေသော သူမတို့ရဲ့ အချစ်ရေး အခြေအနေကို အသိမပေးရဲခဲ့သေးပါ။

သိပ်နီးစပ်သော နေကြာကိုလောက်သာ ရင်ဖွင့်ထား ခဲ့ဖူးသည်။ နေကြာကတော့ ဂန္ဓမာ့ဘက်သားဖြစ်လျက် ဂန္ဓမာ ဒီလိုကြုံရတော့ သူမပါ စိတ်မကောင်း ဖြစ်နေခဲ့သူပင်။

စကားဝါ့ကို ပြန်အပ်ပြီး တစ်လအတွင်းပဲ နာမည်ကြီး ဘုန်းကြီးကျောင်းတွေထဲမှ တစ်ကျောင်းမှာ ရက်ရသဖြင့် ထိုကျောင်း မှာပင် မင်္ဂလာဆွမ်းကျွေးဖြစ်ပါသည်။ မင်္ဂလာဆွမ်းကျွေးပေမဲ့လည်း ပန်းအိုးအလှပြင်ခြင်း၊ ဓာတ်ပုံဗီဒီယိုရိုက်ခြင်း၊ သတို့သမီး သတို့သား အဝတ်အစား ဆင်ရခြင်း၊ သတို့သမီး မိတ်ကပ်ဆံထုံး ပြင်ဆင်ရခြင်း၊ ဆွေမျိုးတွေ သွားလာကြို့ပို့ဖို့ ကားငှားရခြင်း စသဖြင့်သော မသုံး မဖြစ် သုံးရမဲ့ကဏ္ဍတွေရှိလေရာ သူ့အတိုင်းအတာနဲ့ သူတော့ ငွေကြေးကုန်ကျမှုက ရှိပါသည်။ ကျွေးမွေးညှော်ခံစရိတ်ကို အပြီး ပုတ်ပြတ်ပေးပြီးပေမဲ့လည်း ထိုသို့သော ဘေးက ကုန်ကျမှုတွေပါ တွက်ချက်လျှင် အခုခေတ်ကြီးထဲမှာ ဆယ်သိန်းလောက်ကတော့ အသာလေးပါသွားတာတော့ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို အမေက စိတ်မှန်းနဲ့တွက်ချက်ရင်းကပဲ_

"အေးလေ _ ကောင်လေးအနေနဲ့ လူပျိုလူလွတ်လေးဖြစ်ပြီး ဒီငွေလောက် စု,ထားနိုင်တာ မဆိုးပါဘူး၊ သူ [illegible] လောက် လုပ်ပေးနိုင်တာကို ဝမ်းသာကျေနပ်ပါတယ်ကွယ်"

လို့ မင်္ဂလာဆွမ်းကျွေး ညှိခံပွဲပြီးသည့် နေ့မှာပင် ကျေကျေနပ်နပ် ထုတ်ပြောခဲ့လေသည်။

❋ ✳ ❋





# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

နေကြာ အလုပ်ပြီးသောအခါ စာရွက်စာတမ်းများ ဖိုင်လ်များ စားပွဲပေါ် သေသပ်စွာ စုပုံသိမ်းဆည်းလိုက်ပါသည်။ နေကြာ့စားပွဲမှာ ကွန်ပျူတာကို အပြီးပိတ်ပြီးသောအခါ နေကြာသည် မိန်းကလေးပီပီ မပြန်ခင်မှာတော့ ပခုံးလွယ်အိတ်ထဲမှ မိတ်ကပ်ဘူးထုတ်၊ ဘီးထုတ်ပြီး ကိုယ့်ကိုယ်ကိုယ် ပြင်ဆင်လိုက်သေးသည်။ အလုပ်အတူတွဲလုပ်ရသော အစ်မဝင်းက ...

"အေး ... အေး, ပြင်ပါ လှပြီးသားလူတွေက ပြင်တော့ ပိုလှပြီး အောက်မှာ လာစောင့်တဲ့လူနဲ့ ဘာနဲ့"

ဟု အပေါ်ပြန်တက်လာရင်း လှမ်းနောက်သွားပါသည်။

"ဟင် ... အစ်မဝင်း ဘာပြောလိုက်တာလဲဟင်၊ ဘယ်သူ လာစောင့်နေလို့လဲ"





"ခပ်မိုက်မိုက် ခပ်ဖြောင့်ဖြောင့် ပုဂ္ဂိုလ်လေးတစ်ယောက်ပဲ။ Lounge Room ထဲမှာ ထိုင်စောင့်ရင်း အပေါ်ထပ် ရုံးခန်းကို တကြည့်ကြည့်နဲ့။ အစ်မဝင်း ခဏဆင်းသွားပြီး အောက်ထပ်က ကိစ္စတွေ သွားစစ်တော့ သူက အစ်မဝင်းကို လှမ်းမေးလေရဲ့။ နေကြာ ပြန်သွားပြီလားတဲ့လေ"

နေကြာသည် ဘယ်သူများလဲလို့ တွေးနေမိပါသည်။

"နေကြာတို့ ချိန်းမထားဘူးလား"

"ဟာ ... ဘယ်ကလာ ချိန်းတာတွေ ဘာတွေ ရှိရမှာလဲ၊ နေကြာ့ကို လာစောင့်မဲ့လူလည်း မရှိပါဘူး။ ဘယ်သူများလဲလို့ သိတောင် သိချင့်တယ် တကယ်"

"ရုပ်ဖြောင့်ဖြောင့်ပဲဟဲ့။ ဟိုမင်းသားနဲ့တောင် တူသလိုပဲ"

"ဘယ်မင်းသားလဲ"

"ဟော ဟော ... သိချင်သွားပြီ၊ သိချင်ရင် မြန်မြန်သွား။ သူက ချောတော့ ချောတယ်၊ ဒါပေမဲ့ သူ့ဘာသာ သူ့ပုံစံနဲ့သူ။ သူ့အမူအရာနဲ့သူ ချောတာမျိုး။ ဘယ်သူနဲ့မှ ဘယ်လိုတူပြီး ချောတာ မဟုတ်ဘူး"

"အစ်မဝင်း တော်တော်ညွှန်းနေပါလား"

"ညွှန်းရတာပေါ့ နေကြာဆိုရင် တစ်ရုံးလုံးမှာ အချောဆုံး အလှဆုံး။ လိုချင်တဲ့သူ ဝိုင်းဝိုင်းလည်နေတာ နေကြာတို့



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မတွေဆိုလည်း အင်း ... ပြောရရင် မိုးပေါ်က နတ်သမီးကို မမြင်ဘူးပေမဲ့လည်း အဲဒီလိုပဲ နှိုင်းပြောရအောင် ချောကြ လှကြတယ်။ **ဂန္ဓမာဆိုလည်း** သူ့ကောင်လေးက ဘာပဲဖြစ်ဖြစ် **ယောက်ျားထဲမှာ** လူချောတစ်ယောက်ပါပဲ။ စကားဝါ **ယောက်ျားလည်း** ခပ်ချောချောပဲ၊ ဒီတော့ **အစ်မဝင်းတို့မှာ စောင့်ကြည့်**နေကြရတယ်၊ ကျန်တဲ့ညီအစ်မတွေ **နေကြာတို့** ခရမ်းပြာတို့ ခတ္တာတို့ ဇီဇဝါတို့တွေ **ဘယ်က လူချောလေးတွေ** ရှာလာကြဦးမလဲလို့။ တချို့တွေများ တကယ်ကံကောင်းကြတယ်၊ မျိုးနဲ့ရိုးနဲ့ကို ရုပ်ရည်သန့်ပြန့် ချောမောကြတယ်နော်။ အစ်မဝင်းတို့ဆို သာမန်ရုပ်ရည်ထဲက မတက်သလို နောက်ထပ် generation ကလည်း ရုပ်ချောဖို့ မမြင်ဘူးလေ။ ကိုယ့်လူကလည်း သာမန်လူပုံစံ ဖြစ်နေတာကိုး။ ဒီတော့ နေကြာတို့တွေကိုပဲ ကြည့်ပြီး ငေးမောအားကျကြရတယ်၊ ရုပ်ရှင်မင်းသမီး မင်းသားတွေလိုပဲ ထင်နေမိကြတယ်"

နေကြာ ထိုအစ်မ၏ အပြောကို ရယ်နေမိသည်။

"ရုပ်ရည်ရူပကာ ဆိုတာ အပေါ်ယံကြောပါ အစ်မဝင်းရယ်"

"လူတွေက အဲဒီအပေါ်ယံကြောပဲ အရင်ဆုံး မြင်ကြပြီး အလုပ်ကိစ္စတွေမှာ ဆုံးဖြတ်ကြတာလေ၊ အလုပ်ခန့်မဲ့





ကြော်ငြာတွေဆို ဖတ်ကြည့်ပါလား၊ ရုပ်ရည်သင့်တင့်ပြေပြစ်သူကို ဦးစားပေးမည်ဆိုတဲ့ ကြော်ငြာက ဆယ်ခုမှာ ကိုးခုလောက် ပါတယ်"

နေကြာသည် ကိုယ်လည်း သိမ်းစရာတွေ ပြီးပြီမို့ စကားဖြတ်လိုက်ပြီးနောက် ...

"အစ်မဝင်းရေ နေကြာ ပြန်လို့ ရပြီလား"

ဟု မေးလိုက်ပါသည်။

"ရပြီ ညီမ ... ပြန် ... ပြန်။ အစ်မဝင်းလည်း ပြန်တော့မှာ၊ ဒီနေ့ တို့နှစ်ယောက် နောက်အကျဆုံးပဲ၊ အိုဗာတိုင်ကြေးကို meeting ကျမှ Boss ကို တင်ပြရဦးမယ်"

အပြင်မှာတော့ ညနေခြောက်နာရီခွဲသည် သိပ်တော့ မမှောင်သေးပါ။ နေကြာ့ အလုပ်က ငါးနာရီမှာ ပုံမှန်ပြီးပေမဲ့ တစ်ပတ်ခြားတစ်ခါ အိုဗာတိုင်ယူရသည်မို့ ဒီနေ့ ခြောက်နာရီခွဲမှ ဆင်းရပါသည်။ ဒီအချိန်ထိ ထိုင်စောင့်နေသူမှာ ဘယ်သူများလဲလို့ နေကြာ သိချင်သွားသည်။ အိမ်က ကားလည်း ဝပ်ရှော့ခဏပို့ထားရသဖြင့် နေကြာ့ကို လာကြိုမည့်သူ မရှိပါ။ ဒါကြောင့် နေကြာ ဒီနေ့တော့ ဘတ်(စ်)အဆင်ပြေလည်း ဘတ်(စ်)။ သိပ်ကျပ်ညပ်ပြီး တက်ရမှာ မလွယ်လည်း Taxi ငှားဖို့ စဉ်းစားပြီးသား ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေကြာသည် အပေါ်ထပ်ရုံးခန်းမှ ဆင်းလာခဲ့ပါသည်။ အောက်ထပ်မှာ Reception နှင့် လိုက်ပါလာသော ဧည့်သည်များ ခေတ္တထိုင်နားရန် Lounge သီးသန့် ရှိလေသည်။ ထို Lounge နေရာတွင် ချထားသော ဆိုဖာခုံကြီးများတွင် ထိုင်နေသူက တစ်ဦးတည်းသာ။ ထိုသူကား သိဃ်သူပဲ ဖြစ်နေပါလေသည်။

နေကြာသည် အံ့လည်း မအံ့သြမိသလို စိတ်လည်း မလှုပ်ရှားမိပါဘဲ သိဃ်သူ့ကို အသာရပ်ကြည့်နေလိုက်သည်။ သိဃ်သူက နေကြာ့ကို မြင်မြင်ချင်း ထပြီးလျှောက်လာ၍ပင်။

"နေကြာ ပြန်တာ နောက်ကျတယ်နော်"

"ဒီနေ့မှ အိုဗာတိုင်ယူရလို့ပါ"

"ဘယ်သူမှ လာမကြိုဘူးထင်တယ်"

"ခါတိုင်း အိမ်က ကားတစ်စီးတည်းကိုပဲ အမေမောင်းပြီး ကျောင်းကြိုတာ၊ ရုံးသွားတဲ့သူကို ကြိုတာမျိုးတော့ လုပ်ပါတယ်၊ ဒီတစ်ရက် နှစ်ရက်တော့ ကားကို ပြင်စရာလေးတွေရှိလို့ ဝပ်ရှော့ခဏပို့ထားတာနဲ့"

"အန်ကယ့်လ် ရုံးကားတော့ သုံးခဲ့တယ် ထင်တယ်"

"သုံးတော့ သုံးပါတယ်၊ ဒီဘက်ကျ အဖေ့ရုံးကားနဲ့က လမ်းမသင့်တော့ တမင်ပဲ လာမကြိုခိုင်းတော့တာပါ။





လမ်းသင့်တဲ့ မမမာတော့ ကြိုရင် ကြိုတယ်၊ ဒါနဲ့ ... နေပါဦး ကိုသိဃ်သူက ဒီမှာလာစောင့်နေတာ နေကြာ့ကို ဘယ်သူလာကြိုသလဲ သိချင်လို့လား"

နေကြာ့ မေးခွန်းကို သိဃ်သူက အရုက်ပြေ ပြုံးပါသည်။

"တကယ်တော့ နေကြာ့ကို အိမ်က တစ်ယောက်ယောက် ကားနဲ့ လာစောင့်နေမှာပဲဆိုတာ သိသိကြီးနဲ့ ကျွန်တော် လာစောင့်နေမိတာပါ၊ အခုလိုမျိုး ဘယ်သူမှ လာမကြိုနေတာတွေ့တော့လည်း ကျွန်တော့်ကုသိုလ်ကံ ကောင်းတယ်လို့ပဲ ယူဆရမှာပဲ"

နေကြာ မျက်မှောင်ကြုတ်ပြီး ကြည့်လိုက်ပါသည်။

"နေကြာ့ကို စကားပြောချင်လို့ပါ"

"ပြော်"

"ဖုန်းဆက်ပြီးပြောရင် ရပေမဲ့ အဲဒါကျ သိပ်မလေးနက်ရာ ရောက်မှာစိုးတာနဲ့ တမင်ပဲ လူကိုယ်တိုင်ဆုံအောင် လုပ်ဖို့ လာစောင့်တာပါပဲ"

"ဒီမှာ ထိုင်ပြောလည်း ရပါတယ်"

"ကားစီးနေရာရာ သွားရအောင်လား"

"နေကြာ မသွားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



နေကြာသည် ကိုယ့်အပေါ် သူ့ဘက်က ဘယ်လို အမြင်မျိုးနဲ့ ကြည့်ထားဖူးသလဲ ဆိုတာ အခါခါသတိရလျက် သူ့ကို စိတ်နာကြည်းနေဖို့သာ တွေးနေမိသည်။

"ဒါဆိုလည်း နေကြာ့ သဘောပါ"

နေကြာသည် ဆိုဖာအနီရောင် တစ်ယောက်ထိုင်ပေါ် ဖြည်းညင်းစွာ ထိုင်လိုက်ပါသည်။

သိဃ်သူလည်း နေကြာနဲ့ ကပ်ရပ် တစ်ယောက်ထိုင်ဆိုဖာတစ်လုံးမှာ ဝင်ထိုင်လိုက်လေသည်။ အပေါ်ထပ်မှ ဆင်းလာသော အစ်မဝင်းကတော့ နေကြာ့ကို ခပ်ပြုံးပြုံး ကြည့်သွားရင်း နှုတ်ဆက်သွားပါသည်။

ရုံးအားလုံးဆင်းသွားပြီ ဖြစ်ပေမဲ့ သန့်ရှင်းရေးအလုပ်သမားတချို့ကတော့ အခုမှ ကြမ်းခင်းကော်ဇောကြမ်းကို ဖုန်စုပ်စက်ဖြင့် ဖုန်စုပ်ခြင်း၊ အိမ်သာ လက်ဆေးကြွေဇလုံတို့ကို တိုက်ချွတ်ဆေးကြောခြင်း၊ စားပွဲကုလားထိုင်များ ဖုန်သုတ်ခြင်းနှင့် စက္ကူများ အမှိုက်များ ပစ်ရသော ခြေနင်းအမှိုက်ပုံးလေးတွေကို အခုမှ လိုက်ရှင်းခြင်းတွေ လုပ်ရသဖြင့် ရုံးတံခါးက လုံးလုံးမပိတ်သေးပါ။

"နေကြာ့ကို ဒီစကား ပြောချင်နေတာ ကြာပါပြီ၊ ကိုယ့်ကိုယ်ကိုယ် သေချာအောင် အထပ်ထပ် အခါခါ မေးနေ





မိခဲ့လို့ အခုမှပဲ လာပြောဖြစ်တော့တယ် နေကြာ။ ကိုယ် နေကြာ့ကို ချစ်မိနေတယ်၊ တကယ်ပဲ မြတ်မြတ်နိုးနိုးနဲ့ ချစ်တာပါ"

နေကြာဟာ သိဃ်သူ့ကို ခပ်စူးစူးပင် ကြည့်မိသည်။ သူ့ပါးစပ်က ဒီစကားထွက်တာ ဟုတ်မှဟုတ်ရဲ့လားလို့ သံသယဖြစ်ဘဲ သူ ဒါကိုပြောမယ်ဆိုတာ နေကြာ ကြိုသိနေခဲ့ပြန်သည်။ နေကြာသည် ဝမ်းသာခြင်း၊ ကြည်နူးခြင်းတွေတော့ မဖြစ်မိတာ သေချာပါသည်။ သူ့ကို ဘယ့်လိုစကားလုံးတွေနဲ့ ထိုးနက်ရမလဲသော ခေါင်းထဲမှာ စဉ်းစားတွေးတောနေသည်။

"နေကြာ ဘယ်လိုတုံ့ပြန်မှာလဲဟင်"

"ဘယ်လို တုံ့ပြန်ရမှာလဲ ကိုသိဃ်သူ"

"ကိုယ့်ကို ချစ်တယ်၊ မချစ်ဘူး ဆိုတာလောက်တော့ နေကြာ ပြန်တုံ့ပြန်နိုင်မှာပါ"

"နေကြာ့အတွက် အချစ်ဆိုတာကို ယုံစရာလို့ မသတ်မှတ်ဘူး ဆိုရင် ကိုသိဃ်သူ ဘာပြောမလဲ"

"ဘာလို့ မယုံစရာရှိလဲ နေကြာရယ်"

"မမမာလည်း အချစ်ကိုယုံလို့ သူ့ချစ်တဲ့ ချစ်သူကို ပြန်လက်ခံခဲ့တယ်။ နှစ်ယောက်အတူ လက်တွဲရဖို့ကို မျှော်လင့်ခဲ့တယ်၊ ဒါပေမဲ့ သူ တကယ်ချစ်လို့ ရွေးခဲ့တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကကျတော့ အချစ်ကို အပျော်သဘောပဲ စဉ်းစားတ[illegible] ထင်ပါရဲ့။ မမမာကို အပျော်ပဲ တွဲချင်တယ် ထင်ပါရဲ့[illegible] ဒါကြောင့်လည်း မမမာဟာ သံသယရှိလာတာနဲ့ ကိုမင်း[illegible] သွေးနဲ့ ခပ်ခွာခွာ ပြန်နေခဲ့တာပဲ ကြည့်ပေါ့။ စကားဝါ[illegible] တော့ အချစ်ဆိုတာကို တကယ်ယုံကြည်ပြီး တာမှမ[illegible] စား မဆင်ခြင်ဘဲ အိမ်ထောင်ရေးဆိုတဲ့ နွံထဲကို ခုန်ဆ[illegible] သွားလို့ သူ ရှေ့ဆက်ပြီး ဘာတွေ ရင်ဆိုင်ရမလဲ ဆိုတ[illegible] တော့ မသိနိုင်ဘူးပေါ့လေ။ ဒါပေမဲ့ နေကြာကတော[illegible] အချစ်ဆိုတာကို မယုံပါဘူး။ အထူးသဖြင့် ရှင့်ဆီ[illegible] ကြားရတဲ့ စကားကို ပိုမယုံဘူး"

"ကိုယ့်မှာ ဘာမယုံစရာရှိလို့လဲ"

"ရှင် နေကြာတို့ သားအမိတစ်သိုက်ကို ပထမဦး[illegible] ဆုံစဉ်က ဘယ်လိုကြည့်ခဲ့သလဲ။ ရှင့်စိတ်ထဲမှာ ဘာ[illegible] ရှိခဲ့သလဲ ဆိုတာ နေကြာ ရိပ်မိခဲ့ပါတယ် ကိုသိဃ်[illegible] ရယ်"

သိဃ်သူသည် သူ့အမှားသူ သိနေသဖြင့် အ[illegible] နေကြာ့ကို အားနာပြီး ရင်ဆိုင်မကြည့်ရဲသလို ဖြစ်သွားပါသည်[illegible] သူသည် ရုံးခန်းမှန်ပြတင်းတွေမှတစ်ဆင့် အပြင်ကို လှမ်းကြ[illegible] တွေဝေနေသည်။ အမှောင်ထု တော်တော်ကြီးစိုးလာပြီဖြစ်သေ[illegible]





မြို့ထဲဝန်းကျင်၏ လူစည်ကား ရှုပ်ထွေးမှုကတော့ မြို့ပြည၏ ပုံမှန်မြင်ကွင်းတစ်ခု ဖြစ်နေလိမ့်မည်။

သို့သော် သိဃ်သူသည် ဒီနေ့ကျမှပဲ ဟိုမှ ဒီမှ သွားလာနေကြသော လူအမျိုးမျိုးတို့ကို အဓိပ္ပာယ်မဲ့ လိုက်ကြည့်နေမိသလို ဖြစ်နေသည်။ တကယ်တော့ သူ့စိတ်ထဲမှာ ခံစားရသော ကျဉ်းကျပ်မှုကို ခဏတစ်ဖြုတ် ဖြေဖျောက်နေတဲ့ သဘောသာ ဖြစ်ပါသည်။

"နေကြာ့အမေကို ရှင် ဘယ်လိုမြင်ခဲ့သလဲ ဆိုတာ ပြန်ပြောရဲသလား ကိုသိဃ်သူ။ နေကြာတို့ ညီအစ်မတွေကို ဘယ်လိုကြည့်ခဲ့မိသလဲ၊ ပြန်အမှတ်ရသေးလား ကိုသိဃ်သူ"

သိဃ်သူ ဒီဘက် ပြန်လှည့်လာသည်။

"ကိုယ် ခုထိ တကယ်ပဲ နေကြာ့အမေရဲ့ စိတ်သဘောကို မကြိုက်တာတော့ အမှန်ပဲ။ သမီးတွေ လင်ကောင်းရရေးဆိုတဲ့ စိတ်နဲ့ သူဌေးမြင်ရင် အနားကပ်ခိုင်း၊ အရောဝင်ခိုင်းတာကို ကိုယ် မကြိုက်ခဲ့ဘူး။ အမေတစ်ယောက် အနေနဲ့ အဲဒီလို မြှောက်မပေးသင့်ဘူးလို့ မြင်ခဲ့တယ်"

နေကြာ ထိုသို့ တိုက်ရိုက်ကြားလိုက်ရတော့ မျက်လုံးတွေက စူးခနဲ သိဃ်သူ့ကို ကြည့်လေသည်။ အမေထိရင် လုံး[illegible] ခံသော နေကြာပါလား။ အမေ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စေ အမေ့ဘက်ကပဲ နေမယ်ဆိုသော သမီးလိမ္မာတစ်ယောက် ပါလား။ သိယံသူ ဤသို့ သိလိုက်ပြီး သူ့စကားကို အမှားပြင် ဆင်၍ မရတော့ကြောင်း ချက်ချင်း ရိပ်မိလိုက်ပါသည်။

"အမေ့စကားကို နားဝင်ပြီး မင်းရဲသွေး နားကို ကပ်ခဲ့တဲ့ ဂန္ဓာမာ့ကိုလည်း ကိုယ်မယုံဘူး။ ဂန္ဓာမာဟာ ရဲသွေးကို တကယ်မချစ်ဘဲ အကြံဉာဏ်နဲ့ ချဉ်းကပ်တယ်၊ ချစ်သူ ဖြစ်အောင် မြှူဆွယ်တယ်ထင်လို့ ရဲသွေးက ဂန္ဓာမာ့ကို စေ့စပ်ထားချင်တယ် ဆိုတာတောင် ကိုယ်ဖျောင်းဖျနားချ ခဲ့မိတယ်။ ဒီမိန်းကလေးကို ဘာကြောင့် အလောတကြီး ပိုင်ဆိုင်ချင်ရတာလဲပေါ့။ သူက မင်းအနားကနေ ဘယ်လို မှ ခွာမသွားမဲ့ အရိပ်တစ်ရိပ်လိုပဲ ကပ်နေမယ်ပေါ့။ ဂန္ဓာမာ မျက်နှာအမူအရာ ကြည့်ရတာ သိပ်အားရစရာ မရှိဘူး။ မင်းအပေါ် တကယ်ပဲ နှစ်နှစ်ကာကာ ချစ်ပုံမရဘူးပေါ့။ အဲဒီလို နားချမိလို့ ရဲသွေးက ခုထိ ရှေ့ကိုခြေလှမ်းမတိုး တာလည်း ပါပါတယ်။ ဒါပေမဲ့ မထင်မှတ်ဘဲ ဂန္ဓာမာက သူ့ကို ပြန်ရှောင်သွားတော့ သူလည်း အသည်းကွဲသလို ဖြစ်နေပြီ နေကြာ။ တကယ်တော့ အဲဒါ ကိုယ့်အပြစ်ပါ။ ကိုယ်က မင်းအမေကိုရော အစ်မကိုရော မယုံခဲ့လို့ ဒီလိုများ ကိစ္စ ဝင်ပါမိတာပါ၊ တကယ်တော့ ကိုယ် အဲဒီလိုမလုပ်





သင့်ဘူး။ ကိုယ်မှားတယ်ဆိုတာ ခုမှ နောင်တရနေပြီလေ။ ဘာကြောင့်လဲ သိလား။ ကိုယ့်အလှည့်ကျတော့ ဒီအမေက မွေးတဲ့သမီး။ ဒီအစ်မနဲ့ တစ်သွေးတည်း တစ်သားတည်း တစ်အူထုံ့ဆင်း ညီမအရင်းကိုမှ တားမရ ဆီးမရ ချစ်သွား မိတာကိုး"

နေကြာသည် သိယံသူ့ဘက်က သူ့အမှားသူ ဝန်ခံ သလို ပြောပေမဲ့ သိယံသူ့ကို ခွင့်လွှတ်လို့ မရနိုင်အောင် ဖြစ် သွားပါသည်။ ကြည့်စမ်း ... မမမာကို ကိုမင်းရဲသွေး ခုထိ စေ့စပ် မယ်။ လက်ထပ်မယ်တွေလည်း မပြောသေးတာ။ မမမာ ရှောင် နေတာတောင် လိုက်မချော့မော့ မဆက်သွယ်တာတွေဟာ ဒီလူ့ စကားတွေကြောင့်ကိုး။ ရက်စက်လိုက်တာ။ သူများချစ်သူနှစ်ဦး ကြား ဝင်ပါပြီး ပြောရက် ဆိုရက်လိုက်တာ။ နေကြာသည် သိယံသူ့ မျက်နှာကို ဖြတ်ပြီးရိုက်ပစ်ချင်လောက်အောင် မုန်းသွား ပါသည်။

"ကိုယ့်ကို အဲဒီလို မကြည့်ပါနဲ့ နေကြာ။ ကိုယ့်စိတ်ထဲ မှာ ရှိခဲ့တာတွေကို ဝန်ခံတာပါ၊ တကယ်တော့ ကိုယ် အဲဒီစိတ်မျိုး မရှိသင့်ပါဘူး"

"ဟုတ်တယ် ... မရှိသင့်ဘူး။ အမေတစ်ယောက်ဟာ သူ့ ကိုယ်ကျိုးအတွက် မဟုတ်ဘဲ ကိုယ့်သားသမီးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဆင်စီးပြီး မြင်းရံတာ မြင်ချင်ကြတယ်၊ တင့်တင့်တယ်တယ် ပြည့်ပြည့်စုံစုံ နေရတဲ့ ဘဝကိုပဲ ပိုင်ဆိုင်စေချင်ကြတယ်။ အဲဒါဟာ ဘာမှားလဲ၊ ဘာအမှားပါလဲ၊ အမေတစ်ယောက်ရဲ့ စိတ်ထဲမှာ ငါ့သမီးမှ ငါ့သမီးဆိုတဲ့ အတ္တကြီးတဲ့စိတ် ရှိနေတာ ဘာဖြစ်လဲ။ ဒါ သူ့ရဲ့စိတ်ပဲ သူ ပိုင်တယ်၊ သူ ဖန်တီးချင်သလို ဖန်တီးလို့ ရတယ်။ ဒါကို အပြစ်မြင်နေတယ်ဆိုရင် ရှင် ဘာလို့ ဝေးဝေးက မရှောင်လဲ။ ဘာကြောင့် မြူဆွယ်ဖြားယောင်းနေတဲ့ ညီအစ်မတွေထဲက တစ်ယောက်ကို လာရွေးချယ်ရသလဲ၊ ရှင့်စိတ်ထဲမှာ ဒီညီအစ်မတွေမှာ အချစ်ဆိုတာ မရှိနိုင်ဘူး။ ပကာသနနဲ့ ချမ်းသာကြွယ်ဝမှုကိုပဲ မက်မောကြတယ် ထင်ရင် ဘာကြောင့် ဒီညီအစ်မတွေကိုပဲ ရွေးချယ်ဖို့ စဉ်းစားသလဲ"

"နေကြာကတော့ စိတ်ဓာတ်တစ်မျိုး ရှိတယ်လို့ ကိုယ်ယုံတယ်။ နေကြာဟာ ဟန်မဆောင်တတ်ဘူးလို့ ကိုယ် သိတယ်လေ"

"နေကြာလိုပဲ မမမာလည်း ဟန်မဆောင်တတ်ဘူး၊ ဒါပေမဲ့ သူက အနေအေးတယ်၊ ရင်ထဲမှာ ဖြစ်နေတာကိုမျက်နှာမှာ ပေါ်လွင်အောင် မပြတတ်ဘူး။ ပြီးတော့ စကားနည်းတယ်၊ ရှက်တတ်တယ်၊ ညီအစ်မချင်းတောင်





အမှန်အတိုင်း ရင်ထဲမှာ ရှိတာကို ပြောဖို့ရှက်တဲ့လူပါ။ မမမာ အကြောင်း နေကြာ အသိဆုံးပါ၊ ညီအစ်မတွေထဲမှာ သူ့ရဲ့ favourite ဟာ နေကြာဖြစ်သလို နေကြာရဲ့ favourite ဟာလည်း မမမာပဲ၊ နေကြာတို့က စိတ်ချင်းသိပ်ကိုနားလည်ကြပါတယ်၊ ဒါကြောင့် မမမာ ကိုမင်းရဲသွေး အပေါ် စိတ်သဘော ဘယ်လိုရှိလဲဆိုတာ နေကြာ သေသေချာချာ သိနေပါတယ်၊ သူတို့ သိပ်ချစ်ကြတာပါ။ အမေတိုက်တွန်းလို့၊ အမေ ရွေးချယ်လက်ညှိုးထိုးပြလို့ ဒီလူ့ကိုပဲ ရွေးမယ်ဆိုတာမျိုး မဟုတ်ခဲ့ဘဲ သူ့စိတ်ထဲမှာ တကယ်ချစ်လို့ ရွေးခဲ့တာပါ"

နေကြာသည် သူ့အစ်မ အကြောင်းတွေပဲ တောက်လျှောက် ပြောပြလိုက်ရသဖြင့် ရင်ထဲမှာ ကျေနပ်သွားပါသည်။ မမမာရေ ... မမမာတို့ အချစ်ရေးကို နှောင့်နှေးအောင် လုပ်ထားတဲ့ တာရားခံကို နေကြာ တွေ့ပြီ။ နေကြာ အခု သူ့ကိုကောင်းကောင်းကြီး ရင်ဆိုင်ပြီး ရန်တွေ့နေပြီ။

"ဒါဖြင့် သူက ဘာဖြစ်လို့ ရှောင်သွားလဲ၊ ရဲသွေး လာတွေ့တိုင်း ဘာကြောင့် လက်ခံပြီး မတွေ့သလဲ"

"နေကြာတို့ ညီအစ်မတွေက ကိုယ်တကယ်ချစ်တဲ့သူကိုပဲ လက်ခံပြီး အဲဒီသူကိုပဲ လက်ထပ်ဖို့ ဆုံးဖြတ်ထားကြသူ



www.burmeseclassic.com

www.burmeseclassic.com



တွေပါ။ ကိုမင်းရဲသွေးဘက်က အပျော်တွဲရုံတွဲပြီး တစ်နေ့ကျရင် ထားခဲ့မယ်ထင်ပြီး မမမာကပဲ ကြိုတင်ပြီး နောက်ဆုတ်လိုက်တာပါ။ မိန်းကလေး တစ်ယောက်ဟာ ကိုယ့်လက်မထပ်နိုင်တဲ့ ယောကျ်ားတစ်ယောက်နဲ့ အချိန်အကြာကြီး တွဲနေဖို့ မသင့်ဘူးလို့ သူ ယူဆလို့ပါ"

"ဒါဆိုရင် ကိုယ့်ဘက်က မှားသွားတယ် နေကြာ။ ကိုယ်ရဲသွေးကို သွားရှင်းပြပါ့မယ်"

"မလိုပါဘူးလေ။ ကိုယ်ချစ်တဲ့သူကို တကယ်မယုံဘဲ အားလုံးပြောတာကိုပဲ ပိုယုံတဲ့ ကိုမင်းရဲသွေးကို နေကြာလည်း ခွင့်မလွှတ်ချင်သလို၊ မမမာလည်း ခွင့်လွှတ်မှာမဟုတ်ဘူး"

"ဒါဆို ကိုယ်ပြောတာတွေ နေကြာ ပြန်မပြောနဲ့ပေါ့။ နေကြာ့ အစ်မကို ချစ်တယ်ဆိုရင် သူ့စိတ်ချမ်းသာတာပဲ ဖြစ်ပစေပေါ့"

"ဪ ... ဒီလိုလား၊ ပြောတော့ လွယ်လိုက်တာ၊ နေကြာတို့က သိပ်နီးစပ်တဲ့ **ညီအစ်မတွေရှင့်**။ ကိုယ့်အစ်မကိုတော့ သိသင့်တာ မှန်သမျှ ပြောရမှာပဲ"

"နေကြာ"

"ရှင်"





"နေကြာ့ကို ကိုယ် ချစ်တယ်လို့ ပြောနေတာကို နေကြာ ပြန်ဖြေရမှာနော်။ နေကြာနဲ့ ကိုယ် အခုပြောနေတာတွေက ကိုယ်တို့နဲ့ ပတ်သက်တာ ဘာမှမပါဘူး"

နေကြာသည် လုံးဝမစဉ်းစားပါပဲ ဖျတ်ခနဲ ပြန်ပြောလိုက်သည်မှာ ...

"ရှင့်ကို နေကြာ ဘယ်တော့မှ လက်မခံပါဘူး ကိုသိယ်သူ၊ ရှင့်ကို နေကြာ မချစ်ဘူး"

ဟူ၍တည်း။

သိယ်သူမှာ ဒီစကားကို မယုံကြည်သလို၊ လက်မခံသလို ဖြစ်နေသည်။

"ကိုယ့်မှာ ဘာချွတ်ယွင်းချက် ရှိလို့လဲ"

"ဪ ... ရှင် ပြောလိုတဲ့ သဘောက ကိုယ်က ရုပ်ရည်မဆိုးပါဘူး။ ပိုက်ဆံလည်း တအား ချမ်းသာပါတယ်၊ မင်းအမေ တင်ထားတဲ့ 'စံ'နဲ့ အံကိုက်ပဲ။ မင်းတို့ညီအစ်မတွေ ရှာနေတဲ့ လင်ကောင်းတစ်ယောက်ရဲ့ အရည်အချင်း အပြည့်ပါပဲလို့ ပြောချင်တာ မဟုတ်လား"

"ကျွတ် ... နေကြာရယ်၊ မင်း ကိုယ့်ကို ခွင့်မလွှတ်နိုင်တာတွေ .များနေပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



နေကြာသည် စိတ်ဓာတ်ကျသွားသော သိဃ်သူကို အရသာခံကြည့်ရင်း ...

"နေကြာ လူတစ်ယောက်ကို လွယ်လွယ်နဲ့လည်း မမုန်းသလို လွယ်လွယ်နဲ့လည်း ခွင့်လွှတ်လို့ မရပါဘူး။ ကဲ... နေကြာ သွားတော့မယ်၊ အပြင်မှာ မှောင်နေပြီ၊ နေကြာကားငှားပြန်ရမှာ ဒီထက်နောက်ကျလို့ မဖြစ်ဘူး"

နေကြာ သားရေအိတ်လေး ကောက်လွယ်။ ထမင်းဘူးထည့်သောခြင်းလေး ကောက်ကိုင်။

"ကိုယ် လမ်းထိပ်ထိ လိုက်ပို့ပေးပါ့မယ်"

"မပို့ပါနဲ့၊ ရပါတယ်။ နေကြာတို့က ဒီလို သာမန်လူဘဝမှာ စိတ်ချမ်းချမ်းသာသာ ကျင်လည်ရတာကို ပိုမက်မောပါတယ်။ မာစီဒီးစ်ကားကြီးပေါ် လိုက်စီးပြီး စိတ်ပင်ပန်းကျဉ်းကျပ်ရမှာကို မလိုလားဘူး။ ကိုသိဃ်သူ့ ကားကို စိတ်မပါဘဲလည်း လိုက်မစီးချင်ဘူး"

"မာနကြီးလိုက်တာကွာ"

"နေကြာတို့ကို သူများတွေ ဝေဖန်သလိုပေါ့လေ၊ မာနကလွဲရင် ဘာမှမရှိတဲ့ ညီအစ်မတွေ ဆိုတာလိုပေါ့။ ကိုသိဃ်သူလည်း ဝေဖန်ချင်ရင် ဝေဖန်နိုင်ပါတယ်"





နေကြာသည် သိဃ်သူ့ကို ထပ်၍နှုတ်မဆက်တော့ဘဲ အဝင်ဝမှန်တံခါးကို တွန်းဖွင့်ပြီး အပြင်ကို ထွက်လာခဲ့ပါသည်။ ရုံးရှေ့မှာ ဂိတ်ထိုးထားသော အငှားကားတွေထဲမှ တစ်စီးကို ငှားစီးပြီး ထွက်လာခဲ့တာမှပဲ နေကြာဟာ ခုမှ အသက်ရှူရတာ ဝ,သလို ခံစားလိုက်ရလေသည်။

❃ ✳ ❃



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ထိုနေ့ကတော့ နေကြာသည့်ဖိဇဝါကိုကြိုဖို့ သူတို့သင်တန်းရှိရာကို ကားယူပြီး ထွက်လာခဲ့ပါသည်။ ဇီဇဝါ့ သင်တန်းက မြို့ထဲလိုမျိုးမှာ အခန်းဖွင့်ပြီး သင်ကြားခြင်းမျိုး မဟုတ်ဘဲ ခြံဝင်းကျယ်တစ်ခုမှာ ဖွင့်တာဖြစ်ပါသည်။ ဆရာ၊ ဆရာမတွေ အားလုံးစုပြီး ခြံဝင်းကျယ်ရှိသောတိုက်မှာ ငှားရမ်းကာ ဘာသာစကားသင်တန်းကို အကြီးအကျယ် ဖွင့်လှစ်သင်ကြားတာမျိုးလည်း ဖြစ်သည်။

ထိုသင်တန်းမှာ အင်္ဂလိပ်စကား၊ တရုတ်စကား၊ ဂျပန်စကား၊ ထိုင်းစကား၊ မလေးရှားစကား၊ ကိုရီးယားစကား စသဖြင့် အသုံးများနိုင်မည့် ဘာသာစကား အရေးအဖတ် အပြောတွေသာ သင်ကြားရာ ကိုယ်ကြိုက်တာ ရွေးတက်ရုံပင်။ ဇီဇဝါ





ကတော့ ကိုရီးယားကားတွေကြည့်ပြီး အရူးထကာ ကိုရီးယားမှ ကိုရီးယားဖြစ်ပြီး တက်နေသည်မှာ အခု ဒုတိယနှစ်ဟု ဆိုရပါမည်။

နေကြာ ရပ်စောင့်ပြီး သိပ်မကြာ။ ဇီဇဝါနှင့် ဒေဝီတင်တို့ အတူထွက်လာကြသည်။ အစ်ကိုနဲ့အစ်မကြားမှာ ပြဿနာလေးတွေရှိမှန်း သိပေမဲ့ ဇီဇဝါနဲ့ ဒေဝီတင်တို့ဟာ အခုတော့တော်တော့်ကို ခင်မင်ရင်းနှီးနေကြသော သူငယ်ချင်းတွေ ဖြစ်နေပါသည်။

ဒေဝီတင်က အိမ်ပါလာလိုက်၊ ဇီဇဝါက ဒေဝီတင်တို့အိမ် ခဏလိုက်သွားလိုက်ကလည်း ခဏ ခဏ။ သို့သော် ... အမေရော အစ်မတွေရော မှာထား၍ ...

"သိယ်သူက သူ့အိမ် လိုက်လိုက်လာပြီး လေ့လာ အကဲခတ်တယ် ထင်ဦးမယ်၊ နင် သိပ်မသွားနဲ့၊ ဒေဝီတင်ပဲ လာရင် လာပစေ"

လို့ ဝိုင်းဆူထား၍ ဇီဇဝါက နှစ်ခါလောက်သာ ရောက်ဖူးပြီး ဒေဝီတင်ကတော့ ဇီဇဝါ့အိမ် အပတ်တိုင်းလိုလို ပါလာတတ်သည်။ အိမ်က သွားကြိုတိုင်း ပါလာပြီးမှ သူ့အစ်ကို့ကို ဘယ်အချိန် လာခေါ်ဟု မှာထားပုံပင်။ သိယ်သူ့ကား လာကြိုတာနဲ့ ပေါ်ကင်က ပြန်ဖို့အသင့်ပြင်ပြီးသားလည်း ဖြစ်နေတတ်



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ သိဃ်သူကတော့ အခုနောက်ပိုင်း အိမ်ထဲပင်မဝင်တော့ဘဲ အိမ်ရှေ့ကားရပ်ပြီး ဟွန်းသံတစ်ချက် နှစ်ချက်ပြုပြီး ကားပေါ်က ထိုင်စောင့်တတ်သလို သူ့ညီမကလည်း ချက်ချင်း ထပြန်သဖြင့် သိဃ်သူလည်း အကြာကြီး စောင့်စရာမလိုပါ။

နေကြာတို့ တစ်အိမ်လုံးကလည်း သိဃ်သူ့အကြောင်းတွေ အခုမှ နေကြာ သိလာ၍ ပြောပြလိုက်သဖြင့် သိကုန်ကြပြီး သိဃ်သူ့ကို မုန်းသူမုန်း။ အမြင်ကတ်သူကတ်။ အမေကဆို ...

"ငါ့သမီးကြီး အဲဒီကောင်ကြောင့် ရည်းစားနဲ့ ကွဲရတာ"

ဟု တပြောပြောဖြစ်ကာ သိဃ်သူကို မျက်နှာချင်း မဆိုင်ချင်လောက်အောင် ဖြစ်နေသည်။

ဒါကြောင့် သိဃ်သူ့ကား အိမ်ရှေ့လာရပ်လျှင် သူ့ကို ခရီးဦးကြိုပြု ထွက်ခေါ်မဲ့လူလည်းမရှိ။ ဖိတ်မဲ့လူလည်းမရှိ။ အဖေကတော့ ...

"အားနာစရာကြီးကွာ၊ မလုပ်သင့်ပါဘူး"

လို့ တစ်ခါတလေ သူ အိမ်မှာရှိနေချိန် ကြုံလျှင် ထွက်စကားပြောဖို့ အမေ့ကို အကြံဉာဏ်တောင်းပေမဲ့လည်း ...

"ဦးမြတ်ကျော် ... ရှင်က အဖေနော်။ အသာနေ မိန်းမတွေကိစ္စ မိန်းမတွေဘာသာ ရှင်းမယ်။ ရှင်က ထွက်ခေါ်





စကားပြောရင် တော်ကြာ အဖေကိုယ်တိုင်ကပါ သမီးအတွက် လင်ရှာပေးရေးကဏ္ဍမှာ ပါတယ် အပြောခံနေရဦးမယ်"

ဆိုတာနဲ့ပဲ အဖေမှာ သိဃ်သူ့ကို ဧည့်ဝတ်ပြုဖို့ စကားမဟရဲတော့ပေ။ မသိမသာလေး အသာလျှိုနေနေရပြီး အိမ်ရှေ့မထွက်မိအောင် သူ့ဘာသာ အခန်းအောင်းနေတတ်ပါသည်။

ဒီလိုနဲ့ပဲ နှစ်ဖက်ရဲ့ ဆက်ဆံရေးကို ဖြေရှင်းပေမဲ့ ဒေဝီတင်ကတော့ ဒီဘက်ကို အခင်အမင်မပျက်ဘဲ ဝင်ထွက်ဆက်ဆံနေဆဲ ဖြစ်ပါသည်။

ဒီနေ့ နေကြာ လာကြိုသောအခါ ဒေဝီတင်သည် ဇီဇဝါနဲ့ အတူတွဲပြီး ထွက်လာတာ တွေ့ရသည်။ ဒေဝီတင်ကို လာကြိုသူတော့ မတွေ့သေး။ အကယ်၍ တွေ့လည်း နေကြာ့ မျက်နှာတည်တည်ကြောင့် သိဃ်သူဟာ လာပြီး စကားပြောနှုတ်ဆက်ရဲမည့်ဟန် မပေါ်ပါ။

"မမနေကြာ အားလားဟင်"

ဇီဇဝါက အနားရောက်လာတော့ မဝံ့မရဲ မေးသည်။

"ဘယ်သွားချင်လို့လဲ"

"...ဝို့ကို လိုက်ပို့ပေးစေချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



နေကြာ ဒေဝီတင့်ကို တစ်ချက်ကြည့်လိုက်တော့ ကောင်မလေး မျက်နှာငယ်ငယ်ဖြင့် နေကြာ့ကို ကြည့်နေပါသည်။ သူမအစ်ကိုဆီက သိထားပုံရသည်။ နေကြာက သူမ အစ်ကို့ကို ငြင်းထားသည်ဟူ၍ သိပုံရသည်။

"မမနေကြာ ... ကိုကြီးသိဃ် လာမကြိုနိုင်ဘူးလို့ ခုနလေးတင် ဒေဝီ့ မိုဘိုင်းလ်ကိုဆက်ပြီး ပြောလို့ပါ။ ဒီကိုအလာ လမ်းမှာ ကားတားပြီး အကူအညီတောင်းခံရလို့တဲ့၊ ရောဂါဖောက်နေတဲ့ လူနာတစ်ယောက်ကို ဆေးရုံအရေးတကြီး လိုက်ပို့ပေးရမှာမို့ ဒေဝီ့ဆီ အချိန်မီရောက်ချင်မှ ရောက်မယ်လို့ ပြောပါတယ်၊ ဒေဝီ ကားငှားပြီး ပြန်မလို့ပါ။ အဲဒါ ဇီဇဝါက လိုက်ပို့မယ်ပြောပြီး အတင်းခေါ်လာလို့ပါ။ မမနေကြာ အဆင်မပြေရင်လည်း ရတယ်နော်။ ဒေဝီ ကားငှားပြီးပြန်ရင် ရပါတယ်"

ဒီလို ရှင်းပြနေပြန်တော့ နေကြာမှာ လိုက်မပို့ဘူးလို့ ငြင်းရခက်သွားသည်။ တကယ်တော့ ဒေဝီတင့် နေရာမှာ တခြားမိန်းကလေးတစ်ယောက်ဆိုလျှင် နေကြာ လှိုက်လှိုက်လှဲလှဲပင် ကျေနပ်စွာ လိုက်ပို့ပေးမိမှာပါ။ ဒေဝီတင်ကျတော့ သူ့အိမ်လိုက်ပို့လျှင် သူ့အိမ်ကို တွေ့ရဦးမည်၊ မြင်ရဦးမည်။ နေကြာထိုအိမ်ကို တစ်ခါမှလည်း မရောက်ဘူးသလို မြင်လည်းမမြင်ဘူး



ပါလေ။ သို့သော် ကိုယ်က ရောက်သွားပြီး သူ့အိမ်ကို လာကြည့်တယ်၊ လာလေ့လာတယ် ထင်မှာစိုးပြီး မသွားချင်တာလည်း ဖြစ်သည်။

"ကိစ္စမရှိပါဘူး၊ အစ်မ လိုက်ပို့ပေးမှာပါ။ အစ်မ ဘယ်မှ သွားစရာ မရှိပါဘူး"

"မမနေကြာ ... ဒါဆို ဝါပါ ဒေဝီနဲ့အတူတူ နောက်မှာ ထိုင်မယ်နော်"

"ထိုင် ... ထိုင်"

"ရှေ့ခန်းမှာ သုံးယောက်ဆို ကျပ်နေမှာ ဒေဝီရဲ့"

ဇီဇဝါက ဒေဝီတင့်ကိုပါ လှည့်ပြောပြီး နောက်ဘက်မှာ တက်ထိုင်ဖို့ ခြေလှမ်းပြင်သည်။ ဒေဝီတင်ကပါ ဇီဇဝါ့နောက် လိုက်လို ဖြစ်လျက် လိုက်သွားပါသည်။ ဒီတော့မှ နေကြာ သတိရသည်။

နေကြာ သူတို့အိမ်လိပ်စာကို လုံးဝမသိ။ အိမ်ကို ဘယ်လမ်းက သွားရမလဲ ဆိုတာလည်း မသိ။

"ဒေဝီ ခဏနေဦး၊ အစ်မကို အိမ်လိပ်စာ ပြောဦးလေ၊ ဘယ်လမ်းကသွားရင် ရောက်မလဲ ဆိုတာပါ ပြောပြ"

"ဪ ... ဟုတ်ကဲ့၊ လိပ်စာက ခြံအမှတ်(--)ပါ၊ အင်းလျားလမ်းမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒေဝီတင်က ဘယ်လမ်းကသွားရင် ပိုနီးမယ်ဆိုတာပါ အသေအချာ ပြောပြပါသည်။ နေကြာ ကားစက်နှိုးတော့ နောက်ဘက်မှာ ဇီဇဝါနဲ့ ဒေဝီတင်တို့ ရယ်မောပြီး စကားပြောသံတွေ ဆူညံနေတော့သည်။

အင်း ... ဇီဇဝါပဲ ကောင်းတယ်။ သူ တစ်ခါက ပြောသလို၊ အငယ်ဆုံးဆိုတော့ အကြီးတွေပြီးမှ ကိုယ့်အလှည့်ရောက်မှာ အေးအေးဆေးဆေး လက်ပိုက်ပြီး ပွဲကြည့်ပရိသတ်လုပ်ရုံပဲဆိုတာ ဟုတ်ပါရဲ့။ အစ်မသုံးယောက်တို့ရဲ့ အဖြစ်အပျက်တွေကိုမြင်ပြီး ကျန်တဲ့သုံးယောက်လည်း တော်တော်လေး သင်ခန်းစာ ရသွားကြကုန်ပြီ ထင်တယ်။ အခုနောက်ပိုင်း အမေကိုယ်တိုင်ပါ သမီးတွေ လင်ကောင်းရဖို့ သူဌေးနဲ့ ဖူးစာဆုံအောင်လုပ်ဖို့ ကိစ္စတောင် သိပ်မပြောတော့ဘူး။

"ငါတို့အမေ ပြောဖူးသလိုပါပဲ မိန်းကလေးဆိုတာ ရုပ်လှပြီး ကံမလှရင် အလကားပဲတဲ့။ တချို့က ရုပ်သိပ်အလှကြီး မဟုတ်ပြန်ဘူး။ ဒါပေမဲ့ သူတို့ကံက သိပ်လှတော့ လင်ကောင်းရပြီး တစ်သက်လုံး ကောင်းကောင်းနေရတယ်။ တချို့ကျ ရုပ်တော့လှပါရဲ့။ စီးပွားအရှာကောင်းတဲ့ လင်ကောင်းနဲ့ မဆုံတော့ဘဲ လင်ညံ့ပဲ ရလိုက်တော့ သူ့တစ်သက်လုံး အဆင်မပြေတဲ့ဘဝကို ရင်ဆိုင်သွားရတာတွေ





ရှိတယ်၊ ဒီတော့ အမေလည်း ငါ့သမီးလေးတွေ ရုပ်လှတယ်၊ ကံလည်းလှရမယ်လို့ သိပ်ပြီး မမျှော်လင့်ရဲတော့ပါဘူးကွယ်"

ဟူ၍ တစ်ရက်ကတော့ သမီးတွေမျက်နှာ တစ်ယောက်စီကြည့်၍ (ထိုနေ့က စကားဝါလည်း အိမ်ရောက်နေတာမို့ လူစုံနေသည်) အမေ့ အမေ ... နေကြာတို့ဘွားအေ ပြောခဲ့ဖူးသော စကားတို့ကို ပြန်ပြောပြနေခဲ့သေးသည်။

စကားဝါက အိမ်ထောင်ရေးကတော့ အဆင်ပြေပါသည်။ နေစရာအိမ်လည်း အသင့်ရှိသဖြင့် သူများနဲ့ နှိုင်းယှဉ်ရင် သိပ်အဆိုးရွားကြီးတော့ မဟုတ်ပေမဲ့ နှစ်ယောက်စလုံး သူများကုမ္ပဏီမှာ အလုပ်ဝင်နေရသော လစား ဖြစ်နေကြသည်။ ကိုသိန်းသူက အလုပ်ခန့်ပေး၍ လင်မယားနှစ်ယောက်စလုံး အလုပ်ကိုယ်စီ အလွယ်တကူ ရသွားပေမဲ့ ကုမ္ပဏီဝန်ထမ်းလစာမို့ ဖောဖောသီသီတော့ မရှိကြ။ ဒီကြားထဲ ကားကို အဖေက ပြန်သိမ်းသွားသဖြင့် သူတို့လင်မယားခမျာ အလုပ်သွား အလုပ်ပြန်ပဲ ဖြစ်ဖြစ်၊ ဘယ်သွားတာဖြစ်ဖြစ် ဘတ်(စ်)နဲ့ သွားနေရသည်။

လစား ကုမ္ပဏီဝန်ထမ်းတွေမို့ အငှားကား အမြဲစီးဖို့လည်း မတတ်နိုင်လေရာ စကားဝါဟာ ခုမှ ဘဝအကြောင်းကို ကောင်းကောင်းသိရသူ ဖြစ်ပြီး တစ်ပတ် တစ်ပတ် အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရောက်လာကာ ညည်းညူပြတတ်သည်။ အမေဆူမှာစိုး ညီအစ်မတွေကိုသာ တိတ်တဆိတ် တိုင်တည် ညည်းညူပေ အမေကတော့ အမေပီပီ သိကိုသိပါသည်။ ဒါကြောင့် အမေ အားလုံးစုံတုန်း ဘယ်သူ့ကိုမှရယ် တိုက်ရိုက်မရည်ရွယ်ဘဲ ထိုသ သံဝေဂရသလို ပြောတာပဲ ဖြစ်သည်။

* "ဘဝမှာ အချစ်တစ်ခုတည်းနဲ့ မပြည့်စုံဘူး ဆိုတာ အခု ဝါတော့ ကောင်းကောင်းသိသွားပါပြီ။ ဒါကြောင့် မမမာတို့ မမနေကြာတို့လည်း ကိုယ့်အနားမှာ ရှိပြီးသား သူဌေးလူမျိုး တွေကို သိပ်ပြီးတော့ မှုပြမနေပါနဲ့။ လက်ခံလိုက်ကြပါ။ ခရမ်းပြာတို့ ခတ္တာတို့ ဇီဇဝါတို့လည်း သေသေချာချာ မှတ်ထား သိလား။ ကိုယ့်ကို အိမ်နဲ့ကားနဲ့ ထားနိုင်တဲ့ လူမျိုးသာ ရှာယူတော့ဟော့၊ ဘဝဆိုတာ ဘတ်(စ်)ကားတိုး စီးဖူးမှ သိပ်ခက်ခဲပါလားဆိုတာ သိရတယ်။ အိမ်ပြန်ရောက် လို့ ထမင်းဟင်းချက်ပြီးသား မရှိသေးဘူးဆိုတော့ မီးမွေး ချက်ပြုတ်ဖို့ လုံးပန်းရတယ်၊ အားရက်ကျ အဝတ်တစ်ပုံ ကြီး ထိုင်လျှော်။ ခြောက်ရင် မီးလာတုန်း မြန်မြန်ပြေးပြီး မီးပူတိုက် လုပ်ရတယ်၊ အဲဒီအချိန်တွေဆို သိပ်နောင်တ ရတာပဲ၊ ငါသာ အိမ်ဖော်ထားနိုင်ခဲ့ရင် ဒီလိုမပင်ပန်းဘူး လို့လေ။ ခုတော့ ကိုယ့်ဝမ်းတောင် ကိုယ်မနည်း ကျောင်း





နေရတော့ အိမ်ဖော်ဆိုတဲ့ လူပိုကို တင်မကျွေးနိုင်တာနဲ့ မထားရဲဘူး။ ကိုယ်ပဲ ပင်ပင်ပန်းပန်း အိမ်အလုပ်တွေ လုပ်ရတယ်လေ"

စကားဝါမှာ အရင်တည်းက အိမ်မှာဆို အဝတ် လျှော် မီးပူတိုက် သိပ်ဝါသနာမပါလှသူ ဖြစ်လေရာ သူ့ရဲ့အကြီး မားဆုံး ရင်ဆိုင်ရမှုမှာ အဝတ်လျှော် မီးပူတိုက်ရခြင်းပဲ ဖြစ်နေ သည်။ မိဘအိမ်မှာတုန်းကတော့ ညီအစ်မတွေ တစ်ပုံကြီးမို့၊ ပြီးတော့ အဖေအမေတို့ကလည်း တကယ် အသုံးလိုလို့ဆိုပြီး အဝတ်လျှော်စက်လည်း ဝယ်ပေးထားလေရာ လျှော်ချင်ရင် စက် ထဲထည့်လိုက်ရုံ၊ ခလုတ်နှိပ်လိုက်ရုံလေးမို့ ဇိမ်ကျနေခဲ့သည်။ မီးပူတိုက်ဖို့ ကျတော့လည်း ညီအစ်မတွေက အများကြီးမို့ တိုလူ တိုက်လည်း သူက တစ်ထည်လောက် ဝင်ပေးလိုက်၊ ဒီလူတိုက် လည်း တစ်စုံလောက် လာထားလိုက် လုပ်ပြီး ရေသာခိုတတ်သည်။

စကားဝါမှာ ကောင်းတာ တစ်ချက်ကတော့ အိမ် သန့်ရှင်းရေးကျ မညည်းမညူ လုပ်တတ်တာပင်။ အဝတ်လျှော် မီးပူတိုက်သာ သူ ပျင်းပေမဲ့ အိမ်ရဲ့ သစ်သားကြမ်းခင်းဟာ ကိုယ့်အရိပ်ကိုယ် ပြန်မြင်ရအောင် ပြောင်လက်နေအောင် တိုက်ဖို့ ကျ သူ ဝန်မလေး။ ဆိုဖာတွေ ဆက်တီတွေကအစ အိမ်ပြတင်း ပေါက်မှန်အဆုံး ဖုန်တစ်စက်မရှိရအောင် အမြဲ အဝတ်နလေးပြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပွတ်သုတ်နေတတ်သူ။ မကျဉ်းမကျယ် ခြံဝင်းလေးထဲက ပန်းပင်လေးတွေကို လှနေအောင် ပြင်ဆင်တတ်သူ၊ ခြံထဲမှာ ပေါင်းမြက် တစ်ပင်မှ မရှိအောင် နုတ်နေတတ်သူ စသဖြင့်သော ကောင်းတဲ့အချက်လေးတွေတော့ သူ့မှာ ရှိပါသည်။

နေကြာသည် တွေးရင်း တောရင်း မောင်းလာရာ ဒေဝီတင် ပေးထားသော ခြံနံပါတ်ကိုပင် လွန်သွားပါသည်။ ဒေဝီတင်က နောက်မှ မှန်ကိုအသာလက်ဖြင့်ပုတ်ရင်း အော်ပြောနေသံ ကြားရသည်။

"မမနေကြာ... မမနေကြာ ... ခြံက ကျန်ခဲ့ပြီ၊ လွန်လာပြီ"

နေကြာ နောက်လှည့်ကြည့် ခေါင်းညိတ်ပြလိုက်သည်။ ကားကို ဂယ်ကွေ့ ပြန်ကွေ့လိုက်ပါသည်။ နေကြာကားက ခြံတံခါးအမြင့်ကြီးများရှိသော ခြံကျယ်ကြီးရှေ့မှာ ရပ်လိုက်ပါသည်။ ခြံစောင့်ဖြစ်ဟန်တူသူက စူးစမ်းကြည့်လျှင် ဒေဝီတင် ခေါင်းထွက်ပြီး ...

"ဦးရွှေ ... ဒေဝီပါ၊ ဒေဝီ့ သူငယ်ချင်းကားနဲ့ ပြန်လာတာပါ၊ တံခါးဖွင့်လိုက်ပါ"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဦးလေးကြီးက ပျာပျာသလဲ ခြံတံခါးကို ပြေးဖွင့်သည်။





"မမနေကြာ မောင်းဝင်လိုက်ချင်ရဲ့လား။ မမောင်းဝင်နိုင်ရင်လည်း ရတယ်နော်၊ ဒေဝီ ခြံဝကပဲ ဆင်းပြီးလမ်းလျှောက်ဝင်ပါ့မယ်"

နေကြာသည် ဒေဝီတင့်လို မိန်းကလေးက လိုက်လိုက်လျောလျော ပြောနေသဖြင့် အားနာသွားသည်။ ခြံဝကနေ အိမ်ထဲဝင်မယ်တဲ့။ ကြည့်ပါဦး ... အိမ်ထဲရောက်ဖို့ ကုန်းမြင့်လိုဖြစ်နေတဲ့ လမ်းမောမောကြီးကို လျှောက်ရမှာ မနည်းဘူး။ နေကြာတို့အနေနဲ့ လျှောက်နိုင်ပေမဲ့ ဒေဝီတင် ကြည့်ရတာ အဖြင့်ကပြန်လာရင်ဖြစ်ဖြစ်၊ အပြင်ကိုသွားဖို့ဖြစ်ဖြစ် ဒီခြံဝရောက်အောင် အိမ်ကနေ လျှောက်ဖူးပုံမရ။ နေကြာ မျက်နှာထားကို လန့်လို့သာ သူ လိုက်လိုက်လျောလျော ပြောရပေမဲ့ သူ့ကြည့်ရတာ ကုန်းမြင့်ထိပ်မှာရှိနေသော သူတို့ရဲ့ သုံးထပ်တိုက်ကြီးဆီ လျှောက်ဝင်ရမှာ ဝန်လေးနေပုံ ပေါ်ပါသည်။

နေကြာ သက်ပြင်း မသိမသာချရင်း ...

"တို့ အထဲထိ မောင်းပို့ပေးပါ့မယ်၊ ခြံဝကနေ လျှောက်ရင် တော်တော်ဝေးတာနော်"

"အင်း၊ ဟုတ်တယ်၊ ခြံက (--)ဧကတောင် ရှိတယ်လေ။ ကျယ်လွန်းလို့ ခွဲရောင်းဖို့ သူများတွေက လာလာမေးကြတာ ခဏခဏပဲ။ ကိုကြီးက ဒေဝီ့အတွက် အိမ်ဆောက်ပေးဖို့ ထားထားတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီတင် ပြောလည်းပြော ကားပေါ်ပါ ပြန်တက်ထိုင်လိုက်သည်။ အစက ခြံတံခါးဖွင့်ပြီးပြီးချင်း ကားပေါ်ကဆင်းပြီး နေကြာ့ကို လာစကားပြောတာ ဖြစ်ပါသည်။

နေကြာသည် ခေတ်မီသားနားလှသော မှန်တွေနဲ့ဆောက်ထားသလို ထင်ရသည့် တိုက်အိမ်ကြီးကို ရင်သပ်ရှုမောသွားသည်။ ပြတင်းပေါက်တွေဟာ တစ်ဝက်မဟုတ်ဘဲ အပြည့်လုပ်ထားပြီး အတွင်းကို မမြင်နိုင်သော နေကာမှန်ချပ်ကြီးများဖြင့် ဆောက်လုပ်ထားသည်။ သုံးထပ်တိုက်၏ အထပ်တိုင်းမှာ ရှေ့ဘက်ရော ဘေးဘက်တွေပါ ဝရန်တာလေးတွေ အပြင်ထုတ်ထားသေးသည်။ ခြံတွင်း ထွန်းညှိသော မီးတိုင်တွေကလည်း ဆန်းပြားလှပကာ တန်ဖိုးကြီးတွေမှန်း သိသာပါသည်။ အောက်ဆုံးထပ် ရှေ့မှာ ကြီးမားကျယ်ဝန်းလှသော ပေါ်တီကိုကြီး ရှိသလို တိုက်အိမ်ကြီးရဲ့ တွဲရက်မှာလည်း ကားတွေသိမ်းလို့ရသော Roller Door ကို ရီမုဒ်ဖြင့် ဖွင့်ပိတ်ရသည့် ကားဂိုဒေါင်ကြီး သုံးခု ဆက်တိုက်ရှိသေးသည်။

ခြံကြီးက ကျယ်လှသလို ခြံအပြည့် မြက်ခင်းလှလှများ ခင်းထားတာကဖြင့် ညနေ နေစောင်းလျှင် အေးအေးလူလူ လမ်းလျှောက်ရင်လျှောက်၊ မလျှောက်ရင် မြက်ခင်းပေါ်မှာပဲ ထိုင်နေချင့်စရာ။





သစ်ပင်ကြီးများဖြစ်သော ပိတောက်ပင်၊ မာလကာပင်၊ ဒန့်သလွန်ပင်၊ အုန်းပင်၊ ကံ့ကော်ပင်တွေလည်း ရှိသလို ချုံနွယ်လို ပန်းပင်များဖြစ်သည့် တရုတ်နှင်းဆီတွေ၊ စံပါယ်ပင်တွေ၊ ယုဇနပင်တွေလည်း တွေ့ရသေးသည်။ နှင်းဆီရောင်စုံနှင့် စံပယ်ပင်တွေကိုကျတော့ တစ်ကန့်စီ တစ်ကန့်စီ အလှဆင် စိုက်ထားသေးသည်။ ပန်းပင်တွေက ကောင်းကောင်း ပြုစုထားခံရသဖြင့် ဆယ့်နှစ်ရာသီမရွေး ပန်းပွင့်နေပုံရသည်။ ခုလည်း နှင်းဆီတွေ စံပယ်တွေ ပွင့်နေဆဲ။ ဘယ်သူမှလဲ ခူးပုံမရ။ နေကြာတို့ အိမ်ဝင်းလေးထဲမှာ စိုက်ထားသော ပန်းပင်တွေဆို ပန်းပွင့်တာနဲ့ ဘုရားပန်းတင်ဖို့ ခူးပြီးသား ဖြစ်နေလို့ ပန်းပင်မှာ ပန်းကိုမြင်ရခဲနေသည်။ ခြံဝင်းကလေးကလည်း ကျဉ်းလှသဖြင့် ပန်းပင်များများစားစားလည်း မရှိ။ အဖေနဲ့ အမေ အညောင်းအညာဖြေလမ်းဆင်းလျှောက်နိုင်ရုံသာ ကျယ်ပါသည်။

ပြောရရင် နေကြာတို့အိမ်နဲ့ခြံ ပေါင်းလိုက်လို့ရှိတဲ့အကျယ်ဟာ သိဃ်သူတို့ရဲ့ လေးပုံတစ်ပုံလောက်ပဲ ရှိမည်ထင်ပါသည်။ အေးလေ ... သူ ဒီလောက် ချမ်းသာလွန်းလို့သည်း အလိုလိုနေရင်း မာနကြီးနေတာ။ လူတစ်ဖက်သားတွေကို အထင်အမြင်သေးတတ်နေတာပဲပေါ့။ နေကြာသည် စိတ်နာနာဖြင့် တွေးလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေကြာ့ကား အိမ်ရှေ့မှာ ရပ်သောအခါ ဇီဇဝါပါ ဒေဝီတင်နှင့်အတူ လိုက်ဆင်းလာသည်။

"မမနေကြာ အိမ်ထဲ ခဏဝင်ထိုင်ပါဦး"

"မထိုင်တော့ပါဘူး ဒေဝီရယ်"

"ဝါ ဒေဗွီဆီက DVD ခွေတွေ ခဏဝင်ရွေးချင်လို့ပါ မမနေကြာ။ မမနေကြာ ဒီမှာ ထိုင်စောင့်နေရမှာ စိုးလို့"

"နင်က ကြာမှာလား"

"သိပ်ပြီးတော့လည်း မကြာနိုင်ပါဘူး၊ ဒါပေမဲ့ ဆယ့်ငါးမိနစ်လောက်တော့ ကြာရင် ကြာမယ်"

"ခဏဝင်ထိုင်ပါ မမနေကြာရဲ့"

နေကြာ စိတ်လျှော့လိုက်ပြီး ကားတံခါးဖွင့်ဆင်းလိုက်ပါသည်။ အိမ်တံခါးဖွင့်ပေးနေသော အိမ်ဖော်မိန်းကလေးဖြစ်ဟန်တူသူက ဇီဇဝါ့ကိုတော့ မြင်ဖူးနေပြီဖြစ်၍ မထူးဆန်းဟန်ဖြင့် ကြည့်ပေမဲ့ နေကြာ့ကိုတော့ ခုမှ မြင်ဖူးလေရာ အံ့သြပြီး ပါးစပ်ပင်ဟလျက် ငေးကြည့်တော့သည်။

"ဟဲ့ ... အသန်းရယ်၊ ဘယ့်နှယ် ပါးစပ်ကြီးဟ,ပြီး ငေးရတာလဲ၊ ဘယ်လို ဖြစ်တာလဲ ဟဲ ဟဲ ... သူ့ မမနေကြာကို အငေးလွန်ပြီး ပါးစပ်တောင် ဟ,နေပြီ"

ဒေဝီတင်က လှမ်းပြောလိုက်မှပဲ ထိုမိန်းကလေးက အရှက်ပြေရယ်ရင်း ...





"မဟုတ်ပါဘူး၊ မမဇီဇဝါ လှလှပြီ ထင်နေတာ၊ သူ့အစ်မက ပိုလှနေလို့ အံ့သြသွားတာပါ"

"ဒီအစ်မထက် အစ်မ မမဂန္ဓမာ ဆိုတာ ညီအစ်မထဲမှာ အလှဆုံးလို့ လူတိုင်းက ပြောကြတယ် အသန်း။ ကဲ ... စဉ်းစားသာကြည့်တော့ပေါ့။ ဘယ်လောက်များ လှမလဲဆိုတာ"

"အမယ်လေး ... အဲဒီအစ်မထက် လှတဲ့အစ်မ ရှိသေးတယ် ဟုတ်လား"

နေကြာသည် ရိုးသားပွင့်လင်းလှသော အိမ်ဖော်မိန်းကလေးကို သဘောကျပြီး ရယ်မိသည်။ နောက်တော့ နေကြာလည်း အိမ်အတွင်းရောက်သည်နှင့် ခမ်းနားကြီးကျယ်လှသော အိမ်အပြင်အဆင်ထဲ သတိလစ်ကာ မျောပါသွားပါသည်။

ဇီဇဝါကတော့ ရောက်ဖူးနေကျမို့ ဂရုမစိုက်ပဲ ဒေဝီတင့်နောက် ပါသွားကာ DVD ခွေ ရွေးနေသည်။ နေကြာသာ တစ်ယောက်တည်း အိမ်ရှေ့ခန်းမှာ ကျန်ရစ်လျက် ဟိုငေး ဒီငေး။ အသန်း မဟုတ်သော နောက်ထပ် အိမ်ဖော်မိန်းကလေးတစ်ယောက်က ဗန်းကလေးဖြင့် သစ်သီးဖျော်ရည် ဖန်ခွက်ရှည်ရှည်လေးတစ်ခွက် လာချပါသည်။

"အအေးသုံးဆောင်ပါဦးရှင်"

ဟု တစ်ခွန်း ညွှန်ကာ နောက်ခန်းထဲ ဝင်ရောက်ပျောက်ကွယ်သွားပြန်သည်။ အိမ်က အရမ်းကြီးပြီး အဆောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင် အခန်းခန်းတွေနဲ့မို့ ပုန်းနေရင်တောင် တော်တော်နဲ့ရှာလို့ လွယ်မည်မထင်ပါ။

ဧည့်ခန်းကိုက အကျယ်ကြီး ဖြစ်နေသည်။ ဟိုးဘက် ထောင့်မှာ မဟော်ဂနီရောင် ပြောင်လက်နေသော စန္ဒရားကြီးကို ထည်ဝါခံ့ညားစွာ တွေ့နေရသည်။ တီးတာလား၊ မတီးဘဲ အလှ ထားတာလား မသိသော ရွှေရောင်စောင်းကောက်လှလှကြီး တစ် လုံးကိုလည်း ကြွားဝင့်စွာ ပြထားသေးသည်။

ကျွန်းသားရောင် ပြောင်လက်နေသော ဆွမ်းအုပ် ရုပ်တုကြီး တစ်ခုကိုလည်း အလှဆင်ချထားသေးသလို ဟောင် ကောင်ကလာသော တရုတ်ကြွေပန်းအိုးကြီးတွေကိုလည်း ပန်းမ ထိုးဘဲ အလှပြထားသေးသည်။ ဧည့်ခန်းနံရံပြည့်လုနီးပါး တွေ့ရ တာကတော့ ကြည့်လိုက်တာနဲ့တင် စိတ်ကြည်နူး လန်းဆန်း ချမ်းမြေ့စေခြင်းကို ပေးစွမ်းနိုင်သော ရှုခင်းတစ်ခုပုံ အသက်ဝင် အောင် ဆွဲထားသည့် ပန်းချီကားချပ်ကြီးပဲ ဖြစ်လေသည်။ ဘယ် အရပ် ဘယ်ဒေသ၏ ရှုခင်းရယ်လို့ နေကြာ မသိပေမဲ့ နေကြာသည် ထိုပန်းချီကားကြီးရှေ့ ရပ်လိုက်တာနဲ့ ပန်းချီကားရှေ့က ပြန်ထွက် မသွားနိုင်တော့သလို ဖြစ်သွားသည်။

ကိုယ်ကိုယ်တိုင် အဲဒီပန်းချီ ကားထဲ ရောက်သွားသလို ခံစားလိုက်ရလျှင် ရင်ထဲမှာ ကြည်နူးရခြင်းကို ဘာနဲ့မှ မလဲချင်တော့ ပေ။





"ကိုယ်လည်း အဲဒီပန်းချီကားကြီးရှေ့ ရပ်လိုက်တိုင်း ဘယ်တော့မှ ပြန်မခွာသွားချင်လောက်အောင် အမြဲ ခံစား ရတယ်"

နေကြာသည် နောက်ကြောမှ ရုတ်တရက် ကြား လိုက်ရသော အသံကြောင့် တစ်ကိုယ်လုံး တုန်သွားပါသည်။ သိဃ်သူ့ အသံကို မမျှော်လင့်ဘဲ ကြားလိုက်ရ၍ နေကြာ ထိတ် လန့်သွားတာလည်း ဖြစ်ပါသည်။

နေကြာ ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် ...

"နေကြာတို့အိမ်ကကား ပေါ်တီကိုအောက်မှာ တွေ့တာနဲ့ ကိုယ့်ကားကို ဂိုဒေါင်ထဲပဲ ဒါရိုက်မောင်းဝင်သွားလိုက် တယ်"

"နေကြာ ဒီအိမ်ကိုလာဖို့ မရည်ရွယ်ပါဘူး။ ဒီလို ချမ်းသာ ကြွယ်ဝမှုတွေကို လာသွားရည်ကျဖို့လည်း စိတ်ကူးမရှိပါ ဘူး။ ဒေဝီကို လိုက်ပို့ရင်း ဇီဇဝါက အိမ်ထဲခဏဝင်ပြီး DVD တွေ ရွေးမယ်ဆိုတာနဲ့ စောင့်နေတာပါ ကိုသိဃ်သူ။ နေကြာ မက်မောပြီး ကြည့်နေတယ်လို့တော့ မထင်နဲ့နော်"

"ဘယ်လိုပြောလိုက်တာလဲ နေကြာ။ ကိုယ် မင်းကို အဲဒီ လို မပြောပါဘူး။ မင်း ကိုယ့်အိမ်ကို ရောက်နေတဲ့အတွက် ကိုယ့်ရင်ထဲမှာ ဘယ်လောက် ပျော်သွားရလဲ ဆိုတာ မင်း သိရဲ့လား နေကြာ။ မင်း သိရဲ့လား။ မင်းဟာ မင်းရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာရှိတဲ့ အယူအဆတလွဲတွေကို ဘယ်တော့မှ မပြင်ဘူး။ ကိုယ်နဲ့ပတ်သက်ရင် မင်းဘက်က ဘယ်တော့မှ အကောင်း မမြင်တော့တာကို မပြင်တော့ဘူးနော်"

နေကြာ ခပ်မဲ့မဲ့ အမူအရာ လုပ်ပြရင်း ...

"မသိဘူးလေ၊ ရှင့်စိတ်ထဲမှာ ဘာထင်နေလဲ ဆိုတာ ဘယ်လိုလုပ် သိပါ့မလဲ။ ဒီမိန်းကလေး ငါ့ကို ဟန်ဆောင် ငြင်းတုန်းက ငြင်းပြီး တကယ်တကယ်ကျ လက်လည်း မလွှတ်ချင်တာမို့ ကိုယ်ရောင် လာပြတယ်၊ ငါ့ ချမ်းသာ ကြွယ်ဝမှုတွေကို လာအကဲခတ်တယ်လို့ ရှင် ထင်ချင်လည်း ထင်ဦးမှာပဲ"

"နေကြာ ... ကိုယ် မင်းကို ချစ်တယ်လေ၊ ဒီတော့ ကိုယ် ဘာကြောင့် မင်းကို အထင်သေးတဲ့စိတ်နဲ့ ကြည့်တော့မလဲ။ ဘယ်သူမဆို ကိုယ်ချစ်တဲ့သူဟာ ကိုယ့်ရဲ့စည်းစိမ်ဥစ္စာတွေ ပဲ ခံစားသည်ဖြစ်စေ၊ ကိုယ့်အသွေးအသား အသက်ကို ယူသည်ဖြစ်စေ ကျေနပ်ကြည်ဖြူကြသလိုပဲ ကိုယ်လည်းပဲ ကြည်ဖြူပါတယ်။ ကျေနပ်ပါတယ် နေကြာ"

ထိုအချိန်မှာပဲ ဒေဝီတင်နှင့်အတူ ဇီဇဝါတို့ ရယ်ကာ မောကာဖြင့် အခန်းထောင့်ချိုးတစ်ခုမှ ထွက်လာပါသည်။ နေကြာ နှင့် သိယ်သူတို့ တစ်ယောက်နဲ့တစ်ယောက် ခြေလှမ်းငါးလှမ်း လောက် အကွာမှာရပ်ရင်း စူးစိုက်ကြည့်နေသည်ကို တွေ့လျှင်





ဒေဝီတင်မှာ ဝမ်းပန်းတသာ ဖြစ်သွားဟန်ဖြင့် ပြုံးသွားလေသည်။ သို့သော် ဇီဇဝါကတော့ အစ်မဖြစ်သူ၏ စိတ်ကို သိလေရာ အထိတ်ထိတ် အလန့်လန့် ဖြစ်သွားသည်။ ဘုရားရေ ... မမ နေကြာတော့ ငါ့ကို လမ်းကျ ဆူတော့မယ်၊ ဟောက်တော့မယ်၊ နင့်ကြောင့် ငါ အဲဒီအိမ် လိုက်လာရတယ်။ အခုက ငါ မတွေ့ ချင်တဲ့ သိယ်သူနဲ့ တွေ့ရပြီ မျက်နှာချင်းဆိုင်ရပြီ ဆိုပြီး ဆူရုံ မကဘူး။ အမေ့ကိုပါ တိုင်တော့မယ်၊ အမေပါ ဝင်ဆူရင် နားငြီး တာနဲ့ သေမှာပဲ။

"ကိုကြီး ဘယ်တုန်းက ရောက်လဲ"

"ဝါ ပြီးရင် ပြန်မယ်"

ဟူသော ဒေဝီတင့် မေးသံနှင့် နေကြာ့ ခေါ်သံတို့ က ထပ်တူထွက်သွားပါသည်။

"ပြီးပြီ မမနေကြာ"

"ကြာလိုက်တာ၊ နင်ကလည်း"

"ဝါ လိုချင်တဲ့ "Just Like Heaven" ဆိုတဲ့ Reese Witherspoon ကား လိုက်ရှာပေးနေလို့ ကြာသွားတာပါ"

"နင်ပဲ ကိုရီးယားကားပဲ ယူမယ်ဆိုပြီး"

"ဒေဝီက အဲဒီကား သိပ်ကောင်းတာပဲ၊ တကယ့် Romantic လေး ... ဒိုလို့ ကြည့်ချင်တာနဲ့"

"ကဲ ... ကဲ ... လျှာမရှည်နဲ့၊ ပြီးရင် ပြန်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဓီဇဝါမှာ နေကြာနောက်မှ ပြေးလိုက်သွားရသကဲ့သို့ ဖြစ်နေသည်။ နေကြာသည် ဓီဇဝါ့ကားပေါ် တက်ထိုင်လိုက်တာနဲ့ ဝုန်းဆို မောင်းထွက်သွားလေရာ ဓီဇဝါပင် ရှေ့ကို ငိုက်ကျသွားရသည်။ သို့သော် ဓီဇဝါမှာ အစ်မ ဘာဖြစ်သလဲဆိုတာ မမေးရဲ။ တိတ်တိတ်လေးသာ ဆားကပါသွားရလေသည်။

သိဃ်သူမှာ ခါးနှစ်ဖက်ကို ခပ်ပြေပြေထောက်ရပ်ကြည့်ရင်း ရင်ထဲမှာ လွှမ်းပြီး ကျန်ခဲ့ပြန်သည်။ မတွေ့ရတာကြာလို့ လွမ်းနေတာ၊ အခုလို ခဏလေး ပြန်တွေ့တော့ အလွမ်းပြေမလား ထင်ပေမဲ့ နေကြာ ဒီနားက ပျောက်သွားချိန်ကစပြီး သူ့ရင်ထဲမှာ ပိုပြီးလွမ်းသွားကြောင်း သိလိုက်ပါသည်။

"ကိုကြီး ... မမနေကြာနဲ့ စကားမပြောလိုက်ရဘူးလားဟင်"

"မပြောလိုက်ဘဲ ဒီလိုပဲ တစ်ယောက်နဲ့ တစ်ယောက်ကြည့်ပြီး ပြန်သွားရင် ကောင်းသား"

"ဘာပြောသွားလို့လဲ"

"ထုံးစံအတိုင်းပေါ့၊ ငါ့ကို ခနဲ့တဲ့စကားတွေပေါ့"

"အမှန်တော့ မမနေကြာက ကိုကြီးကိုချစ်ရင် ချစ်နေမှာပါ။ သူ့စိတ်ထဲမှာ ကိုကြီး အထင်သေးတာ ခံရတာကိုပဲ နာကြည်းလို့မဆုံး ဖြစ်နေတာဟာ မှုမမှန်ဘူး။ ဓီဇဝါတို့ဆို စိတ်ထဲမှာတောင် မရှိတော့ဘူး။ သူတို့တစ်အိမ်လုံးက





ဒါကို မေ့လိုက်ကြပြီ၊ မမနေကြာကသာ မမေ့နိုင်ဖြစ်နေတာဟာ တစ်မျိုးဖြစ်နေလို့ပါ"

"ကဲပါ ... ကဲပါ ... နင်က ဆရာမကြီးလုပ်ပြီး ပြောနေပြန်ပါပြီ။ ဒါနဲ့ နေပါဦး၊ နင်က ဘယ်လိုစိတ်ကူးပေါက်ပြီး သူ့ကားနဲ့ လိုက်ပို့ခိုင်းရတာလဲ"

"ဟာ ... ဓီဇဝါပေါ့၊ ပို့ပေးချင်တယ်ဆိုပြီး အတင်း သူ့အစ်မဆီ ခေါ်သွားတာနဲ့"

"ဘယ်သူပို့ပို့ ကိစ္စမရှိပါဘူး။ ငါက စိတ်ပူနေတာ၊ အဏ္ဏားကားနဲ့ အဆင်ပြေပါ့မလားလို့"

"ကိုကြီး ပို့ပေးတဲ့ လူနာရော"

"ဆေးရုံအချိန်မီ ရောက်သွားပါတယ်၊ ပိုက်ဆံလည်း သိပ်ရှိပုံမပေါ်လို့ ငါ့အိတ်ထဲမှာပါတဲ့ ငါးသောင်းလောက် ရှိမယ်ထင်တဲ့ အထပ်ကို အဲဒီမိသားစုလက်ထဲ ထည့်ခဲ့လိုက်တယ်၊ ဒါပဲ ... ပြီးပြီ။ သူတို့ ငါ့ကိုသိဖို့ မလိုဘူး။ လမ်းကြုံလို့ ကူညီခဲ့တယ်ပဲ ပြောခဲ့တယ်"

ဒေဝီတင်သည် ကိုကြီးမှာ ဒီလိုစိတ်ကောင်းလေးတွေ ရှိတာကိုတော့ မမနေကြာ သိစေချင်လိုက်တာရယ်လို့ အားမလို အားမရ တွေးနေမိခဲ့သည်။

❀ ✳ ❀



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"ရဲသွေး ဒေါ် မင်းနဲ့ စကားပြောချင်တယ်"

တစ်ရက်မှာ သိဃ်သူ့ဖုန်း သူ့ထံ ဝင်လာတော့ မင်းရဲသွေးသည် ဘာများလဲလို့ တွေးပြီး ပဟေဠိပင် ဖြစ်သွားပါသည်။ သိဃ်သူနဲ့ သူ့ရဲ့ ကြားမှာ စကားပြောချင်တယ်ဆိုပြီး ရှေ့က စကားခံကာ။ စကားပြောရလောက်အောင်မှ မစိမ်းကြတာ။ ငယ်သူငယ်ချင်းချင်း ပြောစရာရှိ ရှေ့နောက် မစဉ်းစားဘဲ ပြောလိုရာ ပြောလိုက်ကြရုံသာ။ ဒါကို ဒီကောင်က အထူးအဆန်းတွေ လုပ်ပြီး စကားပြောချင်တယ်တွေ ဘာတွေ ဖြစ်လာတော့…။

"ဟေ့ကောင် … ဘာမို့လို့လဲကွာ၊ မင်းနဲ့ ငါ့ကြားမှာ အဲဒီလို စကားလမ်းကြောင်းဖို့ မလိုပါဘူး၊ ဘာပြောချင်တာလဲပြော။ ဟား ဟား … ဘာလဲ ငါ့ညီမ ရတနာသွေးကို သဘောကျသွားပါပြီလို့ ပြောချင်တာလား"





မင်းရဲသွေးသည် သိဃ်သူဟာ ရတနာသွေးကို ဘယ်လိုမှ သဘောမကျနိုင်ဘူး၊ ချစ်မလာနိုင်ဘူး၊ သိဃ်သူ့ရဲ့ အချစ်ကို ပိုင်ဆိုင်ရသူမှာ နေကြာ တစ်ဦးတည်းဖြစ်မှန်း သိပြီးသားပေမဲ့ တမင်ပဲ နောက်ပြောင်လိုက်တာဖြစ်သည်။ သူက အစ်ကိုပေမဲ့ အစ်ကိုပီပီ ညီမကိုတော့ တိုပေမဲ့ သူ့သူငယ်ချင်း သိဃ်သူနဲ့ကျသိပ် သဘောတူခဲ့ပါသေးသည်။ သူကိုယ်တိုင်ကပင် စတင်နောက် ပြောင်ခဲ့တာတွေ ရှိခဲ့သေးသည်။ သို့သော် သိဃ်သူက ရတနာသွေး ကို ချစ်မလာခဲ့ပြန်တော့လည်း သူ စိတ်မဆိုးခဲ့ပါ။ လူ့စိတ်ဆိုတာ သူချစ်ချင်တဲ့လူ ချစ်တာပဲလို့ နားလည်လေသည်။

"ဟေ့ကောင် … အစ်ကိုပီပီ စကားပြောဆင်ခြင်ဦး၊ ကဲ … ငါ ခုပဲ မင်းနဲ့ လာတွေ့မယ်။ ဘယ်မှ ထွက်မသွားနဲ့ စောင့်နေ"

ပြောပြောဆိုဆို ဖုန်းပိတ်သွားသော သိဃ်သူသည် မင်းရဲသွေးရှိရာ ရုံးခန်းဆီကို နာရီဝက်လောက် အကြာမှာ ရောက်လာခဲ့တော့လေသည်။

ထိုအချိန်မှာ မင်းရဲသွေးသည် သူ့အလုပ်စားပွဲရှိ ကွန်ပျူတာကို ဖွင့်ပြီး အလုပ်လုပ်နေဆဲဖြစ်သည်။ သိဃ်သူ လာတော့ ကွန်ပျူတာကို ပြန်ပိတ်လျှင် နောက်ဆုံးပိတ်ခါနီး Screen savour ပေါ်မှာ တွေ့လိုက်ရသည်ကတော့ ဂန္ဓမာရဲ့ လှပချော မွေ့သော အပြုံးမျက်နှာလေးပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲသွေး ရှက်ပြုံးပြုံးလိုက်ပြီး သိယ်သူကို မလုံ မလဲ ကြည့်ပေမဲ့ သိယ်သူကတော့ နားလည်မှုရှိစွာ မသိကျိုးကျွန် ပြုလိုက်ပါသည်။

"သိယ်သူ ဘာလဲကွ၊ အထူးအဆန်းတွေ လုပ်နေပြန်ပြီ မင်းမှာ ဘာအရေးတကြီး ပြောစရာရှိလို့လဲ"

"ငါ သိချင်တာက မင်းနဲ့ ဂန္ဓမာအခြေအနေပါ"

"မင်း သိတဲ့အတိုင်းပဲ သူ ငါ့ကို အတွေ့မခံဘဲ ရှောင်နေ တာကြာပြီ။ ဖုန်းဆက်ရင်ပဲ ဆယ်ခါမှာ တစ်ခါပဲ လာ ပြောတယ်၊ ဘာကြောင့် ငါ့အပေါ် စိမ်သွားတာလဲ၊ ရှောင် သွားတာလဲ မေးတော့ ရည်းစားဘဝနဲ့ ခဏခဏ ဟိုနား တွဲ ဒီနားတွဲ လူသိအောင် သိပ်လုပ်ရင် သူတို့ဘက်က နာမည်ပျက်မယ်၊ သိက္ခာကျမယ်ထင်လို့ သိုသိုသိပ်သိပ် နေချင်လို့ပါတဲ့"

"သူ အဲဒီလို ပြောင်းလဲသွားတာ မင်း ဘာကြောင့်လို့ ထင်လဲ"

"ငါလည်း မသိဘူးလေကွာ၊ သူ ငါ့ကို ချစ်တော့ ချစ်ပါ တယ်၊ ဒါပေမဲ့ ငါ့ဆီမှာ သူ စိတ်တိုင်းမကျစရာ ဘာများ ရှာတွေ့သွားလဲ မသိဘူး"

"ငါ သိတယ်၊ သူ မင်းကို မယုံတော့တာ"





"ဘာမယုံတာလဲ၊ ငါ ဘယ်သူနဲ့မှ မရှုပ်ဘူး၊ ငါ သူ့ကိုပဲ ချစ်တယ်လေ"

"မင်းက သူ့ကို လက်ထပ်မယူနိုင်ဘဲနဲ့ အပျော်တွဲတယ် ထင်သွားကြတာ"

"ငါ သူ့ကို ရစ္စပ်ထားချင်ပါတယ်၊ လက်လည်း လက်ထပ် ချင်ပါတယ်၊ မင်းက ပြန်စဉ်းစားပါဦး၊ ဒီမိန်းကလေးက မင်းကို ချစ်တာလား။ မင်းရဲ့ ပစ္စည်းဥစ္စာတွေကို ချစ်တာ လား စောင့်ကြည့်ပါဦးဆိုလို့ ငါ တွေဝေသွားတာပါ၊ ဒါနဲ့ သိယ်ရာ နေစမ်းပါဦး။ မင်းက ခုမှ ဘာကိစ္စ ဒါတွေ လာဆွေးနွေးနေရတာလဲ၊ မင်း ဘာပြောချင်လာလို့လဲ၊ မင်း ဂန္ဓမာအကြောင်းတွေ ဘာသိလာလို့လဲ"

သိယ်သူသည် သူ ချစ်ရသော နေကြာ မျက်နှာ လေးကို မြင်ယောင်ပြီး စိတ်ထဲမှာ တိုင်တည်မိလိုက်သည်။

ကိုယ် နေကြာကို ချစ်လို့ နေကြာအတွက်မို့လို့ ဒါတွေလိုက်ဖြေရှင်းပေးလိုက်ပါပြီ နေကြာရယ်။

"ငါ့ကို နေကြာက ပြောတယ်။ ဂန္ဓမာဟာ အဲဒီလိုပဲ အေးတိအေးစက်နေတတ်ပြီး ရင်ထဲက ခံစားချက်ကို မျက်နှာ မှာ ဘယ်တော့မှ မဖော်ပြတတ်တဲ့ သူတဲ့။ သူဟာ အဲဒါ ကြောင့်ပဲ မင်းနဲ့ ပတ်သက်ရင် မင်းကတော့ သည်းညည်း



www.burmeseclassic.com

www.burmeseclassic.com



လှပ် ချစ်ရတဲ့သူပုံစံ ဖြစ်နေပြီး၊ သူကတော့ မင်းကို သိပ်မချစ်တတ်တဲ့ပုံ ဖြစ်နေတယ်လို့ ထင်ရစေတာတဲ့။ နေကြာနဲ့ ဂန္ဓမာဟာ ညီအစ်မထဲမှာ သိပ်နီးစပ်ပြီး ပိုရင်းနှီးကြတဲ့ ညီအစ်မ၊ နေကြာရဲ့ Favouriteဟာ ဂန္ဓာ၊ ဂန္ဓမာရဲ့ Favourite ဟာ နေကြာမို့လို့ သူတို့နှစ်ယောက်ကတော့ တစ်ယောက်ကို တစ်ယောက် နားလည်ကြတယ်တဲ့။ ဒါကြောင့် သူ့အစ်မဟာ မင်းကို သိပ်ချစ်ရလို့ ကိုယ်တိုင်ပဲ အသည်းကွဲသလို ခံစားနေရပြီတဲ့။ ဂန္ဓမာ တကယ်ချစ်တဲ့ ချစ်သူဟာ ဂန္ဓမာ့ကို တန်ဖိုးမထားဘူး။ တကယ်မချစ်ဘူး။ အပျော်တွဲခဲ့တာပါ ဆိုပြီး ရှောင်လိုက်ရပေမဲ့ ဂန္ဓမာဟာ အသည်းကွဲနေခဲ့ရတယ်တဲ့ ရဲသွေး"

မင်းရဲသွေးသည် သိဃ်သူ အသေအချာ ရှင်းပြနေသည်ကို နားထောင်နေလိုက်မိသည်မှာ အသက်တောင် မရှူမိသလို ဖြစ်နေသည်။ ဒီညီအစ်မတွေနဲ့ ပတ်သက်ရင် သူ ချစ်ရတဲ့ နေကြာကအစ ချစ်တော့ချစ်ပေမဲ့ အမြင်မကြည်ခဲ့တဲ့ သိဃ်သူ့ ပါးစပ်က ဒီလိုထွက်တာတောင် ဟုတ်ပါ့မလားဆိုပြီး ဇဝေဇဝါ ဖြစ်ရတော့သည်။ သိဃ်သူ ဘာများ မှိုင်းမိလာလဲ။ ဘယ်သူက များ ပြုစားပြီး ဒါတွေ ပြောခိုင်းလိုက်သလဲ။

"မင်း-တကယ်ပြောနေတာလား သိဃ်"





"ငါ တကယ်ပြောနေတာ"

"နေကြာဆီက ကြားလာတာလား၊ နေကြာ ပြောလိုက်တာလား၊ ဟုတ်လား"

"နေကြာ ပြောပြထားတာ ကြာပါပြီ။ ငါ သူ့ကို သွားဖွင့်ပြောတုန်းက သူ ပြန်ငြင်းရင်း ပြောလိုက်တဲ့ စကားတွေပဲ ရဲသွေး"

"မင်း သူ ပြောတာကို ယုံသွားပြီလား"

"ငါ ယုံပါတယ်၊ အရင်က သူတို့အပေါ် အမြင်မကြည်ခဲ့ဘူး။ အထင်သေး ရှုတ်ချခဲ့တယ်၊ သူ့အမေကိုလည်း ကဲ့ရဲ့မိတယ်။ သူ့အဖေကိုလည်း အဖေဖြစ်ပြီး ဩဇာမညောင်းဘူးဆိုပြီး အပြစ်တင်မိခဲ့တယ်၊ တကယ်တော့ ဒီလိုမဖြစ်သင့်ဘူး၊ သူများမိသားစုကို အလကားနေရင်း အပြစ်မမြင်သင့်ဘူး။ သူတို့က မိဘပီပီ ကိုယ့်သမီးတွေ ကောင်းစားတာကို မြင်ချင်လို့ စီစဉ်ပေးချင်ကြတယ်၊ ငါတို့ ဒါကို လက်ခံသဘောပေါက်သင့်တယ်။ လူဆိုတာ ဟိုလူနဲ့ ဒီလူ လိုက်စီစဉ်ပေးတိုင်းလည်း ဖူးစာမပါရင် ဘာမှမဖြစ်လာဘူး ဆိုတာ ငါနားလည်လာတယ်၊ သူ့အမေဟာ မင်းနဲ့မတွေ့ခင်ကလည်း သူ့သမီးတွေကို ဒီလိုပဲ ပွဲထုတ်ပြီး သူဌေးလေးတွေနဲ့ ဆုံရအောင် စီစဉ်ဖန်တီးခဲ့ဖူးမှာပဲ။ မင်းနဲ့ကျမှ



www.burmeseclassic.com

www.burmeseclassic.com



ဖူးစာပါလို့ မင်းကလည်း သူ့ကိုချစ်သွားတယ်၊ သူကလည်း မင်းကို လက်ခံလို့ ရသွားတယ်၊ ချစ်လည်း ချစ်သွားတယ် ဆိုတာ ငါ အသေအချာ တွေးမိပါပြီ"

"မင်းလည်း နေကြာ့ကိုကျမှ ချစ်သွားတယ်လေ"

သိဃ်သူ အသာအယာ ပြုံးပါသည်။

"နေကြာက ငါ့ကို အထင်လွဲနေတာ"

"နောက်မှ အေးအေးဆေးဆေး ရှင်းပြပြီး သူ လက်ခံလာနိုင်အောင် ကြိုးစားပေါ့ကွာ၊ ဂန္ဓမာဆီက သိထားရသလောက်တော့ နေကြာ့မှာ ချစ်သူလည်း မရှိဘူး။ နေကြာက ဘယ်ယောက်ျားကိုမှလဲ ပြန်စိတ်မဝင်စားသေးဘူးတဲ့။ မင်းအတွက် အခွင့်အရေးပဲ သိဃ်"

"ငါ့ကိုစွထားပါဦးကွာ၊ မင်း ခုပဲ ဂန္ဓမာဆီသွားပြီး စေ့စပ်ဖို့ လက်ထပ်ဖို့ သွားပြောတော့မလား"

"ပြောမှာပေါ့ကွာ၊ ဒါပေမဲ့ ခုချက်ချင်းတော့ မသွားသေးဘူး။ ငါ သူ့အတွက် လက်စွပ်ပြေးဝယ်ရဦးမယ်"

"စေ့စပ်လက်စွပ်လား"

"ဒါပေါ့ လက်စွပ်လေးပါ ဝတ်ပေးပြီး ခွင့်တောင်းမှ သူ ပိုယုံကြည်မှာပေါ့"

"အဆင်ပြေပါစေကွာ"





"ငါတို့ အဆင်ပြေသွားရင် မင်းကို ချက်ချင်း အကြောင်းကြားမယ်"

မင်းရဲသွေး ချက်ချင်းပဲ နာရီကြည့်၊ ကားသော့ကိုင် လုပ်နေပေပြီ။

"စိန်ဆိုင်တွေ မပိတ်သေးပါဘူး"

ဟုလည်း သူ့ဘာသာ ရေရွတ်ရင်း သိဃ်သူ့ကို နှုတ်ဆက်သလို ကြည့်ပါသည်။ မင်းရဲသွေးနဲ့ သိဃ်သူတို့ ကိုယ့်ကားကိုယ် မောင်းထွက်လာခဲ့ကြပြီး လမ်းခွဲလိုက်ကြသည်။ သိဃ်သူလည်း သူ့ရုံးခန်း သူပြန်သွားပြီး ဒီနေ့ သူ ဖြေရှင်းပေးလိုက်သော အကြောင်းအရာလေးကို ကြည်နူးစွာ ပြန်တွေးရင်း နေကြာ့ကို သတိတွေရနေခဲ့သည်။ တစ်ရက်ကျမှ နေကြာနဲ့ ဆုံခွင့်ရအောင် လုပ်ရဦးမည်။ နေကြာရေ ... နေကြာ့ အတွက် ကိုယ် ဒါတွေ ဒါတွေတော့ လုပ်ပေးလိုက်ပြီ၊ နေကြာ ကျေနပ်သွားပြီ မဟုတ်လား။ နေကြာ ပျော်သွားပြီ မဟုတ်လား။ နေကြာ ချစ်တဲ့အစ်မကိစ္စကို ကိုယ်ဖြေရှင်းပေးလိုက်ပါပြီ။ နေကြာ စိတ်ချမ်းသာပြီ မဟုတ်လား ... လို့။

သိဃ်သူ အတွေးလွန်နေစဉ် ဖုန်းဝင်လာပြန်သည်။ မင်းရဲသွေးထံမှ ဖြစ်သည်။

"ဟောကောင် ... ရဲသွေး၊ ဘာလဲကွ၊ မင်းနဲ့ငါ လမ်းခွဲလာတာ တစ်နာရီ ကျော်နေပြီ၊ ဘာ့အဆင်မပြေဘူးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဂန္ဓမာကွာ ငါ့ကို ဆင်းမတွေ့ဘူး။ ဟိုတယ်မှာ ညှော်ခံပွဲတွေကိစ္စ အလုပ်များနေလို့ သူ့ Boss က ဝန်ထမ်းတွေ ဘယ်သူမှ break ကြာကြာ မယူရဘူး ပြောတယ်ဆိုပြီး ငြင်းနေပြီကွာ၊ ဘယ်လိုလုပ်ရမလဲ"

"မင်းကို ကိုယ် လက်ထပ်ပါရစေ လို့သာ တန်းပြောလိုက်"

"ဟာ ... အဲဒီလိုကြီးတော့ လူချင်းမတွေ့ရဘဲ ဖုန်းထဲကနေ မပြောချင်ဘူး"

"ဒါဖြင့် အိမ်လိုက်သွားကွာ၊ သူ့ အိမ်ပြန်ရောက်မဲ့ အချိန်ကျမှ သွားတွေ့တော့။ သူ့မိဘတွေ ရှေ့မှာပဲ ခွင့်တောင်းတော့။ ဒါပဲရှိတယ်။ အဲဒါဆို သူလည်း ပိုသဘောကျမယ် သူ့မိဘတွေလည်း ကျေနပ်မယ်"

"မင်းပါ လိုက်ခဲ့ပါလား"

"ဟေ့ကောင် ... ဘယ်လိုဖြစ်ရတာလဲကွာ၊ ငါက ကြားထဲက ကန့်လန့် ကန့်လန့်ပါလို့ မဖြစ်ဘူး ထင်တယ်၊ မင်းပဲ သွားပါ ရဲသွေးရာ။ ဘယ်အဖေကမှတော့ ကိုယ့်သမီးကိုကြိုက်လို့ အိမ်လာတောင်းတဲ့ ယောကျ်ားပျိုတစ်ယောက်ကို ရိုက်မထုတ်ပါဘူး။ ဆွဲမထုတ်ပါဘူးကွာ"

"မျက်နှာသိပ်ပြောင်ရာ ကျမယ်"





"မိန်းမပိုးတယ်၊ မိန်းမသွားတောင်းတယ် ဆိုတာ မျက်နှာပြောင်တိုက်ပြီး သွားကြီးအဖြီးသားနဲ့ သွားရတဲ့ ထုံးစံဖြစ်နေပြီ"

"အေး ... မင်းအလှည့်ကျမှ ကြုံပါစေဦးကွာ"

မင်းရဲသွေး စိတ်ရှုပ်ရှုပ်ဖြင့် ပြောလိုရာပြောပြီး ဖုန်းပိတ်သွားပြန်သည်။ ထိုနေ့က သိယံသူ့ထံ မင်းရဲသွေး ဖုန်းထပ်မခေါ်တော့ပေ။ သို့သော် SMS Message ဖြင့် ကောင်းသတင်းကို ပို့လိုက်သဖြင့် သူတို့အခြေအနေကို သိယံသူ သိခွင့်ရလိုက်ပါသည်။

"We are engaged now"

ဟူသော message လေးကိုဖတ်ရင်း သိယံသူသည် ဘယ်သူမှ မရှိပါဘဲ ကွန်ကရက်ကျူးလေးရှင်းလို့ ခပ်တိုးတိုးပြောလိုက်မိပါသည်။

မင်းရဲသွေး စွပ်ပေးလိုက်သော စိန်ပွင့်လုလု ရှေ့စပ်လက်စွပ်လေးဖြင့် ကြွားဝင့် ကြည်နူးပီတိ ဖြစ်နေမည်ဖြစ်သော ဂန္ဓမာ့ရဲ့ အပြုံးတွေဟာ နေကြာကိုလည်းကောင်း၊ တစ်မိသားစုလုံးကိုလည်းကောင်း ပျံ့နှံ့ကူးစက်သွားလိမ့်မှာလည်း သေချာပါသည်။

❄ ✳ ❄



www.burmeseclassic.com

www.burmeseclassic.com



၁၄

စေ့စပ်ပွဲက လုပ်မည်ဆိုတော့လည်း ချက်ချင်းကြီးကို ထပြီးစီစဉ်ရသလို ဖြစ်နေသည်။ မင်းရဲသွေးဟာ ဒီနေ့ညနေပဲ လူကြီးတွေကို လာခွင့်တောင်း၊ ဂန္ဓမာလက်ထဲ လက်စွပ်ဘူးလေး ကမ်းပေးကာ ...

"စေ့စပ်ထားကြရအောင်နော်"

လို့ခွင့်တောင်းစကားပြောပြီး နောက်နေ့ကျ သူ့မိဘတွေကို အသိပေးသည်မှာ အိပ်ရာက နိုးနိုးချင်း မနက်အစောကြီးမှာ။

ရတနာသွေးပင် မနိုးသေး။ အစောကြီးနိုးပြီး ဘုရားမျက်နှာသစ်တော်ရေကပ်သော မိခင်ကို အရင်ဆုံး အသိပေးသည်။ အသက်ကြီးလာသဖြင့် အိမ်မှာ အေးအေးလူလူနေကာ ဘုရားတရားသာ လုပ်နေပြီဖြစ်လျက် အိမ်ရဲ့စီးပွားရေးကိစ္စ အကုန်လုံးသားအကြီးဆုံးကိုသာ အကုန်လွှဲပေးထားကြသော မိဘတွေက





မင်းရဲသွေး ပြောလာတော့ ဘာမှကန့်ကွက်ကြသည် မရှိပါ။ မင်းရဲသွေး မိဘတွေဟာ သဘောထား ပြည့်သည်ပဲ ပြောရမည်။ သူတို့ ဘယ်လိုချမ်းသာကြွယ်ဝကြသည်ဖြစ်စေ၊ ဘယ်လောက်ပဲ မျိုးရိုးဂုဏ် ကြီးမြင့်နေသည်ဖြစ်စေ၊ မစွည်းဂုဏ်မောက်၊ အဆင့်အတန်း ခွဲခြားသောစိတ်မျိုး မရှိကြ။

"သားယူမဲ့ မိန်းကလေးက (......)ရုံးက ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကျော် သမီး၊ ပညာတတ် အလုပ်အကိုင်လက်ရှိလေးနဲ့ ဆိုတဲ့ အချက်နဲ့တင် ဘာမှ သဘောမတူစရာမရှိပါဘူး၊ မိဘကလည်း အရာရှိမျိုး၊ သူကိုယ်တိုင်လည်း ဂုဏ်သိက္ခာရှိတဲ့ အလုပ်လေးနဲ့ဆိုတော့ ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးပဲလို့ ယူဆလိုက်ပါတယ်၊ သားသဘောပါပဲကွယ်၊ လက်ထပ်ပြီးရင် ဒီအိမ်ပါလာမယ် ဆိုတော့လည်း အဖေအမေတို့က လှိုက်လှိုက်လှဲလှဲ ကြိုပါတယ်"

အဖေပါ နိုးလာတော့ အဖေ့အသိပေး။ ရတနာသွေးပါ နိုးလာလျှင် သူမ,ပါ သိသွားလျှင် မိသားစုမှာ အသိပေးစရာက ကုန်သွားပါသည်။

ထိုနေ့တွင်းချင်းပဲ မိန်းကလေးမိဘအိမ် သွားကာ လူကြီးချင်း တွေ့ဆုံမှုကို အရင်လုပ်ပါသည်။ လူကြီးချင်းဆုံကြတော့မှ စေ့စပ်ပွဲကိစ္စတွေ ဘာတွေ ပြောကြ- ဆိုကြလျှင် ပွဲကို ဒီတစ်လ နှစ်လအတွင်းပင် ထ,လုပ်တော့မလို ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"စေ့စပ်တာနဲ့ လက်ထပ်တာလည်း သိပ်မခွာချင်တော့ ဒီ
တစ်လ နှစ်လအတွင်း date ရမဲ့ ဟိုတယ်မှာ စေ့စပ်မယ်၊
စေ့စပ်ပြီးလည်း အဲဒီလိုပဲ တစ်လ နှစ်လအတွင်း စီစဉ်ပြီး
လက်ထပ်ဧည့်ခံပွဲလုပ်ကြတာပေါ့၊ အခုကတည်းက ဟိုတယ်
date တွေ စုံစမ်းမှ ဖြစ်မှာလေ"

ဒေါ်ခင်ခင်ဆွေမှာ မင်းရဲသွေး မိခင်ဘက်မှ ထိုသို့
မြန်မြန်ဆန်ဆန် စီစဉ်ချင်သည့်အကြောင်း ပြောသကြားရတော့
ရင်ထဲမှာ ဘုရားပွဲလှည့်နေပါတော့သည်။

မင်းရဲသွေး မိသားစု ပြန်သွားတော့ အမေ့မှာ အိမ်
ထဲဘွင်ပင် ဟိုပြေးဒီပြေး ဖြစ်နေတော့သည်။

"အမယ်လေး ... အမယ်လေး ... ကိစ္စက ဖြစ်ချင်တော့
လည်း ချက်ချင်းကြီး ဖြစ်သွားပြီ။ အချိန်က ဘာမှမရှိတော့
ဘူး။ စေ့စပ်ဖို့ အရင်လာမှာ ဆိုပေမဲ့ သူတို့က စေ့စပ်တာ
တောင် သူတို့အဆင့်နဲ့ သူတို့ဆိုတော့ ပွဲအကြီးကြီး လုပ်
ဦးမှာတဲ့။ အင်္ကျီအဝတ်အစား ရွေးချုပ်ဖို့တွေ လက်ဝတ်
လက်စားကိစ္စ၊ မိတ်ကပ်ဆံပင်ကိစ္စ ခေါင်းပူရတော့မှာ
ပါလား။ စကားဝါ့တုန်းက မင်္ဂလာဆွမ်းကျွေးပဲမို့ သိပ်အပူ
စား မပြင်ရင်ရတယ်၊ ဂနွှမာ ပွဲကတော့ တော်ရုံတန်ရုံနဲ့
မဖြစ်ဘူးနော်"





ဆိုကာ ခုပဲ ညနေစောင်းကြီး ရှော့ပ်စီး ဖြစ်ရ
ကာ ပိတ်စပဲ ရှာတော့မလိုလို၊ ဝယ်နေကျ ပိုးထဲရ အပြစ်
ဆိုင်ကိုပဲ ပြေးတော့မလိုလို၊ လက်ဝတ်လက်စားထော့ကို သူ
တွေကို ဆင်ယင်ဖို့ အပြည့်မရှိသဖြင့် အသိမိတ် သူ့ကို
ရတနာဆိုင်ကပဲ ခုထဲက ကြိုဘွတ်ကင်လုပ်ပြီး ၄၊ ဟိုတစ်ခါ
မိတ်ကပ်ဆံပင်ပြင်ဖို့ ခုပဲ အခြောက်ကို ဖုန်း၊ လွှမ်းမောစွာ
တွေ ပျာယာခတ်နေတော့သည်။ အမေ အခဲ
တော့ အဖေကပင် ...

"ဒေါ်ခင်ခင်ဆွေ သတိလည်း ထားဦး။ ဝမ်းသာ
ဦးမယ်၊ ခလုတ်တိုက် လဲနေဦးမယ်"

ဟု သတိပေးနေရသည်။

နေကြာတို့ တစ်သိုက်လည်း မမမာကို ကိုမင်းရဲသွေး
အပ်ထားသော သူတို့နှစ်ဦး စွပ်ရမည့် စေ့စပ်လက်စွပ်လေးတွေ
ကို ဝိုင်းဝေ့မော ကြည့်နေမိကြသည်။ ညီအစ်မများလှသဖြင့်
လက်ဝတ်ရတနာဆိုလျှင် ကိုယ့်တစ်ယောက်စာ ရွှေထည်လေးတွေ
ဖြစ်သော နားကပ်ဖြစ်ဖြစ် နားကွင်းဖြစ်ဖြစ် တစ်ရန်၊ လက်ကောက်
တစ်ရန်၊ ကိုယ့်နာမည် အင်္ဂလိပ်စာလုံး, အစအက္ခရာကို ဆော့
ကတ်ကပ်ထားသော ရွှေဆွဲကြိုးလေးတစ်ကုံးနှင့် လက်စွပ်လေး
တစ်ကွင်းသာ ပိုင်ဆိုင်ထားသူတွေဖြစ်ရာ မမဂန္ဓာမာ အရင်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



"နေ့စဉ်ပါ တစ်လုံးစိန်လက်စွပ် လှလှလေးကို ဝိုင်းသဘော တစ်လှဲရသည်။

နေ့စပ်ပြီ လက်ချောင်းလေးတွေက လှတော့ အဲဒီစိန်လက် လက်စွဲနဲ့ သိပ်လိုက်တာပဲ"

date ဘျှေမ်းပြာက စိန်လုံးလေးကို လက်ညှိုးဖြင့်ထိရင်း

ရှိွးက မမမာ မပါဘဲ လက်စွပ်ဝယ်တာပေမဲ့ ဘုရာလက်အတိုင်းကို သိသားပဲနော်"

ခတ္တာက တအံ့တသြ ပြောနေသည်။ လက်စွပ်လေး ဘယ်လက်သူကြွယ်မှာ အံတိအကျ ဖြစ်နေ၍ပင်။

"သူ ငါ့ရဲ့လက်သူကြွယ်မှာစွပ်တဲ့ အမေတို့ ဆင်ထားတဲ့ ရွှေလက်စွပ်လေးကို ခဏတောင်းကြည့်ဖူးတယ်၊ သူ့လက် ချောင်းတွေမှာ ဘယ်လက်ချောင်းနဲ့ တော်သလဲဆိုတာ တစ်ခါက စမ်းသပ်ဖူးတယ်၊ ဒါကြောင့် မှတ်မိနေတာ"

မမမာက ကြည်နူးစွာ ပြောပါသည်။

"တကယ်တော့ ကိုမင်းရဲသွေးက မမမာကို စပြီးချစ်က တည်းက တစ်နေ့ကျ လက်ထပ်ဖို့ပါ သူ ဆုံးဖြတ်ပြီးသား ပါ။ ဟိုလူဝင်ရှုပ်နေလို့ သူ တွေဝေနေခဲ့တာပါ။ အခုကျ သူ့စိတ်သဘောနဲ့သူ ဆုံးဖြတ်နိုင်သွားပြီ ထင်တယ်"





နေကြာကတော့ မမမာကိုစွ စောစောစီးစီး ဖြစ်ရ ာ သိဃ်သူ့ကြောင့် နှောင့်နှေးရတယ် ဆိုပြီး သတိတရ အပြစ် င်နေမိသည်။ သူ့သူငယ်ချင်း ဒီလို ဆုံးဖြတ်လိုက်တာကို သူ ာဝင်ပါချင်ဦးမလဲလို့ နေကြာတွေးမိသည်။ နေကြာ သူ့ကို ာစ်ခါတစ်ရံမကအောင် သတိတော့ ရနေတာကြာပြီ။ ဟိုတစ်ခါ ူ့အိမ်မှာ နောက်ဆုံးတွေ့ရစဉ်က သူ နေကြာ့ကို လွမ်းမောစွာ ကြည့်ပြီး ...

"ကိုယ့်အသွေးအသား အသက်ကိုယူလည်း ကြည်ဖြူပါ တယ်"

ဆိုတဲ့ စကားနဲ့ သူ ဘယ်လောက်ချစ်ကြောင်း ာပ်ပြောတာကို နေကြာ ခုထိ မျက်ဝန်းထဲမှာ ဖျောက်လို့မရသေး ါ။

နေကြာ့ ခံစားချက်ကို ဘယ်သူ့ကိုမှ မပြောရဲပေမဲ့ နေကြာသည် သိဃ်သူ့အပေါ် အရင်ကလောက် မုန်းမနေမိတော့ ာတော့ သူမကိုယ်သူမ တဖြည်းဖြည်း ရိပ်မိလာပါသည်။ နောက်တစ်ခါ လောက်များ သူနဲ့ဆုံလည်းဆုံချင်၊ ဆုံလည်း မဆုံရဲ နှင့် ဒွိဟဖြစ်နေသည်။ အဲဒီလို ဆုံရတဲ့အခါ နေကြာ့ ရင်ထဲက ပြောင်းလာမှုကို သူ ရိပ်မိသွားမလားလို့ စိုးရိမ်တာ။ ဒါကြောင့် ဆုံချင်တာ။ ဒါပေမဲ့ သူ့နှုတ်ဖျားက ထပ်ပြောမဲ့ "နေကြာကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်"ဆိုတဲ့ စကားကိုဖြစ်ဖြစ် ထပ်ပြီး ကြားချင်နေခဲ့ ကြတော့ နေကြာ ဘယ်လိုလုပ် မျိုသိပ်ထားနိုင်ပါ့မလဲ။ အဲဒီ ကို တမ်းမက်စွာ ထပ်ကြားချင်နေတာ။ သူ့မျက်ဝန်းတွေ ချစ်ခြင်းကို ခံစားချင်နေတာ။

ကိုမင်းရဲသွေးက စေ့စပ်ကြမည့်ရက်ကို လာ ပေးပြီး ဘယ်ဟိုတယ်မှာ date ရသည်ဆိုတာကိုပါ လာအကြော ကြားသောနေ့တွင် အမေမှာ ဝမ်းသာလွန်း၍ ထမင်းပင်မစား ခဲ့ပါ။

"ကံကောင်းလိုက်တဲ့ သမီးကြီးကွယ်၊ စေ့စပ်ဖို့ကိုတော သိန်း(--)လောက် အကုန်ခံလုပ်မှာလို့ မင်းရဲသွေး ပြောသွားတာနော်၊ လက်ထပ်ကြရင်ဖြင့် ဘယ်လော တောင် အကုန်ခံမယ် မသိဘူး။ အမေ ဝမ်းသာလိုက်တာ အမေ စိတ်ချမ်းသာလိုက်တာ၊ ကျန်တဲ့သမီးတွေလည်း ဒီလိုပဲ မြင်ချင်ပါတယ်လေ၊ ဒါပေမဲ့ အမေ ပြောသလို တစ်ယောက်နဲ့ တစ်ယောက် တစ်အူထုံ့ဆင်း ညီအစ်မ ပေမဲ့ ကုသိုလ်ကံချင်းကတော့ မတူနိုင်ဘူးဆိုတော့ သ တို့ ဂန္ဓမာ့ကို မမီရင်လည်း အမေ အပြစ်မပြောပါ ဒါပေမဲ့ အမေကတော့ အမေပီပီ ဖြစ်စေချင်တာပဲ ကွယ်"





စကားဝါလည်း အိမ်ကို နေ့တိုင်းလို ရောက်ရောက်လာပြီး အစ်မဖြစ်သူ၏ ပွဲအတွက် စိတ်လှုပ်ရှားစွာ ပါဝင်နေပါသည်။

မမမာ အတွက် စေ့စပ်ပွဲမှာဝတ်မည့် ဝတ်စုံကိုတော့ နာမည်ကြီးဒီဇိုင်နာထံတွင် အပ်ထားကြပြီး ကျန်တဲ့မိသားစုဝင်တွေ၊ ညီအစ်မတွေဝတ်ဖို့ ဝတ်စုံကိုတော့ ကိုယ့်ဘာသာပဲ ထုံးစံအတိုင်း ချုပ်ကြသည်ဖြစ်ရာ စကားဝါလည်း အတူလာလာပြီး အပ်ချုပ်စက် သုံးရပြီး ချုပ်ရသဖြင့် နေ့တိုင်းလို ညနေဘက်တွေဆို အိမ်ရောက် ရောက်လာသည်။ မိန်းမလာတော့ ယောက်ျားပါ အတူပါလာတတ်တာ ရွှေပြည်စိုး တစ်ယောက် အစက အနေစိမ်းသော ယောက္ခမတွေ၊ မရီးတွေ၊ ခယ်မတွေနှင့် အခုမှ စတင်ရင်းနှီး လာရပါသည်။

"မမမာ ပိတ်စက ဘယ်လိုလေးလဲဟင်"

ကိုမင်းရဲသွေးနှင့် မမမာတို့ဘာသာ စိတ်တိုင်းကျ နှစ်ဦးတိုင်ပင် ဝယ်ခြမ်းလာခဲ့သော ပိုးသားစလေးနှင့် ချိတ်ဆင်စတို့ကို မမြင်လိုက်ရသည့် စကားဝါက သူ့အကျီစသူ ပုတီးစေ့တွေ ကပ်ချုပ်ရင်း မေးပါသည်။

"သိပ်လှတာပဲ မဝါရယ်။ အသားလေးက အိပြီးကိုင်ရက်စရာတောင် မရှိဘူး။ ဂျပန်ကလာတဲ့ ပိုးလို့ ပြောတယ်၊ တစ်ကိုက်ကို တစ်သိန်းကျော်လောက် ရှိမယ်၊ သူတို့က ယန်းနဲ့တွက်ပြီး ပြန်ရောင်းတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခတ္တာက အားပါးတရ ပြောပြပါသည်။

"ကိုမင်းရဲသွေးတို့ အသိမိတ်ဆွေတွေဆီမှာ ဝယ်တာလေ။ သူ့ဆိုင်က ပီတ်စဈေးနှုန်းတွေကို မြန်မာငွေနဲ့ မရေးထားဘူး။ ယိုးဒယားပိုးဆိုလည်း ဘတ်ငွေနဲ့ ရေးထားတယ်၊ ဂျပန်ပိုးဆိုလည်း ယန်းနဲ့။ မလေးရှားတို့ စင်ကာပူတို့ အစုံပဲ နိုင်ငံပေါင်းစုံက ထွက်သမျှ ပိုးထည်တွေရောင်းတာ။ လူကုံထံတွေပဲ ဝယ်နိုင်ကြတယ်။ ဈေးကလည်း ပုံသေမရှိဘူး။ ငွေဈေး အပြောင်းအလဲပေါ်မှာ မူတည်ပြီး တွက်တော့ ဒီနေ့ ဒီဈေးပေမဲ့ နောက်နေ့ကျ ဈေးကတစ်မျိုး။ ကိုယ်က ဘယ်နှကိုက်ယူမယ် ပြောမှ ချက်ချင်း calculator နဲ့တွက်ပြီး မြန်မာငွေနဲ့ ဘယ်လောက်ကျသင့်တယ်ဆိုတာ တွက်ပေးတာ၊ ကြီးကျယ်တာပေါ့ဟယ်။ ဒါပေမဲ့ သူတို့အသိုင်းအဝိုင်းနဲ့ သူတို့ဆိုတော့လည်း ကိုမင်းရဲသွေး ကိုယ်တိုင်က ဒီမှာဝယ်မှ ဖြစ်မယ်ဆိုတာနဲ့ ဝယ်ရတာပေါ့"

မမမာ အသံက ကြွားဝါပြောဆိုခြင်း မပါဘဲ ခပ်အေးအေးလေး ရှင်းပြကာ အင်္ကျီစ၊ ဖြတ်စလေးကို စကားဝါကို ပြပါသည်။ စကားဝါက ကိုင်ကြည့်ရင်း ...

"မမမာ သိပ်ကံကောင်းပါတယ်"





ဟု အားကျစွာ ပြောပြန်သည်။

"လွန်ခဲ့တဲ့ ခြောက်လတုန်းကဆို ငါ့လောက် ကံဆိုးတဲ့လူ မရှိဘူးဆိုပြီး စိတ်ဓာတ်ကျနေခဲ့တာပါ စကားဝါရယ်။ အခုမှ မထင်မှတ်ဘဲ သူ ဒါတွေ ချက်ချင်း စီစဉ်လာတာပါ"

"အဲဒါ ကိုသိဃ်သူကြောင့်ပေါ့"

"ဟယ် ... ဟုတ်လို့လား"

နေကြာက မယုံကြည်စွာ နားထောင်နေသည်။ ဒီစကားဝိုင်းကိုတော့ ဝင်မပါဘဲ မမမာနှင့် စကားဝါတို့ ပြောသမျှ အင်္ကျီထိုင်ချုပ်ရင်း နားစွင့်နေမိသည်။

"ကိုသိဃ်သူက စကားဝါတို့ မင်္ဂလာဆွမ်းကျွေးပွဲ ကောင်းကောင်းလေးဖြစ်သွားအောင် သူပဲ ပိုက်ဆံစိုက်ထုတ်ပေးတာလေ။ မမမာနဲ့ ကိုမင်းရဲသွေး အဆင်ပြေအောင်လည်း သူပဲ သွားဖြေရှင်းပေးတာလို့ ကိုပြည်က ပြောပြတယ်"

"ဘာတွေလဲ ... နင် ဘာပြောနေတာလဲ၊ နင်တို့ မင်္ဂလာဆွမ်းကျွေးတာ ရွှေပြည်စိုး ပိုက်ဆံနဲ့ လုပ်တာဆို"

"မဟုတ်ပါဘူး မမနေကြာရယ်၊ ကိုပြည် ဟိုတလောက ပါးစပ်က လွှတ်ခနဲ ထွက်သွားလို့ စကားဝါ အဇာင်းစိတ်ကောက် ရန်ဖြစ်ပြီးမေးမှ အမှန်သိရတာ၊ စကားဝါပြင်



www.burmeseclassic.com

www.burmeseclassic.com



ရှက်လွန်းလို့ အဲဒီနေ့က လဲတောင်သေချင်သွားတယ်။ အမေတို့သိရင် ပိုဆိုးမှာမို့ ငြိမ်နေရတာ။ မမတို့လည်း သွားမပြောနဲ့နော်။ စကားဝါက ကိုသိယ်သူ စိတ်သဘောထား ကောင်းပုံကို ပြန်ပြောပြတာပါ"

နေကြာသည် တအံ့တသြ နားထောင်ရင်း လက်ကလည်း အင်္ကျီကို စိန်ပွင့်အချွန်လေးတွေ တပ်နေသဖြင့် ပုံဖော်ထားတာတွေပင် များကုန်တော့သည်။

"ကိုပြည်က လူဖျိုပီပီ သုံးဖြုန်းထားတာလေ။ ဘာမှမစုထားမဆောင်းထားဘူး၊ အလုပ်လည်း မယ်မယ်ရရ ရှိတာမဟုတ်ဘူး။ အဖေအလုပ်မှာ ဝင်လုပ်သလိုလို ဝင်ပါလိုက်၊ အဖေဆီက လက်ဖြန့်တောင်းလိုက် နေလာတာပါ၊ စကားဝါတို့နဲ့ပြေးပြီး ပြန်အပ်ဖို့ ညှိခံပွဲလုပ်ဖို့တွေ ဆွေးနွေးတော့မှ သူ့မှာ ဘာမှမရှိဘူးဆိုတာ ကိုသိယ်သူ သိပြီး စကားဝါတို့ဘက်က အရမ်းစိတ်မကောင်းဖြစ်မှာ စိုးရိမ်လို့ဆိုပြီး မင်္ဂလာဆွမ်းကျွေးစရိတ်လိုတာ သူ အကုန်စိုက်မယ်ဆိုပြီး ကိုပြည့်ကို ပြောတယ်တဲ့။ ကိုပြည့်မှာပဲ ပိုက်ဆံရှိလို့ လုပ်ပေးသလိုလိုပဲ၊ ဒီဘက်က အဖေအမေတွေ အသိပေးလိုက်ပါတဲ့။ ကိုပြည့် မိထွေးက သုံးသိန်းပဲ ပေးတာလေ။ ကုန်ကျစရိတ်က မှိုတွက် ဒီတွက်နဲ့ ဆယ်သိန်းလောက်တောင်





ဖြစ်သွားတယ်။ ကိုသိယ်သူ ခုနစ်သိန်းလောက် စိုက်လိုက်ရတယ်။ စကားဝါတို့ကိုလည်း အလုပ်အကိုင်မရှိနဲ့ နှစ်ယောက်စလုံး ဒုက္ခရောက်မှာစိုးလို့ဆိုပြီး သူ့အလုပ်ထဲ ချက်ချင်းတန်းခန့်တာ။ စကားဝါဆို ကွန်ပျူတာတောင် စာရိုက်တတ်တဲ့အဆင့်ပဲ တတ်တာ ဘာမှတတ်တာ မဟုတ်ပေမဲ့ လခကောင်းတဲ့နေရာ ခန့်ပေးတာပဲ။ ကိုပြည်ဆိုလည်း ဘာအတွေ့အကြုံမှ မရှိဘဲ မန်နေဂျာလောက်နီးနီးရှိတဲ့ ရာထူးကို ပေးလိုက်တယ်"

ဂန္ဓမာက နေကြာကို အကဲခတ်ကြည့်ရင်း ...

"သူ့ကြည့်ရတာ အဲဒီလောက် စိတ်သဘောကောင်းပုံတောင် မရဘူး။ ငါတို့ကိုဆို အထင်သေးလွန်းနေတယ် ထင်လို့ ဒီက အားလုံး ဝိုင်းမုန်းနေကြတာနော်"

ဟု တိုင်ပင်သလို ပြောပါသည်။

ခရမ်းပြာကတော့ ...

"မမနေကြာကြောင့် ကူညီတာ ဖြစ်မှာပေါ့။ သူ မမနေကြာကို တော်တော် သဘောကျတယ်ဆို၊ ဒါကြောင့် မမနေကြာ စိတ်ပြေသွားအောင် ဒီဘက်ညီအစ်မတွေကို လိုက်ကူညီနေတာ"

လို့ သူ့ထင်မြင်ချက်ကို ရဲရဲဝံ့ဝံ့ ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရင်က ကိုသိယံသူနဲ့ ကိုပြည်က သိပ်မရင်းနှီးကြဘူး ခုတော့ စကားဝါတို့ကိစ္စကြောင့် သူတို့ ရင်းနှီးသွားကြ တယ်၊ ကိုသိယံသူ့ အကြောင်းဆို ကိုပြည် တော်တော်လည်း သိလာတယ်၊ ကိုပြည် ကိုယ်တိုင်ကလည်း သူ့အခက်အခဲ ကို ဖြေရှင်းပေးတဲ့ ကိုသိယံသူ့ကို ကျေးဇူးသိပ်တင်နေ တယ်လေ"

"အဲဒီလူက ကျူညီတုန်းက ကူညီပြီး ပြီးမှ ကွယ်ရာကျ ကဲ့ရဲ့နေပါဦးမယ်"

"ကဲ့ရဲ့မယ် မထင်ပါဘူး။ ကိုပြည့်ကိုတောင် သူ ပိုက်ဆံ ထုတ်ပေးတာ မပြောမိစေနဲ့လို့ မှာထားတာပါ။ ကိုပြည်က ပါးစပ်မလုံဘဲနဲ့ ကိုမင်းရဲသွေးတို့ကိုလည်း ကိုသိယံသူပဲ ဖြေရှင်းပေးလိုက်လို့ သူတို့ချင်း အဆင်ပြေသွားပြီတဲ့။ ငါ့ တုန်းကလည်း ကိုသိယံသူသာ မကယ်ရင် ယောက္ခမအသင်း စက်စက်တွေရှေ့မှာ ငမွဲကောင်ဆိုပြီး အထင်သေးခံရမယ်၊ အရှက်ကွဲမယ်တဲ့ အဲဒီလို ပြောလိုက်လို့ ဝါက မရမကမေး မှ သူ အကြံအိုက်ပြီး ပြောပြလိုက်ရတာ။ သူက စကားဝါ စိတ်ဆိုးမှာ ကြောက်နေတယ်လေ"

"နင် စိတ်ဆိုးလား"

မမမာက မေးလိုက်သည်။





"အခုကျမှတော့လည်း စိတ်မဆိုးတော့ပါဘူးလေ၊ ကိုယ် လည်း သူ့ကိုချစ်လို့ ယူပြီးပြီပဲ၊ ဒါလေးနဲ့ အမျက်ထား ပြီး မုန်းမှ မမုန်းနိုင်တာ။ ဒီတိုင်းပဲ ထားလိုက်ပါတယ်။ မမမာကျ သိပ်ကံကောင်းပြီး ကိုယ့်ခင်ပွန်းလောင်းရဲ့ ပိုက်ဆံနဲ့ စိတ်တိုင်းကျ ဝယ်ခြမ်းသုံးစွဲနိုင်တာ မြင်တော့ အားကျပြီး ကိုယ့်ကိုယ်ကိုယ်ပဲ အားမလို အားမရ ဖြစ်ရ တယ်။ ငါ ဒီလိုမလိမ္မာခဲ့လို့ ငါ့ဘဝလည်း သူများအားကျ ပြီး ငေးမောနေရတာမျိုး မဖြစ်ခဲ့ဘူးလို့ နောင်တ,ရရတယ်"

စကားဝါ စိတ်မကောင်းသလိုလေး ပြောတော့ ညီ အစ်မတွေအားလုံး စကားဝါ့ကို ဝိုင်း၍နှစ်သိမ့်လိုက်ရပါသည်။

"အဖေနဲ့ အမေကိုတော့ မပြောပါနဲ့တော့နော်။ အမေ ခု တလော သိပ်ပျော်နေတာ စကားဝါ့ကြောင့် အမေ အပြည့် အဝ မပျော်ဘဲ နေရမယ်၊ ပြီးတော့ အဖေ့ကိုလည်း သိပ် သနားတာပဲ၊ သမီးတွေပဲ မွေးထားရတဲ့ အဖေတစ်ယောက် အနေနဲ့ ကိုယ့်သမီးလေးတွေကို တန်ဖိုးထားပြီး မြတ်နိုးမဲ့ သမက်လောင်းကိုပဲ သူ မျှော်လင့်မှာပါပဲ။ အဖေက စကား နည်း၊ အနေအေးပြီး ထုတ်မပြောတတ်လို့ပါ၊ အမေ့လို သွေးဆူလွယ်တဲ့လူ မဟုတ်လို့ပါ။ အဖေ့ စိတ်ထဲမှာလည်း သမီးတွေကိုကောင်းစားစေချင်မှာပဲ၊ မမမာလိုမျိုး အကောင်း ဆုံးတွေပဲ ရစေချင်နေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ ရတနာသွေးသည် သူမဘာသာ တစ်ဝိုင်းထိုင်နေရာမှ သိယံသူ့ဆော အတင်းရွှေ့ထိုင်ပြီး ရေပက်မဝင်စကားတွေ သွားပြောနေပြန်လျှင် သိယံသူမှာ နေကြာ့ဆီ မကြာခဏကြည့်ဖို့ အချိန်မရသလို ဖြစ်သွားပါသည်။

မင်းရဲသွေးသည် ရတနာသွေးဟာ သူ့ညီမပေမဲ့ အဲဒီလိုမျိုး ဝင်ပါတာတော့ မကြိုက်။ သိယံသူဟာ သူ့သဘောနဲ့ သူ့ နေကြာ့ကို ချစ်နေသည်ဆိုလျှင်လည်း ချစ်ပါစေ။ ရတနာသွေးကို မချစ်နိုင်တာမို့ မရွေးချင်တာကို အပြစ်မမြင်ပါ။ ပြီးတော့ ညီမဖြစ်သူက အတင်းဝင်လုသလိုပုံစံနဲ့ ဝင်ရောထွေးတာကိုကျ မနှစ်မြို့နိုင်ပါ။

ဒီဧည့်ခံပွဲမတိုင်ခင်က မင်းရဲသွေးနဲ့ သိယံသူတို့ တွေ့ဖြစ်ကြသေးသည်။ တွေ့ဖြစ်ကြသည် ဆိုသည်မှာ အမြဲမကြာခဏ တစ်ယောက်ရုံးခန်း တစ်ယောက်သွားလည်၊ ဒါမှမဟုတ် အိမ်သွားလည်ပြီး စကားပြောကြတာမျိုး မဟုတ်ဘဲ တမင်ပဲ သီးသန့်ဆုံလိုက်ကြသလိုမျိုး ဖြစ်သည်။

"ငါ့စေ့စပ်ပွဲ အထိမ်းအမှတ်နဲ့ မင်းနဲ့ငါ သီးသန့်တစ်ဝိုင်း ဆုံကြရအောင်ကွာ"

မင်းရဲသွေးက ထိုသို့ချိန်းပြီး သူတို့စားသောက်ဆိုင်ကြီး တစ်ဆိုင်မှာ အတူ ညစာစားဖြစ်ကြသေးသည်။





ထိုနေ့ကတော့ မင်းရဲသွေးသည် သိယံသူ့ကို တိုက်တွန်းအားပေးမှုတွေ အများဆုံး လုပ်ဖြစ်ခဲ့သည်ဟု ဆိုရပါမည်။

"နေကြာ့ကို ဒီလိုလျစ်လျူရှုမထားနဲ့တော့လေ၊ မင်း သွားတွေ့သင့်ပြီ။ စကားထပ်ပြောသင့်ပြီ။ မင်း ငါတို့ကို ပြေလည်အောင် ဝင်ညှိပေးတာ ဘယ်သူ့ကြောင့်ပါလို့ သွားပြောသင့်ပြီ သိယံ၊ မိန်းကလေးဆိုတာ သူ့စိတ်ထဲမှာ ပြောင်းလဲလာတဲ့ ခံစားချက်ကို သူ့ဘာသာ လာဖြင့်ပြောခွင့် မရှိဘူးကွ။ ငါတို့ ယောက်ျားလေးတွေကပဲ အလိုက်တသိနဲ့ စကားစ,သင့်တယ်"

"နေကြာ ငါ့အချစ်ကို မယုံမှာ စိုးရိမ်တယ်ကွာ"

"ဘာမယုံစရာရှိလဲ။ မင်း သူ့ဘက်လိုက်ပြီး ငါတို့အဆင်ပြေအောင်တောင် ဝင်ဖြေရှင်းပေးပြီးပြီပဲ"

"အစကလည်း ငါ့ဘာသာ ဝင်ရှုပ်မိတဲ့ သဘောပါ။ မင်းတို့ဘာသာ မင်းတို့ အဆင်ပြေနေတာကို ငါက ဂန္ဓမာ့ကို မသက်သာစကားတွေ ပြောမိလို့ မင်း တွေဝေသွားတာ မဟုတ်လား။ ဂန္ဓမာလည်း မင်းကို အထင်လွဲသွားတာ မဟုတ်လား။ အားလုံးဟာ ငါ့ကြောင့် နှောင့်နှေးကြန့်ကြာပြီ မဖြစ်သင့်တာတွေ ဖြစ်တော့မှာမို့ ငါက ဝင်ရှင်းပေးတဲ့ သဘောလည်း ပါပါတယ်။ ဒါပေမဲ့ ငါ့,ဒီလိုလုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



အစတည်းက ဒီညီအစ်မတွေကို မကြည့်ပါဘူး ဆိုမှ အစ်ကိုကလည်း အဲဒီထဲက တစ်ယောက်ကို ရွေးဖြစ်အောင် ရွေးလိုက်သေးတယ်။ ရတနာ မျှော်လင့်နေတဲ့ ကိုကိုသိဃ်ကလည်း နောက်ဆုံးတော့ ဒီညီအစ်မတွေရဲ့ ကျော့ကွင်းထဲပဲ ဝင်လိုက်ပြန်ပြီ။ သူတို့တွေရဲ့ အလှနဲ့ မယှဉ်နိုင်မှန်း သိပေမဲ့ ကိုယ့်ဘက်ကတော့ မျှော်လင့်ချက်လေးနဲ့ စောင့်နေခဲ့မိသည်ဖြစ်ရာ ရတနာသွေးမှာ စိတ်ပျက်ဝမ်းနည်းသွားပါသည်။

"ညှော်သည်တွေ စပြီးပြန်တဲ့အချိန်ကျမှ ငါ စကားပြောခွင့်ရဖို့ ကြိုးစားပါ့မယ်ကွာ၊ စိတ်ချပါ၊ ငါလည်း နေကြာကို ထပ်ပြီး တော်တော်ဆိုင်ဆိုင် စကားပြောချင်ပါသေးတယ်"

"အဆင်ပြေတာပဲ မြင်ချင်တယ်ကွာ၊ ကဲ ... ငါ ဂန္ဓမာနား ပြန်သွားလိုက်ဦးမယ်"

မင်းရဲသွေးက သူ့ညီမသူ အဓိပ္ပာယ်တစ်မျိုးပါသော အကြည့်ဖြင့်ကြည့်ပြီး ထွက်လာခဲ့သည်။ သဘောက ကိုယ့်အပေါ် မချစ်နိုင်တဲ့ ယောကျ်ားတစ်ယောက်ကို သိပ်မျှော်လင့်ချက်မထားနဲ့တော့၊ ကိုယ့်ဣန္ဒြေ ကိုယ့်သိက္ခာနဲ့နေ ဟူသော သဘောဖြစ်မှန်း ရတနာသွေး သိလိုက်ပါသည်။

နေကြာကတော့ ရတနာသွေးနဲ့ တပူးတွဲတွဲ စကားတွေ ပြောနေသော သိဃ်သူ့ဆီ ထပ်မကြည့်တော့မိအောင် သူမ





ကိုယ်သူမ ထိန်းချုပ်ထားနိုင်သွားပါသည်။ သူ့ဘက်ကို ယိမ်းယိုင်တော့မလိုလိုဖြစ်သော နှလုံးသားသည် အခုမှ နာကျင်တတ်လာသည်။ ဝမ်းနည်းတတ်လာသည်။ သူ့ ငါ့ကိုများ ချစ်နေဆဲပဲလား ဆိုသော မျှော်လင့်ချက်ဖြင့် စိတ်ချမ်းသာခဲ့ရဖူးသော ရက်တွေကိုဝင်ပြန်တမ်းတချင်သွားသည်။

အခုကျတော့ သူက ဒီညှော်ခံပွဲထဲမှာ တာမင်ဝဲ ရတနာသွေးနဲ့ အတူတူထိုင်ပြပြီး နေကြာ့ကို ခနဲ့ချင်သည်လား။ သူနဲ့ တန်းတူရည်တူ ချမ်းသာကြွယ်ဝသော ရတနာသွေးကိုပဲ ရွေးမည်လို့ ဆုံးဖြတ်လိုက်တဲ့ သဘောကို ပြချင်သည်လား။

နေကြာသည် ဟန်ဆောင်ရယ်ပြုံးပြီး ညှော်ခံနေရပေမဲ့ ရင်ထဲမှာတော့ မပျော်တော့ပါပေ။ အခုမှ တကယ်သိလာသည်မှာ နေကြာ ကိုသိဃ်သူ့ကို တိတ်တခိုး စွဲလမ်းချစ်နဲ့ ချစ်နေခဲ့မိသည် ဆိုတာပင်။ သူ့စိတ်ကို မှန်းလည်း မှန်းတီးရင်းက နေကြာ့ မသိစိတ်ထဲမှာတော့ သူ့ကို ဘယ်တုန်းက ချစ်မှန်းမသိ ချစ်နေခဲ့မိလေပြီတည်း။

ညှော်သည်တွေ တဖြည်းဖြည်း စ,ပြီးပြန်ကြသော အခါ မင်းရဲသွေးနှင့် ဂန္ဓမာတို့နှစ်ဦး အပါအဝင် နှစ်ဖက်မိဘဆွေမျိုး မောင်နှမများကပါ အပေါက်ဝမှာ ရပ်စောင့်ပြီး နှုတ်ဆက်ကြပါသည်။ ထိုအချိန်မှာ နေကြာသည် စိတ်ထဲမှာ ကျဉ်းကျပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာတွေ ပြေလိုပြေငြား အပြင်ကို မသိမသာ ကြွထွက်သွားနှင့် ပါသည်။ ဟိုတယ်၏ ကားပေါ့ခ်ကို ရောက်တော့မှ အသက်ဝဝ ရှူလိုက်မိသဖြင့် ရင်ထဲမှာ ပေါ့သွားသလိုလို ခံစားရပါသည်။ တကယ်တော့ ဂုဏ်ရှိန်အသိုင်းအဝိုင်း ကြီးမားတောင့်တင်းလှသော ကိုမင်းရဲသွေးတို့ရဲ့ ပတ်ဝန်းကျင်မှာ နေကြာတို့ဘက်က ဟန်ဆောင် စိတ်တင်းထားရပြီး ပြုံးရယ်ပြနေရတာ တော်တော်တော့ စိတ်ကျဉ်းကျပ်စရာ။

သူတို့ဘက်က သိပ်ချမ်းသာလွန်းနေပြီး ကိုယ့်ဘက် ကတော့ အဖေ့ဂုဏ်ရှိန် တစ်ခုတည်းသာ ကြွားဝင့်နိုင်သည်ဖြစ်ရာ နေကြာတို့ဘက်က အားလုံး ဟန်ဆောင်နေရတာတော့ အမှန်ပင်။ ငါတို့ကိုများ အထင်သေးသွားမလား၊ ငါတို့ကိုများ ကဲ့ရဲ့လိုက် မလားနှင့် ရင်တထိတ်ထိတ်ဖြစ်ပြီး ညှော်ခံနေကြရတာပါ။

တော်ပါပြီ။ နေကြာ့ အလှည့်ကျရင် ဒီလိုအသိုင်း အဝိုင်းမျိုးကလူနဲ့ မဆုံရအောင် ဝေးဝေးက ရှောင်တော့မယ် ကိုယ်နဲ့ တန်းတူရည်တူနဲ့သာ ဆိုရင် ...။

"နေကြာ"

နေကြာ့အတွေး မဆုံးခင် နေကြာ့ နောက်ကျော သိယံသူ့ ခေါ်သံသည် နေကြာ့စိတ်ကူးတွေ၊ အတွေးတွေ၊ နာကြည်း စွာ ဆုံးဖြတ်ချင်မှုတွေကို ထွက်ပြေးသွားစေခဲ့ပါသည်။





နေကြာ အလန့်တကြား လှည့်ကြည့်လျှင် တိုက်ပုံ အဖြူလွလွဖြင့် ခန့်ညားနေသော သိယံသူ့ အရပ်ကြီးက နေကြာ ကို မိုးပြီးရပ်နေသည်။ သူ့မျက်လုံးညိုညိုတွေထဲက အရိပ်ကို နေကြာ အလျှင်အမြန် ရိပ်မိလိုက်လျှင် ရင်ထဲမှာ ပယောင်ခြ ဖြစ် သွားပါသည်။

"ကိုယ် နေကြာ့ကို ခုလို နှစ်ယောက်တည်းဆုံပြီး စကား ပြောချင်လို့ စောင့်ကြည့်နေတာ"

"ရှင်ဘေးမှာ ရတနာသွေး ဆိုတဲ့ မိန်းကလေး ရှိနေပါ တယ် ကိုသိယံသူရယ်။ နေကြာ့ကိုလာပြီး မလှည့်စားပါ နဲ့"

"ရတနာနဲ့ ကိုယ် ဘာမှမဆိုင်ဘူး"

"အဲဒါ ရှင်ပြောတာပဲလေ၊ နေကြာက ဘာကိုကြည့်ပြီး ယုံရမှာလဲ"

"နေကြာ ကိုယ့်ကို သဝန်တိုနေတယ်"

"အို ... မတိုပါဘူး။ ဘာသဝန်တိုစရာရှိလဲ၊ ရှင်နဲ့နေကြာ ဘာမှမ မဆိုင်တာ"

"ကိုယ် နေကြာ့ကိုပဲ ချစ်တယ်၊ နေကြာနဲ့ပဲ သက်ဆိုင်ချင် ပါတယ်"

နေကြာ့ရင်ထဲ အေးသွားကာ သူ့မျက်ဝန်းတွေကို ကြည့်မိအောင် ကြိုးစားရှောင်လွှဲနေလိုက်ပါသည်။ အို ... အချစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဘယ်လိုပါလိမ့်။ ခုနကပဲ သူ့ကို စိတ်နာလိုက်၊ အခုကျ ချက်ချင်း စိတ်ပြေလိုက်နဲ့။

"နေကြာ ကိုယ့်ကို ဘယ်လောက်ပဲ မုန်းမုန်း ကိုယ်ကတော့ ချစ်နေတယ် နေကြာ။ နေကြာ့ အကြောင်း တစ်ရက်မှ ခေါင်းထဲကနေ ထုတ်လို့မရခဲ့ဘူး။ အမြဲတမ်း သတိရနေတယ်။ နေကြာ ကိုယ့်ကို ပြန်မချစ်ဘဲ ဘယ်တစ်ယောက်ကိုများ ပြန်ချစ်သွားမလဲ ဆိုတာကို ကိုယ် သိပ်စိုးရိမ်ပြီး အိပ်လို့တောင် မပျော်ခဲ့ရတဲ့ညတွေလည်း ရှိတယ် နေကြာ"

နေကြာသည် သူမကိုင်ထားသော လက်ကိုင်အိတ်လေး၏ ဖုသီးကို ဖွင့်လိုက် ပိတ်လိုက် ကစားရင်း စိတ်အာရုံ ပြောင်းနေခဲ့သည်။

"နေကြာ ချစ်တဲ့အစ်မရဲ့ အချစ်ရေး ကိုယ့်ကြောင့် နှောင့်နှေးသွားပြီး သူတို့ ဝေးမလို ဖြစ်သွားတာကိုလည်း ကိုယ် ပြန်ရှင်းပြလိုက်ပြီးပါပြီ။ သူတို့ချင်းလည်း အခု နားလည်မှု ရသွားလို့ စေ့စပ်ကြတဲ့အထိတောင် ဖြစ်သွားပါပြီ။ ကိုယ် အခုကျမှ နားလည်သွားပြီလေ။ သူများ ချစ်ခြင်းကို ကြန့်ကြာအောင် လုပ်မိတဲ့အတွက် ကိုယ့်အလှည့်ကျတော့လည်း ကြန့်ကြာနေရပြီ ဆိုတာကိုပေါ့။ ဂနှမာ စိတ်ချမ်းသာရရင် နေကြာလည်း စိတ်ချမ်းသာလိမ့်မယ်လို့ မျှော်လင့်ပြီး ကိုယ် ဖြေရှင်းပေးပြီးပြီ၊ နေကြာ ကိုယ့်ကို စိတ်ပြေပါတော့နော်"





"ဒါနဲ့ နေပါဦး၊ ရှင်က စကားဝါ့ကိစ္စမှာလည်း ဝင်ပါသေးတယ်လို့ သိရတယ်၊ ရွှေပြည်စိုးကို ငွေကြေးအကူအညီတွေပေးပြီး သူတို့မင်္ဂလာပွဲ ဖြစ်မြောက်အောင် လုပ်ပေးခဲ့သေးတယ်ဆို၊ အဲဒါ ဘာသဘောလဲ၊ ဘာကြောင့် မလိုအပ်တဲ့ နေရာတွေမှာ ဝင်ဝင်ပါချင်ရတာလဲ"

သိယ်သူ အသာအယာပင် ပြုံးနေပါသည်။ နေကြာ သိနေပြီကိုး။ ဘယ်လိုများ သိသွားပါလိမ့်။

"ရွှေပြည်စိုး ပြောပြလို့လား"

"စကားဝါ့ကို သူ ဝန်ခံလိုက်တော့ နေကြာတို့ ညီအစ်မတွေ ပြန်မသိဘဲ နေမလား။ နေကြာတို့ ညီအစ်မတွေက တစ်ယောက်နဲ့ တစ်ယောက် သိပ်ရင်းနှီး နီးစပ်ကြတယ်၊ တစ်ယောက်အကြောင်း တစ်ယောက် တော်တော်များများ မခြွင်းမချန် အသိပေးကြတယ်။ ဒီတော့ စကားဝါလည်း ပြန်ပြောပြတာဟာ မဆန်းပါဘူး၊ ဒါပေမဲ့ အဖေနဲ့ အမေကိုတော့ အသိမပေးကြပါဘူး။ အဖေနဲ့ အမေ သိရင် သိပ်ပြီး စိတ်မကောင်း ဖြစ်ကြမယ်၊ ယူကျုံးမရ ဖြစ်ရင်လည်း ဖြစ်သွားနိုင်တယ်လေ"

"ကိုယ် သူတို့ကိစ္စမှာ ဝင်ပါတာဟာ ကိုယ့်ကိုယ်ကိုယ် လက်မထောင်ချင်လို့ ကြွားဝါချင်လို့ မဟုတ်ပါဘူး။ နေကြာ



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကို ကိုယ့်ညီမလေးလိုပဲ စိတ်ထဲမှာ ကရုဏာသက်မိလို့၊ သူတို့အခက်အခဲကို ဖြေရှင်းကူညီပေးလိုက်တဲ့သဘောပါ။ ကိုယ် ဒီလိုလုပ်ပေးတာကို ဘယ်သူမှလဲ သိစရာမလိုဘူး။ ဘယ်သူကမှလဲ ကိုယ့်ကို တသသကျေးဇူးတင်နေစရာ မလိုဘူးဆိုတဲ့ စိတ်နဲ့မို့ ချွပြည်စိုးကိုတောင် အသေအချာ မှာလိုက်ပါတယ်၊ မိန်းကလေးဘက်က ဘယ်သူမှ မသိစေနဲ့လို့လေ။ ဒါပေမဲ့ ဒီကောင်က မရဘူး။ စကားကို နားမထောင်ဘူး။ စကားဝါကို ပြောဖြစ်အောင် ပြောလိုက်တာကိုး"

သိဃ်သူ ထိုသို့ပြန်ရှင်းပြလိုက်ပါသည်။ နေကြာသည် သူ့ရင်ထဲက ခံစားမှုတွေကို အသိအမှတ်မပြုဘဲ မနေနိုင်သဖြင့် –

"ဘာပဲဖြစ်ဖြစ် ကိုသိဃ်သူ့ကို ကျေးဇူးတင်ပါတယ်"

ဟု လှိုက်လှဲစွာ ကျေးဇူးတင်စကား ပြောလိုက်ပါသည်။

"ကိုယ် ကျေးဇူးအတင်ခံချင်လို့ မဟုတ်ပါဘူး၊ နေကြာအတွက် လုပ်ပေးတာပါ။ နေကြာ မိသားစုဝင်တွေဟာ ကိုယ့်မိသားစုလိုပါပဲလို့ ကိုယ် ယူဆပြီး ကူညီပေးတာပါ။ ဒီလိုလုပ်ပေးရတာတွေဟာ ကိုယ် နေကြာ့ကို ချစ်လို့လုပ်ပေးတာပါ"





နေကြာ သိဃ်သူ့ကို ခုချိန်မှာတော့ တကယ်ငြင်းနိုင်စွမ်း မရှိပါ။ နေကြာသည် သူ့ကို ချစ်နေခဲ့မိသည်ဖြစ်ရာ နေကြာ ဆက်ပြီးတော့လည်း ဟန်ဆောင်ကောင်းမနေနိုင်ပါ။

တစ်ခုပဲ နေကြာ သူ့စိတ်ကို စမ်းသပ်စရာရှိတော့သည်။

"နေကြာ့ကိုချစ်ရင် ရှင်အမေ့ကို ဝင်တွေ့ပြီး နေကြာနဲ့ သဘောတူပေးဖို့ ပြောရဲလား။ အမေ့ကိုရော အမေလို့ခေါ်ပြီး ခွင့်တောင်းရဲလား"

"ဟောဗျာ ... ဘာလို့ စကားမပြောရဲရမှာလဲ၊ နေကြာ့မိဘတွေကို ကိုယ်က အဖေအမေလို့ ဘာကြောင့် မခေါ်နိုင်ရမှာလဲ"

"ဒါဖြင့် အဲဒီလို ခေါ်ပြီး စကားလာပြောတော့"

"နေကြာ ... နေကြာ ... ကိုယ့်ကို ပြန်လက်ခံတာလား၊ ကိုယ့်ကို ပြန်ချစ်နိုင်ပြီလို့ ပြောတာလား၊ နေကြာ"

"အဲဒါထက် သေချာတဲ့စကား ဘာရှိသေးလို့လဲ၊ နေကြာတို့ ညီအစ်မတွေက ကိုယ် လက်ထပ်ယူနိုင်တဲ့ သူကိုမှ ချစ်သူအဖြစ် ရွေးချယ်တာလေ"

"ကိုယ်ကတော့ နေကြာ့ နှုတ်ဖျားက စကားကို ကြားချင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



နေကြာ ရှက်ပြီး ခေါင်းငုံ့ပြုံးနေမိသည်။ သိဃ်သူက နေကြာ့လက်တစ်ဖက်ကို အသာလာဆုပ်ကိုင် တွဲထားလိုက်ပါသည်။

"ကိုယ့်ကို ချစ်တယ်လို့ တစ်ခွန်းလောက် ပြောလိုက်ပါလား နေကြာ။ ဒါဆို ကိုယ် နေကြာ့ အဖေအမေကို လာတွေ့ဖို့ ခွန်အားတွေ ပိုရှိသွားလိမ့်မယ်"

"ရှင့်လို အစစအရာရာ ပြည့်စုံပြီးသား ယောကျာ်းတစ်ယောက်က သမီးရှင်ဆီမှာ စကားလာပြောဖို့ကို ဘာအားငယ်နေစရာ ရှိသေးလို့လဲ ကိုသိဃ်သူရယ်"

"ကိုယ်တကယ်ချစ်လာတဲ့အခါကျတော့ ကိုယ့်စိတ်ထဲမှာ အချစ်ကလွဲရင် ဘာမှအသေအချာ မပိုင်ဆိုင်ဘူးလို့ ခံစားရပြီး ယောက္ခမလောင်းဆီမှာ သမီးသွားတောင်းရမှာကို အားငယ်နေရတာတော့ အမှန်ပဲ နေကြာရယ်"

နေကြာက သူ့လက်ချောင်းတွေကို အားပေးသလို ပြန်၍ဆုပ်ညှစ်လိုက်မိပါသည်။ နေကြာ့ အဖြေစကားက ခပ်တိုးတိုးသာ။

"နေကြာ ကိုသိဃ်သူ့ကို ချစ်ပါတယ်၊ ဒီနေ့ပဲ အဖေ အမေတို့ကို လာစကားပြောတော့နော်"

❀ ✳ ❀





၁၆

နေကြာသည် တကယ့်တကယ်ကျတော့ အဖေနဲ့အမေ ညီမတွေကို အသိပေးလိုက်ရမှာ ရှက်နေသည်။ မုန်းလှပါချည်ရဲ့၊ အမြင်ကတ်လှပါချည်ရဲ့ ကြွေးကြော်ထားပြီး နောက်ဆုံးတော့လည်း ဒီလူပဲ လက်ခံလိုက်ရတာပဲ မဟုတ်လား ဆိုပြီး ကြည့်ကြမှာကို ဘာကြောင့်ရယ်မသိ ရင်ဆိုင်ရမှာ ကြောက်နေသည်။

အဖေနဲ့ အမေ ဆိုတာက သမီးတွေကို ကောင်းစားစေချင်တဲ့စိတ် ရှိပေမဲ့ သမီးတွေ သဘောမကျဘူးဆိုလည်း ဒီလူ့ကိုယူပါ၊ ဟိုလူ့ကို လက်ထပ်ပါရယ်လို့ အတင်းတိုက်တွန်း အမိန့်ပေးမဲ့ မိဘများ မဟုတ်ပါ။ သို့သော် နေကြာ့ စိတ်အပြောင်းအလဲ မြန်နေတာကို နေကြာ့ဘာသာ ရှက်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ညနေစောင်းကျ အားလုံး နားနားနေနေ ဖြစ်သွားရင် ကိုယ် လာခဲ့မယ်နော်"

လို့ နေ့ခင်းက မမမာရဲ့ ဇော့စပ်ပွဲက မပြန်ခင် တိုးတိုးမှာသွားသော ကိုသိဃ်သူ့ စကားကို ပြန်အသိမပေးရဲဘဲ ဖြစ်နေသည်။

မမမာရဲ့ပွဲက နေ့လယ်ဆယ့်တစ်နာရီမှ ဆယ့်နှစ်နာရီခွဲထိ ကျင်းပခဲ့ပြီး မိသားစု အမှတ်တရ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကြနဲ့မို့ အားလုံးပြီးစီးတော့ အိမ်ကို နေ့လယ် တစ်နာရီခွဲမှ ပြန်ရောက်ကြပါသည်။ ရေမိုးချိုးကြ၊ ကိုယ်ဝတ်ခဲ့သော အဝတ်အစားတွေ လဲကြ၊ လက်ဝတ်လက်စားတွေ ပြန်ချွတ်၊ ဆံထုံး,ထုံးသူ ဆံထုံး ပြန်ဖြေ စသဖြင့် ပွဲတစ်ပွဲက ပြန်လာလျှင် ထုံးစံအတိုင်း လူတွေ ရှုပ်ထွေးပြီး အဝတ်အစားတွေ ပစ္စည်းတွေလည်း ပုံနေတော့သည်။

မနက်တည်းက အလှပြင်ဆင်ပြီး ဟိုတယ်ကို ထွက်သွားကြရသည်မို့ မနက်စာအတွက် မနေ့က ညနေတည်းက ကြိုချက်ထားခဲ့သည်များကို ပြန်နွေးပြီး ထမင်းစားဖို့ ပြင်ဆင်ရသည်။ နေကြာတို့ မိန်းကလေးအများစုကတော့ ဟိုတယ်က မုန့်တွေ လက်ဖက်ရည်တွေ အိုက်(စ)ကရင်(မ)တွေနဲ့ ဗိုက်ပြည့်ပေမဲ့ အဖေကတော့ မရ။ မနက်စာ၊ ညစာ ထမင်းစားလိုက်ရမှ အာသာပြေ





လေရာ အဖေ့အတွက် ထမင်းဝိုင်းပြင်တော့ အမေပါ သားက ထိုင်ရတော့သည်။

အမေမှာ သမီးကြီးဖြစ်သူ၏ ပွဲတစ်ပွဲ စစချင်းမှာဝင် ကြီးကြီးကျယ်ကျယ် ကျင်းပခွင့်ရသဖြင့် ကြည်နူးပီတိဖြစ်ကာ အဖေ့အား ထိုင်ရင်း ပွဲအကြောင်း စမြုံ့ပြန်မဆုံးပေ။

"ကျွန်မတို့မလည်း ရှင်ညီမဝမ်းကွဲတွေ ရတနာဆိုင်ဖွင့်ထားပေလို့ ဒီလိုပွဲထဲ ကိုယ်က ပြည့်ပြည့်စုံစုံလေး ဖြစ်အောင် သူတို့ဆီက ငှားရမ်းပြီး ဝတ်ပြထားနိုင်တာရှင်။ ကိုယ့်ရှိတာချည်းဆို ဘာရှိမှာလဲ၊ ကျွန်မရဲ့ ပုလဲစိန်တစ်ဆင်စာလေးပဲ ကောင်းကောင်းကန်းကန်း ရှိတာ။ သမီးတွေဆို သာမန်ကာလျှံကာလေးတွေပဲ လက်ဝတ်လက်စား လုပ်ပေးထားနိုင်တယ်နော်။ ဒါကြောင့် ရှင့်ညီမတွေ ငှားခဘယ်လောက်ပဲ, ဈေးတင်တင် ပေးရတာ ကျေနပ်ပါတယ်။ ဂန္ဓမာကတော့ မင်းရဲသွေး တင်တောင်းထားတဲ့ ဗုလဲကြီးတွေ တစ်ဆင်စာ ဝတ်ထားလိုက်နိုင်တယ်။ ဂန္ဓာဘ့ ဗုလဲကြီးတွေ လှလိုက်တာလေ၊ ပန်းရောင်ပြေးနေတဲ့ ဗုလဲတွေ ဒီတစ်ခါပဲ တွေ့ဖူးတယ်။ မင်းရဲသွေး အမေက ဒီနေ့မှာပဲ ချွေးမကို လက်ဖွဲ့ဆိုပြီး လူတွေရှေ့ ထုတ်ဆင်တာ ကြားတာလည်း ပါပေမဲ့ အကြွားခံရကျိုး နပ်ပါတယ် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



သမီး ရတာပဲ။ ကျွန်မတို့ ငှားတဲ့အထဲက နေကြာကို ဆင်
ထားတဲ့ ကျောက်စိမ်းတစ်စုံလည်း တော်တော် လှသား
နော်။ ရှင့်ညီမတွေ ရောင်းဈေးက ခေါင်ခိုက်နေတာပဲ၊
ကိုယ်တွေများ ဘယ်ကပ်နိုင်ပါ့မလဲ၊ ခရမ်းပြာက သူ့နာမည်
နဲ့လိုက်အောင် ခရမ်းဆွဲလေး ဈေးဝတ်တာလည်း လှနေ
တာပဲ၊ ခတ္တာရဲ့ နီလာတစ်စုံလည်း အရည်ကို ဖိတ်ဖိတ်
တောက်ပြီး ရွှဲနေသလိုပဲ၊ ကောင်းလိုက်တဲ့ ကျောက်ဆို
တာ။ ဇီဇဝါ ဝတ်ထားတဲ့ ပတ္တမြားလေးဆိုလည်း ရဲပြီး
စိုအိနေတာ။ စကားဝါ့များ သူ့ယောက်ျား အလိုက်တသိ
ဆင်ပေးလိုက်မလား မျှော်လင့်ပါသေးတယ်၊ ဒါပေမဲ့ ကြိုကြို
တင်တင် ပြင်ဆင်ပြီး သူ့အတွက်ပါ နီလာစိန်တစ်စုံ ငှား
ထားပေးတာလည်း အတော်ပဲ ဖြစ်သွားတယ်။ မအေဆီ
ရောက်လာတာ အရှိအရှိအတိုင်းပဲ ဆင်ပြီးထွက်လာသေး
တယ်၊ သူမို့နော် ဒီလိုပွဲကြီးကို ရွှေဆွဲကြိုးလေး တစ်ကုံးနဲ့
သွားလို့ရမလားဆိုပြီး ပိတ်တောင် ဟောက်ပစ်ပြီး အမြန်
ကောက်ဆင်လိုက်ရတယ်။ တကယ်တော့ ဦးမြတ်ကျော်
ရယ်၊ သမီးမိန်းကလေး ဆိုတာ ရုပ်ရည်လေးလည်းရှိပြီး
ဒီလို တန်ဖိုးရှိတာလေးတွေ ဝတ်စားလိုက်ရင် နဂိုအလှက
ပိုပြီး အရောင်တောက်လာတာပါပဲ။ ကိုယ့်သမီးလေးတွေ





တတ်နိုင်ရင် အဲဒီဝတ်ထားတဲ့ ရတနာလေးတွေ တစ်စုံစီ ဝယ်ပေးထားချင်တာပေါ့။ ကိုယ်တွေက နိုင်မှ မနိုင်တာ နော်၊ ကျွန်မလည်း ဦးမြတ်ကျော်ကို နားလည်ပါတယ်။ ရှသလောက်လေး ရှာဖွေပေးနေတာမို့ မပူဆာခဲ့ပါဘူး။ ဒါပေမဲ့ ပွဲတစ်ပွဲသွားဖို့ ငှားဝတ်ရပြီဆိုရင် သမီးတွေကို အပိုင်ဝယ်ပေးချင်တဲ့စိတ်တွေ အမြဲဖြစ်ရတယ်"

အမေသည် သူ့ဉာဉ်အတိုင်း စကားတွေ မနား တမ်း၊ အသက်မရှူစတမ်း ကျယ်ကျယ် ကျယ်ကျယ်နှင့် အားက တတွတ်တွတ် ပြောပြနေပါသည်။ အဖေကလည်း သူ့ထုံးစံအတိုင်း ခေါင်းတညိတ်ညိတ် နားထောင်ပါသည်။ အဖေက စကားနည်း ပြီး အမေက စကားများ၍ သူတို့တစ်သက်လုံး သိပ်ခွန်းကြီးခွန်း ငယ် စကားမများဘဲ အဆင်ပြေနေသလား မသိ။ ဒါမှမဟုတ် လင်နဲ့ မယားမှာ တစ်ယောက်ကိုတစ်ယောက် နားလည်ပြီး တစ် ယောက်လုပ်ပေးနိုင်တာကို ကျန်တစ်ယောက်က ကျေးဇူးတင်တတ် နေ၍ပဲလား။ အဖေ ရှာဖွေနိုင်သလောက်ကိုပဲ အမေက နားလည် စိတ်နဲ့ လက်ခံနိုင်ခဲ့၍ ငွေကြေးကိစ္စနဲ့ ပတ်သက်ပြီး သိပ်ပြဿနာ မဖြစ်တာဘဲလား။ အမေကိုယ်တိုင်က သူ့ဘာသာ တစ်ဖက်တစ် လမ်းက လှည့်ပတ်ရှာပြီး အိမ်စရိတ်ကို ဖြည့်တင်းပေးထားနိုင်ခဲ့ လို့လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် အဖေကလည်း အမေ့ကို ချစ်သလို အမေကလည်း အဖေ့ကို ချစ်တဲ့စိတ်နဲ့ အရာရာကို နားလည်စွာ ဖြေရှင်းနိုင်ခဲ့ကြသည်လား။

နေကြာသည် ထိုနေ့ခင်း တစ်နေ့လုံး အဖေအမေရဲ့ အရိပ်အခြည်ကို ကြည့်လိုက်၊ အပြင်ကို မသိမသာ မျှော်လိုက်၊ ဟိုတွေး ဒီတွေး ဖြစ်လိုက်နှင့်။

ညီမတွေ တချို့က ကိုယ့်အဝတ်လေးတွေ အကောင်းလေးတွေကို စက်နဲ့လျှော်ရင် နာမှာစိုး၍ လက်နှင့်ပဲ ညင်ညင်သာသာ လျှော်ကြသည်မို့ တစ်ယောက်တစ်လှည့်စီ ရေချိုးခန်းဝင် အဝတ်လျှော်ပြီး ပွဲတစ်ခု သွားလိုက်ရ၍ စိတ်ပန်းလူပန်းဖြစ်ကာ နေ့လယ်နေ့ခင်း အိပ်သူအိပ်။ မအိပ်ချင်သူက စာအုပ်ဖတ်ရင် ဖတ်။ အဖေလည်း ခဏအိပ်၊ အမေလည်း လက်ဝတ်လက်စားတွေ သူ့ဘူးတွေနဲ့သူ ပြန်ထည့်၊ ဘာတွေများ လိုသလဲ ပျောက်သလဲ (ကျောက်တွေဆိုတာက ကျွတ်ကျတတ်၍) ပြန်စစ်ပြီး ပြန်အပ်ဖို့ စစ်နေပါသည်။

မမမာကတော့ အိမ်မှာမရှိပါ။ ပွဲပြီးတော့ ကိုမင်းရဲသွေး မိဘတွေကပါ ခေါ်သဖြင့် ကိုမင်းရဲသွေး အိမ်ကို ခဏလိုက်သွားပါသည်။

ဇာစပ်တဲ့အထိ အခြေအနေ ဖြစ်လာပေမဲ့ နေကြာတို့ဘက်က ကိုမင်းရဲသွေး အိမ်ကို တစ်ခေါက်ထဏ်အပြင် ပိုမရောက်





ဖူးသလို မမမာလည်း တစ်ခေါက် နှစ်ခေါက်လောက်သာ ရောက်သဖြင့် ကိုမင်းရဲသွေး မိဘတွေက ...

"ဒီမိသားစုဝင် ဖြစ်တော့မှာပဲ အိမ်ကို ဓိနေ့ ဓင်္ဂလာရှိအောင် ခဏလိုက်ခဲ့ပါဦး သမီးရဲ့။ မိသားစုစုံစုံညီညီ ညနေစာတွေ ဘာတွေ စားပြီးမှ သမီးကို ပြန်ပို့မယ်လေ လိုက်ခဲ့နော်။ ပွဲပြီးပေမဲ့ မေမေတို့ အိမ်မှာက အမျိုးတွေ ဆက်ပါလာဦးမှာမို့ ချက်ထား ပြုတ်ထားပြီး နောက်ထပ် စားသောက်ပွဲတစ်ပွဲက အဆင်သင့် ပြင်ထားရတယ်၊ သမီးပါ ပါဝင်ပြီး ဆင်နွှဲရင် ပိုကောင်းတာပေါ့"

ဟု ပြောလာသဖြင့် မမဂန္ဓမာတော့ ကိုမင်းရဲသွေးတို့အိမ် ပါသွားပါသည်။ ကိုမင်းရဲသွေးတို့ဘက်မှ ဆွေမျိုးအင်အားလည်း တောင့်လှသဖြင့် သူ့အမေ ပြောသလိုပင် အိမ်မှာပါ ပွဲက ဆက်ပေးရဦးမည်ဆိုတာ အမှန်ပဲဖြစ်မည်။ နေကြာတို့ကိုပါ ...

"သမီးတို့ပါ လိုက်ခဲ့ကြပါလား၊ ညနေစောင်းမှ အစ်မနဲ့ အတူ ပြန်ပေါ့"

လို့ ဖိတ်ကြပေမဲ့ နေကြာကတော့ ကိုယ့်အချိန်းအချက်နဲ့ကိုယ်မို့ မလိုက်ပါဟု ငြင်းပါသည်။ ခရမ်းပြာတို့ ခတ္တာတို့ ဓိဇဝါတို့ကလည်း အစ်မဖြစ်သူကို သံယောင်လိုက်ပြီး ...

"မနက်တည်းက အလှပြင်ထားရတော့ ပင်ပန်းပြီး အိမ် ပြန်ချင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကိုယ့်ဘာသာ သင့်တော်သလိုခြင်းကာ အိမ်သို့သာ ပြန်လာကြသည်။

"သူတို့ဆွေမျိုးစုတွေကြား ကိုယ်က ကန့်လန့် ကန့်လန့်နဲ့ မပါချင်ပါဘူး၊ မမမာကတော့ ပါသင့်ပါတယ်၊ အဲဒါက သူ့အမျိုး ဖြစ်ရမှာပဲ"

ညီအစ်မတစ်တွေ ထိုသို့ ပြောမိကြသေးသည်။ မမမာကတော့ ကိုမင်းရဲသွေး လက်ကို ချိတ်ပြီး ပျော်နေတော့သည်။ ညီမတွေ သူမနဲ့အတူ မလိုက်ပါနိုင်တော့တာကိုလည်း သတိမထားမိတော့။ သူမနဲ့ မနီးစပ်ခဲ့ဖူးသော အသိုင်းအဝိုင်းထဲ ပါဝင်ကျင်လည်ရတော့မည်လို့လည်း မစိုးရိမ်တော့။

အင်း ... နေကြာ အလှည့်ကျရင်ရော။ နေကြာလည်း ကိုသိယံသူတို့ရဲ့ လူကုံထံ အသိုင်းအဝိုင်းမှာ ပါဝင်ရဲပါ့မလား။ ကျင်လည်ရဲပါ့မလား။ လိုက်လျောညီထွေစွာ နေတတ်ပါ့မလား။ ကိုယ့်အသိုင်းအဝိုင်းက သိပ်အနိမ့်ကြီး မဟုတ်ပေမဲ့ သူတို့တွေ သိပ်ပြီးချမ်းသာကြတာကို မြင်ရလျှင် ဘယ်သူမဆို ကိုယ့်အသိုင်းအဝိုင်း မဟုတ်သော နေရာသစ်ကို နေသားကျစွာ ရင်ဆိုင်ဖို့ ခဲယဉ်းပါလိမ့်မည်။

ညနေစောင်းလာတော့ နေကြာ ပို၍ ရင်ထိတ်ရလေပြီ။ ဆောင်းဝင်ခါစပေမဲ့ ဒီနေ့တော့ နေက ခပ်စောစောဝင်





သဖြင့် ခြောက်နာရီ မထိုးခင်လေးမှာ မှောင်ရီပျိုးပျ ဖြစ်ချင်နေပြီ။ အိမ်ရှေ့မှာ ကားမီးရောင်မြင်တိုင်း နေကြာ ရင်တွေ တထိတ်ထိတ် လက်တွေအေးစက်။

ခြောက်နာရီ ဆယ်မိနစ်။

"ဟော ... ဘယ်သူများလဲလို့ မောင်သိယံသူပါလား"

ဟူသော အိမ်ရှေ့ဆီမှ အဖေ့အသံကို ကြားလိုက်ရချိန်တွင် နေကြာသည် ညနေစာအတွက် ဂေါ်ဖီပန်းပွင့်တွေကြော်၍ လိုးဖြတ်နေရာမှ လန့်ပြီး ဓားကို အသံမြည်အောင်ပင် စားပွဲပေါ် ချလိုက်မိသည်။ အမေက နေကြာ့ကို လှည့်ကြည့်ပြီး ...

"သမီး နေကြာ ... လက်ထိသွားလို့လား"

"ရှင်"

"ဓားထိသွားတာလားလို့"

"မထိပါဘူး"

"ဒါဖြင့် ဘာလဲ"

"ဟို ..."

"သြော် ... သိယံသူ အိမ်ရောက်လာလို့လား"

နေကြာ မဖြေရဲဘဲ အမေ့ကို ရှက်ဝဲဝဲဖြင့် မရဲတရဲ ကြည့်မိလျှင် အမေသည် သမီးတွေရဲ့ အမေပီပီ ကိုယ့်သမီးမျက်နှာ အမူအရာကို ချက်ချင်းရိပ်မိသွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဘယ်လိုတွေလဲ၊ ပြောစမ်းပါဦး၊ သူက သမီးကို လာတွေ့တာလား"

အမေ ထိုသို့မေးနေစဉ် ထမင်းစားခန်းဝမှာ အဒေ အရုပ်ကြီး မိုးရပ်လာပါသည်။ အဖေမျက်နှာ ရယ်ကျဲကျဲ ဖြီးဖြီး ဖြင့် နေကြာ့ကို ကြည့်ပေမဲ့ ...

"ကဲ ... ခင်ခင်ဆွေရေ၊ မောင်သိယံသူက မင်းပါ စကား ပြောချင်ပါသတဲ့၊ လာလိုက်ပါဦးကွာ"

ဟု အမေ့ကိုသာ လှမ်းခေါ်လိုက်ပါသည်။

ကျန်သောညီအစ်မတွေ တသုတ်သုတ်ဖြင့် အပြင် မှာ ဘာပြောကြသလဲ ဆိုတာ ချောင်းနားထောင်ကြဖို့ နေရာပြေး ယူကြတော့သည်။

နေကြာ တစ်ဦးတည်းသာ ဂေါ်ဖီပန်းပွင့်တွေ ဆက် မလှီးနိုင်ဘဲ ရင်တထိတ်ထိတ်နဲ့ ငြိမ်ထိုင်ပြီး ကျန်ခဲ့ပါသည်။ မမမာ ရှိနေရင်တော့ သူ နေကြာ့နား လာထိုင်ပေးမှာပါ ဆိုပြီး မမဂန္ဓမာကို တမ်းတနေမိသည်။

"ကဲ ... ပြောလို့ရပါပြီ မောင်သိယံသူ၊ ဘာကိစ္စများပါလဲ ကွယ်"

ဒေါ်ခင်ခင်ဆွေသည် တစ်နေ့တည်းနှင့် အံ့သြဝမ်းသာ စရာတွေ ဆက်တိုက်ကြုံရတော့မည့် သူမကိုယ်သူမ အိပ်မက်နေ နေသည်ဟုပင် ထင်ကာ သိယံသူ့ကို ဘာမှစကားမပြောနိုင်အောင်





ဖြစ်နေသည်။ စကားသွက်လှသော ဒေါ်ခင်ခင်ဆွေ တစ်ယောက် အခုမှပဲ ဘာစကား စ,ပြောရမှန်းမသိ ဖြစ်နေသဖြင့် ဦးမြတ်ကျော် ကပင် စတင်မေးလိုက်ရသည်။

ဒီတော့မှ သိယံသူလဲည်း ပြောဖို့ အားမွေးရတော့ သည်။ မိန်းကလေးမိဘတွေနဲ့ လာတွေ့မယ်ဆိုတဲ့ စကားဟာ ပြောတော့သာ လွယ်တာ။ တကယ်ကျ မျက်နှာပူပူနဲ့ ပြောရတာ။ မျက်နှာပြောင်ရတာ ဆိုတော့ တော်ရုံသတ္တိနဲ့ မလွယ်ဘူးဟု ခုမှ ဝဲ သိယံသူလည်း ကိုယ်တွေ့ကြုံရမှ သဘောပေါက်တော့သည်။

"ဟို ... ဒီလိုပါ ခင်ဗျာ။ ကျွန်တော့်မှာ မိဘလည်းမရှိတော့ တာမို့ ကျွန်တော် ကိုယ်တိုင်ပဲ လာပြောရတာကို ခွင့်လွှတ် ပါ ခင်ဗျာ။ ကျွန်တော့်ကို ရိုင်းတယ်လို့လည်း မထင်ပါနဲ့ ကျွန်တော် အန်ကယ်လ်နဲ့ အန်တီတို့သမီးအလတ် နေကြာ ကို လက်ထပ်ပါရစေလို့ လာခွင့်တောင်းတာပါ"

ဤသို့ စကားလုံးပေါင်းများစွာ လှပပြေပြစ်စွာ ပြောထွက်လာသည့်တော့ မဟုတ်။ ထစ်အ ထစ်အ ဖြစ်လိုက်၊ တုံ့ဆိုင်း တုံ့ဆိုင်း ဖြစ်လိုက်၊ ခေါင်းကြီးငုံ့လိုက်၊ အသံတိုးတိမ် ဝင်လိုက်ဖြင့် ခွင့်တောင်းပြောဆိုရတာမျိုး ဖြစ်ပါသည်။

သို့သော် ဦးမြတ်ကျော်ကတော့ နားလည်သဘော ပေါက်ပါသည်။ ဒါပေမဲ့ ဒေါ်ခင်ခင်ဆွေမှာတော့ မယုံနိုင်ခြင်း ကြီးစွာ အံ့သြလျက် သိယံသူ့စကား အဆုံးမှာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဟုတ်မှ ဟုတ်ရဲ့လားကွယ်"

လို့ပင် ပါးစပ်မှ လွှတ်ခနဲ ထုတ်မေးမိတော့သည်။

"ဟုတ်ပါတယ် အန်တီ။ ကျွန်တော် နေကြာကို တကယ်ပဲ မေတ္တာရှိပါတယ်၊ ဒါကြောင့် လာခွင့်တောင်းတာပါ ခင်ဗျာ"

"မင်းတို့ချင်း အဆင်ပြေကြရဲ့လား"

"ခင်ဗျာ"

"ဩော် ... အန်တီ ပြောတာက မင်းတို့ချင်း ညှိနှိုင်းပြီးရဲ့လား။ အဆင်ပြေကြရဲ့လား။ တိုင်ပင်ပြီးကြပြီလားလို့ပါ။ အန်တီက သမီးစိတ်ထဲမှာ ဘာမှမပါဘဲ မဆုံးဖြတ်ချင်ပါဘူး။ အဲဒါကြောင့် မေးတာပါ"

သိဃ်သူပင် တွေဝေသွားပါသည်။ နေကြာက ကြို ပြောထားမယ် ထင်နေတာ။

"နေကြာ ဘာမှမပြောဘူးလားခင်ဗျာ"

ဦးမြတ်ကျော်ကပဲ ...

"သမီး ဘာမှမပြောဘူး၊ ဒါကြောင့် အန်ကယ်လ်တို့က မင်း ရောက်လာတော့ တော်တော်လေး အံ့သြသွားတာပဲ။ မင်းဒီလို လာပြောတော့လည်း ပိုပြီး အံ့သြရတော့တာပဲပေါ့"

ဟူ၍ ဝင်ရှင်းပြလိုက်ပါသည်။ သို့ပေမဲ့ ဦးမြတ်ကျော် ကတော့ သမီးရှင် အဖေပီပီ ဒီကောင် မျက်နှာသေလေးလုပ်ပြီး





ရို့ရို့ကျိုးကျိုးနဲ့ အိမ်ထဲဝင်လာကတည်းက အနည်းငယ်တော့ ကြိုတင်ရိပ်မိသလိုလို ဖြစ်ခဲ့ပါသည်။

"နေကြာနဲ့ ကျွန်တော် နားလည်မှု ရပြီးပါပြီ"

"ကဲ ... ကဲ ... ဒါဖြင့် နေကြာ ခေါ်ဦးမှပါ။ မိဘကိုဘာမှ ကြိုမပြောဘဲ တစ်နေကုန် ငြိမ်နေတယ်"

အမေ ဒေါ်ခင်ခင်ဆွေ့ နှုတ်က ဘယ်သူဘယ်ဝါ ရယ် နာမည်တပ်ပြီး နေကြာကို ခေါ်နိုင်းတာ မဟုတ်ပေမဲ့လည်း သမီးတွေထဲက တစ်ယောက်ယောက် နေကြာကို သွားခေါ်နေပြီ ဆိုတာတော့ ဒေါ်ခင်ခင်ဆွေ သိပြီးသား။ ကိုယ့်သမီးတွေအကြောင်း သိပ။ နားထောင်လို့ရတဲ့ တစ်နေရာရာကနေ နေကြာကလွဲရင် ကျန်တဲ့သုံးယောက်တို့ ခိုးနားထောင်နေရောပေါ့လေ။

ဒေါ်ခင်ခင်ဆွေ ထင်တဲ့အတိုင်းပင် နေကြာကို ခရမ်းပြာက ပြေးပြောတော့သည်။

"မမနေကြာ ... အဖေနဲ့အမေ ခေါ်နေပြီ"

"ဟယ် ... ဒုက္ခပါပဲ"

"မဒုက္ခပါနဲ့၊ အဖေနဲ့ အမေက မယုံလို့ ခေါ်မေးမလို့တဲ့"

"ဘာမယုံစရာရှိလဲ"

"မမနေကြာပဲ အဲဒီလူကြီး မုန်းလှပါချည်ရဲ့ ကြည့်မရပါဘူး ပြောထားတော့ ဟိုက လာတောင်းတဲ့အခါ အဖေနဲ့

အမေက ဘယ်လိုလုပ် မမနေကြာ သဘော ပါ,ပါတယ် ဆိုတာကို ယုံကြပါ့မလဲ ဟီ ဟီ။ အဖေနဲ့ အမေတော့ တစ်နှစ်တည်းမှာ သမီးသုံးယောက်ပွဲကို မြင်ရမဲ့ ကိန်းပဲ နော်"

"ဟယ် ... တိုးတိုးပြောစမ်းပါ"

နေကြာ ညီမဖြစ်သူကို အကြီးပိပိ ဗိုလ်ကျပြီး မာန်မဲသလို ပြောလိုက်ပေမဲ့ အိမ်ရှေ့ခန်းကိုတော့ ထွက်လာခဲ့ရပါသည်။

ဧည့်ခန်းမှာ နှစ်ယောက်ထိုင် ဆိုဖာပေါ်မှာတော့ အဖေနဲ့အမေ။ နေကြာ ထွက်လာတာကို လှည့်ကြည့်နေကြသည်။ အဖေနဲ့ အမေရှေ့ အလှစားပွဲလေးခြားပြီး မျက်နှာချင်းဆိုင် ချထားသော တစ်ယောက်ထိုင် ဆိုဖာသုံးလုံးရဲ့ တစ်လုံးမှာ ကိုသိဃ်သူ တစ်ယောက် ကုပ်ချောင်းချောင်း ပုံစံလေးဖြစ်ပြီး ထိုင်နေရာမှ နေကြာ့ကိုပင် ရဲရဲမကြည့်ရဲသလို မော့ကြည့်သည်။

တစ်ခါမှ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်နိမ့်ချသလိုပုံစံ မနေပြတတ်တဲ့ သိဃ်သူရဲ့ အမူအရာအသွင်သည် နေကြာ့ကို များစွာ ညွတ်နူးသွားစေသည်။ ဪ ... သူဟာ ငါ့အတွက် သူ့ရဲ့မာနတွေကိုတောင် လျှော့ချပြီး အဖေနဲ့ အမေရှေ့ကို ရောက်လာခဲ့ရတာပါလား။





နေကြာ ရောက်လာတော့မှ အမေက ...

"ကဲ ... သမီး၊ ထိုင်ပါဦး၊ မေးစရာရှိလို့"

နေကြာသည် ကိုသိဃ်သူနဲ့ ကပ်ရပ်ခုံမှာ မထိုင်ရဲဘဲ တစ်ခုံကျော်မှာ အသာဝင်ထိုင်လိုက်သည်။ နေကြာဟာ ကိုယ့်အဖေအမေကိုပင် ရှက်ပြီး မကြည့်ရဲသလို ဖြစ်နေပြန်သည်။

"မောင်သိဃ်သူက ပြောလာတယ်၊ ခွင့်တောင်းလာတယ်၊ သမီးကို သူ လက်ထပ်ချင်တယ်တဲ့၊ အဲဒါ သမီးသဘော ရော ဘယ်လိုလဲ၊ သမီးတို့ချင်း အသေအချာ ညှိနှိုင်းပြီးမှ ကြားရတာလား သိချင်လို့ သမီးကိုပါ ခေါ်မေးတာပါ၊ အမှန်အတိုင်း ပြောပါဦး"

အဖေက နေကြာ့ကို ချစ်စနိုး လှမ်းကြည့်ရင်း ပြောပြနေပါသည်။ အမေက ဘာမှမပြော။ အသံတိတ် စိုက်ကြည့်နေခဲ့သည်။

"ဟုတ်ပါတယ် အဖေ။ နေကြာတို့ မေတ္တာမျှနေကြပါတယ်"

"သူ့ကို လက်ထပ်မယ်လို့ သမီး သဘောတူပြီးသားလား"

"ဟုတ်ကဲ့၊ နေကြာတို့ သဘောတူကြပါတယ်"

"သူ့ကို ဘာကြောင့် လက်ထပ်ဖို့ ရွေးချယ်သလဲ သမီး နေကြာ။ အမေ စိတ်ချမ်းသာ ပျော်ရွှင်စေချင်လို့လား၊

ဒါမှမဟုတ် ကဲ ... ပွင့်ပွင့်လင်းလင်းပဲ မောင်သိယံသူ ရှေ့မှာ ပြောမယ်ကွာ၊ မောင်သိယံသူဟာလည်း သိပ်ချမ်းသာ ကြွယ်ဝနေခဲ့လို့လား။ ဒါမှမဟုတ် သမီး တကယ်ပဲ မေတ္တာ ရှိခဲ့လို့လား၊ အဖေ အမှန်အတိုင်းပဲ သိချင်တယ်။ မလိမ် မညာဘဲဖြေစေချင်တယ်၊ ဘာကြောင့်လဲဆိုတော့ အိမ်ထောင် ရေးမှာ တခြား ဘာအေးပယောဂကြောင့်မှ ဒီအိမ်ထောင် တစ်ခုကို တည်ဆောက်လိုက်တာ မဖြစ်စေချင်လို့ပဲ၊ ကိုယ့် သဘောနဲ့ကိုယ် ကိုယ့်ရဲ့ချစ်ခြင်းမေတ္တာနဲ့ကိုယ် စဉ်းစား ဆုံးဖြတ်ပြီးမှ တည်ဆောက်စေချင်လို့ပါပဲ။ အိမ်ထောင် တစ်ခုမှာ ခိုင်မြဲတယ်၊ သစ္စာရှိတယ်၊ တစ်ယောက်ကို တစ်ယောက် နားလည်ကြတယ် ဆိုတာဟာ မေတ္တာစစ် ကြောင့်ပဲလို့ အဖေလက်ခံထားခဲ့လို့ပါ”

သိယံသူသည် ဦးမြတ်ကျော်၏ စကားကို ကြားလိုက် ရတော့ စိတ်ထဲမှာ ဖေဖော်လေးကို လေးစားသွားမိပါသည်။ ဒါ ပထမဦးဆုံးအကြိမ်ပဲ နေကြာရဲ့ ဖခင်ကြီးအပေါ် လေးစား စိတ်ဖွဲ့ ဖြစ်သွားရခြင်းလည်း ဖြစ်ပါသည်။ နေကြာ့ ဖခင်ကြီး ဟာ ဘဝမှာ ချစ်ခြင်းမေတ္တာဟာ အဓိကပါပဲလို့ ခပ်ရဲရဲ ကြေညာ ရဲသူ ဖြစ်သည်။

“နေကြာ ကိုသိယံသူ့ကို တကယ်ချစ်လို့ လက်ခံလိုက် တာပါ”





နေကြာသည် အဖေ အမေရှေ့မှာမို့ ရှက်ရွံ့ရွံ့ဖြင့် အသံတိုးတိမ်ပြီး ဖြေလိုက်ရပါသည်။ ဒါပေမဲ့ ဦးမြတ်ကျော်ရော ဒေါ်ခင်ခင်ဆွေပါ အသေအချာ ကြားပါသည်။

“နေကြာပဲ အစက ဒီလူ့ကို မုန်းလှပါချည်ရဲ့။ ကြည့်မရ ပါဘူး။ လူကို အထင်သေးသလို ကြည့်တယ်ဆိုကွယ်။ အခု ဘယ်လိုဖြစ်ရတာလဲ”

ဒေါ်ခင်ခင်ဆွေ့ စကားကြောင့် သိယံသူလည်း သူ့အပြစ် သူသိပြီး အားနာသလိုဖြင့် အသံတိတ် ဖြုံးပါသည်။ နေကြာလည်း သူမ ပြောခဲ့ဖူးသော စကားတွေ ကိုသိယံသူ သိ သွားပါပြီဆိုပြီး ရှက်လျက် ရယ်ကျဲကျဲသာ လုပ်နေသည်။

“အေး ... အန်တီကတော့ ဘာမှ မတိုက်တွန်းလိုပါဘူး။ ဘာမှ မပြောလိုတော့ပါဘူးကွယ်၊ မင်းတို့ချင်း သဘောထား တိုက်ဆိုင်တယ်ဆိုရင် ခွင့်ပြုပါတယ်”

“အဖေလည်း ခွင့်ပြုပါတယ်ကွယ်၊ အားလုံးက အရွယ် ရောက်နေကြတဲ့ လူငယ်တွေပဲ၊ အချင်းချင်းလည်း မေတ္တာ ရှိကြပြီပဲ၊ ဘာမှ ခွင့်မပြုစရာ မရှိပါဘူး”

သိယံသူသည် အခုမှပဲ စိတ်အေးသွားသလိုဖြင့် အသက်ကို အသာအယာ ရှူရှိုက်လိုက်နိုင်သည်။ နေကြာလည်း အခုမှသာ အဖေအမေကိုရော၊ သိယံသူကိုရော ရဲရဲပြန်ကြည့်ရဲ

www.burmeseclassic.com



တော့သည်။ နောက်ခန်းမှာ ခိုးနားထောင်နေကြသော ခရမ်းပြာ၊ ခရွှာနှင့် ဓိဓေါတို့ကတော့ တအံ့တဩတွေ ဖြစ်နေကြလျက် ...

"ဘုရားရေ ... ငါတို့အစ်မတစ်ယောက် ပါသွားဦးတော့မှာပါလား"

လို့ သံပြိုင် ပြောလိုက်မိကြပါသည်။

အဖေဦးမြတ်ကျော်က သူ့ရှေ့မှာ မျက်နှာသေလေးဖြင့် ထိုင်နေဆဲဖြစ်ပြီး ထိုင်ရမလို၊ ထပြန်ရမလို ဖြစ်နေသော သီယံသူ့ကို အလိုက်တသိပင် ...

"ကဲ ... မောင်သီယံသူ၊ သမီးနဲ့စကားပြောချင်ရင်လည်း ဆက်ပြောပါ။ ဒါမှမဟုတ် ပြန်ချင်ရင်လည်း ပြန်နော်၊ ရတယ်၊ အန်ကယ်လ်တို့ကို ဘာမှ မပြောရဲစရာ မရှိဘူး။ ကြိုက်တာ ပြောနိုင်တယ်"

ဒီတော့မှ သီယံသူလည်း ရှက်ရယ် ရယ်လိုက်ရင်း ...

"ကျွန်တော် နေကြာနဲ့ ခဏစကားပြောပါရစေ",

တဲ့လေ။ ဦးမြတ်ကျော်ရော ဒေါ်ခင်ခင်ဆွေပါ အလိုက်သိစွာနဲ့ ထရပ်လိုက်ကြသည်။

"ကဲ ... ဒါဖြင့် ပြောကြဦး၊ အန်ကယ်လ်တို့က လူကြီးတွေဆိုတော့ ညနေစာကို ခုနစ်နာရီ မကျော်ခင် စားကြတာမို့ ညနေစာ စားလိုက်ဦးမယ်"





"ဩော် ... ဒီလိုပါ အန်ကယ်လ်၊ ကျွန်တော် ... ဟို ..."

သီယံသူက တစ်ခုခု ပြောချင်ဟန်ဖြင့် ခေါ်သံဖြင့် ...

"အေး ... ပြော၊ ဘာပြောစရာ ကျန်သေးလဲ"

"ကျွန်တော် ... ဟို ... အဲ ... အန်ကယ်လ်နဲ့ အန်တီတို့ကို ..."

သီယံသူသည် ရုတ်တရက် ပြောလိုက်ရမှာ ရှက်ပြီး နေကြာ့ကို အကူအညီ တောင်းသလို လှည့်ကြည့်ပါသည်။ နေကြာက သူ ဘာပြောချင်သလဲဆိုတာ ရိပ်မိပြီး သူ့အစား ဝင်ပြောပေးလိုက်လေသည်။

"ကိုသီယံသူက အဖေနဲ့ အမေကို နေကြာတို့ ခေါ်သလိုပဲ လိုက်ခေါ်ချင်တယ်တဲ့"

"ဟော"

ဦးမြတ်ကျော် အံ့ဩ၊ မျက်ခုံးပင့်လျက် ဖြုံးပါသည်။ ဒေါ်ခင်ခင်ဆွေကတော့ ကောင်လေး ရှက်သွားပါဦးမယ် ဆိုတဲ့ သဘောဖြင့် ဦးမြတ်ကျော် တံတောင်ကို အသာလက်ကုတ်နေရသည်။ ဦးမြတ်ကျော်နယ် ... ဟိုက သမီးဘက်လိုက်ပြီး အဖေ အမေ ခေါ်ပါရစေဆိုတာ ခေါ်ပါစေပေါ့၊ ဘာဖြစ်သလဲ၊ အဆန်းလား။ မောင်မင်းရဲသွေးတောင်မှ ဂန္ဓမာ့ကြောင့် အဖေအမေစပြီး ခေါ်နေပြီပဲ။ ကိုယ်က သမီးရှင် လုပ်နေပြီး။ ဒီလောက်မှ မပါးနပ်ဘူးလား။ ဟင်း ...။

"ခေါ်ပါ သား။ မင်း အဆင်ပြေသလို ခေါ်ပါ၊ ဒါခွင့်တောင်းစရာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်ဆွေ မြန်မြန်စကားဖြတ်လိုက်ပြီး ဦးမြတ်ကျော် လက်ကြီး ဆောင့်ဆွဲလိုက်ကာ ညှော်ခန်းမှ ထွက်လာတော့သည်။ ဦးမြတ်ကျော် တစ်ယောက် မိန်းမနောက်မှ ခပ်သွက်သွက် ပါလာရပါသည်။

ထမင်းဝိုင်းမှာ အသင့်ပြင်ပြီး စောင့်နေသော ကျန်တဲ့သမီးသုံးယောက်တို့ကို ဝေ့ကြည့်ရင်း ဦးမြတ်ကျော်သည် ...

"ကဲ ... ကဲ ... ထမင်းမြန်မြန်စားမှပါ၊ တော်ကြာ ခရမ်းပြာတို့ ခတ္တာတို့ ဓိဝေါတို့ကို တောင်းရမ်းမဲ့ သမက်လောင်းတွေ ထပ်ရောက်လာရင် ငါတို့ ညနေစာ ထမင်းမစားရဘဲ ထိုင်နားထောင်နေရဦးမယ်"

ဟူ၍ ရယ်မောကာ (သို့သော်)သမီးချောတွေ မွေးထားရသဖြင့် ဂုဏ်ယူကျေနပ်စွာ ပြောလိုက်တော့လေသည်။

"သမီးချောတွေ မွေးထားရတာဟာ လှပတဲ့ ပန်းဥယျာဉ်ကြီးတစ်ခုကို ပိုင်ဆိုင်ထားရသလိုပဲပေါ့ရှင်။ ပန်းပွင့်လေးတွေဆီ ရောက်လာကြမဲ့ လိပ်ပြာရောင်စုံ သတို့သားတွေကို ရှင် အမြဲရင်ဆိုင်နေရမှာပဲ"

ဒေါ်ခင်ခင်ဆွေသည် တစ်နေ့တည်းမှာ ခံစားခွင့်ရလိုက်သော ကျေနပ်ပီတိ ဖြစ်ရခြင်းများဖြင့် သမီးတွေအတွက် ဝင့်ကြွားစွာပင် တင်စားပြောဆိုလိုက်မိတော့သည်။

❋ ✳ ❋





# လိပ်ပြာရောင်စုံ သတို့သား

www.burmeseclassic.com

www.burmeseclassic.com



"ပန်းရောင်နုလေးတွေကို
သတို့သမီးလေးတွေအမြင်
မြင်ယောင်မိမယ်ဆိုရင်
ကိုဒီ ပန်းရောင်နုတို့ဆီ
ရောက်လာကြတဲ့
လိမ္မော်ရောင်နုတို့ကိုတော့
သတို့သားလေးတွေအမြင်
အလိုရှိ ...
ဒါဟာမြင်ယောင်ပါတယ်လေကွာ။"



ရှင်မိုး
(ဆေးတက္ကသိုလ်)
2nd May, Tuesday
2006.

www.burmeseclassic.com